# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကိုလိုတိုင်း ရအောင်ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍဝဂ် (ဓမ္မပဒ – ၁၄၅)


၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက် ၂၀၂၀ ပြည့်နှစ်၊ မတ် ၂ ရက်၊ တနင်္လာနေ့ အတွဲ (၅၉)၊ အမှတ် (၁၅၄)


## စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်နေကြသည့် တောင်သူလယ်သမားကြီးများသည် နိုင်ငံ၏စီးပွားရေးတွင် အဓိကအခန်းကဏ္ဍမှပါဝင် ဥပဒေများ၊ နည်းဥပဒေများဖြင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ
တောင်သူလယ်သမားနေ့ အခမ်းအနားသို့ပေးပို့သည့်
သဝဏ်လွှာ
၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂ ရက်

**ချစ်ခင်လေးစားအပ်ပါသော ကျေးဇူးရှင် တောင်သူလယ်သမားကြီးများ ခင်ဗျား–**

ယနေ့ကျရောက်သော တောင်သူလယ်သမားနေ့ နေ့ထူးရက်မြတ် အချိန်အခါသမယတွင် တောင်သူလယ်သမားများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆတက်ထမ်းပိုး ပိုမိုတိုးတက်ဖြစ်ထွန်းအောင်မြင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပပို့ကုန်မြှင့်တင်နိုင်ရေးနှင့် စက်မှုဖွံ့ဖြိုးရေးတို့ အရေးကြီးသည့်နည်းတူ စားနပ်ရိက္ခာဖူလုံရေးသည်လည်း အရေးကြီးပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ (၁၂) ရပ်တွင် "ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပြည်ပပို့ကုန် မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာတိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ၊ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံ ဖော်ထုတ်ရန်" ကို မူဝါဒတစ်ရပ်အဖြစ် ချမှတ်ထားပြီး ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများ၏ နေ့စဉ်စားနပ်ရိက္ခာလိုအပ်ချက်နှင့် ပြည်ပပို့ကုန်ဝင်ငွေကို ဖြည့်ဆည်းပေးနေသော စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် လုပ်ကိုင်နေကြသည့် တောင်သူလယ်သမားကြီးများသည် နိုင်ငံ၏စီးပွားရေးတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ပါသည်။ သို့ဖြစ်၍ တောင်သူလယ်သမားများ၏ လူမှုစီးပွားတိုးတက်ရေး၊ အခွင့်အရေးကာကွယ်ရေး၊ စိုက်ပျိုးထုတ်လုပ်မှု ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးကြီးသည့်အတွက် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအပါအဝင် စိုက်ပျိုးမွေးမြူရေးကဏ္ဍဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများဖြင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻





အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် အခမ်းအနားတက်ရောက်

**ရန်ကုန် မတ် ၁**

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပရေးကော်မတီက ကြီးမှူးကျင်းပသည့် ဥပဒေပညာဌာန နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တက္ကသိုလ်အပန်းဖြေရိပ်သာ(RC) ရှေ့ဦးကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်ဖွင့်လှစ်ပေးပြီး ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ရှေးဦးစွာ ဥပဒေမောင်နှမများက ရာပြည့်သဘင်သီချင်းဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် ဥပဒေပညာဌာန နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အခမ်းအနားကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဥမ္မာကျော်၊ ဥပဒေပညာဌာန ပါမောက္ခ/ ဌာနမှူး ဒေါက်တာဒေါ်ခင်ချစ်ချစ်၊ ပါမောက္ခ(ငြိမ်း) ဦးလှအောင်၊ ပါမောက္ခချုပ်(ငြိမ်း) ဝဏ္ဏကျော်ထင် ဒေါက်တာတင်အောင်အေး၊

စာမျက်နှာ ၅ ကော်လံ ၁ ●

## ၂၀၂၀ ပြည့်နှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏


စေတနာဆေး မေတ္တာဆေး သစ္စာဆေး . . .

ထွန်းရွှေဝါ တိုင်းရင်းဆေးက ဆေးစွမ်းထက်ပါသည်။

မြန်မာ့အလင်း

## ရာပြည့်ရုပ်ရှင်အရုဏ်ဦး

မြန်မာနိုင်ငံတွင် ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသသည့်လုပ်ငန်းမှာ ၁၉၀၀ ပြည့်နှစ်တွင် စတင်ခဲ့သည်ဟု သမိုင်းမှတ်တမ်းများက ဆိုသည်။ ထိုစဉ်က မြန်မာနိုင်ငံသည် ဗြိတိသျှလက်အောက်ခံ ကိုလိုနီနယ်ပယ်ဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုဘဝ ကျရောက်နေရဆဲကာလဖြစ်သည့်အလျောက် ရုပ်ရှင်ပြသသည့် လုပ်ငန်းများမှာလည်း အိန္ဒိယမှ ဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။ ပြသသည့် ဇာတ်ကားများမှာလည်း ဟောလိဝုဒ်မှ ထုတ်လုပ်သည့် ဇာတ်ကားများဖြစ်ပြီး မြန်မာရုပ်ရှင်ဟူ၍ မပေါ်သေး။

၁၉၁၀ ပြည့်နှစ်တွင် မြန်မာတို့ ရုပ်ရှင်ရိုက်ကူးရန် ကြိုးပမ်းမှုစတင်ခဲ့ရာ စွန့်ဦးတီထွင်သူပုဂ္ဂိုလ်မှာ ဦးအုန်းမောင်ဖြစ်ပြီး မျိုးချစ်နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးထွန်းရှိန်၏ စျာပနသတင်းကားကို ရုပ်ရှင်ကင်မရာဟောင်းတစ်လုံးဖြင့် ရိုက်ကူးပြသခဲ့ခြင်းဖြစ်သည်။ မြန်မာတစ်ဦးရိုက်ကူးသည့် မြန်မာ့အကြောင်းအရာဖြစ်သည့်အလျောက် မြန်မာပရိသတ်တို့က အကြီးအကျယ် အားပေးခဲ့ကြသည့် အဆိုပါသတင်းရုပ်ရှင်အမျိုးအစား ရုပ်ရှင်ကားမှာ အရည်အသွေးအရ ကောင်းမွန်ခြင်းမရှိသေးဘဲ နိမ့်ကျနေသည့် အလျောက် ရုပ်ရှင်ကားမပြမီ တောင်းပန်စာတန်းကို ဦးစွာပြသခဲ့ပြီးမှ ရုပ်ရှင်ကားကို ပြသခဲ့ခြင်းလည်းဖြစ်သည်ဟု သိရသည်။

ရုပ်ရှင်ရိုက်ကူးမှုအတွေ့အကြုံရှိခဲ့ပြီဖြစ်သော ဦးအုန်းမောင်က စာရေးဆရာကြီး ပီမိုးနင်း၏ “မေတ္တာနှင့်သူရာ” အမည်ရှိ ဝတ္ထုဇာတ်လမ်းကို မင်းသားဦးညီပု၊ မင်းသမီးမအေးကြည်တို့နှင့် ရိုက်ကူးခဲ့ပြီး ၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်တွင် ရုံတင်ပြသခဲ့ရာ မြန်မာ့ပထမဆုံး အသံတိတ်ဇာတ်လမ်းရုပ်ရှင်ကား စတင်ပြသခဲ့သည့် ထိုနေ့သည် မြန်မာ့ရုပ်ရှင်နေ့ ဖြစ်လာခဲ့သည်။ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်သည့်စီးပွားရေး အခြေကျအမြစ်တွယ်လာသည်နှင့်အမျှ အေဝမ်း၊ ဗြိတိသျှဘားမား၊ နယူးဘားမား သည်အင်ပီးရီးယယ်၊ ဗန္ဓုလ၊ ရန်ကြီးအောင် စသည့် ရုပ်ရှင်ကုမ္ပဏီများ ပေါ်ထွက်လာခဲ့သည်။

စစ်ကြိုခေတ်၊ စစ်ပြီးခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ လမ်းစဉ်ပါတီခေတ်၊ တပ်မတော်အစိုးရခေတ်၊ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးခေတ် စသည်ဖြင့် ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့ရသော မြန်မာ့ရုပ်ရှင်မှာ လောကဓံတရားတို့ကို ခံစားခဲ့ရသည်။ အတတ်ပညာ၊ အရင်းအနှီး၊ ပစ္စည်းကိရိယာ၊ ဈေးကွက်စသည်ဖြင့် အဘက်ဘက်မှ အားနည်းချို့တဲ့ခဲ့ရသည့်အပြင် ရုပ်ရှင်ကားများအပေါ်တွင် ဆင်ဆာနှင့် မူဝါဒတင်းကျပ်မှုတို့ကြောင့် မြန်မာ့ရုပ်ရှင်မှာ မအောင်မြင်မှု၊ နိမ့်ပါးကျဆင်းမှုတို့ ဆယ်စုနှစ်များနှင့်ချီ၍ ခံစားခဲ့ရသည်။ စီးပွားရေးပိုင်းအရ ရုန်းကန်ခဲ့ကြရသလို အနုပညာပိုင်းတွင်လည်း ပရိသတ်တို့၏ အားမလိုအားမရမှုများဖြင့်သာ ဖြတ်သန်းခဲ့ကြရသည်။

နှစ်တစ်ရာပြည့်တော့မည့် ယနေ့အချိန်တွင်မူ မြန်မာ့ရုပ်ရှင်သည် မျှော်လင့်ချက်များ မြင့်မြင့်မားမားထားနိုင်သည့် အရွေ့တစ်ခုကို စတင်နေပြီဖြစ်သည်။ တစ်ချိန်က တစ်ဟုန်ထိုးကျဆင်းသွားခဲ့သည့် ရုပ်ရှင်ရုံနှင့် ပိတ်ကားအရေအတွက်တို့ အတိုင်းအတာတစ်ခုအထိ ပြန်လည်မြင့်တက်လာမှုနှင့်အတူ ရုပ်ရှင်ဈေးကွက်မှာလည်း စည်စည်ကားကား လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ ရုပ်ရှင်အတတ်ပညာကို နိုင်ငံရပ်ခြားတွင် သင်ယူတတ်မြောက်လာကြသည့် လူငယ်သွေးသစ်များ မြန်မာ့ရုပ်ရှင်နယ်ပယ်သို့ ဝင်ရောက်လာပြီး မြန်မာ့ရုပ်ရှင်တစ်ခေတ်ဆန်းသစ်မှုနှင့်အတူ မြန်မာ့ရုပ်ရှင်ချစ်ပရိသတ်တို့၏ တစ်ခဲနက်အားပေးမှုကိုလည်း ရရှိခဲ့သည်။ ပြည်ပမှ ရုပ်ရှင်ဒါရိုက်တာများ၊ ကင်မရာမင်းများ၊ သရုပ်ဆောင်များ မြန်မာ့ရုပ်ရှင်လောကသို့ ဝင်ရောက်လာသလို မြန်မာသရုပ်ဆောင်များ၊ မြန်မာရုပ်ရှင်ဇာတ်လမ်းများ ပြည်ပသို့ သွားရောက်ရိုက်ကူးမှုတို့ ခပ်စိတ်စိတ်ဖြစ်လာသည်။ ထို့ပြင် မြန်မာရုပ်ရှင်ကားများ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရန် မျှော်မှန်းနိုင်သည့်အခြေအနေများလည်း ဖြစ်ပေါ်လာသည်။ ခေတ်မီကင်မရာနှင့် ရုပ်ရှင်ရိုက်ကူးမှု စက်ပစ္စည်းကိရိယာဝန်ဆောင်မှုနှင့် ခေတ်မီရုပ်ရှင်စတူဒီယို တည်ထောင်မှုစသည့် ရုပ်ရှင်နှင့်ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းလာမည့် အခြေအနေကောင်းများကိုလည်း တွေ့မြင်လာရသည်။

မြန်မာ့ရုပ်ရှင်၏ ပထမအစသည် ဖွဲလုံ့လဝီရိယဖြင့် မဖြစ်မနေကြိုးပမ်းမှု၊ တီထွင်ဖန်တီးမှု၊ အမျိုးသားရေးစိတ်ဓာတ်ထက်သန်မှုတို့ ပေါင်းစပ်ပါဝင်နေသည့် သန္ဓေဗီဇကောင်းဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။ လောကဓံအကောင်းအဆိုးတို့ကို ရင်ဆိုင်ခဲ့ရပြီး နောက်နှစ်ပေါင်း ၁၀၀ အခါသမယတွင်မူ တစ်ခေတ်ဆန်းသစ်လာမည့် အရုဏ်ဦးကို တွေ့မြင်နေရပြီဖြစ်သည်ဟု ရှုမြင်မိပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ကျိုင်းလပ်မြို့ အ.မ.က (ဝမ်လုံ) အ.ထ.က (ဝမ်နတ်) ဝန်ထမ်းအိမ်ရာပေးအပ်လှူဒါန်းပွဲနှင့် ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် မတ် ၁

ရှမ်းပြည်နယ်အရှေ့ပိုင်း နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများ နေထိုင်ရန်အတွက် ဆောက်လုပ်လှူဒါန်းသည့် ဝန်ထမ်းအိမ်ရာ များ ပေးအပ်လှူဒါန်းပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့နယ် အခြေခံပညာမူလတန်းကျောင်း(ဝမ်လုံ)တွင် ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ကျိုင်းလပ်မြို့ရှိ ပညာရေးဝန်ထမ်းအိမ်ရာ ပေးအပ်လှူဒါန်းပွဲနှင့် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယခုလို နယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများ နေထိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်လှူဒါန်းပေးသောအလှူရှင်ကို ပညာရေးဝန်ကြီးဌာနအနေဖြင့် အထူးကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ပညာရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် သုတေသန၊ အချက်အလက် အထောက်အထားများပေါ်တွင် အခြေခံ၍ ဆောင်ရွက်နေပါကြောင်း၊ ၂၀၁၂ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့သည့် CESR ၏ လေ့လာဆန်းစစ်တွေ့ရှိချက်များ၊ အကြံပြုချက်များကို အခြေပြုထားသည့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) တွင် ဖော်ပြထားသော စီမံကိန်း၊ လုပ်ငန်းစဉ်များနှင့် ဦးစားပေးလုပ်ငန်းစဉ် (၁၂) ရပ်တို့ကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ဆောင်ရွက်ရာတွင်လည်း အခက်အခဲရှိသည့်ဒေသများ၊ လိုအပ်ချက်များသည့်ဒေသများကို ဦးစားပေးဆောင်ရွက်နေပါကြောင်း။

လိုအပ်နေသည့် ဒေသများတွင် ကျောင်းများ၊ စာသင်ခန်း၊ စာသင်ခုံ၊ စာကြည့်တိုက်၊ သိပ္ပံခန်း၊ အားကစားခန်းမ စသည်တို့ကို တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ဆရာ ဆရာမများ ခန့်ထားပေးခြင်းတို့ကို နိုင်ငံတော်၏ ခွင့်ပြုဘဏ္ဍာငွေအရ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း၊ နိုင်ငံတော်မှ ပညာရေးအသုံးစရိတ်များကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမို တိုးမြှင့်ပေးလျက်ရှိပါကြောင်း၊ သို့သော်လည်း ပညာရေးကဏ္ဍတွင် ဖြည့်ဆည်းရန်လိုအပ်ချက်များ အလွန်များသဖြင့် အားလုံးမပြည့်စုံနိုင်သေးပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ဒေသအလိုက် လိုအပ်နေသော ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရေးနှင့် ဆရာ ဆရာမများ တိုးချဲ့ခန့်အပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ဆရာ ဆရာမများ ခန့်ထားရာတွင်လည်း တိုင်းရင်းသားဒေသခံကို ပိုမိုဦးစားပေးခန့်ထားပါကြောင်း၊ တိုင်းရင်းသားဒေသခံများနှင့် မလုံလောက်လျှင် အခြားဒေသများမှ လာရောက် လျှောက်ထားသူများကို ခန့်ထားပေးပါကြောင်း၊ ဒေသခံမဟုတ်သော ဆရာ ဆရာမများအနေဖြင့် အဆင်ပြေသလို နေထိုင်ကြရာတွင် အလှူရှင်များက ယခုလို ဝန်ထမ်းအိမ်ရာများ လှူဒါန်းပေးသည့်အတွက် ဆရာ ဆရာမများ ဘေးကင်းလုံခြုံပြီး ပျော်ရွှင်စိတ်ချမ်းသာစွာ နေထိုင်ရင်းဖြင့် ဒေသ၏ ပညာရေးဖွံ့ဖြိုးရေးကို ပိုမိုအားစိုက် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံမိဘပြည်သူများ၊ အလှူရှင်များနှင့် ဆရာ ဆရာမများ အားလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းလက်တွဲဆောင်ရွက်၍ ပညာရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်က ဝမ်းမြောက်စကားပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်က ဝန်ထမ်းအိမ်ရာ လှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း(ဝမ်နတ်) ကျောင်းအုပ်ဆရာမကြီးက ဝန်ထမ်းအိမ်ရာ လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အလှူရှင်အား ဂုဏ်ပြုလက်မှတ်ပေးရာ အလှူရှင် ဦးအောင်ခင်၊ ဒေါ်စုလှိုင် မိသားစုက လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး မူလတန်းကျောင်းဆောင်နှင့် ဝန်ထမ်းအိမ်ရာတို့အား လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အခြေခံပညာအထက်တန်းကျောင်း (ဝမ်နတ်)သို့ ရောက်ရှိပြီး ဆောက်လုပ်လှူဒါန်းထားသည့် ဝန်ထမ်းအိမ်ရာအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရှမ်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ရပ်မိရပ်ဖ ဦးအောင်တင်ဝင်းနှင့် အလှူရှင် ဦးအောင်ခင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက ဝန်ထမ်းအိမ်ရာအား လှည့်လည်ကြည့်ရှုကြသည်။

တာချီလိတ်မြို့နေ အလှူရှင် ဦးအောင်ခင် ဇနီးဒေါ်စုလှိုင် မိသားစု လှူဒါန်းသော အထက (ဝမ်နတ်) ကျောင်း ရှစ်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာသည် (၁၂၈ x ၃၀ x ၂၁)ပေရှိပြီး တန်းဖိုးငွေကျပ် ၂၄၄ ဒသမ ၄၆ သန်းနှင့် အမက(ဝမ်လုံ)ကျောင်း သုံးခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာသည် (၅၃ x ၃၀ x ၂၁)ပေရှိရာ တန်ဖိုးငွေကျပ် ၁၀၀ ဒသမ ၁၄ သန်းရှိကြောင်း သိရသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့် တာချီလိတ်ခရိုင်အတွင်းရှိ အခြေခံပညာ ဆရာ ဆရာမများ၊ ပညာရေးမိသားစုများနှင့် တွေ့ဆုံပွဲကို ယနေ့ နံနက် ၉ နာရီတွင် အခြေခံပညာအထက်တန်းကျောင်း(တာချီလိတ်)တွင် ကျင်းပသည်။

ရှေးဦးစွာ ဦးမြင့်ဝင်းလှ (ဒုတိယမြို့နယ်ပညာရေးမှူး၊ မိုင်းဆတ်) က မိဘဆရာပူးပေါင်း၍ ပညာရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးကိုလည်းကောင်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက သုတေသနကို အခြေခံ၍ ဆောင်ရွက်နေသည့် စနစ်သစ်ပညာရေးပြုပြင်ပြောင်းလဲမှုများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အရည်အသွေးရှိသော ပညာစနစ်သစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ရေး၊ သင်ကြားသင်ယူမှု စီမံခန့်ခွဲမှုစနစ် ပိုမိုကောင်းမွန်ရေး၊ ဆရာ ဆရာမများ ပျော်ရွှင်ချမ်းမြေ့စွာ အလုပ်ဆောင်ရွက်နိုင်ရန် ကျောင်းအုပ်မှစ၍ ဆင့်ကဲဆင့်ကဲ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။ ယင်းနောက် တက်ရောက်လာသည့် ဆရာ ဆရာမများက သိရှိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းတို့က ပြန်လည်ဆွေးနွေးဖြေကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

* ရှေ့ဖုံးမှ

ယနေ့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ပြည်သူများသည် ကျန်းမာရေး အသိအမြင် ကြွယ်ဝလာသည့်အလျောက် ဘေးကင်းလုံခြုံမှုရှိသည့် အစားအစာများကို အလေးထားစားသုံးကြလျက်ရှိရာ ပြည်တွင်း၊ ပြည်ပတွင် ရောင်းချသည့် လယ်ယာထွက်ကုန်များ၏ အရည်အသွေးပြည့်မီရေး၊ အဆင့်အတန်းမြင့်မားရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ လိုအပ်လာပါသည်။

မိမိတို့ အစိုးရအဖွဲ့အနေဖြင့်လည်း စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ၏ အထွက်နှုန်းတိုးတက်ရေးအတွက်သာမက စားသုံးသူပြည်သူများ၏ အစားအစာ လုံခြုံစိတ်ချရမှုရှိရေးနှင့် လယ်ယာထုတ်ကုန်များ နိုင်ငံတကာဈေးကွက်တွင် တိုးတက်ယှဉ်ပြိုင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းများ ရရှိစေရန် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်၊ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်တို့နှင့်အညီ စိုက်ပျိုးမွေးမြူထုတ်လုပ်နိုင်ရေး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် လယ်ယာသီးနှံများ၊ သားငါးများ၏ အရည်အသွေးကောင်းမွန်ရေး၊ ဓာတ်ကြွင်း အာနိသင်များ ကင်းစင်ရေး၊ ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှု လျှော့ချရေးနည်းပညာများပါဝင်သည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် သက်ဆိုင်သည့် လမ်းညွှန်ချက်များ ရေးဆွဲထုတ်ပြန်၍ ပညာပေးဆောင်ရွက်လျက်ရှိပါသည်။

ရေရှည်တည်တံ့သော စိုက်ပျိုးမွေးမြူထုတ်လုပ်ရေးနှင့် ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ပြည်သူများ လုံခြုံစိတ်ချစွာ စားသုံးနိုင်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍတွင် အော်ဂဲနစ် စိုက်ပျိုးရေး စနစ်တကျဖွံ့ဖြိုးလာစေရေးနှင့် အော်ဂဲနစ်နှင့်ပတ်သက်သည့် စံချိန်စံညွှန်းများကို တိကျစွာလိုက်နာကျင့်သုံးနိုင်ရေးတို့ကို ရည်ရွယ်၍ အာဆီယံအော်ဂဲနစ်စံချိန်စံညွှန်းများကိုအခြေခံပြီး မြန်မာနိုင်ငံ၏ အော်ဂဲနစ် စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများနှင့် ကိုက်ညီမှုရှိစေမည့် မြန်မာ့အော်ဂဲနစ် စံချိန်စံညွှန်းကိုလည်း အသိပေးထုတ်ပြန်ကြေညာခဲ့ပါသည်။ တောင်သူလယ်သမားကြီးများက အလေးထားလိုက်နာဆောင်ရွက်ကြခြင်းဖြင့် ဈေးကွက်လည်းဝင်၊ ဝင်ငွေလည်းပို၊ ကုသိုလ်လည်း ရရှိကြမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကျေးဇူးရှင် တောင်သူလယ်သမားကြီးများ ခင်ဗျား–**

လက်ရှိအချိန်၌ ရာသီဥတုပြောင်းလဲပြီး မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မိုးသီးကြွေခြင်း၊ တောမီးလောင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များသည် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝကို ထိခိုက်စေလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈–၂၀၃၀)၏ မဏ္ဍိုင် (၃) "ပြည်သူများနှင့် ကမ္ဘာမြေ" တွင် ပန်းတိုင် (၅) အဖြစ် "နိုင်ငံတော်၏ အနာဂတ်မျိုးဆက်များအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်" ကို သတ်မှတ်ထားပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါသည်။

ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ ရေကိုအကျိုးရှိရှိထိရောက်စွာ အသုံးပြုနိုင်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။ ရေလိုအပ်ချက်နည်းသော သက်တမ်းတိုသီးနှံများကို စိုက်ပျိုးခြင်း၊ ဒေသအခြေအနေပေါ်မူတည်၍ သီးနှံနှင့် သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးခြင်း၊ စပါးစိုက်ပျိုးရာတွင် ရေသွင်း၊ ရေခန်းစနစ်အသုံးပြု၍ စိုက်ပျိုးစေခြင်း၊ ရေကိုချွေတာသုံးစွဲနိုင်သည့် ခေတ်မီ ရေသွင်းကိရိယာများ အသုံးပြုစိုက်ပျိုးစေခြင်း စသည့်ပညာပေးလုပ်ငန်းများ၊ သရုပ်ပြပွဲများ ဆောင်ရွက်လျက်ရှိပါသည်။ အပူပိုင်းဇုန်ဒေသများတွင်လည်း ရေတွင်းများတူးပေးခြင်း၊ ရေစုံ/ရေလှောင်ကန်များပြုလုပ်ပေးခြင်း၊ ရေရရှိမှု အပေါ်မူတည်ပြီး နွေစပါးအစား အခြားသီးနှံများ စိုက်ပျိုးမည့်အစီအစဉ်များ ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ဆည်တာတမံကြီးများ၊ မြစ်ရေတင်လုပ်ငန်းကြီးများတွင် စိုက်ပျိုးရေကို ပိုမိုထိရောက်စွာနှင့် ရေရှည်အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းများ၊ ရေကို အကျိုးရှိစွာ ချွေတာသုံးစွဲရေး ပညာပေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပါသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်ကြီးများ ကြုံတွေ့ပါက စားနပ်ရိက္ခာ မလုံလောက်မှုအန္တရာယ်မှ ကျော်လွှားနိုင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း အားကောင်းရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့များ ပူးပေါင်း၍ အရန်မျိုးစေ့များ စုဆောင်းထားရှိခြင်း၊ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခြင်း၊ သီးနှံပျက်စီးဧရိယာများတွင် ပြန်လည်ထူထောင်ရေးလုပ်ကိုင်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံထိခိုက်ပျက်စီးမှုများကို ပြန်လည်ထူထောင်နိုင်ရန်အတွက် မျိုးစပါးများ ဖြန့်ဝေပေးခြင်းနှင့် ပျက်စီးသီးနှံများအတွက် ထောက်ပံ့ကြေးများ ပံ့ပိုးကူညီခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၆–၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈–၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်း ကျပ် (၁၉ ဒသမ ၃၄၅) ဘီလီယံကျော်ကို အရေးပေါ် ရန်ပုံငွေမှ ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

❑ **တောင်သူလယ်သမားများ၏ ဝင်ငွေပိုမိုရရှိပြီး လူနေမှုဘဝများ တိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များ ကို ကုန်ကြမ်းအဆင့်တင်ပို့ရောင်းချခဲ့သည့် အနေအထားမှ တန်ဖိုးမြင့်ထုတ်ကုန် ကုန်ချောများအဖြစ်သို့ အဆင့်မြှင့်တင် ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ရောင်းချ နိုင်ရေးလုပ်ငန်းစဉ်ကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိ**

❑ **တောင်သူလယ်သမားမိသားစုများ၏ လူမှုစီးပွားဘဝ မြင့်မား တိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အလေးထား ဆောင်ရွက်ပေးလျက်ရှိပါသဖြင့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားအတွက် ကြုံတွေ့ကြရမည့် စိန်ခေါ်မှု များ၊ အတားအဆီးများနှင့် အခက်အခဲမှန်သမျှတို့ကို ကျော်လွှားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်း လက်တွဲဆောင်ရွက်**

**ချစ်ခင်လေးစားအပ်ပါသော ကျေးဇူးရှင် တောင်သူလယ်သမားကြီးများ ခင်ဗျား–**

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကိုလည်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ ယင်းဥပဒေတွင် ပါရှိသော တောင်သူလယ်သမားအများစုနေထိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြနှင့် ကျေးလက်ဒေသအကြား လူမှုစီးပွားအဆင့်အတန်း ကွာဟချက်များကျဉ်းမြောင်းစေရေး၊ လူ့စွမ်းအားနှင့် ငွေကြေးအရင်းအနှီးများကို ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရေး၊ ကျေးလက်ဒေသနေပြည်သူများ၏ စွမ်းဆောင်ရည်တိုးတက်လာစေရေးနှင့် ဘေးအန္တရာယ်များ ကျရောက်လာပါက တုံ့ပြန်ကာကွယ်ဆောင်ရွက်နိုင်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေး စသည့် ရည်မှန်းချက်များ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်က တောင်သူလယ်သမားများ သီးနှံစိုက်ပျိုးရာတွင် မိမိဒေသနှင့်ကိုက်ညီမည့် မိမိတို့အကျိုးစီးပွားဖြစ်ထွန်းစေသော သီးနှံများကို စိုက်ပျိုးခွင့်ပေးထားပြီးဖြစ်သည်နှင့်အညီ စီးပွားရေးတွက်ခြေကိုက်သော ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို အစဉ်တစိုက် လေ့လာပံ့ပိုး ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ တောင်သူလယ်သမားများကိုယ်တိုင် မျိုးစေ့ထုတ်လုပ်နိုင်ရန် မျိုးစေ့ထုတ်သင်တန်းများ ပို့ချခြင်း၊ မျိုးစေ့ထုတ်အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ပွားများနိုင်ရေးအတွက် ကျေးရွာ မျိုးစေ့ဘဏ်များ ထူထောင်ပေးခြင်း၊ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်သူများက မြေဆီလွှာ၊ မျိုးစေ့နှင့် သီးနှံကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးမှုများ ပြုလုပ်ပေးခြင်း၊ ဘက်စုံအဆင့်မြင့် နည်းပညာသုံးစံပြကျေးရွာများကို တည်ထောင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဈေးကွက်ဝင်ကောက်ပဲသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ရေးကို တောင်သူ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်းလျက် နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် တောင်သူလယ်သမားများ ဈေးကွက်သေချာစေမည့် အကျိုးတူလယ်ယာစနစ်ကျင့်သုံးနိုင်ရေးကိုလည်း အကောင်အထည်ဖော်လျက်ရှိရာ လိုက်နာရန် လုပ်ငန်းစဉ်များကိုလည်း ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါသည်။

ခေတ်မီစိုက်ပျိုးနည်းပညာများ၊ ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များနှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို တောင်သူလယ်သမားကြီးများ အချိန်နှင့်တစ်ပြေးညီ သိရှိအသုံးချနိုင်ရေးအပါအဝင် လယ်ယာကဏ္ဍဆိုင်ရာ သတင်းများ၊ ပညာပေးနှင့်ဖြေဖျော်ရေးအစီအစဉ်များ စသည့် ကဏ္ဍစုံပါဝင်သော "တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း (Farmer Channel)" အစီအစဉ်နှင့် တောင်သူလယ်သမားများ ဗဟုသုတရရှိရေးအတွက် ဂျာနယ်များ၊ ပညာပေးစာစောင်များ၊ လယ်ယာစီးပွားသတင်းများ ထုတ်ပြန်ပေးနေသည့်အပြင် စိုက်ပျိုးနည်းပညာများ လွယ်လင့်တကူရရှိနိုင်ရန် မိုဘိုင်းဖုန်းများမှ Mobile Application ဖြင့် မိုးလေဝသသတင်းများ၊ လယ်ယာကဏ္ဍနှင့် ဈေးကွက်ဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို ထုတ်ပြန်ဝန်ဆောင်မှုပေးနေသဖြင့် တောင်သူလယ်သမားများ အချိန်နှင့်တစ်ပြေးညီ လေ့လာသိရှိနိုင်ကြပြီဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကျေးဇူးရှင် တောင်သူလယ်သမားကြီးများ ခင်ဗျား–**

တောင်သူလယ်သမားများ၏ဝင်ငွေပိုမိုရရှိပြီး လူနေမှုဘဝများတိုးတက်ရေး အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များကို ကုန်ကြမ်းအဆင့်တင်ပို့ရောင်းချခဲ့သည့်အနေအထားမှ တန်ဖိုးမြင့်ထုတ်ကုန် ကုန်ချောများအဖြစ်သို့ အဆင့်မြှင့်တင်ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေးလုပ်ငန်းစဉ်ကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် စပါးစိုက်တောင်သူများ နစ်နာမှုနည်းပါးစေရေး၊ ဆန်စပါးဈေးကွက် ခိုင်မာစေရေးတို့အတွက်လည်း စပါးဈေးနှုန်းအား တင်း (၁၀၀) လျှင် အနိမ့်ဆုံးကျပ် (၅) သိန်း သတ်မှတ်ကြေညာပေးခဲ့ပါသည်။ သိမ်းဆည်းခံခဲ့ကြရသော တောင်သူလယ်သမားများ၏ လယ်ယာမြေများ ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ စွန့်လွှတ်ပေးနိုင်ခြင်းမရှိသော လယ်ယာမြေများအား လျော်ကြေး၊ နစ်နာကြေးများပေးစေခြင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လုပ်ကွက်ငယ်တောင်သူလယ်သမားများ၊ ဒေသခံတိုင်းရင်းသားများအား ဦးစားပေး၍ စိုက်ပျိုးလုပ်ကိုင်နိုင်ရန် စိစစ်ခွင့်ပြုချထားပေးခြင်း၊ ခေတ်ကာလနှင့်အညီ လယ်ယာမြေဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲခြင်း၊ လယ်ယာမြေများ တရားဝင်လုပ်ပိုင်ခွင့် ခိုင်မာစွာရရှိစေခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ပြီး တောင်သူလယ်သမားများ၏ လူနေမှုအဆင့်အတန်းမြင့်မားရန် ဆောင်ရွက်ပေးခြင်း၊ လယ်ယာလုပ်ငန်းအပြင် တောင်သူလယ်သမားမိသားစုများ၏ အခြားဝင်ငွေရရှိစေရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ဤကဲ့သို့ တောင်သူလယ်သမားမိသားစုများ၏ လူမှုစီးပွားဘဝမြင့်မား တိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်ပေးလျက် ရှိပါသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားအတွက် ကြုံတွေ့ကြရမည့် စိန်ခေါ်မှုများ၊ အတားအဆီးများနှင့် အခက်အခဲမှန်သမျှတို့ကို ကျော်လွှားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ကျင်းပ

**ရန်ကုန် မတ် ၁**

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။



အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ သတင်းစဉ်

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဇနိးမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာ ဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဇနိးမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဓမ္မာစာရက ဆောင်ရွက်တော်မူကြသည်။

အစည်းအဝေးတွင် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာနှင့် ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင်ဆရာတော်ကြီးများက ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာ၊ ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်ဆရာတော်ကြီးများက ပြန်လည်ရှင်းလင်းလျှောက်ထားတော်မူကြပြီး ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော်က အတည်ပြုချက်ရယူကာ (၄၇) ပါးစုံညီ စတုတ္ထအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ယနေ့အစည်းအဝေးသို့ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဝေဠုဝန် (ရွှေကျင်)ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်၍ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်းသူငယ်ချင်းများနှင့် ဓမ္မမိတ်ဆွေများက ဇေကူနတ်ီသတိမ (၂၉) ကြိမ်မြောက် ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **သတင်းစဉ်**



## မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့သို့ ဆန်တန်ချိန် ၂၀၀ ပေးပို့လှူဒါန်း

**ရန်ကုန် မတ် ၁**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင် COVID – 19 ရောဂါကူးစက်ပြန့်ပွားမှုကြောင့် တရုတ်ပြည်သူပြည်သားများ၏ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေမှုအပေါ် စာနာထောက်ထားသည့်အနေဖြင့် မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့သို့ ဧည့်မထ ဆန်တန်ချိန် ၂၀၀ ပေးပို့လှူဒါန်းသည့်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၄)ရှိ သိုလှောင်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးက တရုတ်နိုင်ငံသို့ ဆန်ကူညီလှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက လှူဒါန်းဆန်အိတ်များနှင့် စာရွက်စာတမ်းများကို ပေးအပ်ရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

ယနေ့လှူဒါန်းမှုသည် ဧည့်မထ ဆန်အိတ်ပေါင်း ၄၀၀၀ (တန်ချိန် ၂၀၀) ဖြစ်ပြီး ငွေကျပ် သိန်း ၈၆၀ တန်ဖိုးရှိသည်။ အဆိုပါဆန်အိတ်များကို ၁၂၀ ဂရမ် P.P အိတ်သစ်များဖြင့် ထုပ်ပိုးထားကာ ပိုးသတ်မှိုင်းတိုက်ခြင်း၊ Aflatoxin မှိုဆိပ်စစ်ဆေးခြင်းနှင့် ဓာတုဓာတ်ကြွင်း စစ်ဆေးခြင်းများ ဆောင်ရွက်ထားသည့် စစ်ဆေးချက်လက်မှတ်များကို ပူးတွဲပေးအပ်ခဲ့ကြောင်း သိရသည်။

လှူဒါန်းသည့် ဆန်အိတ်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ယူ၍ နောက်တွဲကုန်တင်ယာဉ် ခြောက်စီးဖြင့် တင်ဆောင်ကာ တရုတ် – မြန်မာ နယ်စပ် ကျယ်ဂေါင်မြို့အထိ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှစတင်၍ COVID– 19 (ကိုရိုနာဗိုင်းရပ်စ်)ကူးစက်ရောဂါစတင်ဖြစ်ပွားခဲ့ပြီး ရောဂါဖြစ်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံအတွင်းရှိ ရောဂါစတင်ဖြစ်ပွားရာ ဟူပေပြည်နယ် ဝူဟန်ဒေသတွင် လမ်းပန်းဆက်သွယ်ရေး ဖြတ်တောက်မှုများ ပြုလုပ်ခြင်း၊ ဒေသတွင်းနိုင်ငံများနှင့် သွားလာဆက်ဆံရာတွင် ထိန်းချုပ်မှုများ ပြုလုပ်ခဲ့သည့်အတွက် ဝူဟန်မြို့ရှိ ပြည်သူများ၏ စားနပ်ရိက္ခာလိုအပ်ချက်ကို တစ်စိတ်တစ်ပိုင်း လှူဒါန်းဖြည့်ဆည်းပေးရန် ယခုကဲ့သို့ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း–ဇော်ကြီး၊ ဓာတ်ပုံ–လှမိုး**

## ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းသည် ယမန်နေ့ နံနက်ပိုင်းက ကချင်ပြည်နယ်ရှိ မြစ်ကြီးနား – ဆွမ်ပရာဘွမ်– ပူတာအိုလမ်းပေါ်ရှိ တီယာန်ဇွပ်တံတား၏ကြံ့ခိုင်မှု၊ ၉၉ ကီလိုမီတာနှင့် ၁၀၀ ကီလိုမီတာအကြား လမ်းအကွေ့များ စက်ယန္တရားများဖြင့် လမ်းဖြောင့်ပြီး Gradient နိမ့်ချခြင်း ဆောင်ရွက်နေမှု၊ ၁၆၇ ကီလိုမီတာတွင် ၁၈ ပေအကျယ် ကွန်ကရစ်လမ်းခင်းရန် ခွဲကျောက်များဖြင့် Sub–Base ခင်းနေမှု၊ ဆီနင်ခတံတားကို အကျယ် ၂၀၄ ပေရှိ သံကူကွန်ကရစ်တံတားတည်ဆောက်နေမှု၊ ၁၆၉ ကီလိုမီတာတွင် သံကူကွန်ကရစ် Box Culvert တည်ဆောက်နေမှုနှင့် ကွန်ကရစ်လမ်းခင်းရန် Sub–Base ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

### စနစ်တကျဆောင်ရွက်

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက တည်ဆောက်ပြီး တံတားများ၏ ရေစီးရေလာများကို မိုးတွင်းတွင်စောင့်ကြည့်ရန်၊ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများကို အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် မြေသားလမ်းချဲ့ခြင်းလုပ်ငန်းများတွင် Side–Drain များ Function ဖြစ်အောင် စနစ်တကျဆောင်ရွက်သွားရန် မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် မြစ်ကြီးနား – ဆွမ်ပရာဘွမ် – ပူတာအိုလမ်းပေါ်ရှိ ၁၉၂ ကီလိုမီတာတွင် အကျယ် ၁၈ ပေရှိ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု၊ အရှည် ၃၁၁ ပေရှိ ဖုန်အင်သံကူကွန်ကရစ်တံတား၊ အရှည်ပေ ၂၄၀ ရှိ ဖုန်ချန်ကွန်ကရစ်တံတားနှင့် အရှည်ပေ ၂၂၀ ရှိ ဆွမ်ပီယန်သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

### ရာသီမရွေး သွားလာနိုင်

မြစ်ကြီးနား – ဆွမ်ပရာဘွမ်–ပူတာအိုလမ်းသည် အရှည် ၂၁၈ မိုင်ရှိပြီး ယခုဘဏ္ဍာနှစ်တွင် ၃၆ မိုင်ကို ၁၈ ပေအကျယ် ကွန်ကရစ်လမ်း၊ ကျန်ရှိသည့် (၇)မိုင်ကို အမာခံလမ်းအဖြစ် ဆောင်ရွက်ပြီးဖြစ်၍ ယခုမိုးရာသီမှစတင်ကာ မြစ်ကြီးနားမှ ပူတာအိုအထိ ရာသီမရွေး သွားလာနိုင်မည်ဖြစ်ကာ တည်ဆောက်ဆဲ တံတားလေးစင်းအနက် သုံးစင်းကို ယခု ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နွေကာလ မတ်လနှင့် ဧပြီလများအတွင်းတွင် ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်

**နေပြည်တော် မတ် ၁**

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် မတ်လနှင့် ဧပြီလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံ့တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် မတ်လနှင့် ဧပြီလများအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသ ဖြစ်စဉ်များအား အထူးဂရုပြုနေထိုင်သွားကြရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဥမ္မာကျော်၊ ဥပဒေပညာဌာန ပါမောက္ခ/ ဌာနမှူး ဒေါက်တာဒေါ်ခင်ချစ်ချစ်၊ ပါမောက္ခ(ငြိမ်း) ဦးလှအောင်၊ ပါမောက္ခချုပ်(ငြိမ်း) ဝဏ္ဏကျော်ထင် ဒေါက်တာတင်အောင်အေး၊ ပါမောက္ခ(ငြိမ်း) ဒေါ်သန်းနွဲ့နှင့် ဥပဒေပညာဌာန နှစ် ၁၀၀ ပြည့်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်တို့က ဥပဒေပညာဌာန နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

● ရှေ့ဖုံးမှ

ပါမောက္ခ(ငြိမ်း) ဒေါ်သန်းနွဲ့နှင့် ဥပဒေပညာဌာန နှစ် ၁၀၀ ပြည့်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ (RC) ခန်းမ၌ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဆက်လက်ကျင်းပရာ ကံ့ကော်တောမျိုးအောင်နှင့် ဥပဒေမောင်နှမများက ဥပဒေရာပြည့် သဘင်(၂) သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဝဏ္ဏကျော်ထင် ဒေါက်တာ တင်အောင်အေးက အမှာစကားပြောကြားသည်။

**အားသွန်ခွန်စိုက်လုပ်ဆောင်**

ယင်းနောက် ရန်ကုန်တက္ကသိုလ် ဥပဒေ ကျောင်းသားဟောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ တန်ဖိုးရှိလှသည့် အခမ်းအနား၌ စကားပြောကြားခွင့်ရသည့် အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယနေ့အခမ်းအနားကို ၁၉၇၀–၁၉၇၅ ခုနှစ် ကျောင်းသားဟောင်းတစ်ဦး အနေဖြင့် တက်ရောက်ခြင်းဖြစ်ပါကြောင်း၊ ယခု အခမ်းအနားကို ဥပဒေကျောင်းသား ကျောင်းသူများ အနေဖြင့် ညီညီညွတ်ညွတ်၊ သိုက်သိုက်ဝန်းဝန်း၊ ပျော်ပျော်ရွှင်ရွှင်ဖြင့် ကျင်းပနိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရန် များစွာ လိုအပ်နေသေးသည့် နိုင်ငံဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တရားဥပဒေစိုးမိုးရေးသည် အဓိက နေရာတွင်ရှိပါကြောင်း၊ တရားဥပဒေစိုးမိုးရန် ဥပဒေကျောင်းသား ကျောင်းသူများတွင် တာဝန်ရှိမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လာအောင် ဥပဒေကျောင်းသားကျောင်းသူများအနေဖြင့် တစ်တပ်တစ်အား ပါဝင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ကိုယ်တိုင်ကလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အတတ်နိုင်ဆုံး ကြိုးစားနေပါကြောင်း၊ ယခုကာလကို ပြန်ကြည့်ပါက ဥပဒေကျောင်းသား ကျောင်းသူများ၊ ဥပဒေဘွဲ့ရသူများသည် နေရာအတော်များများတွင် တာဝန်ပေးခံရသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လူမှန်၊ နေရာမှန် ရောက်လာသည်ဟု ပြော၍ရပါကြောင်း၊ လူမှန်၊ နေရာမှန် ရောက်လာသည့် အချိန်၊ လုပ်ပိုင်ခွင့်ရသည့်အချိန်တို့တွင် မိမိတို့တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် လုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း ပြောကြားသည်။

**ရွှေတံဆိပ်ဆု ပေးအပ်ချီးမြှင့်**

ထို့နောက် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်က ပဉ္စမနှစ် ဥပဒေစာမေးပွဲတွင် ပထမအဆင့် အောင်မြင်သူ မဆုလဲ့နန္ဒာအား ဂုဏ်ပြုရွှေတံဆိပ်ဆုကို ပေးအပ်ချီးမြှင့်သည်။

**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား ဥပဒေ ကျောင်းသားဟောင်း ဒုတိယစစ်ဥပဒေချုပ် ဗိုလ်ချုပ်သောင်းနိုင်က ဥပဒေပညာဌာနအတွက် အလှူငွေကျပ် သိန်း(၃၀)၊ နန်းမြိုင်ကော်ဖီ အထုပ်ကြီး ၁၀၀ နှင့် ရွှေဖီဦးအသင့်ဖျော်လက်ဖက်ရည်အထုပ်ကြီး ၁၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ဥပဒေပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာ ဒေါ်ခင်ချစ်ချစ်က လက်ခံရယူပြီး ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ပါမောက္ခ(ငြိမ်း) ဒေါက်တာဒေါ်သန်းနွဲ့၊ ပါမောက္ခ(ငြိမ်း) ဒေါ်ကြင်ဦးနှင့် ပါမောက္ခ(ငြိမ်း) ဒေါက်တာခင်မာရီတို့က ဥပဒေပညာနှင့် ပတ်သက်သည့် စာတမ်းများကို ဖတ်ကြားကြပြီး ညပိုင်းတွင် သစ်ပုပ်ပင်ရှေ့ မြက်ခင်းပြင်၌ မိတ်ဆုံစားပွဲကို ကျင်းပသည်။ **သတင်းစဉ်**



ရာပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့် ပဉ္စမနှစ် ဥပဒေစာမေးပွဲတွင် ပထမအဆင့်ဖြင့် အောင်မြင်သူ မဆုလဲ့နန္ဒာအား ဂုဏ်ပြုရွှေတံဆိပ်ဆု ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား ဒုတိယစစ်ဥပဒေချုပ် ဗိုလ်ချုပ်သောင်းနိုင်က ဥပဒေပညာဌာနသို့ အလှူငွေကျပ် သိန်း ၃၀ ပေးအပ်လှူဒါန်းရာ ပါမောက္ခ/ဌာနမှူး ဒေါက်တာ ဒေါ်ခင်ချစ်ချစ်က လက်ခံယူစဉ်။ သတင်းစဉ်

# မြန်မာနိုင်ငံ ကင်းထောက်လုပ်ငန်းဆောင်ရွက်မှုများကို အာရှပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်မှ လေ့လာ



**ရန်ကုန် မတ် ၁**

မြန်မာနိုင်ငံတွင် ကင်းထောက်လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ရေး ပါဝင်ကူညီဆောင်ရွက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော အာရှပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်မှ First Voice Chairman Mr. Hiroshi Shimada နှင့်အဖွဲ့သည် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ဒုတိယကင်းထောက်ချုပ် ဦးသာစိန်၊ မြန်မာနိုင်ငံ ကင်းထောက်ကြီးများနှင့် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ Brainworks Total International School ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထို့နောက် အမေရိကန်ပြည်ထောင်စုတွင် ကျင်းပခဲ့သည့် (၂၄)ကြိမ်မြောက် ကမ္ဘာ့ကင်းထောက် ဂျမ်ဗူရီ စခန်းချပွဲသို့ တက်ရောက်ခဲ့သည့် Brainwork Total International School မှ ကင်းထောက်လူငယ် မရှင်းသန့်လှိုင်က စခန်းချတွေ့ဆုံပွဲ အစီရင်ခံစာကို အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်မှ တာဝန်ရှိသူများထံပေးအပ်ပြီး (ဝဲပုံ) ကင်းထောက်လူငယ်များနှင့် ကင်းထောက်ငယ်များက သင်တန်းအတွေ့အကြုံများ ဆွေးနွေးခဲ့ကြသည်။

အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၈ ရက်တွင် နေပြည်တော် CAE ကိုယ်ပိုင်အထက်တန်းကျောင်းသို့ သွားရောက်လေ့လာကြရာ ကင်းထောက်လူငယ်များ၊ ကင်းထောက်ငယ်များက ကင်းထောက် အခြေခံနည်းပညာများ၊ လုပ်ငန်းများကို သရုပ်ဖော်သည့် "ကင်းထောက်ဂုဏ်ရည်" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

**မြန်မာ့အလင်း**

# လူထုဗဟိုပြုစီမံကိန်းများမှ ပြည်သူ့အတွက် အကျိုးရှိစေ

*အေးအေးနွဲ့ (မြန်မာစာ)*

**ပြည်သူလူထု၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ချိတ်ဆက်လျက်ရှိရာ ပြည်သူ့ဘဝမြင့်မားတိုးတက်စေရန် ဆောင်ရွက်ပေးနိုင်သည့် အခွင့်အလမ်းများ များစွာပေါ်ထွက်လာသည့်အထဲတွင် လူထုဗဟိုပြုစီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ၂၀၁၃ ခုနှစ်၌ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင် ဦးဆောင်၍ အကောင်အထည်ဖော်သည့် အလေ့အကျင့်မျိုး ပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်ပြီး ကမ္ဘာ့ဘဏ်၏ ကနဦးစတင်ကူညီမှုနှင့် လူထုဗဟိုပြုစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်မှာ ယခုနှစ်တွင် ဆဋ္ဌမမြောက်နှစ်အထိ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။**

လူထုဗဟိုပြုစီမံကိန်းသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဖြစ်သည်။ စီမံကိန်း၏ ရည်ရွယ်ချက်မှာ ကျေးလက်ပြည်သူလူထုအတွက် အဓိကကျသော အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများကို လူထုဗဟိုပြု ချဉ်းကပ်နည်းဖြင့် အလွယ်တကူ ရယူအသုံးပြုနိုင်စေရန် ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၆၃ မြို့နယ်မှ ပြည်သူလူထု ခုနစ်သန်းကျော်အတွက် ထောက်ပံ့ပေးနိုင်ခဲ့သည်။ ပြည်သူလူထုကိုယ်တိုင် ရွေးချယ်၊ ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်၍ ကိုယ်တိုင်စောင့်ကြည့်စစ်ဆေးခွင့်ရရှိသော အခြေခံအဆောက်အအုံ၊ လမ်း၊ တံတား ၁၆၂၉၊ ရေပေးရေးလုပ်ငန်းပေါင်း ၃၈၈၇ ခု၊ မီးလင်းရေးလုပ်ငန်း ၂၄၀၂ ခု၊ စာသင်ကျောင်းတည်ဆောက်ခြင်း၊ ပြန်လည်မွမ်းမံခြင်းလုပ်ငန်း ၄၄၆၃ ခု၊ ကျန်းမာရေးအဆောက်အအုံ ၁၂၄ ခု၊ ခန်းမဆောင် ၁၉၇၄ ခုနှင့် အခြားလုပ်ငန်းပေါင်း ၁၁၁၀ ခု စုစုပေါင်း ၃၀၂၅၂ ခု တည်ဆောက်နိုင်ခဲ့ပြီးဖြစ်သည်။

စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်စဉ်က ကမ္ဘာ့ဘဏ်၏ ထောက်ပံ့ငွေအမေရိကန် ဒေါ်လာသန်း ၈၀ ဖြင့် ဆောင်ရွက်ခဲ့ပြီး ယခုအခါ ကမ္ဘာ့ဘဏ်၏ အပြည်ပြည် ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေ၊ အီတလီအစိုးရနှင့် ယူကေ နိုင်ငံတို့မှ နှစ်ရှည်ချေးငွေနှင့် ထောက်ပံ့ငွေများ နှင့်အတူ မြန်မာနိုင်ငံအစိုးရ၏ ထည့်ဝင်ငွေအပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၉၄ သန်းခန့်ဖြင့် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရသည်။

လူထုဗဟိုပြုစီမံကိန်းများ ဆောင်ရွက်ရာတွင် ဒေသဖွံ့ဖြိုးရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊ ငွေကြေးခွဲဝေသုံးစွဲခြင်း၊ လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေး၊ လွတ်လပ်စွာဝေဖန်အကြံပြုနိုင်သည့် အခွင့်အရေးဟူ၍ အပိုင်းငါးပိုင်းဖြင့် ဆောင်ရွက်ပါသည်။

**ဒေသဖွံ့ဖြိုးရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း**

လူထုဗဟိုပြုစီမံကိန်းသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ကျေးရွာလူထုကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်ခွင့်ရသည့် စီမံကိန်းဖြစ်သည်။ လူထုအနေဖြင့် ကျေးရွာအတွင်း လိုအပ်ချက်များကို ဆန်းစစ်သည့်အဆင့်မှစ၍ လေးနှစ်စာ ဦးစားပေးစီမံကိန်းလုပ်ငန်းများ ပါဝင်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲပြီးသည်အထိ လူထုအားလုံး ပါဝင်ဆောင်ရွက်ကြရသည်။ ပထမအဆင့်အနေဖြင့် ကျေးရွာတွင် ကျေးရွာလူထုအနည်းဆုံး ၅၀ ရာခိုင်နှုန်း ပါဝင်သော တစ်ရက်တာအစည်းအဝေးများ ကျင်းပပြီး ရွာ၏လက်ရှိအခြေအနေကို သုံးသပ်ဆွေးနွေးကြသည်။ ထိုအဆင့်တွင် လူထုပူးပေါင်းပါဝင် ဆန်းစစ်ခြင်းအခြေခံနည်းလမ်း ခြောက်ခုဖြစ်သော-

(က) လူမှုရေးအခြေပြုနှင့် သယံဇာတအရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း၊

(ခ) ဥစ္စာနေပိုင်ဆိုင်မှုအဆင့် ခွဲခြားသတ်မှတ်ခြင်း၊

(ဂ) ကျား/မ ကဏ္ဍပိုင်ဆိုင်မှု ဆန်းစစ်ခြင်းနှင့် ကျား/ မကဏ္ဍ ပင့်ကူအိမ်သုံးသပ်ခြင်း၊

(ဃ) ရာသီခွင်ပြက္ခဒိန်ရေးဆွဲခြင်း၊

(င) ဗင်းပုံစံအသုံးပြု၍ ဒေသတွင်းဌာနဆိုင်ရာအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုများကို လေ့လာခြင်းနှင့်

(စ) မျှော်မှန်းချက်များ ရေးဆွဲခြင်းနည်းလမ်းများကို အသုံးပြုသည်။

ပထမအကြိမ် ကျေးရွာအစည်းအဝေး၏ သုံးသပ်ချက်များမှ ရရှိလာသည့် လူမှုဆန်းစစ်ချက် အနှစ်ချုပ်အပေါ်မူတည်၍ စီမံကိန်းအတွက် ဦးစားပေးလုပ်ငန်းများ ရွေးချယ်ရန် ကျေးရွာအဆင့် ဒုတိယအကြိမ် အစည်းအဝေးထပ်မံကျင်းပရသည်။ ထိုအစည်းအဝေးတွင် လူထုဗဟိုပြုစီမံကိန်း လေးနှစ်တာကာလအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် အကျိုးဝင်သော စီမံကိန်းလုပ်ငန်းများ၊ အကျိုးမဝင်သော စီမံကိန်းလုပ်ငန်းများ၊ ကဏ္ဍအလိုက် ဦးစားပေးလုပ်ငန်းများဟူ၍ ကျေးရွာလူထုက မဲခွဲဆုံးဖြတ်ပါသည်။ အဆိုပါအစည်းအဝေး နှစ်ခုမှ ရရှိလာသည့် အချက်အလက်များကို မှတ်တမ်းတင်သိမ်းဆည်းထားပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် စာအုပ်အဖြစ် ပြုစုရေးသားကြသည်။ ကျေးရွာ တစ်ရွာချင်းစီအတွက် ဦးစားပေးလုပ်ငန်းများ သတ်မှတ်ပြီးနောက် ကျေးရွာအုပ်စုအဆင့်တွင် ကျေးရွာအားလုံးမှ တင်ပြလာသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို ပြန်လည်သုံးသပ်ကြသည်။ ထိုအဆင့်တွင် ကျေးရွာ တစ်ရွာချင်းစီ၏ ဦးစားပေးလုပ်ငန်းခွဲများ စာရင်းနှင့်အတူ စီမံကိန်း လေးနှစ်စာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို သဘောတူဆုံးဖြတ်ကြသည်။ ထိုမှတစ်ဆင့် မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး အထောက်အကူပြုကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူပါသည်။



မင်းတုန်းမြို့နယ်၌ လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ်စက်ဝန်း မြို့နယ်အဆင့်သုံးသပ်ဆွေးနွေးပွဲကျင်းပစဉ်။

ကျေးရွာအုပ်စုမှ တင်ပြလာသည့် ဖွံ့ဖြိုးရေးစီမံကိန်းများသည် အခြားဌာနဆိုင်ရာ သို့မဟုတ် အခြားစီမံကိန်းများမှ ဆောင်ရွက်သည့် လုပ်ငန်းများနှင့် ထပ်နေပါက နောက်ထပ်ဦးစားပေးလုပ်ငန်းများ ရွေးချယ်ရန် ကျေးရွာအုပ်စုသို့ ပြန်လည်အကြောင်း ကြားပါသည်။ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြု ကော်မတီအနေဖြင့် ကျေးရွာအုပ်စုအဆင့်တွင် အစည်းအဝေးပြန်လည်ကျင်းပ၍ ဦးစားပေးလုပ်ငန်းများကို ပြန်လည်ညှိနှိုင်းရွေးချယ်ကြ သည်။ အဆိုပါ အစည်းအဝေးမှ ရရှိလာသည့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေး အစီအစဉ်ကို မြို့နယ်အဆင့်သို့ ပြန်လည်ပေးပို့၍ အတည်ပြုချက်ရယူပါသည်။ မြို့နယ်စီမံကိန်းအထောက်အကူပြုကော်မတီ၏ အတည်ပြုချက်ရရှိပြီးသည့် ကျေးရွာအုပ်စုများအနေဖြင့် ၎င်းတို့ ရွေးချယ်ထားသည့် စီမံကိန်းလုပ်ငန်းခွဲများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပြီဖြစ်သည်။

**ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း**

မြို့နယ်စီမံကိန်းအထောက်အကူပြု ကော်မတီအနေဖြင့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းများကို အတည်ပြုပေးရန် သုံးသပ်ရာတွင် အခြားဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရသကဲ့သို့ စီမံကိန်းတစ်နှစ်တာကာလပြီးဆုံးချိန်တွင် မြို့နယ်အဆင့် သက်ဆိုင်သူအားလုံး ပါဝင်သော သုံးသပ်ဆွေးနွေးပွဲကျင်းပပြီး အဆိုပါအစည်းအဝေးတွင် ကျေးရွာလူထုများနှင့်အတူ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများကို ဖိတ်ခေါ်၍ စီမံကိန်းပိုမို ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့အပြင် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သည့် လေးနှစ်တာကာလအတွင်း နှစ်နှစ်လျှင် တစ်ကြိမ် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပဆွေးနွေးပါသည်။ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာသူများအနက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာများအား အဖွဲ့ လေးဖွဲ့စီခွဲကာ အခြေခံအဆောက်အအုံ၊ အသက်မွေးဝမ်းကျောင်းနှင့် အခြားထပ်တိုးတောင်းဆိုမှုများဟူ၍ ကဏ္ဍလေးခုခွဲကာ ဆွေးနွေးခဲ့ကြသည်။ အလုပ်ရုံဆွေးနွေးပွဲများတွင် ဌာနဆိုင်ရာ စီမံကိန်းများနှင့် ဒေသတွင်းဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ၏ စီမံကိန်းလုပ်ငန်းများအကြား အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြင့် ကျေးရွာများ၏ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးလာနိုင်သည်။ ထိုသို့ပေါင်းစပ်ညှိနှိုင်းမှုအားကောင်းလာသည်နှင့်အမျှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ကူညီပံ့ပိုးပေးနိုင်သည်။

**ငွေကြေးခွဲဝေသုံးစွဲခြင်း**

စီမံကိန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အပိုင်း ငါးပိုင်း ပါဝင်သည်။ လူထုသို့ တိုက်ရိုက်ထောက်ပံ့ငွေကို ကျေးရွာအုပ်စုငွေစာရင်းသို့ တိုက်ရိုက်လွှဲပြောင်းပေးအပ်ခြင်း၊ ကူညီထောက်ပံ့မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ အသိပညာနှင့် လေ့လာသင်ယူခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မှုအထောက်အကူပြုခြင်းနှင့် အရေးပေါ်အခြေအနေများတွင် တုံ့ပြန်ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

**လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေး**

လူထုဗဟိုပြုစီမံကိန်းတွင် စီမံကိန်းလုပ်ငန်းခွဲများကို လူထုကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရသကဲ့သို့ စောင့်ကြည့်ကြီးကြပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ကျေးရွာလူထုကိုယ်တိုင် ဆောင်ရွက်ရသည်။ စီမံကိန်းအကောင်အထည်ဖော်မှုကာလ လေးနှစ်ပြည့်မြောက်ပြီးသည့်အချိန်တွင် မိမိတို့ဆောင်ရွက်ထားရှိခဲ့သော စီမံကိန်းလုပ်ငန်းခွဲများအား ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအစီအစဉ်များ ရေးဆွဲဆောင်ရွက်ကြရပါသည်။ ထိုသို့ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို လူထုအင်အားဖြင့် ဆောင်ရွက်ရန် အစီအစဉ်များ ထားရှိသကဲ့သို့ အခြားဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါကလည်း ကြိုတင်ညှိနှိုင်းဆွေးနွေး၍ လုပ်ငန်းလွှဲပြောင်းခြင်းများ ဆောင်ရွက်ကြပါသည်။ လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအစီအစဉ်များ လုပ်ဆောင်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အကောင်အထည်ဖော်ထားသော စီမံကိန်းလုပ်ငန်းခွဲများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ကြိုတင်ပြင်ဆင်ထိန်းသိမ်းနိုင်ရန်၊ လူထုကိုယ်တိုင် တည်ဆောက်ထားသည့် လုပ်ငန်းများအပေါ် လူထုကိုယ်တိုင်အမြဲပြုပြင် ထိန်းသိမ်းစောင့်ရှောက်လိုသည့် အသိစိတ်ဓာတ်များ ဝင်ရောက်လာစေရန်နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်တတ်စေရန်ဖြစ်သည်။ သို့ဖြစ်၍ လူထု၏ အသိဉာဏ်ပညာနှင့် ပူးပေါင်းဆောင်ရွက်တတ်မှုသည် အရေးပါလှပေသည်။

**လွတ်လပ်စွာဝေဖန်အကြံပြုနိုင်သည့်အခွင့်အရေး**

လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူထုကိုယ်တိုင် ဦးဆောင်ပါဝင်ဆောင်ရွက်ခွင့်ရသကဲ့သို့ တစ်စုံတစ်ရာ မကျေနပ်မှုရှိလာပါက လွတ်လပ်စွာဖော်ထုတ်နိုင်စေရန် ဝေဖန်အကြံပြုနိုင်သည့်နည်းလမ်းများ ပံ့ပိုးပေးထားခြင်း ဖြစ်သည်။ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ် ဝေဖန်အကြံပြုစာပေါင်း ၂၅၀၀ ကျော် လက်ခံရရှိပြီး ၉၉ ဒသမ ၉ ရာခိုင်နှုန်းကို ဖြေရှင်းပေးနိုင်ခဲ့သည်။

နှစ်စဉ် ကျင်းပခဲ့သည့် သုံးသပ်ဆွေးနွေးပွဲများမှ ရရှိလာခဲ့သည့် အတွေ့အကြုံ၊ သင်ခန်းစာနှင့် စိန်ခေါ်မှုများကို ဖြေရှင်းပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်ပြည့်စုံစေရန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယနေ့အထိ စီမံကိန်းကျေးရွာပေါင်း ၁၂၀၀၀ ကျော်မှ ကျေးလက်လူဦးရေ ၇ ဒသမ ၁ သန်းကျော်သည် လူထုဗဟိုပြု စီမံကိန်း၏ အသီးအပွင့်အကျိုးကျေးဇူးများကို ရရှိခံစား နေကြရပြီဖြစ်သည်။ မူလက အမေရိကန်ထောက်ပံ့ငွေ ဒေါ်လာသန်း ၈၀ နှင့် စတင်ခဲ့သည့် လူထုဗဟိုပြုစီမံကိန်း သည် ခြောက်နှစ်မြောက်သည့် ယနေ့အချိန်တွင် ကမ္ဘာ့ဘဏ်မှ ချေးငွေအမေရိကန် ဒေါ်လာသန်း ၄၀၀ ၊ အီတလီအစိုးရမှ ချေးယူငွေယူရိုသန်း ၂၀၊ ITALY DFD SWAP မှ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ သုံးသန်း၊ နိုင်ငံတော်ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၃၀ တို့နှင့်အကောင်အထည် ဖော်ပေးနေသည့် အမျိုးသားအဆင့် စီမံကိန်းကြီးတစ်ခု အဖြစ် ရောက်ရှိလာပြီ ဖြစ်သည်။

ထို့အပြင် လူထုဗဟိုပြုစီမံကိန်းသည် စုပေါင်းဆွေးနွေး၊ စုပေါင်းဆုံးဖြတ်၊ စုပေါင်းဆောင်ရွက်တတ်သည့်ဓလေ့များ စွဲမြဲခိုင်မာစေမှုနှင့်အတူ စီမံကိန်းကျေးရွာများတွင် လမ်း၊ တံတား၊ ရေ၊ မီးနှင့်ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာသည့်အတွက် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာလျက်ရှိသည်။ ထိုသို့ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ကုလသမဂ္ဂက ချမှတ်ထားသည့် ဖွံ့ဖြိုးမှုပန်းတိုင်၏ ပန်းတိုင်အမှတ် (၅၊၆၊၇၊၉) တို့ကို တစ်ပြိုင်တည်း ဖြည့်ဆည်းပေးရာရောက်ခဲ့ပါသည်။ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစေရန် ကျေးလက်ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့မှ နည်းပညာစစ်ဆေးခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ငွေစာရင်းစစ်ဆေးခြင်းနှင့် လူထုကိုယ်တိုင် စစ်ဆေးအကဲဖြတ်ခြင်းတို့ကို စနစ်တကျဆောင်ရွက်သည့် နိုင်ငံတကာအဆင့်မီသည့် စီမံကိန်းဖြစ်သည်။

ပြည်သူအခြေပြုစီမံကိန်းများ၏အစ လူထုဗဟိုပြုစီမံကိန်းကဟု ဆိုရလောက်အောင်ပင် လူထုဗဟိုပြုစီမံကိန်းသည် ကျေးလက်ပြည်သူများနှင့် အရင်းနှီးအကျွမ်းဝင်ဆုံး စီမံကိန်းဖြစ်သည့်အပြင် ကျေးလက်ပြည်သူဘဝမြင့်မားတိုးတက်စေရန် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် လူထုဗဟိုပြုစီမံကိန်းများ တစ်နှစ်ထက်တစ်နှစ် ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း ။ ။

**“လူထုဗဟိုပြု စီမံကိန်းသည် စုပေါင်းဆွေးနွေး၊ စုပေါင်းဆုံးဖြတ်၊ စုပေါင်းဆောင်ရွက်တတ်သည့်ဓလေ့များ စွဲမြဲခိုင်မာစေမှုနှင့်အတူ စီမံကိန်းကျေးရွာများတွင် လမ်း၊ တံတား၊ ရေ၊ မီးနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာသည့်အတွက် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာလျက်ရှိ”**

## သတ္တမအကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာပြပွဲပြသ

**ရန်ကုန် မတ် ၁**

သတ္တမအကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာပြပွဲကို ယမန်နေ့က ရန်ကုန်မြို့ သာကေတမြို့နယ် မင်းနန္ဒာလမ်းရှိ Fortune Plaza၊ Myanmar Expo Hall တွင် ဖွင့်လှစ်ပြသသည်။

ပြပွဲတွင် ဂျပန်၊ အီတလီ၊ ဆွစ်ဇာလန်၊ အိန္ဒိယ၊ တရုတ်၊ ကိုရီးယား၊ ထိုင်းနှင့် နိုင်ငံပေါင်းစုံမှ လယ်ယာသုံး စက်ပစ္စည်းများနှင့် သွင်းအားစုများကို ပြည်တွင်း ပြည်ပ ကုမ္ပဏီများက ကမ္ဘာ့အဆင့်မီ လယ်ယာသုံးကိရိယာများ၊ မျိုးစေ့ချ ပစ္စည်းများ၊ လယ်ယာထွက် သီးနှံအခြောက်ခံစက် ပြည်တွင်း၊ ပြည်ပ ထုတ်စက်ကြီးများ၊ မြန်မာပြည်တစ်ဝန်းမှ ထွက်ရှိသော စပါးမျိုးများနှင့် ဆန်များကို မတ် ၂ ရက်အထိ ပြသလျက်ရှိသည်။ **သန်းထိုက်**

■*ကျောဖုံးမှ*

ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား ဖေဖော်ဝါရီ ၂၆ ရက်တွင် မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး၌ လက်ခံတွေ့ဆုံခဲ့သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် အမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်း၊ မြန်မာအဖွဲ့ရုံး ဝန်ထမ်းများနှင့် မိသားစုဝင်များအားလည်း ဖေဖော်ဝါရီ ၂၆ ရက်က တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား လက်ခံတွေ့ဆုံစဉ်။



# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ကိုရီးယားသမ္မတနိုင်ငံမှ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူများနှင့်တွေ့ဆုံ

နေပြည်တော် မတ် ၁

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ဒုတိယဝန်ကြီး ဦးတင်လတ်တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Lottee Hotel ၌ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာ ဦးဆောင်သော ရန်ကုန်မြို့ရှိ ကိုရီးယားသမ္မတနိုင်ငံမှ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံသည်။** (အောက်ပုံ)



### ခရီးသွားတိုးတက်ဝင်ရောက်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေးမှာ ကာလရှည်ကြာပြီး ကောင်းမွန်သည့် ဆက်ဆံရေးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် ကိုရီးယားသမ္မတနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုမှာ နိုင်ငံအလိုက် ဆဋ္ဌမနေရာတွင်ရှိပါကြောင်း၊ ကိုရီးယားလူမျိုး ခရီးသွားဧည့်သည် ဝင်ရောက်မှုမှာလည်း တစ်နှစ်ထက်တစ်နှစ်တိုးတက် ဝင်ရောက်လျက်ရှိပါကြောင်း၊ မြန်မာ-ကိုရီးယားခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ကို သီးခြားဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ကိုရီးယားနိုင်ငံမှ မီဒီယာများပါဝင်သော Korea FAM Trip များ စီစဉ်ဆောင်ရွက်ခြင်းကဲ့သို့ လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုကာလတွင် တွေ့ကြုံနေရသည့် COVID-19 ဗိုင်းရပ်စ်ကမ္ဘာတစ်လွှားသို့ ပျံ့နှံ့နေမှုမှာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ ယင်းအခြေအနေကို ကျော်ဖြတ်နိုင်ပြီး ခရီးသွားလုပ်ငန်းပြန်လည်ဖွံ့ဖြိုး တိုးတက်လာမည်ဟုယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကိုရီးယားသမ္မတနိုင်ငံမှ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာ ဦးစီးဌာနလက်အောက်ရှိ ရန်ကုန်မြို့အမျိုးသားစီမံခန့်ခွဲမှုဒီဂရီကောလိပ် ကျောင်းအုပ်ကြီးနှင့် ကျောင်းတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ခရီးသွားလုပ်ငန်းပညာဘာသာရပ်အထူးပြု တတိယနှစ်အထူးပြုကျောင်းသားများ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင်များတွင် အလုပ်သင်ခြောက်လ သွားရောက်လေ့လာနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

### ကူညီဆောင်ရွက်ပေးစေလို

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘွဲ့(ခရီးသွားလုပ်ငန်း)ဘွဲ့ကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်၍ ဖွင့်လှစ်ခဲ့သည်မှာ ယခုနှစ် ပညာသင်နှစ် အထိဆိုလျှင် ရှစ်နှစ်ရှိပြီဖြစ်ပါကြောင်း၊ ၂၀၁၇/၂၀၁၈ ပညာသင်နှစ်မှစ၍ ဝိဇ္ဇာဘွဲ့ (ဧည့်ဝန်ဆောင်မှုစီမံခန့်ခွဲမှုပညာ)အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပါကြောင်း၊ အမျိုးသားစီမံခန့်ခွဲမှု ဒီဂရီကောလိပ် (ရန်ကုန်)မှ တတိယနှစ်ကျောင်းသား ကျောင်းသူများ ခြောက်လ အလုပ်သင်အဖြစ် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင်များတွင် လုပ်ကိုင်နိုင်ရေး ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက မိမိတို့ ဝန်ကြီးဌာနသည် Service Ministry ပြောင်းလဲဆောင်ရွက်လျက်ရှိရာ Quantity မှ Quality ခရီးသွားလုပ်ငန်းဖြစ်အောင် ဆောင်ရွက်နေပါကြောင်း၊ ယခု Internship ဆင်းကြမည့် ကျောင်းသားများအတွက်လည်း Proper Internship၊ Quality Internship ဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့ အမျိုးသားစီမံခန့်ခွဲမှု ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးနှင့် ကျောင်းတာဝန်ရှိသူများက လုပ်ငန်းခွင်သင်တန်းဆင်းခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့ တာဝန်ရှိသူများ၊ FDI ဟိုတယ်လုပ်ငန်းရှင်များ၊ အသင်းတာဝန်ရှိသူများနှင့် လေကြောင်းလိုင်း တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❑ *ကျောဖုံးမှ*

အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲများစွာပြုလုပ်ခဲ့ပြီး သီဟစည်သူ၊ ရန်နိုင်ဦး၊ ဒန်နီရယ်စသည့် အမာခံအများစုကို အနားပေးကာ လူငယ်အများစုဖြင့် ပွဲထွက်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း၏ လူစာရင်းတွင် နိုင်ငံခြားသားကစားသမားနှစ်ဦးသာ ပါဝင်သောကြောင့် ပုံမှန်ထက် ပိုမိုရုန်းကန်ခဲ့၍ ပထမပိုင်းတွင် ဖိကစားနိုင်သော်လည်း ဂိုးသွင်းခွင့် အနည်းငယ်သာရခဲ့သည်။ ချင်းယူနိုက်တက်အသင်းမှာမူ နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် လူစုံအသုံးပြုကာ အမှတ်ရရန် အားထည့်ကစားခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းတစ်ပိုင်းလုံး ဖိကစားနိုင်သော်လည်း ပထမပိုင်းပြီးခါနီးမှ ဂိုးစရခဲ့ကာ ရဲရင့်ထွန်းက ပယ်နယ်တီဧရိယာထိပ်မှ ကန်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ချင်းယူနိုက်တက်အသင်းက ချေပဂိုးရရန် ကြိုးပမ်းခဲ့ပြီး ၅၅ မိနစ်တွင် ဆင်မြူရယ်က ဂိုးပြန်သွင်းခဲ့သောကြောင့် လက်ကျန်မိနစ်များမှာ အကြိတ်အနယ်ရှိခဲ့သည်။

ရှမ်းယူနိုက်တက်သည် မထင်မှတ်ဘဲ ဂိုးပေးလိုက်ရသောကြောင့် ဂိုးပြန်ရရန် ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့သည်။ သို့သော် ရှမ်းအသင်း၏ကစားပုံမှာ ချင်းယူနိုက်တက်အသင်း၏ ခံစစ်ကစားပုံအောက်တွင် ရုန်းကန်နေရပြီး နောက်ကျဂိုးများကြောင့်သာ အမှတ်ပြည့်ရခဲ့ခြင်း ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၈၅ မိနစ်တွင် နန္ဒကျော်နှင့် ၉၀+၅ မိနစ်တွင် ဇင်မင်းထွန်းတို့က သွင်းယူခဲ့သည်။

ဝေဘာလီကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက ရခိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် ကြားရက်တွင် AFC Cup အုပ်စုပွဲကစားခဲ့သည့် လူစာရင်းအများစုဖြင့် ပွဲထွက်ခဲ့ပြီး ပုံမှန်ပွဲထွက်ခွင့်ရနေသည့် ကျော်ဇင်ထက်နှင့် ဇာနည်ထက်တို့ကို အနားပေးခဲ့သည်။ ရခိုင်အသင်းမှာလည်း အိမ်ကွင်း၌ အမှတ်ရရန် လူစုံအသုံးပြုခဲ့သော်လည်း ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့်ဂိုးကြောင့် အရေးနိမ့်ခဲ့ရခြင်း ဖြစ်သည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးကို မိနစ် ၈၀ တွင် အီမန်နျူရယ်က သွင်းယူခဲ့သည်။

ပွဲစဉ် (၈) အပြီးတွင် ဟံသာဝတီအသင်းက ၂၁ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေကာ ရန်ကုန်နှင့် ဧရာဝတီအသင်းက ရမှတ် ၂၀ စီ၊ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၁၆ မှတ်၊ စစ်ကိုင်းအသင်းက ၁၃ မှတ်၊ ရခိုင်အသင်းက ၁၂ မှတ်၊ ရတနာပုံနှင့် အား/ကာ သိပ္ပံအသင်းက ခုနစ်မှတ်စီ၊ မကွေးအသင်းက ခြောက်မှတ်၊ Southern နှင့် ချင်းယူနိုက်တက်အသင်းက လေးမှတ်စီ၊ ဇွဲကပင်အသင်းက သုံးမှတ်ရရှိထားသည်။

**ညီမြတ်သော်တာ**

## သာယာဝတီမြို့၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မော်တာစက်ချုပ်သင်တန်းဆင်း

**သာယာဝတီ မတ် ၁**

သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူး၍ သာယာကုန်းကျေးရွာ၌ ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မော်တာစက်ချုပ်သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ စတုတ္ထပတ်က အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန်းလွင်နှင့် အုပ်ချုပ်ရေးမှူး ဦးထိန်လင်းထွန်း တို့က အမှာစကားပြောကြားကာ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ **မြို့နယ်(ပြန်/ဆက်)**

# တောင်သူလယ်သမားနေ့အထိမ်းအမှတ် တောင်သူအသိပညာပေးပြခန်းများ ဖွင့်လှစ်

ပုသိမ် မတ် ၁

**မတ် ၂ ရက်တွင်ကျင်းပမည့် တောင်သူလယ်သမားနေ့အထိမ်းအမှတ် တောင်သူအသိပညာပေးပြခန်းများ ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာ အုပ်စု၌ ကျင်းပသည်။**



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများ တောင်သူအသိပညာပေးပြခန်းများ၌ ခင်းကျင်းပြသထားသည့် သီးနှံများကို ကြည့်ရှုအားပေးစဉ်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးသန်းထွန်းနှင့် တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစန်းဌွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယနေ့ ဖွင့်လှစ်လိုက်သည့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် ပြခန်းများတွင် တောင်သူလယ်သမားများ အသိပညာ ဗဟုသုတအတွက် များစွာအကျိုးရှိစေမည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာန နည်းပညာပေးပြခန်း၊ ပုသိမ်မြို့နယ် မြန်မာဆယ်မာ အူးလ်အွန်ဒုန် စီမံကိန်းကျေးရွာများ ထုတ်ကုန်ပြခန်း၊ ကန်ကြီးထောင့်မြို့နယ် SMU စီမံကိန်း၏ ဝင်ငွေတိုးပွားရေး အစုအဖွဲ့လုပ်ငန်းများ ဆောင်ရွက်မှုပြခန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနပြခန်း၊ ငါးလုပ်ငန်းဦးစီးဌာနပြခန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနပြခန်း၊ စားသုံးသူရေးရာ ဦးစီးဌာနပြခန်း၊ စက်မှု လယ်ယာဦးစီးဌာနပြခန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနပြခန်း၊ သမဝါယမပြခန်း၊ မြန်မာ နိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ပြခန်းများကို ဖွင့်လှစ် ထားသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေး ယှဉ်တွဲလုပ်ကိုင်နိုင်**

ထို့ပြင် မြေအလဟဿမဖြစ်စေရန်နှင့် အဓိကအခြေခံကျသည့် ပတ်ဝန်းကျင်နှင့် စိုက်ပျိုးသီးနှံများ သဟဇာတ ဖြစ်အောင် မြေဆီလွှာထိန်းသိမ်းရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို တောင်သူများသိရှိပြီး ဆောင်ရွက်နိုင်စေရန် လူနေထိုင်မှုနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ယှဉ်တွဲလုပ်ကိုင်နိုင်သည့် ဖိုးတောင်သူတဲ (Home Garden)ကို ထူးထူးခြားခြား ပြသထားသည်။

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းက '' စိုက်ပျိုးရေးတင်မဟုတ်ဘူး။ မွေးမြူရေး ကဏ္ဍ၊ သား၊ ငါးကဏ္ဍ ၊ သစ်တောကဏ္ဍ ၊ စက်ကိရိယာ ကဏ္ဍတွေရောရောက်တုန်းရောက်ခိုက်မှာ အကျိုးရှိအောင် ပြည့်ပြည့်စုံစုံ လေ့လာစေချင်ပါတယ်'' ဟု ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဇော်က ''ဧရာဝတီတိုင်းဒေသကြီး အတွင်းမှာ ထွက်ရှိတဲ့ စိုက်ပျိုးသီးနှံတွေကို ပြသထားပါ တယ်။ ဖိုးတောင်သူတဲ လို့ အမည်ပေးထားတဲ့ Home Garden ပြခန်းကိုတော့ သီးနှံ ဖူး၊ ပွင့်ချိန်နဲ့ကိုက်ညီအောင် နှစ်လလောက် ပြင်ဆင်ပြီး တောင်သူတွေလည်း တကယ် လုပ်ချင်အောင် ဆောင်ရွက်ထားတာပါ။

အဓိက မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းပါ။ မျိုးကောင်း မျိုးသန့်ထုတ်လုပ်နိုင်ဖို့ အရေးကြီးတဲ့ကဏ္ဍကနေ ပါဝင် နိုင်ဖို့အတွက် မျိုးကောင်းမျိုးသန့်သုံးစွဲရေး သီးနှံပြခန်း အနေနဲ့ ပြသထားပါတယ်။ ပိုးမွှားရောဂါတွေ နဲ့ပတ်သက် ပြီး တောင်သူတွေကို ပညာပေးတဲ့အနေနဲ့ သိသင့် သိထိုက်တဲ့ လက်ကမ်းစာစောင်တွေကိုလည်း ဖြန့်ဝေ ထားပါတယ်'' ဟု ပြောသည်။

ငါးလုပ်ငန်းဦးစီးဌာနပြခန်းမှ ဦးဖုန်းမော်က "ရေချို ရေငန်ငါးဖမ်းကိရိယာတွေ၊ လှေတွေ၊ ကျားဖောင်တွေ ပြထားတယ်၊ ထိန်းသိမ်းထားတဲ့ ရှားပါးပင်လယ်လိပ် တွေ၊ ငါးမျိုးစိတ်တွေ၊ ကဏန်းတွေ၊ သံပခြုပ်တွေပါတယ်။ ပင်လယ်လိပ်ဆိုရင် မျိုးသုဉ်းတဲ့အဆင့်တောင် ရောက်တော့ မယ်။ တစ်ကမ္ဘာလုံးမှာ လိပ်မျိုးစိတ် ခုနစ်မျိုးရှိတယ်။ မြန်မာနိုင်ငံမှာ ငါးမျိုးရှိတယ်။ ငါးမျိုးထဲမှာမှ သမီးလှ ကျွန်းမှာလာပြီး ဥချထားတဲ့ လိပ်ကို ဒီပွဲမှာပြသထားတာ ပါ"ဟု ပြောသည်။

ထို့ပြင် ပုဂ္ဂလိကကုမ္ပဏီများမှလည်း နည်းပညာမြင့် အဆင့်မီ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ၊ ဆေးဖျန်း ဒရုန်းများ၊ မျိုးစေ့များ ၊ ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးပစ္စည်းများကို ပါဝင်ပြသထားသည်။

လယ်ယာသုံးပစ္စည်းများရောင်းချသည့် CAPITAL AUTOMOTIVE ပြခန်းမှ ကိုကျော်ဝင်းထိုက်က ''ပစ္စည်း တွေ ရောင်းချပေးတဲ့နေရာမှာ အရစ်ကျစနစ်နှစ်မျိုးနဲ့ ရောင်းပေးပါတယ်။ ၂၀ ရာခိုင်နှုန်း လက်ငင်းငွေချေပြီး ကျန်တာကို ခြောက်လ တစ်ဖြတ် သုံးနှစ်နဲ့ရောင်းပေး တာရှိသလို နောက် တစ်မျိုးက မြန်မာ့စိုက်ပျိုးရေးဘဏ်နဲ့ ချိတ်ဆက်ပြီး အရစ်ကျနဲ့ ရောင်းပေးတာရှိပါတယ်။ ဒီစက်ကိရိယာတွေနဲ့ ပတ်သက်ပြီး တောင်သူတွေကို ဒီစက်ပစ္စည်းထိန်သိမ်းပုံ ထိန်းသိမ်းနည်းတွေကိုလည်း သင်ကြားပြသပေးပါတယ် ''ဟု ပြောသည်။

**ဗဟုသုတလည်းရ၊ တောင်သူတွေအကျိုးလည်းရှိ**

ကန်ကြီးထောင့်မြို့နယ်မှ မျိုးထုတ်တောင်သူ ဦးသိန်းစိုးက ''ဒီနေ့ပြသထားတဲ့ ဖိုးတောင်သူတဲဆိုရင် လယ်သမားတိုင်းလုပ်သင့်တယ်။ ကိုယ့်အိမ်ခြံဝင်းထဲမှာ စိုက်ပျိုးမယ်ဆိုရင် တစ်ဖက်တစ်လမ်းက ဝင်ငွေရတာပေါ့။ လုပ်လည်း လုပ်သင့်တဲ့အလုပ်ပါ။ ပြခန်းမှာ သိရတဲ့ အာမခံ လုပ်ငန်းအကြောင်းကိုတော့ တော်တော်လေးသဘောကျ တယ်၊ ဒီပွဲမှာ ဌာနဆိုင်ရာတွေနဲ့ရော ကုမ္ပဏီတွေနဲ့ပါ ချိတ်ဆက်မိသွားတယ်၊ အခုလို ပြည့်ပြည့်စုံစုံလည်း ပြသ ထားတဲ့အတွက် ဗဟုသုတလည်းရတယ်။ တောင်သူတွေ အကျိုးလည်းရှိပါတယ် '' ဟု ပြောသည်။

တောင်သူအသိပညာပေးပြပွဲ အခမ်းအနားတွင် စိုက်ပျိုးပြသထားသည့် ပန်းရောင်စုံ စိုက်ခင်းများ၊ ဖိုးတောင်သူတဲ (Home Garden)အတွင်း စိုက်ပျိုးထား ရှိသည့် သီးနှံစိုက်ခင်းများ၊ ကြက်၊ ငါး တစ်နိုင်တစ်ပိုင် မွေးမြူထားရှိမှုများ ၊ တိုင်းဒေသကြီးအတွင်းရှိ ဝန်ကြီး ဌာနများမှ ဖွင့်လှစ်ပြသထားသည့် ပြခန်းများနှင့် ကုမ္ပဏီ များမှ ပြသထားသည့် ပြခန်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တက်ရောက်လာသူများက လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**သတင်း – သီသီမင်း၊ မင်းသစ်**

**ဓာတ်ပုံ – နေလင်း**

# ဧရာဝတီမြစ်ကျော် ဓာတ်အားလိုင်းအူကြောင်း ပြောင်းလဲတည်ဆောက်

**နေပြည်တော် မတ် ၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ် နှင့် ပန်းတနော်မြို့နယ်တို့တွင် ဆောင်ရွက်လျက်ရှိသည့် ၂၃၀ ကေဗွီ လှိုင်သာယာ – အသုတ် ဓာတ်အား လိုင်း၏ ဧရာဝတီမြစ်ကျော် ဓာတ်အား လိုင်းအူကြောင်း ပြောင်းလဲ တည် ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး သည်။

**ကမ်းပါးပြို၍ တာဝါတိုင်များပျက်စီး**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် စီမံကိန်းတာဝန်ရှိသူများက ညောင် တုန်းမြို့နယ်ရှိ ဧရာဝတီမြစ်ကူး တံတား(ဗိုလ်မြတ်ထွန်း) ရှင်းလင်း ဆောင်၌ ဆောက်လုပ်ရေးဝန်ကြီး ဌာန တံတားဦးစီးဌာနက တာဝန်ယူ တည်ဆောက်နေသည့် ဧရာဝတီ မြစ်ကျော် တာဝါတိုင် ငါးတိုင်၏ Bored Pile Foundation ဆောင်ရွက် နေမှုများနှင့် မြစ်ကျော် တာဝါတိုင် တည်ဆောက်မှုလုပ်ငန်း ၇၂ ရာခိုင် နှုန်းပြီးစီးမှုများကို လည်းကောင်း၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန တာဝန်ရှိသူ များက ၂၃၀ ကေဗွီ လှိုင်သာယာ– အသုတ် ဓာတ်အားလိုင်း ၇၃ မိုင်ကို ၂၀၀၅ – ၂၀၀၆ ဘဏ္ဍာရေးနှစ်၌ စုစုပေါင်းငွေကျပ်သန်း ၁၄၆၀၀ ဖြင့် တည်ဆောက်ခဲ့မှု၊ စတင်တည် ဆောက်ခဲ့သည်မှ ၁၅ နှစ်တာကာလ အတွင်း ဧရာဝတီမြစ်သည် မူလရေစီး ကြောင်းမှ တစ်မိုင်ခန့် ပြောင်းရွှေ့ လာမှု၊ ရေလမ်းကြောင်း ပြောင်းလဲမှု ကြောင့် ကမ်းပါးပြို၍ တာဝါတိုင် များ ထိခိုက်ပျက်စီးပြီး ဓာတ်အား ပြတ်တောက်မှု မရှိစေရေးအတွက် ရေလမ်းကြောင်း ပြောင်းလဲမှု မရှိသည့် ဗိုလ်မြတ်ထွန်းတံတားအနီး မြစ်ကျော်တာဝါတိုင် တည်ဆောက် ရန် ရွေးချယ်ခဲ့မှု၊

**စီမံကိန်းပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်နေ**

ယခု တည်ဆောက်နေသော ဓာတ်အားလိုင်းအူကြောင်း ၁၇ မိုင် ခန့်ကို စီမံကိန်းကုန်ကျစရိတ် ငွေကျပ်သန်းပေါင်း ၁၇၉၄၀ ခန့် ဖြင့် ပြောင်းလဲတည်ဆောက်နေမှု၊ ဓာတ်အားလိုင်း တည်ဆောက်သည့် ဧရိယာအတွင်း ကျရောက်သည့် လယ်ယာမြေများအတွက် သီးနှံ လျော်ကြေးများပေးရန် ဆောင်ရွက် ထားရှိမှု၊ Normal တာဝါတိုင် ၇၂ တိုင် တည်ဆောက်ခြင်းလုပ်ငန်း ၂၀ ရာခိုင် နှုန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဇွန်လ အတွင်း စီမံကိန်းပြီးစီးအောင် ကြိုးပမ်း ဆောင်ရွက်နေမှုများကို လည်း ကောင်း ရှင်းလင်းတင်ပြကြရာ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးအေးကျော်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယ ဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီး အတွင်း ၂၄ နာရီ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေးအတွက် ယခု ဓာတ်အားလိုင်းသည် အရေးပါသည့် မဟာဓာတ်အားလိုင်း ဖြစ်ကြောင်း၊ မိုးတွင်းကာလ မြစ်ရေတိုက်စားပြီး ဓာတ်အားလိုင်း ပျက်စီးမှုကြောင့် ဓာတ်အားပြတ်တောက်မှုမရှိစေရေး အတွက် လုပ်ငန်းများကို မိုးမကျမီ အချိန်ကိုက်ပြီးစီးနိုင်ရေး အားသွန် ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ လယ်ယာမြေများအတွက် သီးနှံလျော်ကြေးများ ပေးအပ်ရာတွင် စနစ်တကျ စိစစ်တွက်ချက်၍ ရသင့် ရထိုက်သူများထံသို့ ဆောလျင်စွာ ပေးအပ်သွားရန် မှာကြားသည်။

**တာဝါတိုင် ငါးတိုင် တည်ဆောက်**

ထို့နောက် ဒုတိယဝန်ကြီးသည် ဧရာဝတီမြစ်အတွင်း မြစ်ရေတိုက်စား မှုကြောင့် မြစ်အတွင်းရောက်ရှိ နေသည့် တာဝါတိုင်အမှတ် ၁၄၈ (RCS–3)၊ လျှပ်စစ်ဓာတ်အားပို့လွှတ် ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ယူ တည်ဆောက်နေသော Normal Tower Foundation လုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ဆောက်လုပ် ရေး ဝန်ကြီးဌာန တံတားဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်နေသော ဧရာ ဝတီမြစ်ကျော် Bored Pile Foun–dation တာဝါတိုင် ငါးတိုင် တည် ဆောက်နေမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကုန် – ပုသိမ် လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း တွင် လမ်းနယ်မြေနှင့် မလွတ်ကင်း သော ၃၃ ကေဗွီဓာတ်အားလိုင်း ၀ ဒသမ ၉ မိုင်၊ ၁၁ ကေဗွီဓာတ်အား လိုင်း ၁၃ ဒသမ ၉၃ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁၂ ဒသမ ၄၆ မိုင်နှင့် ထရန်စဖော်မာ ၁၁ လုံးတို့ကို လမ်း နယ်နိမိတ်နှင့် လွတ်ကင်းသော နေရာ သို့ အမြန်ပြောင်းရွှေ့ တည်ဆောက် နိုင်ရေး မှာကြားသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း ၂၃၀ ကေဗွီ လှိုင်သာယာ – အသုတ် ဓာတ်အားလိုင်း၏ ဧရာဝတီမြစ်ကျော် ဓာတ်အား လိုင်းအူကြောင်း ပြောင်းလဲတည်ဆောက်နေမှုကိုကြည့်ရှုစစ်ဆေးစဉ်။

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စု၌ မတ် ၁ ရက်က ဖွင့်လှစ်သည့် တောင်သူလယ်သမားနေ့အထိမ်းအမှတ် တောင်သူအသိပညာပေးပြခန်း မြင်ကွင်းပုံရိပ်များ




စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ယှဉ်တွဲလုပ်ကိုင်နိုင်သည့် ဖိုးတောင်သူတဲ (Home Garden)ပြခန်း။



သီးနှံစုံများ ပသာဒဖြစ်ဖွယ် ခင်းကျင်းထားမှု။



စွန့်ပစ်ခံဆေးဖက်ဝင်အပင်များပြခန်း။



သစ်သီးမျိုးစုံခင်းကျင်းထားမှုကို တွေ့ရစဉ်။



ပြောင်းမျိုးစေ့များ ပြခန်းခင်းကျင်းထားမှု။



တောင်သူများအားထားရသည့် လယ်ယာသုံးစက်ကိရိယာများ။



ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ခင်း ပြသထားမှု။



# “တိုင်းပြည်အကျိုးပြု ဒို့ရှေးရှု ကင်းထောက်အမျိုးသမီးထု” မြန်မာကင်းထောက်အမျိုးသမီး တွေ့ဆုံစကားဝိုင်းကျင်းပ

**“တိုင်းပြည်အကျိုးပြု ဒို့ရှေးရှု ကင်းထောက်အမျိုးသမီးထု” မြန်မာကင်းထောက်အမျိုးသမီးတွေ့ဆုံစကားဝိုင်းကို အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်၊ ဒုတိယကင်းထောက်ချုပ်ဒေါ်ခင်စောဥမ္မာ၊ သက်ကြီး ကင်းထောက်ကြီး ဒေါက်တာဒေါ်ဝင်းကြည်၊ သက်ကြီးကင်းထောက်ကြီး ဒေါက်တာဒေါ်လှရီရီနှင့် သက်ကြီးကင်းထောက်ကြီး ဒေါ်ရီရီတင်တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့ကြသည်များကို ဖော်ပြအပ်ပါသည်။**

တာရာ၊ ကေကေ


ဒေါက်တာဒေါ်တင်လှကြည်


ဒေါ်ခင်စောဥမ္မာ


ဒေါက်တာဒေါ်ဝင်းကြည်


ဒေါက်တာဒေါ်လှရီရီ


ဒေါ်ရီရီတင်

**ယမန်နေ့မှအဆက်**

**အစီအစဉ်မှူး။ ။ ကင်းထောက်နဲ့ ပတ်သက်ပြီး လှုပ်ရှားမှုတွေက အစောပိုင်းကာလတွေမှာ ရှိခဲ့တယ်။ ၂၀၁၂ က ၂၀၂၀ လို့ သတ်မှတ်တဲ့ လက်ရှိကာလမှာ လှုပ်ရှားမှုတွေကရော ဘာတွေရှိပါသလဲ ဆရာမ။**

**ဒေါက်တာဒေါ်တင်လှကြည်။ ။** ကျွန် မ တို့ ကင်းထောက်အမျိုးသမီးအဖွဲ့အနေနဲ့ အစီအစဉ်တွေ အများကြီးရှိပါတယ်။ ပုံမှန်အစီအစဉ်တွေ ရှိသလို အထူးအစီအစဉ်တွေလည်း ရှိပါတယ်။ ပြည်တွင်းအစီအစဉ်တွေ ရှိသလို ပြည်ပအစီအစဉ်တွေလည်း ရှိပါတယ်။

**အစီအစဉ်မှူး။ ။ ပြည်တွင်းမှာ ပုံမှန်လှုပ်ရှားမှုတွေ ကရော ဘာတွေရှိသလဲဆိုတာ ပြောပြပေးပါဦး။**

**ဒေါက်တာဒေါ်တင်လှကြည်။ ။** ပြည် တွင်း လှုပ် ရှား မှု တွေထဲမှာ အဓိကကတော့ အမျိုးသမီး ကင်းထောက်လေးတွေ မွေးထုတ်ပေးဖို့ပါ။ အဲဒါကြောင့် ကင်းထောက်နည်းပြတွေ၊ ခေါင်းဆောင်တွေ လိုတယ်။ အဲဒါကြောင့် ခေါင်းဆောင်နည်းပြတွေ မွေးထုတ်တဲ့ အစီအစဉ် သင်တန်းတွေပေးရပါတယ်။ အခြေခံသင်တန်းတွေ ပေးရပါတယ်။ ဘာဖြစ်လို့လုပ်ရသလဲဆိုတော့ ၁၉၆၄ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိ ၄၈ နှစ်တာ မြန်မာနိုင်ငံမှာ ကင်းထောက်လှုပ်ရှားမှုတွေ ရပ်တန့်သွားတဲ့အတွက် ပြန်ပြီး အသက်သွင်းတဲ့အခါ ခေါင်းဆောင်တွေ မွေးထုတ်ရခြင်းဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ ဒါဆိုရင်ခေါင်းဆောင်တွေ မွေးထုတ်တဲ့ အပိုင်းကရော ဘယ်လိုရှိပါသလဲ။**

**ဒေါက်တာဒေါ်တင်လှကြည်။ ။** ကင်းထောက်နည်း ပြ တွေကို သင်တန်းတွေပေးရပါတယ်။ ဥပမာ- ပုဂ္ဂလိကကျောင်းတွေ၊ အစိုးရကျောင်းတွေက ကျောင်းသူလေးတွေကို ကင်းထောက်အမျိုးသမီးလေးတွေဖြစ်အောင် သင်တန်းတွေ ပေးရပါတယ်။ တက္ကသိုလ်တွေမှာ တက္ကသိုလ်ကျောင်းသူတွေကို ကင်းထောက်အမျိုးသမီးလေးတွေဖြစ်အောင်၊ ဒါတင်မကသေးပါဘူး၊ လူထုအတွင်းမှာ ကျောင်းသူမဟုတ်သော မိန်းကလေးတွေ၊ အလုပ်လုပ်နေတဲ့ သက်လတ်ပိုင်းအမျိုးသမီးလေးတွေ ကင်းထောက်ဖြစ်ချင်သူတွေကို Community လို့ခေါ်တဲ့ သင်တန်းတွေ ပေးရပါတယ်။ ကျောင်းတွေမှာ အားတဲ့အချိန်၊ ကင်းထောက်ဖြစ်ချင်တဲ့သူတွေ အားတဲ့အချိန်တွေမှာ ကျွန်မတို့က သင်တန်းတွေ စီစဉ်ပေးပါတယ်။ ကင်းထောက်နည်းပြတွေက အဲဒါကို အဓိက လုပ်နေပါတယ်။ အခြေခံသင်တန်းတင်မက အဆင့်မြင့်သင်တန်းတွေလည်း ရှိပါတယ်။ အဲဒါကို အဓိကလုပ်နေပါတယ်။

**အစီအစဉ်မှူး။ ။ ကင်းထောက် နည်းပြတွေရဲ့ လုပ်ဆောင်မှုကရော ဘာတွေ ဖြစ်မလဲ။**

**ဒေါက်တာဒေါ်တင်လှကြည်။ ။** နည်းပြတွေက တ ကယ် တမ်းတော့ ကိုယ်ပိုင်အလုပ်တွေ ရှိကြပါတယ်။ အစိုးရကျောင်းက ဆရာမတွေ၊ ပုဂ္ဂလိကကျောင်းက ဆရာမတွေ၊ ကိုယ်ပိုင် အလုပ်လုပ်နေတဲ့သူတွေလည်း ရှိပါတယ်။ သူတို့က အားတဲ့အချိန်တွေမှာ သင်တန်းပေးပါဆိုရင် လိုက်ပြီးပေးပါတယ်။ အခြားအလုပ်တွေလည်း ရှိပါတယ်။ ကျွန်မတို့က ပြည်ပနဲ့ဆက်သွယ်ရတာတွေလည်းရှိတဲ့အခါ မြန်မာကင်းထောက်အမျိုးသမီး အင်တာနက်စာမျက်နှာမှာ သင်တန်းဆိုရင် ဓာတ်ပုံတင်ရတာတွေလည်း ရှိပါတယ်။ အားတဲ့အချိန်မှာတော့ အပြည့်အဝ ကူညီနေကြပါတယ်။

**အစီအစဉ်မှူး။ ။ ဆက်လက်ပြီးတော့လည်း မြန်မာအမျိုးသမီး ကင်းထောက်ထုရဲ့ လှုပ်ရှားမှုတွေအနေနဲ့ဆိုရင် ပြည်တွင်းမှာရော ဘယ်လိုလှုပ်ရှားမှုတွေ ရှိနေပါသလဲ။**

**ဒေါ်ခင်စောဥမ္မာ။ ။** ပြည်တွင်းမှာ အထူး အစီအစဉ်ကို ပြောရမယ်ဆိုရင် ကင်းထောက်ဖွဲ့စည်းပုံကို နည်းနည်း ပြောပြချင်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံမှာ ၁၉၁၆ ခုနှစ် နောက်ပိုင်းမှာဖွဲ့တဲ့ ကင်းထောက်တွေဟာ အမျိုးသားကင်းထောက်တွေကို Boy Scout လို့ခေါ်ပါတယ်။ အမျိုးသမီးကင်းထောက်တွေကို Girl Guides လို့ခေါ်ပါတယ်။ အမျိုးသမီး သီးသန့်ဖြစ်ပါတယ်။ အဲဒီတုန်းကလည်း အမျိုးသားကင်းထောက်၊ အမျိုးသမီးကင်းထောက်အဖွဲ့နှစ်ဖွဲ့ဟာ ဘာမဆို ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်ပွဲတွေ သွားတာရှိမယ်၊ Camp တွေ သွားတာရှိမယ်။ အဖွဲ့နှစ်ဖွဲ့ဟာ ပူးပေါင်းပြီးသွားခဲ့တာ ရှိပါတယ်။ ဒါပေမယ့် အခု ၂၀၁၂ ခုနှစ်နောက်ပိုင်း ကင်းထောက်ဖွဲ့စည်းပုံ ပြန်ဆွဲတဲ့အချိန်မှာ ကျွန်မတို့ အမျိုးသမီးကင်းထောက်အဖွဲ့ကတော့ ရှေးရှေးတုန်းက Girl Guides အတိုင်းပဲ၊ အမျိုးသမီးချည်းပဲ သီးသန့်ဖြစ်ပါတယ်။

သို့သော်လည်း အမျိုးသားတွေ ပြန်ဖွဲ့တဲ့အခါ သူတို့က Boy Scout က Myanmar Scout လို့ အမည်ပြောင်းလဲသွားပါတယ်။ သူတို့အထဲမှာ အမျိုးသမီးလေးတွေ ပါဝင်ခွင့်ရှိပါတယ်။ အဲဒီပါဝင်တဲ့ အမျိုးသမီးလေးတွေ ဝတ်တဲ့ ယူနီဖောင်းကတော့ အမျိုးသားတွေ ယူနီဖောင်းအတိုင်း ဝတ်ရတဲ့အတွက် သူတို့ကိုတော့ ကျွန်မတို့က Girl and Scouting လို့ ခေါ်ပါတယ်။

ဒါကြောင့် လူတွေအနေနဲ့သိဖို့က အဖွဲ့နှစ်ဖွဲ့ ရှိပါတယ်။ အရင်တုန်းကတော့ Boy Scout ဖြစ်တဲ့အတွက် လူတိုင်းက ယောကျ်ားအဖွဲ့လို့ သိသလို အခုက Myanmar Scout ပြောတဲ့အခါ ခြုံပြီး နှစ်ဖွဲ့ပေါင်းတာထင်နေကြတယ်။ မဟုတ်ပါဘူး။ ကျွန်မတို့ အမျိုးသမီးအဖွဲ့ကတော့ Myanmar Girl Guides ကင်းထောက်အမျိုးသမီးအဖွဲ့ ဖြစ်ပါတယ်။ Myanmar Scout ဆိုတာ သူတို့အထဲမှာ အမျိုးသမီးတွေ ပါဝင်နေတဲ့ အမျိုးသားအဖွဲ့ပါ။

ကျွန်မက ဒါလေးကို ပြောပြရတာက ကျွန်မတို့လုပ်မယ့် အထူးအစီအစဉ်တွေ ဥပမာ တောတွင်းစခန်းချပွဲ အကြောင်းကို ပြောမယ်ဆိုရင် တောတွင်းစခန်းချပွဲကို ကျွန်မတို့ လေးကြိမ်တိုင် ပြုလုပ်ခဲ့ပါတယ်။ ပထမဆုံး ပြုလုပ်တဲ့ တောတွင်းစခန်းချပွဲမှာ အဲဒီတုန်းက ကျွန်မနဲ့ အစ်မကြီး ဒေါ်သန်းသန်းတင် နှစ်ယောက်တည်းသာ မြန်မာကင်းထောက်အဖွဲ့ထဲမှာ စတင်လှုပ်ရှားချိန်ဖြစ်ပါတယ်။ ဒီတောတွင်း စခန်းချပွဲကို နေပြည်တော်မှာ ပြုလုပ်ပါမယ်ဆိုတော့ ကလေးတွေနဲ့အတူ ကျွန်မလိုက်သွားခဲ့ပါတယ်။

သို့သော် ယူနီဖောင်း ကျွန်မတို့ မသတ်မှတ်ရသေးတဲ့အတွက် ကျွန်မက ရိုးရိုးအရပ်ဝတ်နဲ့ပဲ ကင်းထောက်တွေက စီစဉ်ထားတဲ့ Scarf ကိုပဲ အတူစည်းပြီး လိုက်သွားခဲ့ပါတယ်။ သူတို့ပေးတဲ့ ဂျာကင်အင်္ကျီကို အပေါ်ကဝတ်ပြီး လုံချည်အပြာကို ဆောင်သွားခဲ့တယ်။ ဆိုလိုတာက ကျွန်မတို့မှာ ယူနီဖောင်း သတ်မှတ်ချက် မရှိသေးပါဘူး။

အဲဒီတုန်းက အရင်တုန်းက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ကင်းထောက်ကြီးဖြစ်ပါတယ်။ ကင်းထောက်တွေက လွှတ်တော်ကို လေ့လာဖို့သွားချင်တယ်ဆိုတော့ သူက ဖိတ်ခေါ်ပါတယ်။ အရင်တုန်းက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အစ်မကြီး ဒေါ်အောင်ဆန်းစုကြည် သူကလည်း ကင်းထောက်အမျိုးသမီးကြီး ဖြစ်ခဲ့တဲ့အတွက် ကျွန်မတို့သွားတဲ့ ကင်းထောက်အားလုံးကို ကင်းထောက်အတွေ့အကြုံတွေ ပြောပြခဲ့ကြပါတယ်။ အဲဒီမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပထမဆုံး ကင်းထောက်အဖြစ် စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပါတယ်။ အဲဒါက ပထမ တောတွင်း စခန်းချပွဲ အတွေ့အကြုံဖြစ်ပါတယ်။

ဒုတိယတစ်ကြိမ်ကတော့ ပြင်ဦးလွင် ပန်းဥယျာဉ်မှာ ပြုလုပ်ခဲ့ပါတယ်။ အဲဒီအချိန်က သမ္မတဦးသိန်းစိန်ဟာ ကျွန်မတို့ရဲ့ ကင်းထောက်အကြီးအကဲအဖြစ် ကတိသစ္စာခံယူပါတယ်။ အဲဒါက ဒုတိယတောတွင်း စခန်းချပွဲပါ။

တတိယတောတွင်း စခန်းချပွဲကလည်း ပြင်ဦးလွင်မှာပါပဲ။ ဓာတ်တော်ချိုင့်ကိုလည်း သွားရောက်ခဲ့ပါတယ်။ အဲဒီအခေါက်လည်း သမ္မတ ဦးသိန်းစိန် တက်ပါတယ်။ စတုတ္ထ တောတွင်းစခန်းချပွဲကိုတော့ ပုပ္ပားမှာပြုလုပ်ခဲ့ပါတယ်။ ပုပ္ပားကိုလည်း သမ္မတကြီး တက်ရောက်ခဲ့ပါတယ်။ ဒါတွေက တောတွင်းစခန်းချပွဲတွေနဲ့ ပတ်သက်တာပါ။ ကျွန်မတို့ဟာ ဒီအထူးအစီအစဉ်မှာ ယောကျ်ားလေးနဲ့ မိန်းကလေး ပူးပေါင်းပြီး အတူသွားရတာကို ရှင်းပြတာဖြစ်ပါတယ်။

ကျွန်မတို့ဟာ ၁၉၁၆ ခုနှစ်က ၂၀၁၆ ခုနှစ်အထိဆိုတော့ နှစ်တစ်ရာပြည့်သွားပါပြီ။ ပထမတော့ ရာပြည့်အကြို ကျင်းပပါတယ်။ တကယ့် ရာပြည့်ပွဲတော်ကိုလည်း ၂၀၁၆ ခုနှစ် ဩဂုတ်လမှာ ရာပြည့်ပွဲတော်ပြုလုပ်တဲ့အခါ ကျွန်မတို့ရဲ့ အစ်မကြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ပါတယ်။ ဒါက ရာပြည့်ပွဲတော်ပါ။

နောက်တစ်ခုကတော့ ကျွန်မတို့ ဂီတပွဲတော် ပြုလုပ်ခဲ့တာပါ။ ဂီတဟာ ကျွန်မတို့ ကင်းထောက်နဲ့လည်း မကင်းပါဘူး။ ဂီတနဲ့ ပတ်သက်ပြီး ရှေးတုန်းက ကျွန်မတို့ ကင်းထောက်တွေ သီဆိုခဲ့တဲ့ သီချင်းတွေလည်း အများကြီးရှိပါတယ်။ ကျွန်မတို့ ကင်းထောက် ပြန်လည်ဖွဲ့စည်းခဲ့တဲ့ အချိန်မှာ ပထမဆုံးသီချင်း “အစဉ်အသင့်” သီချင်းကို ဆရာ ဦးမြင့်စိန် (ဒုတိယ ညွှန်ကြားရေးမှူး-ငြိမ်း)က စပ်ဆိုပေးခဲ့ပါတယ်။

ဒုတိယသီချင်းတစ်ပုဒ်အနေနဲ့ “ကင်းထောက်များရဲ့ ရှေ့သို့ခြေလှမ်း” သီချင်းကို မြို့မကျောင်း ကင်းထောက်အဖွဲ့ခေါင်းဆောင်ယခင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီး ဦးဉာဏ်ထွန်းဦး(ဗိုလ်မှူးကြီး-ငြိမ်း) ကနေပြီး ဒီသီချင်းကို စပ်ဆိုပေးခဲ့ပါတယ်။

ရာပြည့်မှာတော့ ကင်းထောက်ဂုဏ်ရည် သီချင်းကို ဆရာကြီး အလင်္ကာကျော်စွာ ဟသ်ာတ ဦးမြင့်ငွေ စပ်ဆိုပေးခဲ့တယ်။ အခုလည်း ငှက်ပြာကင်းထောက်ကလေးတွေအတွက် “ကူညီမယ်”ဆိုတဲ့ သီချင်း၊ ကင်းထောက်ကလေးငယ်လေးတွေအတွက် “ကင်းထောက်ဆိုသည်မှာ” ဆိုတဲ့ သီချင်းတွေကို မကြာခင်မှာ အသံသွင်းမှာ ဖြစ်ပါတယ်။

ဂီတပွဲတော်ကို MS အမျိုးသားကင်းထောက်အဖွဲ့နဲ့ ကျွန်မတို့ MMGG အမျိုးသမီး ကင်းထောက်အဖွဲ့တို့ ပူးပေါင်းကျင်းပခဲ့ပါတယ်။ နောက်တစ်ခုကတော့ ထူးထူးခြားခြားလေးပါ။ ကျွန်မတို့ရဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အစ်မကြီး ဒေါ်အောင်ဆန်းစုကြည်က သူက ရှေးရှေးတုန်းက ကင်းထောက်ကြီးပါ။ သူကလည်း Chief Guide ကျွန်မတို့ရဲ့အကြီးအကဲ ကင်းထောက်အဖြစ် ကတိခံယူခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမမှာ ကျင်းပခဲ့တာပါ။ အင်မတန်ထူးခြားတဲ့ အစီအစဉ်လေးတစ်ခု ဖြစ်ပါတယ်။ နောက်ပြီး သူက ဆက်လက်ပြီး အထက်မြန်မာပြည် မန္တလေးတိုင်းဒေသကြီးက ကင်းထောက်တွေနဲ့ တွေ့ဆုံချင်တယ် ပြောတဲ့အတွက် ကျွန်မတို့ အထက်မြန်မာပြည် မန္တလေးတိုင်းဒေသကြီး မြို့တော်ခန်းမမှာ မန္တလေးမှာရှိတဲ့ ကင်းထောက်တွေနဲ့ တွေ့ဆုံပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒါတွေက ထူးခြားတဲ့ ပွဲတော်လေးတွေဖြစ်ပါတယ်။

*စာမျက်နှာ ၁၂ သို့*

**“ခေါင်းဆောင်နည်းပြတွေ မွေးထုတ်တဲ့အစီအစဉ် သင်တန်းတွေပေးရပါတယ်။ အခြေခံသင်တန်းတွေပေးရပါတယ်။ ဘာဖြစ်လို့လုပ်ရသလဲဆိုတော့ ၁၉၆၄ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိ ၄၈ နှစ်တာ မြန်မာနိုင်ငံမှာ ကင်းထောက်လှုပ်ရှားမှုတွေ ရပ်တန့်သွားတဲ့အတွက် ပြန်ပြီး အသက်သွင်းတဲ့အခါ ခေါင်းဆောင်တွေ မွေးထုတ်ရခြင်းဖြစ်”**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် ညှိနှိုင်းအစည်းအဝေး (၂၇/၂၀၂၀) ကျင်းပ

ရန်ကုန် မတ် ၁

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၂၇/၂၀၂၀) ကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်ထောင်စုဝန်ကြီး ညွှေ့ရိပ်သာခန်းမ၌ ကျင်းပသည်။**



ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက ယနေ့ WHO ၏ အခြေအနေ သတင်းလွှာ အမှတ် (၄၁) အရ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၏ COVID-19 ရောဂါ အတည်ပြုလူနာအရေအတွက် ကျဆင်းလာ သော်လည်း ကျန်ကမ္ဘာ့နိုင်ငံ (၅၃) နိုင်ငံတွင် ကူးစက်ဖြစ်ပွားနေပြီး နိုင်ငံ (၁၇) နိုင်ငံတွင် နိုင်ငံတွင်း ကူးစက်ပြန့်ပွားမှုဖြစ်နေသည့် အပြင် ကိုရီးယားသမ္မတနိုင်ငံ၊ အီတလီနိုင်ငံ၊ အီရန်နိုင်ငံတို့တွင် ဖြစ်ပွားမှုနှင့် သေဆုံးမှု မြင့်တက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဖေဖော်ဝါရီ ၂၈ ရက် အခြေအနေသတင်းလွှာ အမှတ် (၃၉) တွင် COVID-19 ရောဂါ ကူးစက်ပျံ့နှံ့ အန္တရာယ်ရှိနိုင်မှု သုံးသပ်မှုအခြေအနေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြင် ဒေသ တွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများအားလုံး တွင် ရောဂါကူးစက်ပျံ့နှံ့နိုင်မှုအခြေအနေ အလွန်မြင့်မားသည့်အဆင့်အဖြစ် တိုးမြှင့် သတ်မှတ်ခဲ့သဖြင့် မိမိတို့နိုင်ငံအနေဖြင့် လည်း ကူးစက်ပျံ့နှံ့အန္တရာယ်ရှိနိုင်မှု သုံးသပ် မှုအခြေအနေသည် အလွန်မြင့်မားသည့် အခြေအနေတွင် ရှိပါကြောင်း။

## အကြံပြုချက်(၅)ချက် ထုတ်ပြန်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပညာရှင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက် လေ့လာ ဆန်းစစ်တွေ့ရှိချက်များအပေါ် မူတည်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရောဂါ ကူးစက်မှုမရှိသေးသည့် နိုင်ငံများအနေဖြင့် ကြိုတင်ပြင်ဆင်ရမည့် အကြံပြုချက် (၅) ချက် ထုတ်ပြန်ထားရာ မိမိတို့ဆောင်ရွက် ထားသည်များနှင့် ကိုက်ညီကြောင်း တွေ့ရှိ ရပြီး မိမိတို့သည် တစိုက်မတ်မတ် အရှိန် မလျှော့ဘဲ တိုင်းဒေသကြီး/ ပြည်နယ် အားလုံး၌ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ရောဂါကူးစက်ဖြစ်ပွားသည့် နိုင်ငံများ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြား လာသဖြင့် နိုင်ငံ၏ အဓိကဝင်ပေါက်ဖြစ် သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံများမှ ခရီးသည်များအား အဖျားရောဂါစောင့်ကြပ် ကြည့်ရှုမှုပြုရာတွင် စနစ်တကျ ဆက်လက် ဆောင်ရွက်ပြီး သံသယလူနာများ ဖော်ထုတ် ခြင်း၊ ဝင်ရောက်လာသည့် ခရီးသည်များ၏ ကျန်းမာရေးအခြေအနေ ဖော်ပြချက်ကတ် ပြားများ ဖြည့်စွက်မှုကို သေချာကြီးကြပ် ဆောင်ရွက်ခြင်းနှင့် ၎င်းခရီးသည်များ တည်းခိုမည့် ဟိုတယ်နှင့် တည်းခိုခန်းများ ထံ ဆက်သွယ်မှု၊ အကြောင်းကြားမှုတို့ကို အရှိန်အဟုန်မြှင့်တင် ဆက်လက်ဆောင် ရွက်နိုင်ရမည် ဖြစ်ပါကြောင်း။

## ပူးပေါင်းဆောင်ရွက်မှုကို ဖော်ညွှန်းနေ

ထိုသို့ဆောင်ရွက်နိုင်ရန် ပဲခူးနှင့် ဧရာ ဝတီတိုင်းဒေသကြီးတို့မှ အခြေခံကျန်းမာ ရေးပညာရှင်များ လာရောက်ကူညီပံ့ပိုး သည်ကို တွေ့ရသည်မှာ အရေးပေါ်ပြဿနာ အခြေအနေတွင် မိမိတို့ကျန်းမာရေးဝန်ထမ်း များ၏ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှု ကို ဖော်ညွှန်းနေပါကြောင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအဖွဲ့မှလည်း အတွေ့အကြုံ ရင့် ကျန်းမာရေးမှူးများအား ရန်ကုန်အပြည် ပြည်ဆိုင်ရာလေဆိပ်၌ နေ့စဉ်တာဝန်ချ ထားသည်ကို တွေ့ရှိရသည်မှာလည်း အလွန် နှစ်လိုဖွယ်ကောင်းသော အချက်တစ်ချက် ဖြစ်ပါကြောင်း၊ မတ် ၄ ရက်တွင် ခရီးသည် နှင့် သင်္ဘောဝန်ထမ်း (၈၀၀) ကျော် လိုက်ပါ လာမည့် အပျော်စီးသင်္ဘောတစ်စင်း မြန်မာ နိုင်ငံသို့ ဆိုက်ကပ်မည့်ကိစ္စနှင့် ပတ်သက်၍ အဆိုပါသင်္ဘောသည် မြန်မာနိုင်ငံသို့ မလာ ရောက်မီ ရောဂါဖြစ်ပွားပျံ့နှံ့မှုရှိသော နိုင်ငံ များသို့ ဝင်ရောက်ခဲ့မည်ဖြစ်သဖြင့် အဆိုပါ သင်္ဘောအား မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက် ခွင့် မပြုသင့်ပါကြောင်းအား သက်ဆိုင်ရာသို့ အကြံပြုတင်ပြထားပါကြောင်း။

ဝေဘာဂီ အထူးကုဆေးရုံအပါအဝင် ဆေးရုံများတွင် တာဝန်ကျ ကျန်းမာရေး ဝန်ထမ်းများမှ သံသယလူနာ၊ စောင့်ကြည့် လူနာများအား ကုသမှုပေးခြင်း၊ အသွားအလာ ကန့်သတ် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းတို့ တွင် ကိုယ်တိုင်ရောဂါကူးစက်ခံရနိုင်သည့် ကြားမှ (၂၄) နာရီပတ်လုံး စွမ်းစွမ်းတမံ ဆောင်ရွက်နေသည်ကို တွေ့ရှိနေရပါကြောင်း၊ ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် အဓိကအရေးကြီးသည့် အချက်တစ်ချက်ဖြစ် သော ရောဂါပိုးသတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများအနေဖြင့် ဗဟိုမှ ချမှတ်ပေးထားသည့် လုပ်ငန်းလမ်းညွှန်များ အတိုင်း တသွေမတိမ်းလိုက်နာဆောင်ရွက်ရ မည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းဆေးရုံများ ရှိ အထူးကြပ်မတ်ကုသဆောင် (ICU) များတွင် ပိုမိုထိရောက်စွာ ကုသမှုပေးနိုင်ရေးအတွက် ရေရှည်အကျိုးကိုမျှော်ကိုး၍ ဝန်ထမ်းများ အတွက် မွမ်းမံသင်တန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်ရေး အမြန်ဆုံးလုပ်ဆောင် တော့မည်ဖြစ်ပါကြောင်း။

## ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိ

ထို့အပြင် အထူးကြပ်မတ်ကုသဆောင် (ICU) များ၌ လိုအပ်သော ပစ္စည်းကိရိယာ များကို ဝယ်ယူဖြည့်ဆည်း ပံ့ပိုးပေးလျက်ရှိပါ ကြောင်း၊ အထူးသဖြင့် လူနာအဝင်အထွက် များပြားသည့် ပြင်ပလူနာဌာန၊ အရေးပေါ်ဌာန တို့တွင် ရောဂါပိုးသတ်ခြင်း (disinfection) ကို ကြပ်ကြပ်မတ်မတ် လုပ်ဆောင်စေလိုပါ ကြောင်း၊ ရောဂါဖြစ်ပွားသည့် လူနာများနှင့် ထိတွေ့ခြင်း (သို့မဟုတ်) ရောဂါဖြစ်ပွားသည့် နေရာများသို့ ခရီးသွားရာဇဝင်ရှိခြင်းကြောင့် အသွားအလာကန့်သတ် ရောဂါစောင့်ကြပ် ကြည့်ရှုခြင်း (Quarantine) (၁၄) ရက်တိတိ ပြုလုပ်ခြင်းသည် ၎င်းတို့၏ မိသားစုများနှင့် ပတ်ဝန်းကျင်သို့ ရောဂါကူးစက်မှု မရှိစေရန် ကပ်ရောဂါဗေဒဆိုင်ရာရှုထောင့်မှ ဆောင်ရွက် ခြင်းဖြစ်ပြီး၊ စောင့်ကြပ်ကြည့်ရှုသည့်ကာလ (၁၄) ရက်အတွင်း ရောဂါလက္ခဏာတစ်ခုခု ပေါ်လာပါက လိုအပ်သည့် ဆေးဝါးကုသမှုကို ချက်ချင်းပေးနိုင်သဖြင့် ရောဂါပြင်းထန် အသက်ဆုံးရှုံးမှုကိုပါ ကာကွယ်နိုင်ကြောင်း အား ပြည်သူများ သိရှိနားလည်စေရေး ဆက်လက်အသိပေး ဆောင်ရွက်ရမည်ဖြစ်ပါ ကြောင်း။

ရောဂါကူးစက်ခံရမှု မရှိရအောင် ပြည်သူ လူထုအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် အချက်များအား သတင်းမီဒီယာ၊ ပိုစတာ၊ လက်ကမ်းစာစောင်များဖြင့် အသိပညာပေး ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေသော်လည်း ပြည်သူလူထုမှ ၎င်းသတင်းအချက်အလက်များကို သိရှိခြင်း ရှိ၊ မရှိနှင့် လက်တွေ့ကျင့်သုံးခြင်း ရှိ၊ မရှိတို့ ကို ဆန်းစစ်နိုင်ရန် ပြည်သူ့ကျန်းမာရေး တက္ကသိုလ်မှ ဘွဲ့လွန်ကျောင်းသား ကျောင်း သူများ ပါဝင်သည့်အဖွဲ့မှ သုတေသနပုံစံဖြင့် ဆန်းစစ်မှုများ ပြုလုပ်သွားရမည် ဖြစ်ပါ ကြောင်း၊ အထူးသဖြင့် ရန်ကုန်မြို့ရှိ ဆင်ခြေ ဖုံးရပ်ကွက်များနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်ရှိ ကျေးလက်တောရွာများတွင် ဆောင်ရွက်စေလိုပါကြောင်း၊ ဖေဖော်ဝါရီ ၂၉ ရက်မှစတင်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရောဂါအဓိပ္ပာယ်သတ်မှတ်ချက် ပြောင်းလဲခဲ့ သဖြင့် မိမိတို့အနေဖြင့် ပြောင်းလဲလာသည့် အခြေအနေပေါ်မူတည်၍ လူနာသစ်ရှာဖွေ ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းတို့အား ပိုမို ကောင်းမွန်စေရန် Clinical Management Committee မှ လုပ်ငန်းလမ်းညွှန်၊ လူနာအခြေ အနေဆန်းစစ်မှုနှင့် စံလုပ်ထုံးလုပ်နည်းများ အား မွမ်းမံပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ မွမ်းမံမှုများ ပြုလုပ်ထားသည့် COVID-19 လူနာကုသခြင်းလမ်းညွှန်များကို တိုင်းဒေသ ကြီး/ ပြည်နယ်ဆေးရုံများမှ ဆရာဝန်များထံ ချက်ချင်း ထပ်မံဖြန့်ဝေပေးအပ်စေလိုပါ ကြောင်း။

## အသင့်ပြင်ဆင်ထားရမည်

အသွားအလာကန့်သတ် ရောဂါစောင့် ကြပ်ကြည့်ရှုခြင်း မပြုလုပ်မီ ဆွေးနွေးပြော ကြားခြင်း ပြုလုပ်နိုင်ရန်အတွက် ဆေးလူမှု ဆက်ဆံရေးအရာရှိများအား တာဝန်ပေးအပ် သွားမည်ဖြစ်ပါကြောင်း၊ ရောဂါဖြစ်ပွားရာ နေရာဒေသမှ ပြည်တွင်း၊ အထူးသဖြင့် ရန်ကုန် သို့ ရောက်ရှိလာသူ နိုင်ငံသားနှင့် နိုင်ငံခြား သားများအား ရောဂါလက္ခဏာမရှိသော်လည်း သတ်မှတ်နေရာတွင်ထားရှိကာ အသွားအလာ ကန့်သတ်၍ ရောဂါဖြစ်ပွားမှု ရှိ၊ မရှိ စနစ် တကျစောင့်ကြပ်ကြည့်ရှုမှု (quarantine) ဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာန၏ ဆောက်လုပ်ပြီးစီးသော်လည်း အသုံးပြုခြင်း မရှိသေးသည့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေး ဆေးရုံကြီး လေးထပ်ဆောင်သစ်နှင့် ဒဂုံဆိပ် ကမ်းမြို့နယ်မှ ဆေးရုံသစ်တို့တွင် အသင့်ပြင် ဆင်ထားရမည်ဖြစ်ပါကြောင်း။

အခြားတိုင်းဒေသကြီး/ ပြည်နယ်များ တွင်လည်း ဆောက်လုပ်ပြီးစီးသော်လည်း အသုံးပြုခြင်းမရှိသေးသည့် လူနာဆောင်သစ် များကို အသွားအလာကန့်သတ်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် ပြင်ဆင်ထားရှိမှုများကို အမြန်ဆုံး ပြန်လည်သုံးသပ်စေလိုပါကြောင်း၊ ထို့အပြင် အခြားသင့်တော်ရာ နေရာများကို လည်း ကြိုတင်သတ်မှတ် ပြင်ဆင်ထားရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် နီးနွှယ်ဝန်ကြီး ဌာနများနှင့် လည်းကောင်း၊ နိုင်ငံတကာအဖွဲ့ အစည်းများနှင့်လည်းကောင်း၊ လူမှုရေးအဖွဲ့ အစည်းများနှင့် လည်းကောင်း ပူးပေါင်း ချိတ်ဆက်ကာ ရောဂါကာကွယ်ထိန်းချုပ် ရေးလုပ်ငန်းများကို ဆက်လက်အားဖြည့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြောကြား သည်။

## ဆွေးနွေးတင်ပြ

အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေး အဖွဲ့၏ COVID-19 အဆုတ်ရောင်ရောဂါနှင့် ပတ်သက်သည့် နောက်ဆုံးအချက်အလက် (Daily Update Situation) များ၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်း ခရီးဖြင့် ဝင်ရောက်လာမှုအရေအတွက်နှင့် ရောဂါ စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျန်းမာရေးဆိုင်ရာကြေညာ ချက် (health declaration card) ကို ဖြည့်သွင်းရာတွင် ခရီးသည်များ အဆင်ပြေစေ ရေးအတွက် မိမိတို့လိုအပ်သော သတင်းအချက် အလက်အချို့ကိုသာ ဖြည့်သွင်းနိုင်ရန် ပြုပြင် မွမ်းမံထားရှိမှု၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရောဂါအဓိပ္ပာယ်သတ်မှတ်ချက် ပြောင်းလဲမှု နှင့်အညီ သံသယရှိသော လတ်တလော ပြင်းထန် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါသည်များထံမှ ဓာတ်ခွဲနမူနာများ ရယူ စစ်ဆေးနိုင်ရေး၊ ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြည်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသူ နိုင်ငံသားများအနက် ဒယ်ဂူး မြို့တွင် ပညာသင်ကြားနေသည့် မြန်မာနိုင်ငံ သား ခုနစ်ဦးအား ရန်ကုန်မြို့ ဝေဘာဂီအထူး ကုဆေးရုံတွင် Hospital Quarantine (၁၄) ရက်ထားရှိနေမှု၊ ဒုတိယညွှန်ကြားရေးမှူး ချုပ် (ကုသရေး)မှ ဦးဆောင်၍ ရန်ကုန်တိုင်း ဒေသကြီး ဝေဘာဂီအထူးကုဆေးရုံသို့ ကွင်းဆင်းသွားရောက်ပြီး လိုအပ်ချက်များ ကို ဖြည့်ဆည်းဆောင်ရွက်ခဲ့မှု၊ တိုင်းဒေသ ကြီး/ ပြည်နယ်အတွင်းရှိ ဆေးရုံ/ ဆေးခန်း များမှ ထူးခြားဖြစ်စဉ်များ၏ အခြေအနေ များ စသည်တို့ကို ဆွေးနွေးတင်ပြခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူး ချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီး ဌာန)၊ ပါမောက္ခချုပ်/ဆေးရုံအုပ်ကြီး (ရန်ကုန်ဆေးရုံကြီး) ဒုတိယညွှန်ကြားရေး မှူးချုပ် (ရောဂါနှိမ်နင်းရေး)၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူးချုပ်(စီမံ/ဘဏ္ဍာ)၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်(ဓာတ်ခွဲ)၊ ရန်ကုန်တိုင်းဒေသ ကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ပါမောက္ခချုပ် (ပြည်သူ့ကျန်းမာရေး တက္ကသိုလ်)၊ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး၊ ညွှန်ကြားရေးမှူး (ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေး)၊ ညွှန်ကြားရေးမှူး(ဝယ်ဖြန့်)၊ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး၊ ကာကွယ် ရေးနှင့် အပူပိုင်းဆိုင်ရာဆေးပညာဆိုင်ရာ ဌာနမှ ပါမောက္ခများ၊ ဆေးပညာပါမောက္ခ များနှင့် ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ဓာတ်ခွဲ၊ ဝယ်ယူဖြန့်ဖြူးရေး၊ ကျန်းမာရေး နှင့် အသိပညာမြှင့်တင်ရေး ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်၍ ဆန်းစစ် သုံးသပ်ခြင်း၊ ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်နှင့် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး နှင့် ကုသရေးဦးစီးဌာနရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည့် “Tint Tint Myanmar Group Of Companies မှ လှူဒါန်းသည့် Water Bus ရေယာဉ်အား အကျိုးရှိ ထိရောက်စွာအသုံးချနိုင်ရေး ညှိနှိုင်းအစည်း အဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စု ဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီးရှိ မြစ်ကြောင်းများတစ်လျှောက်တွင် နေထိုင် ကြသော ပြည်သူများအား ပဏာမကျန်းမာ ရေးစောင့်ရှောက်မှု၊ သွားနှင့်ခံတွင်း ကျန်းမာ ရေး၊ မျက်စိ၊ နား၊ နှာခေါင်းနှင့် လည်ချောင်း ကျန်းမာရေးစောင့်ရှောက်မှုများအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးအပ်နိုင် ရေးအတွက် ယခုလှူဒါန်းရရှိသည့် ရေယာဉ် ကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေး ဆွေးနွေးပေးကြစေလိုပါကြောင်း။

## ဝန်ကြီးဌာနမှ ပံ့ပိုးပေးမည်

မိမိအနေဖြင့် ဝန်ကြီးဌာနမှ ပြည်သူ့ လွှတ်တော်၌လည်း နယ်လှည့် (mobile) ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ကတိကဝတ်ပေးအပ် ခဲ့ပါကြောင်း၊ နယ်လှည့်ကျန်းမာရေး စောင့်ရှောက်မှု ပေးအပ်ရာတွင် လိုအပ်မည့် ဆေးနှင့် ဆေးပစ္စည်းကိရိယာ၊ ကျန်းမာရေး အသိပညာပေးရန်အတွက် လိုအပ်သော ပစ္စည်းကိရိယာများနှင့် အမျိုးမျိုးသော ကျန်းမာရေးဝန်ထမ်းများနှင့် အခြားလိုအပ် ချက်များကို ဝန်ကြီးဌာနမှ ပံ့ပိုးပေးမည် ဖြစ်ပါကြောင်း။

*စာမျက်နှာ ၁၃ သို့*

# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

## (၁-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ

၁။ **ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁-၃-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် နံနက် (၀၁:၃၀) နာရီအချိန်ထုတ်ပြန်ချက်)

ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံစုစုပေါင်း - ၅၄ နိုင်ငံ
ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - ၈၅,၄၀၃ ဦး
ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - ၂,၉၂၄ ဦး

- ကမ္ဘာ့ဒေသအသီးသီးတွင် ရောဂါကူးစက်ဖြစ်ပွားသော နိုင်ငံများ ဆက်တိုက်များပြားလာခဲ့ကြောင်းနှင့် နိုင်ငံပြင်ပမှ ရောဂါကူးစက်မှု (Imported case) များသာမက နိုင်ငံတွင်း၌ပါ ရောဂါကူးစက်မှု (Local transmission) များ ရှိလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရှိရပါသည်။
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပတွင် နိုင်ငံတွင်းကူးစက်မှုဖြစ်ပွားသော နိုင်ငံ(၁၇) နိုင်ငံမှာ -

| စဉ် | ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ထားသောဒေသကြီးများ | နိုင်ငံ |
|---|---|---|
| ၁။ | အနောက်ပစိဖိတ်ဒေသ | - ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ စင်ကာပူ၊ သြစတြေးလျ၊ မလေးရှား၊ ဗီယက်နမ် |
| ၂။ | ဥရောပဒေသ | - အီတလီ၊ ဂျာမနီ၊ ပြင်သစ်၊ စပိန်၊ အင်္ဂလန်၊ ခရိုအေးရှား၊ ဆန်မာရီနို |
| ၃။ | အရှေ့တောင်အာရှဒေသ | - ထိုင်း |
| ၄။ | အရှေ့အလယ်ပိုင်းဒေသ | - အီရန် ၊ ယူအေအီး |
| ၅။ | အမေရိကဒေသ | - အမေရိကန် |

- သို့ဖြစ်ပါ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၈-၂-၂၀၂၀) ရက်နေ့ ထုတ်ပြန်ချက်တွင် COVID-19 ကူးစက်ပျံ့နှံ့ အန္တရာယ်ရှိနိုင်မှု သုံးသပ်မှုအခြေအနေ (Risk Assessment) အား-

- တရုတ်ပြည်သူ့သမ္မတနိုင်ငံ (China)၊ ဒေသတွင်းနိုင်ငံများ (Regional) နှင့် ကမ္ဘာ့နိုင်ငံများအားလုံး (Global) တွင် အလွန်မြင့်မားသည့်အဆင့် (Very High) အဖြစ် တိုးမြှင့် သတ်မှတ်ခဲ့ပါသည်။

၂။ မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ (၁-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီ အချိန်ထိ

| | လူနာဦးရေ | ဓာတ်ခွဲစစ်ဆေးမှု အခြေအနေ | | |
|---|---|---|---|---|
| | | ပိုးတွေ့ | ပိုးမတွေ့ | စစ်ဆေးဆဲ |
| စောင့်ကြည့်လူနာ | ၄၃ | - | ၄၃ | - |
| သံသယလူနာ | ၂ | - | ၂ | - |
| စုစုပေါင်း | ၄၅ | - | ၄၅ | - |

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁-၃-၂၀၂၀) ရက်နေ့အထိ သံသယလူနာနှင့် စောင့်ကြည့်လူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၁၄) ဦး၊ ရှမ်းပြည်နယ်တွင် (၁၂) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၈) ဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၁၁) ဦး၊ စုစုပေါင်း (၄၅) ဦးတို့ ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID- 19 ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအား ဆောင်ရွက်ရာတွင်-

(က) ဆင့်ပွားကူးစက်ပျံ့နှံ့မှုများအား ကာကွယ်နိုင်ရေးအတွက် လူနာနှင့် အနီးကပ်ထိတွေ့သူများ (အတူနေ မိသားစုများနှင့်ကျန်းမာရေးဝန်ထမ်းများစသည်) အား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများတွင် ရောဂါပိုးကူးစက်မှု ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများအား အစဉ်တစိုက် အားဖြည့်ဆောင်ရွက်ခြင်း၊

(ခ) သံသယလူနာနှင့် စောင့်ကြည့်လူနာများအား စောစီးစွာရှာဖွေဖော်ထုတ်ခြင်း၊ သီးခြားထားရှိကုသခြင်းနှင့် ထိရောက်ကောင်းမွန်သည့်ကုသမှုများပေးခြင်း၊

(ဂ) ကျန်းမာရေးဝန်ထမ်းများအား မှန်ကန်ထိရောက်သည့် ရောဂါကာကွယ်ရေး လုပ်ငန်းများအား တိကျစွာ ဆောင်ရွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်ချက်များအား ဖြန့်ဝေခြင်းနှင့် ပြည်သူလူထုမှ လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များအား ဖြန့်ဝေခြင်း၊

(ဃ) ကမ္ဘာ့နိုင်ငံများအပါအဝင် မြန်မာနိုင်ငံ၌ လတ်တလောဖြစ်ပွားနေသော အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား နိုင်ငံပိုင်သတင်းစာမျက်နှာများနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs. gov.mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www. facebook.com/ MinistryOfHealthAndSportsMyanmar နှင့် https://www.facebook.com/ Myanmar-CDC) တို့တွင် ဖော်ပြခြင်းနှင့် တစ်ပြိုင်တည်းမှာပင် ပြည်သူလူထုအကြား ပျံ့နှံ့လေ့ရှိသည့် သတင်းအမှားများအား သတင်းအမှန်များဖြင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်း၊

(င) COVID – 19 ရောဂါကြောင့် ပြည်သူလူထု၏ လူမှုစီးပွားထိခိုက်မှုများ နည်းပါးစေရန် သက်ဆိုင်ရာ နီးနွယ်ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ COVID-19 ရောဂါ ဖြစ်ပွားသူလူနာမတွေ့ရှိသေးသော်လည်း -

- ရောဂါစတင်ဖြစ်ပွားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြင် စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတ နိုင်ငံ၊ အီတလီနိုင်ငံနှင့် အီရန်နိုင်ငံတို့၌ အရှိန်အဟုန်ဖြင့် ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသည်ကို သိရှိရပါသည်။
- အဆိုပါနိုင်ငံများမှ ခရီးသည်များသည် လေကြောင်းခရီးဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ အခြားနိုင်ငံများတွင် ရပ်နားဖြတ်သန်းပြီးသော်လည်းကောင်း မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်သည့် အခြေအနေများစွာရှိနေပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို နီးနွယ်ဝန်ကြီးဌာနများနှင့်ပူးပေါင်းကာ အထူးအားဖြည့်၍ ဆောင်ရွက်လျက်ရှိပါသည်။
- အပြည်ပြည်ဆိုင်ရာဝင်ပေါက်များမှ သံသယရောဂါလက္ခဏာရှိသူများ မဝင်ရောက်နိုင်စေရန် ထိန်းချုပ်ဆောင်ရွက် နေသကဲ့သို့ နိုင်ငံတကာခရီးသည်များ တည်းခိုနေထိုင်မည့် ဟိုတယ်၊ တည်းခိုခန်းနှင့် အိမ်များ၌ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ ဆောင်ရွက်မှုမှာ အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။
- COVID-19 ရောဂါ လူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းမရှိသူ (သို့မဟုတ်) ရောဂါဖြစ်ပွားရာ ဒေသ၊ နိုင်ငံများသို့ လတ်တလောသွားရောက်ခဲ့သော ခရီးသွားရာဇဝင်မရှိသူများတွင်လည်း ရောဂါကူးစက်ဖြစ်ပွားမှုဖြစ်စဉ် (နိုင်ငံတွင်း ရောဂါကူးစက်မှု - Local transmission) များအား နိုင်ငံအချို့တွင် တွေ့ရှိနေရပါသည်။
- လူစုလူဝေးများသော နေရာများတွင် COVID-19 ရောဂါဖြစ်ပွားသူ (သို့မဟုတ်) ရောဂါလက္ခဏာမပြသေးသော်လည်း ရောဂါရှိသူ (Asymptomatic carrier) တစ်ဦးထံမှ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားနိုင်ပါသည်။

၆။ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူအများအပြား ရုတ်တရက်တစ်ပြိုင်နက် တွေ့ရှိလာနိုင်ပြီး ပြည်သူများ အတွင်း၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်း များအနေဖြင့် -

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်ရှိရာနေရာများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြပါရန်၊

(ခ) အခြေအနေ အကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်နှင့်

(ဂ) အကယ်၍ ထိုသို့ မလွှဲမရှောင်သာကျင်းပရပါက တက်ရောက်သည့်လူအရေအတွက် နည်းနိုင်သမျှ နည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ မလာရောက်စေရေး အစီအမံများ တင်းကျပ်စွာပြုလုပ်ရမည့်အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များကိုလည်း တိကျစွာ စနစ်တကျ လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

---

*စာမျက်နှာ ၁၀ မှ*

**အစီအစဉ်မှူး။ ။ ပြည်တွင်းမှာ အခြား လှုပ်ရှားမှုတွေ ရှိရင်လည်း ပြောပြပေးပါဦး။**

**ဒေါ်ခင်စောဥမ္မာ။ ။** ဂျပန်နိုင်ငံက မစ္စကိုနီကိုက ကျွန်မတို့ကို အများကြီး ကူညီပေးခဲ့ပါတယ်။ သူက အပြည်ပြည်ဆိုင်ရာ စခန်းချသင်တန်းကို မြန်မာနိုင်ငံမှာ လေးကြိမ် ပြုလုပ်ပေးခဲ့ပါတယ်။ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထမှာ ကျွန်မတို့ ဟာ Logo လေးတွေ လုပ်ပါတယ်။ ကျွန်မတို့ဆီက ကင်းထောက်ကလေးတွေ ဆွဲတဲ့ Logo လေးတွေကိုအသုံးပြုသလိုပဲ တတိယအကြိမ်မှာ သူတို့ပြုလုပ်တဲ့ Logo ကို အသုံးပြုပါတယ်။

ထူးထူးခြားခြားလေးဖြစ်လို့ ကျွန်မက မျှဝေချင်တာပါ။ ကျွန်မတို့ မြန်မာနိုင်ငံမှာ တစ်နှစ်မှ တစ်ခါသာပွင့်တဲ့ ပိတောက်ပန်းနဲ့ ချယ်ရီပန်းကို အတူတကွ ပူးပေါင်းပြီး ဆွဲထား တဲ့ Logo လေး ဖြစ်ပါတယ်။

သူ့ရဲ့ ရည်ရွယ်ချက်က Friendship လို့ခေါ်တဲ့ ချစ်ကြည်ရေးပါ။ လက်တွဲကြမယ် ဆိုပြီး အဲဒီလို Theme နဲ့ ရေးပါတယ်။ ကျွန်မစဉ်းစားမိတာက International Camp ဆိုတာ သူတို့ဆီက ကင်းထောက်မယ်လေးတွေ ပါလာပြီး ကျွန်မတို့ဆီက ကင်းထောက်မယ်လေးတွေနဲ့ အတူပူးပေါင်းပြီး ဂျပန်-မြန်မာ အတူပါမယ်။ စခန်းမှာ အတူနေ၊ အတူစား၊ အတူလှုပ်ရှားကြမှာ ဖြစ်ပါတယ်။

အဲဒီအခါ သူတို့က မိုင်ပေါင်းများစွာက သယ်ဆောင်လာတဲ့ သူတို့ရဲ့ ဘာသာစကား၊ ယဉ်ကျေးမှုတွေ သယ်ဆောင်လာပြီး ဒါတွေကို ဖလှယ်တဲ့အခါ ချစ်ကြည်ရင်းနှီးမှုက ပိုပြီးဖြစ်လာတယ်လို့ ယူဆပါတယ်။ သူတို့ ရဲ့ Theme ဖြစ်တဲ့ လက်တွဲမယ်ဆိုတာနဲ့ လည်းကိုက်ညီတယ်လို့ ကျွန်မ ချီးကျူးမိပါတယ်။ မြန်မာနိုင်ငံမှာ ဒီလို စခန်းချ တွေ့ဆုံပွဲတွေ ပြုလုပ်ခြင်းအားဖြင့် ကျွန်မတို့ နှစ်နိုင်ငံကလည်း ချစ်ကြည်ရင်းနှီးမှုတွေ အများကြီးတိုးတက်မယ်လို့ ထင်ပါတယ်။

**အစီအစဉ်မှူး။ ။ ပြည်တွင်းမှာ ဆိုရင်လည်း မတူညီတဲ့ တိုင်းရင်းသားလူမျိုး၊ ရိုးရာဓလေ့တွေ ရှိမယ်။ ဒါတွေတင်မကဘဲ ပြည်ပမှာဆိုရင်လည်း အခြားနိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှုတွေပါ ပေါင်းစပ်ပြီး ရင်းနှီးခွင့်ရတဲ့ အခွင့်အလမ်းတွေဟာ ကင်းထောက်အမျိုးသမီးထုကြီးက ဖလှယ်တဲ့အစီအစဉ်တွေမှာ တွေ့မြင်ရတယ်။ ပြည်ပအစီအစဉ်တွေမှာရော ဘယ်လိုတွေ ရှိပါသလဲ။ ဆက်လက်ပြီး ပြောပြပေးပါဦး။**

**ဒေါ်ခင်စောဥမ္မာ။ ။** ပြည်ပ အစီအစဉ် အနေနဲ့ အနောက်နိုင်ငံတွေမှာ ပြုလုပ်တဲ့ ကွန်ဖရင့်တွေရှိတယ်။ အာရှ-ပစိဖိတ်ဒေသတွင်းမှာလည်း ပြုလုပ်တဲ့ ကွန်ဖရင့်တွေ ရှိတယ်။ သုံးနှစ်တစ်ကြိမ်ပြုလုပ်ပါတယ်။ အဲဒီလို သုံးနှစ်တစ်ကြိမ်ပြုလုပ်တဲ့အခါ ပထမ APR အနေနဲ့သွားတဲ့အခါ ကျွန်မတို့ကို ဘာ Certificate ပေးသလဲဆိုတော့ Country Working Toward Membership ရအောင် ကြိုးစားနေတဲ့နိုင်ငံအဖြစ် အသိအမှတ်ပြုပါတယ်။

အဲဒီပွဲကို တက်တဲ့အခါ ထူးခြားတာက ပိတ်ပွဲလေးက ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ပြုလုပ်တာပါ။ ဂျပန်မင်းသမီးတက်ပါတယ်။ အစီအစဉ်တွေထဲမှာ ကိုယ့်နိုင်ငံက အဝတ်အစားကိုဝတ်ပြီး လမ်းလျှောက်ပြရမယ်ဆိုလို့ ကျွန်မ လမ်းလျှောက်ပြခဲ့ပါတယ်။ ဒီလို ကင်းထောက်ဆိုင်ရာ ကမ္ဘာ့အဆင့် ပွဲတွေမှာ ပါဝင်ဆောင်ရွက်ခဲ့တဲ့အတွက် ကျွန်မတို့ မြန်မာနိုင်ငံဟာ ၁၂၆ နိုင်ငံအဖြစ် Associate Membership Certificate ရခဲ့ပါတယ်။ အဲဒါကလည်း Vote ပေးပြီးရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံခြားကို စပြီးရောက်သွားလိုက်တာနဲ့ မြန်မာနိုင်ငံရဲ့ ယူနီဖောင်းက စကတ်လည်း မဟုတ်၊ ဘောင်းဘီလည်း မဟုတ်ဘဲ အင်မတန်ထင်ရှားတဲ့အတွက် ရောက်တဲ့နေရာမှာ မြန်မာ၊ မြန်မာနဲ့ ဖက်လဲတကင်းရှိကြပါတယ်။ ကျွန်မတို့လည်း နွေးထွေးမှုကို ခံစားရပါတယ်။ အဲဒီမှာလည်း ကျွန်မတို့တွေ Certificate လေးကို ယူခဲ့ရပါတယ်။ ဒါက ကျွန်မတို့ရဲ့ World နဲ့ Asia Pacific ပါ။

နောက်ထူးခြားတာလေး တစ်ခုက Senior Guides လို့ ခေါ်တဲ့ အသက်ကြီးတဲ့ သူတွေချည်းပဲ စင်ကာပူမှာ တစ်ကြိမ်၊ မလေးရှားမှာ တစ်ကြိမ် သွားရောက်တက်ခဲ့ပါတယ်။ စင်ကာပူမှာကျတော့ ပထမဆုံးအကြိမ်ဆိုတော့ အတွေ့အကြုံက မသိသေးဘူး။ နောက်တစ်ကြိမ် မလေးရှားကို သွားတဲ့အခါ အတွေ့အကြုံက ရှိနေပါပြီ။ စင်ကာပူမှာလုပ်တုန်းက နောက်တစ်ကြိမ်ကျ မြန်မာနိုင်ငံမှာ လုပ်ပါရစေလို့ ချည်းကပ်ပေမယ့် လက်မခံခဲ့ပါဘူး။ ဘာဖြစ်လို့ လက်မခံခဲ့လဲဆိုတော့ ကျွန်မတို့မှာ ရုံးခန်း ပီပီပြင်ပြင် မရှိတာရယ်၊ ဝန်ထမ်းအင်အား မရှိသေးတာရယ်၊ ပစ္စည်းကိရိယာ မရှိသေးတာတွေကြောင့်ပါ။

ကမ္ဘာတစ်ဝန်းက လာမယ့်သူတွေ အတွက် စီစဉ်ပေးဖို့ အဆင်မပြေသေးတဲ့ အတွက် ကျွန်မတို့က လက်မခံခဲ့တာပါ။ မလေးရှားကို သွားတဲ့အခါကျတော့ ကျွန်မတို့ဆီကို လာဖို့ပြောပါတယ်။ အဲဒီမှာလည်း ဘာထူးခြားတာရှိသလဲဆိုတော့ ကျွန်မတို့က အသက်ကြီးတဲ့သူတွေ ဖြစ်ပေမယ့် အချက်အပြုတ်နည်း သင်ပေးတာရှိတယ်။ သတင်းစာနဲ့ ဖြတ်ညှပ်ကပ်ပြီး ဝတ်စုံတစ်ခါတည်း ချုပ်ပေးတာပါ။ ချုပ်ပေးပြီး ဝတ်ခိုင်းပြီးတော့ လမ်းလျှောက်ခိုင်းပြီး ပြိုင်ခိုင်းပါတယ်။ ပြိုင်ခိုင်းတော့ ကျွန်မတို့ ပါဝင်ခဲ့ပါတယ်။ ဒါလေးတွေက အတွေ့အကြုံတစ်ခုပါ။

*(ဆက်လက်ဖော်ပြပါမည်)*

## မိုးမောက်မြို့နယ်အတွင်း ဝက် ၁၈၂ ကောင် ရုတ်တရက်သေဆုံးမှုဖြစ်

**ဒွေ့ဖုန်းယန် မတ် ၁**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ဒွေ့ဖုန်းယန်မြို့နှင့် အနီးတစ်ဝိုက် ကျေးရွာများရှိဝက်များ ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲပိုင်းက ပါးစပ်မှအမြှုပ်ထွက်ပြီး နှာခေါင်းမှသွေးများထွက်ကာ ရုတ်တရက် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ သေဆုံးမှုကြောင့် ဒွေ့ဖုန်းယန်မြို့ ရပ်ကွက်(၁)တွင် ဝက်အကောင် ၅၀၊ ရပ်ကွက်(၂)တွင် ခုနစ်ကောင်၊ နားလုံကျေးရွာတွင် ၁၀၂ ကောင်၊ တာဆိုင်ကျေးရွာတွင် ၁၇ ကောင်၊ မံမော်ကျေးရွာတွင် ခြောက်ကောင် စုစုပေါင်း အိမ်မွေးဝက် ၁၈၂ ကောင် ဝက်များ ပါးစပ်မှအမြှုပ်ထွက်ပြီး နှာခေါင်းမှ သွေးများထွက်ကာ ရုတ်တရက်သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဝက်များ ရုတ်တရက်သေဆုံးမှုနှင့်ပတ်သက်၍ မိုးမောက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကို၊ မိုးမောက်မြို့နယ် စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးမြင့်ဦး၊ ဒွေ့ဖုန်းယန်မြို့ ပြည်သူ့ဆေးရုံတာဝန်ခံ ဒေါက်တာဇင်ကိုလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးလျက်ရှိပြီး သေဆုံးသွားသည့်ဝက်များအား သွေးနမူနာဖောက်ယူ၍ ခြောက်ပေအနက် တွင်းတူးမြေမြှုပ်ကာ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ဝက်များ ထပ်မံသေဆုံးမှုရှိမရှိအား ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ရှာငံနှင့် မိုင်းပန် မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲ ၂ နာရီက ရှာငံမြို့နယ် ယုန်တောင်ကျေးရွာအနီး ရှာငံ-ကျောက်ဆည်သွား ကားလမ်းတွင် ဖိုးအောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၂၄ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၈ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မိုင်းပန်မြို့နယ် တာဆန်းကျေးရွာ တာဆန်းတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စိုင်းဝင်းတစ် မောင်းနှင်ပြီး အိုက်ရီနှင့် စိုင်းမိန်းတို့ လိုက်ပါလာသည့် ဒိုင်နာ အမျိုးအစားအဖြူရောင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေနေစဉ် စိုင်းဝင်းတစ်မှာ မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ မိုင်းတုံမြို့နယ် ဝမ်စလားကျေးရွာသွား လမ်းခွဲဆိုင်းဘုတ်အနီး၌ မော်တော်ယာဉ်ကို ရပ်တန့်ထားပြီး စိုင်းဝင်းတစ် မှာ တိမ်းရှောင်သွားသဖြင့် မော်တော်ယာဉ်အား တာဆန်းတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်သို့ သယ်ဆောင်ကာ ယာဉ်နှင့်ကုန်ပစ္စည်းများကို ထပ်မံဖွင့်ဖောက်စစ်ဆေးရာ ငွေကျပ်သိန်း ၆၀၃၀ တန်ဖိုးရှိ ဘိန်းဖြူ ၂၄ ဒသမ ၁၂ ကီလို၊ မြန်မာငွေကျပ် နှစ်သိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံး



အိုက်ရီ၊ စိုင်းမိန်းတို့အား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

*စာမျက်နှာ ၁၁ မှ*

နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဝန်ကြီးဌာနအနေဖြင့် ရွှေပါရမီဖောင်ဒေးရှင်းမှ လှူဒါန်းထားသော နယ်လှည့်မော်တော်ယာဉ်ကြီးနှစ်စီး ရရှိထားသည်ဖြစ်၍ ကျေးလက်တောရွာနေ ပြည်သူများအတွက် အဆိုပါမော်တော်ယာဉ်များ အသုံးပြုကာ နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုပုံစံဖြင့် ပဏာမကျန်းမာရေး စောင့်ရှောက်မှုများ မကြာမီပေးအပ်ရန် စီစဉ်လျက်ရှိပါကြောင်း ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းအောင်က ရေယာဉ်အသုံးပြုနယ်လှည့် (mobile) ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မည့် ကနဦးအစီအစဉ်ကို လည်းကောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အထွေထွေ မန်နေဂျာ ဦးသီလသိမ်းနှင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်တို့က ရေယာဉ်ကို အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရေးအတွက် စစ်ဆေးမှု၊ ပြုပြင်ထိန်းသိမ်းမှု၊ မွမ်းမံတည်ဆောက်ရန် လိုအပ်မှုအခြေအနေနှင့် ကုန်ကျစရိတ်အပါအဝင် ထည့်သွင်းစဉ်းစားရမည့် အသေးစိတ်အချက်အလက်များနှင့် ပံ့ပိုးကူညီနိုင်မည်များကို လည်းကောင်း ဆွေးနွေးအကြံပြုတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးအကြံပြုမှုများ ဆောင်ရွက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် လူတိုင်း လက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု ရည်မှန်းချက်ရရှိအကောင်အထည်ဖော်နိုင်ရေးအတွက် ဝေးလံခက်ခဲသော ဒေသများမှ ပြည်သူများ ပဏာမကျန်းမာရေးစောင့်ရှောက်မှုများ ရရှိစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း နိဂုံးချုပ် ပြောကြားသည်။ **သတင်းစဉ်**


ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) ကူးစက်ခံရသည်
သို့မဟုတ် ကူးစက်ခံရသည့်သူကို တွေ့ရှိသည်ဟု
သံသယရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့
အမြန်ဆုံးသတင်းပို့ပြီး ကုသမှုခံယူပါ။

ခရီးသွားရာဇဝင်ကို ကျန်းမာရေးစောင့်ရှောက်သူထံ
ပြောပြရပါမည်။
သတင်းပို့ရန် ဖုန်းနံပါတ် (Hotline)
067-3420802


## မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ မီးလောင်မှုဖြစ်ကာ နေအိမ် ၁၁ လုံး ဆုံးရှုံး

**မန္တလေး မတ် ၁**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက် ဦးပွားခုံးကျော် အရှေ့ဘက်တောင်ရွာသစ်အကွက် ၈၆၀ တွင် ယနေ့ မွန်းတည့် ၁၂ နာရီကျော်ခန့်က အိမ်ငှားနေသူ သန်းသန်းခိုင်၏ နေအိမ်ဘုရားစင်၌ မီးပူဇော်ထားသည့် လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ရာ နေအိမ် ၁၁ လုံးနှင့် ဆိုင်ကယ်လေးစီး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ် ယာဉ်အစီး ၃၀ ဖြင့် ငြိမ်းသတ်ရာ မွန်းလွဲ ၁၂ နာရီ ၂၉ မိနစ်တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် မီးဘေးသင့်ခဲ့သော အိမ်ထောင်စု ၂၂ စုမှ အမျိုးသား ၃၇ ဦး၊ အမျိုးသမီး ၃၂ ဦး စုစုပေါင်း ၆၉ ဦးတို့ကို ရွာဘုံဆုတောင်းပြည့်ဓမ္မာရုံ၌ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိပြီး လိုအပ်သည်များ ဆောင်ရွက် ပေးလျက်ရှိကြောင်းနှင့် အဆိုပါမီးစတင်လောင်သည့်နေအိမ်မှ သန်းသန်းခိုင်အား အမှတ် ၁၁ နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## မြစ်ကြီးနား၌ မီးပလတ်ခုံ အပူလွန်ကဲ၍ လူနေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံး

**မြစ်ကြီးနား မတ် ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တပ်ကုန်းရပ်ကွက် အင်ဂျန်ဒုံမြောက်နယ်မြေ(၈)တွင် ယနေ့နံနက် ၁ နာရီကျော်ခန့်က မီးပလတ်ခေါင်းများ စုပြုံသုံးစွဲရာမှ အပူလွန်ကဲ၍ လူနေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်ရာနေရာသို့ ပြည်နယ်မီးသတ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် ခုနစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ယနေ့ နံနက် ၁ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ အဆိုပါမီးလောင်မှုကြောင့် အိမ်ရှင် ဒေါ်ဇခုံဂျာနန်းပိုင်ဆိုင်သော နေအိမ်နှစ်လုံး၊ ကားအတွင်းမှ ပစ္စည်းများ အနည်းငယ်ဆုံးရှုံးခဲ့ကြောင်းနှင့် မီးလောင်မှုဖြစ်စဉ်ကြောင့် အိမ်ရှင်အား မြစ်ကြီးနားမြို့မရဲစခန်းက အရေးယူထားကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

**စိန်ဝင်း (ပြန်/ဆက်)**

## မူဆယ်၌ ယာဉ်တစ်စီး ဘရိတ်ပေါက်ပြီး အရှိန်လွန်ကာ ဆီဆိုင်ကို တိုက်မိရာမှ မီးလောင်မှုဖြစ်

**မူဆယ် မတ် ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်တွင် ယနေ့ နံနက် ၁၀ နာရီ ၅၅ မိနစ်ခန့်က သခွားမွှေး တင်ဆောင်လာသည့် ခြောက်ဘီးယာဉ်တစ်စီး မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် နှစ်နိုင်ငံအသီးရောင်းဝယ်ကွင်းမှ ကျင်စန်းကျော့ဘက်သို့ ထွက်ခွာစဉ် ကျင်စန်းကျော့ဂိတ်အဝင် ကောင်းခံကျေးရွာအနီး ဘရိတ်ပေါက်ပြီး အရှိန်လွန်ကာ ဆဲဗင်းဟွာကျင့် ဆီဆိုင်ကို ဝင်ရောက်တိုက်မိ၍ မီးလောင်မှုဖြစ်ခဲ့သည်။

အဆိုပါ မီးလောင်ရာသို့ နယ်မြေခံတပ်၊ ပြည်သူ့စစ်အဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ (၁၀၅)မိုင် ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၊ ပြည်သူများက မီးသတ်ယာဉ်ကိုးစီးဖြင့် ငြိမ်းသတ်ခဲ့ရာ မွန်းတည့် ၁၂ နာရီခန့်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။ **သန့်ဇင်(မူဆယ်)**

## မင်းဘူးမြို့နယ်တွင် တရားမဝင် ဝင်ရောက်လာသူ ခုနစ်ဦး ဖမ်းဆီးရမိ

**မင်းဘူး မတ် ၁**- မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျွဲသိုးမြောင်ကျေးရွာအနီး ဧရာဝတီ တံတား(မကွေး)အနီး မင်းဘူးမြို့ဘက်ခြမ်း တိုးဂိတ်တွင် ယာဉ်တစ်စီးပေါ်မှ တရားမဝင် ဝင်ရောက်လာသူ ခုနစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဒလမြို့နယ် အုံ့ကြီးအရှေ့ ဗလမင်းထင်လမ်း အမှတ်(၁၂၅) နေသူ ယာဉ်မောင်း အောင်ခိုင်မြင့်(၃၆ နှစ်) မောင်းနှင်လာသော YGN 9I/ ---- ယာဉ်ဖြင့် ပဒါန်းမြို့မှ မင်းဘူးမြို့ဘက်သို့ အဆိုပါ တရားမဝင် ဝင်ရောက်လာသူများအား တင်ဆောင်လာစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဖမ်းဆီးရမိသူ ခုနစ်ဦးအား ဖေဖော်ဝါရီ ၂၉ ရက်က မန်းရွှေစက်တော်ဘုရားပွဲတော်၌ သိက္ခမ်ခဲ့သူတစ်ဦး (စုံစမ်းဆဲ)က ၎င်းတို့ကို ရန်ကုန်မြို့သို့ ပို့ဆောင်ပေးရန် ခိုင်းစေသဖြင့် သယ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။

အဆိုပါ ဖမ်းဆီးရမိသည့် တရားမဝင် ဝင်ရောက်လာသူခုနစ်ဦးအား မင်းဘူးမြို့မရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူးမြင့်ဇော်၊ မင်းဘူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဒုတိယကြီးကြပ်ရေးမှူး ဦးဝင်းကြည်တို့ ပူးပေါင်းအဖွဲ့က ဥပဒေအရ အရေးယူနိုင်ရေး ဆက်လက်စစ်ဆေး လျက်ရှိကြောင်း မင်းဘူးမြို့မရဲတပ်ဖွဲ့စခန်းမှ သိရှိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)**

## တွံတေးမြို့နယ်တွင် တွေ့ရှိသည့် အမျိုးသားအလောင်းကို စစ်ဆေးဖော်ထုတ်ရာမှ လူသတ်မှုကျူးလွန်သူကို ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁**

တွံတေးမြို့နယ်တွင် အမျိုးသားအလောင်းကို စစ်ဆေးဖော်ထုတ်ရာမှ လူသတ်မှု ကျူးလွန်သူကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကရင်ချောင်းကျေးရွာအနီး ခတ္တိယ-ပဒံရေကျော်သွား ကားလမ်းဘေး ရေမြောင်းအတွင်း၌ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၆ ရက် ည ၁၁ နာရီခွဲက ပုပ်ပွသေဆုံးနေသော အလောင်းတစ်လောင်း တွေ့ရှိကြောင်း သတင်းအရ ခတ္တိယရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ အသက် (၃၀)နှစ်ခန့် အမျိုးသားတစ်ဦးအား ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမရှိဘဲ သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် မြောက်ဥက္ကလာပဆေးရုံကြီးသို့ ပို့ဆောင်၍ ခလောက်ချိုက်နယ်မြေရဲစခန်း သေမှုသေခင်းဖွင့် စစ်ဆေးခဲ့သည်။

အဆိုပါဖြစ်စဉ်အား စုံစမ်းရာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် မအူပင်မြို့နယ်နေ စောနေအောင် (ခ)နေအောင်(ခ)အညာသားအား မသင်္ကာသဖြင့် ခေါ်ယူစစ်ဆေးရာ ၎င်း၏ပြောဆိုချက်အရ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၄ ရက် ည ၆ နာရီခွဲက လှိုင်သာယာမြို့နယ် ဆင်နှစ်ကောင်ဂိတ်၌ ဆိုင်ကယ်ကယ်ရီ မောင်းနှင်သူ သက်အောင် (၂၄)နှစ်အား တွံတေးမြို့နယ် အဘေရွာသို့ ခရီးသည်တစ်ဦးကို သွားရောက်ကြိုရမည်ဖြစ်၍ အတူ သွားရောက်ခေါ်ရန် ဖုန်းဆက်ခေါ်ဆိုခဲ့ကြောင်း၊ ယင်းနောက် သက်အောင်၏ ဆိုင်ကယ်ဖြင့် သွားရောက်ခဲ့ရာ တွံတေးမြို့နယ် ကရင်ချောင်းကျေးရွာအနီး ခတ္တိယ-ပဒံရေကျော်သွား ကားလမ်းဘေးအရောက် ဆိုင်ကယ်ပေါ်မှ ဆင်းကာ သက်အောင်အား အသင့်ယူဆောင်လာသော တူဖြင့်ရိုက်ရာ အခင်းဖြစ်နေရာ၌ သေဆုံးသွား၍ ရေမြောင်းထဲသို့ တွန်းချခဲ့ပြီး ဆိုင်ကယ်ကို မောင်းနှင်ယူဆောင်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် စောနေအောင် (ခ)နေအောင်(ခ)အညာသားအား ခလောက်ချိုက်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပြည်ထဲရေးဝန်ကြီးဟောင်း မူဟာစ်ဒင်း မလေးရှားဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆို

**ကွာလာလမ်ပူ မတ် ၁**

မလေးရှားနိုင်ငံတွင် ကြားဖြတ်ဝန်ကြီးချုပ် မဟာသီယာမိုဟာမက်၏ နေရာတွင် အစားထိုးရန် ယခင်ပြည်ထဲရေးဝန်ကြီးဟောင်း မူဟာစ်ဒင်းယာစင်ကို မလေးရှားဘုရင်မင်းမြတ်က ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။


ထိုသို့ ခန့်အပ်ခဲ့ပြီးနောက် နိုင်ငံရေးအရ မတည်ငြိမ်မှုများမှာ ဆက်လက် ရှိနေဆဲဖြစ်သည်။ မဟာသီယာမိုဟာမက်သည် ပြီးခဲ့သည့် သီတင်းပတ်အတွင်း ရာထူးမှ နုတ်ထွက်သွားခဲ့သည်။

မတ် ၁ ရက် တရားဝင်ရာထူးခန့်အပ်ပွဲပြီးနောက် မူဟာစ်ဒင်းသည် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ပါလီမန်ကို အထောက်ပံ့ပေးနိုင်ဆုံး ပုဂ္ဂိုလ်မှာ မူဟာစ်ဒင်းပင်ဖြစ်သည်ဟု မလေးရှားဘုရင်က ဆုံးဖြတ်ခဲ့ကြောင်း နန်းတော်မှ သတင်းထုတ်ပြန်သည်။

နိုင်ငံရေးပါတီများမှ ဝန်ကြီးချုပ်နေရာအတွက် အမည်စာရင်း တင်သွင်းမှုအပေါ် အခြေခံပြီး ယခုလိုဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်။ မူဟာစ်ဒင်းသည် အသက် ၇၂ နှစ်ရှိပြီဖြစ်ပြီး ရာဂျစ်ရာဇတ်၏ အစိုးရအဖွဲ့တွင် ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်း ဖြစ်သည်။

ထို့နောက် ၎င်းသည် မဟာသီယာ၏မဟာမိတ်အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးဖြစ်လာကာ ပြည်ထဲရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။

မူဟာစ်ဒင်း တရားဝင် ဝန်ကြီးချုပ်ဖြစ်လာရန် အောက်လွှတ်တော်မှ အမတ်များ၏ ထောက်ခံမှု ရရှိယူရန်လိုအပ်ကြောင်း ရာထူးခန့်အပ်ပွဲအခမ်းအနား မကျင်းပမီ မဟာသီယာက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**



မလေးရှားဘုရင်က မလေးရှားဝန်ကြီးချုပ်အဖြစ် မူဟာစ်ဒင်းကို ခန့်အပ်လွှာပေးအပ်နေစဉ်။

# အီရန်နိုင်ငံသို့ ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်မှု အမေရိကန်မှ ကြေညာ

**ဝါရှင်တန် မတ် ၁**

အီရန်နိုင်ငံသို့ ခရီးသွားမှုနှင့် ပတ်သက်ပြီး ကန့်သတ်ချက်အသစ်ကို အမေရိကန် ပြည်ထောင်စုက ဖေဖော်ဝါရီ ၂၉ ရက်တွင် ကြေညာခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ခြိမ်းခြောက်မှုကြောင့် အီတလီနှင့် တောင်ကိုရီးယားတို့သို့ ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များကို အရင်ကတည်းက ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထို့နောက် အီရန်နိုင်ငံကိုပါ ကန့်သတ်မှုအသစ် တိုးမြှင့်လိုက်ခြင်းဖြစ်ပြီး မည်သည့်နိုင်ငံသားမဆို အီရန်သို့ ၁၄ ရက်အတွင်း သွားရောက်ခဲ့သူများအပေါ်တွင် ကန့်သတ်မှု ပြုလုပ်ထားသည်ဟု အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်က အိမ်ဖြူတော်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဒုတိယသမ္မတ မိုက်ပန့်စ်တို့ ဖေဖော်ဝါရီ ၂၉ ရက်က သတင်းစာရှင်းလင်းပွဲ ပြုလုပ်နေစဉ်။

ကိုရိုနာဗိုင်းရပ်စ် ဆိုးရွားစွာ ကူးစက်ခံထားရသည့် အီတလီနှင့် တောင်ကိုရီးယားတို့သို့ ခရီးသွားလာမှုတွင် အကြံပြုချက်များလည်း အမေရိကန်က ထုတ်ပြန်ထားသည်။ အမေရိကန်နိုင်ငံသားများအနေဖြင့် တောင်ကိုရီးယားနှင့် အီတလီတို့သို့ သွားရောက်ခြင်းမပြုရန်လည်း အကြံပေးထားသည်။

ယခုအခါ အီရန်၊ တောင်ကိုရီးယားနှင့် အီတလီတို့မှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထိခိုက်မှုများနေသည့် နိုင်ငံများလည်း ဖြစ်သည်။

အမေရိကန်တွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပထမဆုံး လူသေမှုဖြစ်ပေါ်ပြီးနောက် အမေရိကန် ဒုတိယ သမ္မတ မိုက်ပန့်စ်က ယခုလို ကြေညာခဲ့ခြင်းဖြစ်သည်။

အမေရိကန်ရှိ ကျန်းမာရေးဝန်ထမ်းများသည် ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေး အစွမ်းကုန်ကြိုးပမ်းနေကြသည်။

ဆင်ဟွာ

# အမေရိကန်တပ်ဖွဲ့ဝင်များ ၁၄ လအတွင်း အာဖဂန်မြေမှ ထွက်ခွာမည်

**ကဘူးလ် မတ် ၁**

အမေရိကန်နှင့် မဟာမိတ်တပ်များသည် ၁၄ လတာအတွင်း အာဖဂန်နစ္စတန် မြေပေါ်မှ ဖယ်ရှားပေးရန် သဘောတူညီမှု ရရှိသွားပြီဟု အာဖဂန် သမ္မတမိုဟာမက် ရှာရက်ဖ်ဂါနီက မတ် ၂၉ ရက်တွင် ပြောကြားခဲ့သည်။

ယနေ့တွင် အာဖဂန်နစ္စတန်နှင့် အမေရိကန်တို့အကြား ပူးတွဲကြေညာချက် ထုတ်ပြန်နိုင်ခဲ့ကြောင်း၊ အဆိုပါကြေညာချက်အပေါ် မူတည်ပြီး အာဖဂန်မြေပေါ်တွင် တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး ရရှိတော့မည်ဟု နေတိုး အထွေထွေအတွင်းရေးမှူးချုပ်၊ အမေရိကန် ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စပါတို့နှင့် ပူးတွဲပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲတွင် အာဖဂန်သမ္မတက ပြောကြားခဲ့သည်။




အာဖဂန်သမ္မတ မိုဟာမက် ရှာရက်ဖ်ဂါနီ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

အမေရိကန်နှင့် တာလီဘန်တို့သည် ကာတာနိုင်ငံ ဒိုဟာမြို့တွင် ဖေဖော်ဝါရီ ၂၉ ရက်က ငြိမ်းချမ်းရေး သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။ ၁၄ လတာ ကာလအတွင်း အမေရိကန်နှင့် မဟာမိတ်တပ်တို့မှ ကျန်ရှိနေသည့် တပ်ဖွဲ့ဝင်များကို အပြီးတိုင် ရုပ်သိမ်းသွားမည်ဖြစ်သည်။

အာဖဂန်အစိုးရနှင့် တာလီဘန်တို့အကြား ဆွေးနွေးမှုမှ တိုးတက်မှုများကို အမေရိကန်က အနီးကပ်စောင့်ကြည့်မည်ဖြစ်သည်။ အမေရိကန်နှင့် တာလီဘန်တို့အကြား ငြိမ်းချမ်းရေးသဘောတူညီမှုတွင် အာဖဂန်အစိုးရနှင့် တာလီဘန်တို့အကြား ဆွေးနွေးမှုပြုလုပ်မည်ဆိုသည့် အချက်လည်းပါဝင်သည်။

ကုလသမဂ္ဂလုံခြုံရေး ကောင်စီအဖွဲ့ဝင်များနှင့် သံတမန်ရေးရာအရ ဆွေးနွေးမှုများစတင်ကာ တာလီဘန်အဖွဲ့ဝင်များကို ပိတ်ဆို့အရေးယူထားမှုများမှ ဖယ်ရှားပေးရေး ဆွေးနွေးမှုများ စတင်သွားမည်ဟုလည်း ကြေညာချက်တွင် ပါဝင်သည်။ **ဆင်ဟွာ**

## ထိုင်းနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပထမဆုံးသေဆုံးသူရှိလာ

**ဗန်ကောက် မတ် ၁**

ထိုင်းနိုင်ငံတွင် အသက် ၃၅ နှစ်အရွယ်အမျိုးသားတစ်ဦး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပြီးနောက် သေဆုံးသွားခဲ့သည်ဟု ကျန်းမာရေးအာဏာပိုင်များက မတ် ၁ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပထမဆုံး လူသေဆုံးမှုပင်ဖြစ်သည်။ ထိုင်းနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၂ ဦးအထိရှိသည်ဟု အတည်ပြုထားသည်။ အဆိုပါအမျိုးသားမှာ ဇန်နဝါရီ ၂၇ ရက်က တုပ်ကွေးရောဂါကြောင့် ဆေးရုံပေါ်တက်ကာ ကုသမှုခံယူခဲ့သည်။

နောက်ပိုင်းတွင် ၎င်းမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း သိရှိခဲ့ပြီး အထူးကုသရေးစင်တာသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါအမျိုးသားမှာ တရုတ်ခရီးသွားများကို ပစ္စည်းများရောင်းချသူဖြစ်ပြီး ယင်းခရီးသွားများထံမှ ရောဂါကူးစက်ခံရခြင်းဖြစ်သည်ဟု ယူဆရသည်။ ၎င်း၏အဆုတ်မှာ ပျက်စီးနေသည့်အတွက် အသက်ရှူကိရိယာတပ်ပေးခဲ့ရသည်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရပြီးနောက် ပြန်ကောင်းသွားသူများထံမှ သွေးရည်ကြည်ဖြင့် ကုသမှုပြုလုပ်ပေးခဲ့သော်လည်း ကိုယ်တွင်းအင်္ဂါများ ပျက်စီးသွားသဖြင့် ဖေဖော်ဝါရီ ၂၉ ရက်တွင် သေဆုံးသွားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန် ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင် တောင်ကာရိုလိုင်းနားတွင် အနိုင်ရ

**ဝါရှင်တန် မတ် ၁**

အမေရိကန် ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်သည် ပါတီအတွင်း ဒီမိုကရက်တစ် သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်ရာတွင် တောင်ကာရိုလိုင်းနားပြည်နယ်၌ အနိုင်ရရှိခဲ့ကြောင်း သိရသည်။

မဲဆန္ဒရှင်များက ဒီမိုကရက်တစ်ပါတီအတွက် သမ္မတလောင်းမည်သူဖြစ်သင့်သည်ကို ရွေးချယ်ကြသည့် ပွဲဖြစ်သည်။

အမေရိကန်သမ္မတ ရွေးကောက်ပွဲအတွက် ဒီမိုကရက်တစ်ပါတီမှ လေးဦးမြောက် အမည်စာရင်းတင်သွင်းကာ ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။

ဂျိုးဘိုင်ဒင်အတွက် ပထမဆုံး အနိုင်ရရှိမှုလည်းဖြစ်သည်။ ဘိုင်ဒင်မှာ အစွန်းမရောက်သော ဒီမိုကရက်တစ်သမားလည်း ဖြစ်သည်။ ၎င်းသည် အမေရိကန်သမ္မတ ဘားရက်အိုဘားမား၏ လက်ထက်တွင် ဒုတိယသမ္မတအဖြစ် လုပ်ဆောင်ခဲ့ပြီး အာဖရိကန် အမေရိကန်များ၏ ထောက်ခံမှုရရှိခဲ့သည်။

၎င်းသည် တောင်ကာရိုလိုင်းနားကို အမာခံတပ်ကြီးဟု ခေါ်ဝေါ်ခဲ့ပြီး ယင်းဒေသတွင် အာဖရိကန် အမေရိကန်များမှာ ဒီမိုကရက်တစ်ပါတီ၏ မဲဆန္ဒရှင် ၆၀ ရာခိုင်နှုန်းဖြစ်သည်။ ပထမဦးဆုံး အာဖရိကန် အမေရိကန်တစ်ဦး အမေရိကန်သမ္မတ ဖြစ်လာရေးကိုလည်း ဦးတည်ပြောဆိုခဲ့သည်။

တောင်ကာရိုလိုင်းနားတွင် ဂျိုးဘိုင်ဒင် အနိုင်ရရှိသွားခြင်းမှာ အာဖရိကန် အမေရိကန်များ ၎င်းအပေါ် မည်မျှထောက်ခံသည်ကို ပြသလိုက်ခြင်းပင်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# တူရကီသမ္မတရဲ့ ခြိမ်းခြောက်မှုနဲ့အတူ ဂရိနယ်စပ်မှာ ရိုက်ခတ်လာတဲ့ လှိုင်းလုံးများ

............ ခြူးစန္ဒီနွေး ............

ဖေဖော်ဝါရီ ၂၉ ရက် နံနက်ခင်းမှာတော့ တူရကီ – ဂရိနယ်စပ်မှာ အဓိကရုဏ်းနှိမ်နင်းရေးရဲတွေနဲ့ ရွှေ့ပြောင်းနေထိုင်သူတွေအကြား ပဋိပက္ခတွေအကြီးအကျယ်ဖြစ်နေကြပါတယ်။

**ပြဿနာကြီးလာ**

ဒါကိုကြည့်မယ်ဆိုရင် ရွှေ့ပြောင်းနေထိုင်သူများအရေးမှာ ပြဿနာတွေကြီးလာပြီဆိုတာကို တွေ့မြင်နိုင်ပါတယ်။ ဂရိနယ်စပ် စစ်ဆေးရေးဂိတ်ဖြစ်တဲ့ ကက်စ်တနီမှာ ပုံမှန်အားဖြင့်တော့ ငြိမ်ငြိမ်သက်သက်ရှိတဲ့ နေရာတစ်ခုပါပဲ။ ဒါပေမယ့် အခုအခါမှာတော့ ဂရိရဲတွေနဲ့ လုံခြုံရေးအရာရှိတွေဟာ မျက်ရည်ယိုဗုံးတွေကို အသုံးပြုပြီး လူစုခွဲနေရပါတယ်။

နောက်ပြီးတော့ နယ်စပ်ခြံစည်းရိုးရဲ့ အနောက်ဘက်ကနေ ရွှေ့ပြောင်းနေထိုင်သူတွေကို နောက်ဆုတ်ဖို့၊ ရှေ့ဆက်မတိုးကြဖို့ ပြောနေရပါတယ်။ နိုင်ငံအသီးသီးကလာကြတဲ့ ရွှေ့ပြောင်းနေထိုင်သူ ၄၀၀၀ ခန့်မှာ တူရကီဘက်ခြမ်းကနေ ဂရိဘက်ခြမ်းကို ဝင်ရောက်ဖို့ ကြိုးစားနေကြတဲ့ မြင်ကွင်းလည်းဖြစ်ပါတယ်။ လူပေါင်း ၅၀၀ ခန့်ကတော့ နယ်စပ်နှစ်ခုကြားမှာ ပိတ်မိနေပါတယ်။ အချို့သောလူတွေဟာ သူတို့ကိုဖြတ်သန်းခွင့်ပြုဖို့ အော်ဟစ်နေကြတယ်။ အခုအချိန်ထိတော့ဒီလူတွေဟာ တူရကီနိုင်ငံမှာပဲ ရှိနေသေးပါတယ်။

**နယ်စပ်တံခါးတွေဖွင့်ပေးမယ်**

ဖေဖော်ဝါရီ ၂၉ ရက်မှာတော့ တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်ဟာ ဥရောပကိုသွားမယ့် ရွှေ့ပြောင်းဒုက္ခသည်တွေအတွက် တူရကီနယ်စပ်တံခါးကို ဖွင့်ပေးလိုက်တော့မယ်လို့ ကြေညာခဲ့ပါတယ်။ ဘာလို့လဲဆိုရင် တူရကီနိုင်ငံအတွင်း လိုမ့်ဝင်လာတဲ့ ဆီးရီးယားမှ ထွက်ပြေးလာတဲ့ ဒုက္ခသည်တွေကို ဆက်လက်ပြီး ထိန်းမထားနိုင်တော့ဘူးလို့ သမ္မတအာဒိုဂန်က ပြောပါတယ်။

တူရကီသမ္မတဟာ ဟိုးအရင်အချိန်ကတည်းက ရွှေ့ပြောင်းဒုက္ခသည်တွေကို ဆက်လက်ထိန်းမထားတော့ဘဲ နယ်စပ်တံခါးတွေ ဖွင့်ပေးလိုက်တော့မယ်ဆိုပြီး ခြိမ်းခြောက်ခဲ့ဖူးပါတယ်။ တူရကီရဲ့တောင်းဆိုချက်တွေကို ဥရောပသမဂ္ဂက အရေးတယူပြုပေးဖို့ ခြိမ်းခြောက်မှုပြုခဲ့တာပါ။

**ကတိမတည်ကြ**

တူရကီနိုင်ငံအတွင်းမှာ သန်းနဲ့ချီနေတဲ့ ဆီးရီးယားဒုက္ခသည်တွေရှိနေပြီး ဒီလူတွေရဲ့အရေးကို ကိုင်တွယ်ဖြေရှင်းပေးဖို့ ဥရောပသမဂ္ဂကနေ တူရကီကို ထောက်ပံ့ကူညီမှုတွေပေးမယ်လို့ ကတိပေးခဲ့ပါတယ်။ ဒါပေမယ့်လည်း ဥရောပခေါင်းဆောင်တွေဟာ သူတို့ပေးထားတဲ့ကတိကို မတည်ကြဘူးလို့ သမ္မတ အာဒိုဂန်က စွပ်စွဲခဲ့ပါတယ်။

နောက်ပြီးတော့ ဆီးရီးယားနိုင်ငံမြောက်ပိုင်းမှာ ရုရှားနဲ့ ဆီးရီးယားအစိုးရတပ်တွေကို တူရကီတပ်က ရင်ဆိုင်ရာမှာလည်း အကူအညီပေးဖို့ ဥရောပကို အကျပ်ကိုင် တောင်းဆိုခဲ့ပါတယ်။ ဆီးရီးယားအစိုးရတပ်ရဲ့ ထိုးစစ်ဆင်မှုကြောင့် သန်းနဲ့ချီတဲ့ ဆီးရီးယားပြည်သူတွေဟာ တူရကီနယ်စပ်ကို ဦးတည်လာခဲ့ကြတာပဲ ဖြစ်ပါတယ်။ နောက်ပြီး တူရကီမှာ ရောက်နှင့်နေပြီးသားဖြစ်တဲ့ ဆီးရီးယားဒုက္ခသည် ၃ ဒသမ ၆ သန်း အတွက်လည်း အကူအညီတွေ ပိုမိုပေးအပ်ဖို့ တောင်းခံခဲ့ပါတယ်။

**ဂရိကျွန်းတွေဆီ ဦးတည်**

နယ်စပ်မှာရောက်ရှိနေကြတဲ့ ရွှေ့ပြောင်းနေထိုင်သူတွေကြောင့် မစ္စတာအာဒိုဂန်ရဲ့တောင်းဆိုမှုကို ပိုပြီးအရေးတယူဖြစ်လာစေခဲ့တယ်။ ဥရောပနဲ့ ထိစပ်နေတဲ့တူရကီ နယ်စပ်တွေမှာတော့ အလုပ်တွေရှုပ်လာပါတယ်။ ဖေဖော်ဝါရီ ၂၈ ရက်မှာတော့ ရွှေ့ပြောင်းနေထိုင်သူတွေကို ဘတ်စ်ကားအခမဲ့စီးခွင့်နဲ့အတူ တူရကီအရာရှိတွေက နယ်စပ်အထိ လိုက်ပို့ပေးခဲ့ပါတယ်။

ဥရောပနယ်စပ်မှာတော့ သူတို့ကို ဝင်ခွင့်မပေးဘဲ နှိမ်နင်းမှုတွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ရွှေ့ပြောင်းနေထိုင်သူတွေဟာ ဂရိကျွန်းတွေဆီကို သွားမယ်ဆိုတဲ့ ဦးတည်ချက်နဲ့ တူရကီ ကမ်းရိုးတန်းကို ဦးတည်သွားနေပါတယ်။ ဒါပေမယ့်လည်း ရာသီဥတုဆိုးရွားမှုကြောင့် အနည်းငယ်သာ ရောက်ရှိပါသေးတယ်။

**ညလုံးပေါက် ဖြေရှင်းခဲ့ရ**

၂၀၁၅ ခုနှစ်က ရွှေ့ပြောင်းနေထိုင်သူ ပြဿနာဟာလည်း တူရကီရဲ့ကူညီမှုကြောင့်သာ ပြေလည်ခဲ့ရပါတယ်။ ဆီးရီးယားဒုက္ခသည်တွေကတော့ တူရကီရဲ့လုပ်ဆောင်ပေးမှုတွေကို ဟာသနှောပြီး ပြောခဲ့ပါတယ်။ တူရကီတွေဟာ နယ်စပ်ကို လိုက်ပို့ရုံတင်မကဘဲ လူမှောင်ခိုသမားတွေရဲ့ ဖုန်းနံပါတ်တွေကိုပါ လူသိရှင်ကြား အသိပေးသင့်တယ်လို့ ပြောဆိုနေကြပါတယ်။

ကုလသမဂ္ဂ အေဂျင်စီတစ်ခုဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများ အဖွဲ့အစည်းကတော့ လူပေါင်း ၁၀၀၀၀ ဟာ ဥရောပကို ရောက်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ တူရကီမြောက်ပိုင်းနယ်စပ်တွေဆီ ဦးတည်သွားနေကြတယ်လို့ ဖော်ပြခဲ့ပါတယ်။ ဂရိရဲတွေကတော့ မိုင် ၅၀ ရှည်လျားတဲ့နယ်စပ်ကို ဖြတ်ကျော်ဖို့ ကြိုးပမ်းနေကြတဲ့ ရွှေ့ပြောင်းနေထိုင်သူ လူပေါင်း ၄၀၀၀ ခန့်ကို သူတို့ဟာ တစ်ညလုံး ဖြေရှင်းနေရတယ်လို့ ဖေဖော်ဝါရီ ၂၉ ရက်က ပြောကြားခဲ့ပါတယ်။



ဂရိလုံခြုံရေးအရာရှိများနှင့် ရဲများက ရွှေ့ပြောင်းနေထိုင်သူများကို မျက်ရည်ယိုဗုံးများပစ်ကာ လူစုခွဲနေစဉ်။

**ခဲယဉ်းမယ့် ကိစ္စ**

ဒါပေမယ့် အနည်းငယ်ကတော့ အောင်မြင်စွာဖြတ်သန်းနိုင်ပြီး ဂရိထဲကို ဝင်လာပြီလို့ ဆက်လက်ပြောကြားခဲ့ပါတယ်။ ဂရိရဲတွေဟာ ကက်စ်တနီ စစ်ဆေးရေးဂိတ်မှာ ရွှေ့ပြောင်းနေထိုင်သူတွေကို တားဆီးနိုင်ခဲ့ပေမယ့် နယ်စပ်ကြီး တစ်ခုလုံးကို ကာကွယ်ဖို့ကတော့ အတော်လေးကို ခဲယဉ်းမယ့်ကိစ္စပါပဲ။ ရွှေ့ပြောင်းနေထိုင်သူလူအုပ်ကြီးဟာ ဂရိနယ်စပ်ကိုကျော်ဖို့ အင်အားအလုံးအရင်းနဲ့ ကြိုးပမ်းနေကြတဲ့ အခု ဂရိနိုင်ငံရဲ့ဖြစ်ရပ်က ကိုယ့်နိုင်ငံရဲ့ နယ်စပ်ကို ကာကွယ်ပေးနေရတာတင်မကဘူး။ ဥရောပကိုပါ အကာအကွယ်ပေးနေရတာပါလို့ ဂရိအစိုးရပြောရေးဆိုခွင့်ရှိသူ စတီလီယိုပက်ဆက်က ပြောပါတယ်။

နယ်စပ်ကို တရားမဝင်ဖြတ်ကျော်လာတဲ့ လူပေါင်း ၆၆ ဦးကိုလည်း ဖမ်းဆီးထိန်းသိမ်းထားတယ်လို့ သူက ဆက်ပြောပါတယ်။ ဒီလိုမျိုးအခြေအနေနဲ့ ကြုံတွေ့နေရပေမယ့် ဆီးရီးယားနိုင်ငံ အီဒလစ်က အခြေအနေတွေကိုတော့ ဘယ်သူမှ ဘာမှမလုပ်ကြဘူးလို့ သူက ပြောပါတယ်။

**တူရကီပြည်သူတွေရဲ့မကျေနပ်မှု**

ရုရှားက ကျောထောက်နောက်ခံပြုထားတဲ့ ဆီးရီးယား အစိုးရတပ်ရဲ့ လေကြောင်းကနေ တိုက်ခိုက် မှုကြောင့် တူရကီတပ်ဖွဲ့ဝင်တွေ သေဆုံးပြီးတဲ့နောက်မှာ တူရကီသမ္မတက နယ်စပ်တွေကို ဖွင့်ပေးမယ်ဆိုပြီး ပြောကြားခဲ့တာပဲ ဖြစ်ပါတယ်။ အဲဒီတိုက်ခိုက်မှုကြောင့် တူရကီတပ်ဖွဲ့ဝင် ၃၆ ဦးသေဆုံးပြီး ၃၀ ကျော် ဒဏ်ရာ ရရှိခဲ့ပါတယ်။

ဆီးရီးယားသူပုန်တပ်တွေ ခြေကုပ်ယူထားတဲ့ အီဒလစ်မှာ ပြဿနာတွေ ကြီးထွားလာတဲ့အတွက် တူရကီသမ္မတ အာဒိုဂန်လည်း အကျပ်တွေ့နေရပါတယ်။ ဆီးရီးယား သူပုန်တပ်တွေကို တူရကီအစိုးရက အထောက်အပံ့ပေးနေတာလည်း ဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်လတာအတွင်း တူရကီတပ်ဖွဲ့ဝင် ၅၀ ကျော် သေဆုံးခဲ့ရပြီးပါပြီ။

ဒါကြောင့်လည်း တူရကီပြည်သူတွေဟာ မကျေနပ်မှုတွေ မြင့်တက်လာပါတယ်။ နောက်ပြီး ပြည်တွင်းမှာလည်း စီးပွားရေးအကျပ်အတည်းဘက်ကို ဦးတည်နေတဲ့အချိန်မှာ ဆီးရီးယားဒုက္ခသည်တွေအပေါ် မကျေနပ်မှုတွေ မြင့်တက်လာပါတယ်။

**လိုလားမှာ မဟုတ်**

သမ္မတ အာဒိုဂန်အနေနဲ့ ဒီလိုအကျပ်အတည်းတွေနဲ့ရင်ဆိုင်နေရတဲ့အချိန် ဆီးရီးယားအရေးမှာ ဥရောပနိုင်ငံတွေက သူ့ဘက်ကနေရပ်တည်ပေးဖို့ တောင်းဆိုခဲ့တာပါ။ သူ့ရဲ့တောင်းဆိုမှု လျစ်လျူရှုခံရတယ်လို့ ခံစားလာရတဲ့ အခါမှာတော့ နယ်စပ်တွေ ဖွင့်ပေးဖို့ ဖြစ်လာခဲ့ပါတယ်။

လက်ရှိ ဂရိနယ်စပ်မှာတော့ ရွှေ့ပြောင်းနေထိုင်သူတွေနဲ့ အဓိကရုဏ်း နှိမ်နင်းရေးတပ်ဖွဲ့ဝင်တွေကြား ပဋိပက္ခကြီးမားနေပါတယ်။ ၂၀၁၅ ခုနှစ် ရွှေ့ပြောင်းနေထိုင်သူ အရေးလိုမျိုး ထပ်ဖြစ်လာမှာကိုတော့ ဥရောပကလည်း လိုလားမှာ မဟုတ်ပါဘူး။ ။

ကိုးကား – နယူးယောက်တိုင်းမ်စ်

> “နိုင်ငံအသီးသီးကလာကြတဲ့ ရွှေ့ပြောင်းနေထိုင်သူ ၄၀၀၀ ခန့်မှာ တူရကီဘက်ခြမ်းကနေ ဂရိဘက်ခြမ်းကို ဝင်ရောက်ဖို့ ကြိုးစားနေကြတဲ့ မြင်ကွင်းလည်းဖြစ်ပါတယ်။ လူပေါင်း ၅၀၀ ခန့် ကတော့ နယ်စပ်နှစ်ခုကြားမှာ ပိတ်မိနေပါတယ်။ အချို့သောလူတွေဟာ သူတို့ကို ဖြတ်သန်းခွင့်ပြုဖို့ အော်ဟစ်နေကြတယ်။ အခုအချိန်ထိတော့ ဒီလူတွေဟာ တူရကီနိုင်ငံမှာပဲ ရှိနေသေးပါတယ်”

## နိုင်ငံတကာသတင်းတိုထွာ

### အိန္ဒိယတွင် ကုန်ပစ္စည်းတင်ရထားနှစ်စင်းတိုက်မိရာမှ လူသုံးဦးသေဆုံး

**နယူးဒေလီ မတ် ၁**

အိန္ဒိယနိုင်ငံ မတ်ဒြာပရာဒက်ရှ်သို့ဦးတည်လာသည့် ကုန်တင်ရထားနှစ်စင်း မတ် ၁ ရက်က တိုက်မိရာ လူသုံးဦး ထက်မနည်း သေဆုံးခဲ့သည်ဟု ရဲများက ပြောသည်။

မတ်ဒြာပရာဒက်ရှ်ပြည်နယ် မြို့တော် ဘိုပယ်မှ ကီလိုမီတာ ၆၈၂ အကွာတွင် ရထားတိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လမ်းကြောင်းတစ်ခုတည်းတွင် သွားလာရန် ခွင့်ပြုချက်ရရှိပြီးနောက် အဆိုပါ ရထားနှစ်စင်းမှာ အပြင်းအထန် တိုက်မိကြခြင်းဖြစ်သည်ဟု သိရသည်။

ရထားတိုက်မှုဖြစ်ပေါ်ရသည့်အကြောင်းကို စုံစမ်းစစ်ဆေးရန် အာဏာပိုင်များက ညွှန်ကြားထားသည်။ အိန္ဒိယနိုင်ငံတွင် နေ့စဉ်ရထားအသုံးပြုသည့် ပြည်သူပေါင်း ၂၃ သန်းရှိသည်ဟု သိရသည်။

ဆင်ဟွာ

### တောင်ကိုရီးယားတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၃၅၀၀ ကျော်ရှိလာ

**ဆိုးလ် မတ် ၁**

တောင်ကိုရီးယားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် နောက်ထပ်ကူးစက်ခံရသူ အရေအတွက် ၃၇၆ ဦး ရှိလာသဖြင့် မတ် ၁ ရက်တွင် ကူးစက်ခံရသူ စုစုပေါင်း အရေအတွက်မှာ ၃၅၂၆ ဦးအထိရှိလာပြီဟု တောင်ကိုရီးယားအစိုးရက ပြောကြားခဲ့သည်။

ကူးစက်ခံရသူထဲတွင် ၄၅ ရက်သား ကလေးငယ်တစ်ဦးပါဝင်ပြီး မိခင်မှာလည်း ကူးစက်ခံထားရသည်။ ၎င်းတို့သားအမိနှစ်ဦးစလုံးမှာ ကူးစက်မှုမြင့်မားသည့် ဒယ်ဂူမြို့အနီးမှ ဂရောင်ဆန်းခရိုင်တွင် နေထိုင်ကြသူများဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ကန်ကယောင်းဝှာသည် အမေရိကန်ဒုတိယ နိုင်ငံခြားရေးဝန်ကြီး စတက်ဖန်ဘေဂန်နှင့် ဖုန်းဖြင့်ဆက်သွယ်ကာ စကားပြောကြားခဲ့သည်။

အမေရိကန်သည် တောင်ကိုရီးယားနိုင်ငံ ဒယ်ဂူမြို့ကို အမေရိကန်နိုင်ငံသားများ ခရီးသွားလာမှုမပြုကြရန် သတိပေးချက် ထုတ်ပြန်ထားသည်။ အမေရိကန်နှင့် တောင်ကိုရီးယားတို့သည် လက်ရှိအခြေအနေကို အမြန်ဆုံးတုံ့ပြန်သွားနိုင်ရေး ကြိုးပမ်းနေကြသည်ဟု ကန်ကယောင်းဝှာက ပြောသည်။ အင်န်အိတ်ချ်ကေ

# ပုဂ္ဂလိကကဏ္ဍ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များချမှတ်ခြင်း နှီးနှောဖလှယ်ပွဲကျင်းပ

ပဲခူး မတ် ၁

ပုဂ္ဂလိကကဏ္ဍ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ ချမှတ်ခြင်းနှီးနှောဖလှယ်ပွဲကို ယမန်နေ့က ပဲခူးမြို့ Famous Hotel ခန်းမ၌ ကျင်းပသည်။

နှီးနှောဖလှယ်ပွဲတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက နိုင်ငံ၏လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ချမှတ်ထားပြီး ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ နိုင်ငံ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် public private partnership လုပ်ငန်းများနှင့် ယခုဆွေးနွေးပွဲ၏ရည်ရွယ်ချက်များ အောင်မြင်ရန် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက **(ယာပုံ)** ဝန်ကြီးဌာနအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ(TVET)တွင် ဒေသလိုအပ်ချက်နှင့် ကိုက်ညီပြီး အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၏ Demand နှင့်ကိုက်ညီသော ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများပို့ချ လေ့ကျင့်ရေးကို အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှီးနှောဖလှယ်ပွဲသည် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ပြည်သူလူထုအား ရေရှည်အကျိုးပြုသည့် လုပ်ငန်းများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် အကြံဉာဏ်ကောင်းများရရှိနိုင်ရေး ပူးပေါင်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။



ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်နှင့် ပဲခူးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ယာယီဥက္ကဋ္ဌ ဦးမြင့်သန်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေမျိုးထွန်းက အခြေခံလူသားအရင်းအမြစ်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ရှေ့ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ယာယီဥက္ကဋ္ဌ ဦးမြင့်သန်းက ဒေသအတွင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ကဏ္ဍအလိုက် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပဲခူးတိုင်းဒေသကြီးအတွင်း လိုအပ်နေသည့် သက်မွေးပညာဆိုင်ရာ သင်တန်းများ၊ အစိုးရမှဆောင်ရွက်ပေးနေသော နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ သင်တန်းများနှင့် ဒေသလိုအပ်ချက်ဖြစ်သည့် သင်တန်းများအားအစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သင်တန်းများတွင် ရေရှည်တည်တံ့ဖွံ့ဖြိုးနိုင်မည့် အစီအစဉ်များဖော်ထုတ်နိုင်ရေးအဖွဲ့များအလိုက် ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုရလဒ်များကို တင်ပြကြကာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က နှီးနှောဖလှယ်ပွဲမှ ရရှိလာသော ရလဒ်များ၊ တွေ့ရှိချက်များနှင့် အနာဂတ်အစီအစဉ်များကို အနှစ်ချုပ်တင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘားအံမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဘားအံ မတ် ၁

ကရင်ပြည်နယ် ဘားအံမြို့၌ မြို့တွင်းသန့်ရှင်းသာယာလှပရေး၊ အမှိုက်ကင်းစင်ရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဦးဆောင်၍ MPT မှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းပါဝင်ပြီး ယမန်နေ့က ဆောင်ရွက်ခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ MPT မှ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ဇာသပြင် အဖြောင့်လမ်းတစ်လျှောက်၊ ဘားအံပြည်သူ့ဆေးရုံကြီး ပတ်ဝန်းကျင်နှင့် ကန်သာယာပတ်ဝန်းကျင်ရှိ ပလတ်စတစ်အမှိုက်နှင့် အခြားအမှိုက်သရိုက်များကို စုပေါင်းရှင်းလင်းခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဦးဆောင်၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

## ကယားပြည်နယ်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (လွိုင်ကော်) ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

လွိုင်ကော် မတ် ၁

ကယားပြည်နယ် အစိုးရစက်မှုလက်မှုသိပ္ပံ(လွိုင်ကော်)ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယမန်နေ့က အဆိုပါကျောင်းခန်းမဆောင်၌ ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ပြည်နယ်အတွင်းရှိ လူငယ်များအတွက် မြို့ပြအင်ဂျင်နီယာဘာသာရပ်၊ အီလက်ထရွန်နစ်၊ လျှပ်စစ်စွမ်းအားနှင့် စက်မှုအင်ဂျင်နီယာဘာသာရပ်များကို သင်ကြားပို့ချပေးမည့်ကျောင်းကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်းရှိသက်မွေးပညာရပ်ကို စိတ်ပါဝင်စားသည့် လူငယ်များအနေဖြင့် ကျွမ်းကျင်မှုများ တိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာလိမ့်မည်ဟု ယုံကြည်ကြောင်း၊ ပိုမိုကောင်းမွန်သော နည်းပညာနှင့်သက်မွေးပညာများ တိုးတက်ရေးအတွက် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်နေကြောင်း။



ယခုဖွင့်လှစ်လိုက်သည့် အစိုးရစက်မှု လက်မှု သိပ္ပံ(လွိုင်ကော်)သည် မဟာဗျူဟာမြောက် စီမံကိန်းတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ရေရှည်တည်တံ့အောင်မြင်ရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်၊ နည်းပညာများကို မျက်ခြည်မပြတ်စေဘဲ ဒေသနှင့် ကိုက်ညီပြီး အရည်အသွေးပြည့်သည့် သင်ကြားသင်ယူမှုများ ဖြစ်လာစေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်ကျောင်းသား ကျောင်းသူများက ကျောင်းအတွက် လိုအပ်ချက်များကိုတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများ၊ သက်ဆိုင်ရာအဆင့်ဆင့်သို့ဆက်လက်တင်ပြဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် အစိုးရစက်မှုလက်မှုသိပ္ပံ (လွိုင်ကော်) ကျောင်းဆောင်သစ်ကို ပြည်နယ်ဝန်ကြီးချုပ်ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ အစိုးရစက်မှုလက်မှုသိပ္ပံ(လွိုင်ကော်) ကျောင်းအုပ်ကြီးနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ထွန်းလေး**

## ဖလမ်း၌ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက် ဆန်းစစ်ခြင်းအခမ်းအနား ကျင်းပ

ဖလမ်း မတ် ၁

တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် အခွင့်အရေးများကို သိရှိနိုင်ရန်နှင့် ကာကွယ်စောင့်ရှောက်ရာတွင် နိုင်ငံတော်၏ အခန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်ဆန်းစစ်ခြင်း အခမ်းအနားကို ယမန်နေ့က ဖလမ်းမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်က အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ချင်းပြည်နယ် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနမှ ပြည်နယ်တာဝန်ခံအရာရှိ ဦးထန်မွမ်းခိုင်က ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံသားဥပဒေ၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဥပဒေနှင့် ဆက်စပ်ဥပဒေများပါ တိုင်းရင်းသားအခွင့်အရေးများကို လည်းကောင်း၊ ဖလမ်းခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်လွင်မေသိန်းက ကလေးသူငယ်၊ အမျိုးသမီးနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် လူငယ်ရေးရာမူဝါဒများကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တိုင်းရင်းသားဒေသများ၏ ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက် ဆန်းစစ်ခြင်းစစ်တမ်းမေးခွန်းများကို တက်ရောက်လာကြသူများက ဖြေဆိုကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်လူမှုရေးဝန်ကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စာပေနှင့် ယဉ်ကျေးမှုကော်မတီများမှ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြကြောင်း သိရသည်။

**တလွန်းအာ(ပြန်/ဆက်)**



# အမေရိကန်သံရုံးနှင့် အာရှဖောင်ဒေးရှင်းတို့ပူးပေါင်း၍ စာအုပ်များလှူဒါန်း

**မန္တလေး မတ် ၁**

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးနှင့် အာရှဖောင်ဒေးရှင်းတို့မှ မြန်မာနိုင်ငံ၏ပညာရေးနှင့် စာတတ်မြောက်မှု ပိုမိုအားကောင်းစေရေးအတွက် “Book for Asia” အစီအစဉ်ဖြင့် ပူးပေါင်း၍ စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အမေရိကန် ဂျက်ဖာဆန်စင်တာတွင် ကျင်းပသည်။




ယင်းအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် စာကြည့်တိုက်များမှ တာဝန်ရှိသူများ၊ အမေရိကန်သံရုံး၊ အာရှဖောင်ဒေးရှင်းနှင့် ဂျက်ဖာဆန်စင်တာတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ ပြည်သူ့ရေးရာအရာရှိ Ms. Deborch Lynn က နှုတ်ခွန်းဆက်စကားပြောကြားပြီး TAF မှ မန်နေဂျာ ဒေါ်မီကီကျော်မြင့်က အခမ်းအနားနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြည်သူ့ရေးရာအရာရှိက စာအုပ်များ ပေးအပ်လှူဒါန်းသည်။(ဓာတ်ပုံ)

အမေရိကန်သံရုံးနှင့် မြန်မာအမျိုးသားစာကြည့်တိုက်တို့နှင့်အတူ အာရှဖောင်ဒေးရှင်းသည် စာအုပ်အသစ်များ၊ အရည်အသွေးကောင်းမွန်သည့် စာအုပ်များ၊ အင်္ဂလိပ်ဘာသာဖြင့် ပညာပေးရေးသားထားသော ကလေးစာပေများကို ၂၀၀၇ ခုနှစ်မှ စတင်၍ စာအုပ် ၂၈၀၀၀၀ ကျော်အား မြန်မာနိုင်ငံအနှံ့အပြားရှိ ပညာရေးအဖွဲ့အစည်းများနှင့် စာကြည့်တိုက်များသို့ လှူဒါန်းခဲ့ကာ ယခုအခမ်းအနားတွင် စာအုပ် ၉၁၉၈ အုပ်ကို မန္တလေး၊ မကွေး၊ နေပြည်တော်၊ စစ်ကိုင်း၊ ချင်း၊ ကချင်၊ ကယား၊ ရှမ်းပြည်နယ် စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အဖွဲ့အစည်း ၁၅၂ ဖွဲ့၏ တက္ကသိုလ် ၈၉ ခု၊ အစိုးရကျောင်း ၃၀၊ လူထုစာကြည့်တိုက် ၂၀၊ NGO စာကြည့်တိုက် ၁၃ ခု၊ အစိုးရကိုယ်စားလှယ်၊ နိုင်ငံရေးပါတီ စာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ် လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍ လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၂၉-၂-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီ မှ (၁-၃-၂၀၂၀) ရက်နေ့၊ ညနေ(၆:၀၀)နာရီအထိ စောင့်ကြည့်လူနာအသစ် ထပ်မံမတွေ့ရှိရပါ။ သို့ဖြစ်ပါ၍ စောင့်ကြည့်လူနာနှင့် သံသယလူနာ စုစုပေါင်း (၄၅) ဦးရှိခဲ့ပြီး ၎င်းတို့အားလုံးတွင် COVID-19 ရောဂါပိုးမတွေ့ရှိရကြောင်း သိရှိရပါသည်။ COVID-19 ရောဂါပိုးမတွေ့ရှိရသော်လည်း ဆေးရုံဆင်းခွင့်သတ်မှတ်ချက်အရ ဝေဘာဂီအထူးကုဆေးရုံတွင် (၃) ဦးနှင့် မူဆယ်မြို့ပြည်သူ့ဆေးရုံတွင် (၁) ဦး စုစုပေါင်း လူနာ (၄) ဦးအား ဆက်လက်ထားရှိ ကုသမှုပေးလျက်ရှိပြီး လူနာအားလုံး၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။

၃။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါခံတင်ခွဲ အတည်ပြုလူနာမတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆက်လက်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါကူးစက်ပျံ့နှံ့ဖြစ်ပွားခြင်းများမှ ကာကွယ်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေး အချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# လယ်ဝေးမြို့ သန့်ရှင်းသာယာရေး စုပေါင်းအမှိုက်ကောက်

**လယ်ဝေး မတ် ၁**

နေပြည်တော် လယ်ဝေးမြို့ သန့်ရှင်းသာယာလှပရေးနှင့် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးတို့အတွက် စုပေါင်းအမှိုက်ကောက် လူထုလှုပ်ရှားဆောင်ရွက်မှုကို ယမန်နေ့က အမှတ်(၂) ရပ်ကွက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းရွှေ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်မှုတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းရွှေ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်သူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်္ဂဟဟိုတယ်မန်နေဂျာ ဒေါ်ဝင်းသီတာနှင့် ဝန်ထမ်းများ၊ အမှတ်(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများက အမှတ်(၂) ရပ်ကွက်အတွင်းရှိ အ ထ က (၁) လမ်းနှင့် ဘူတာလမ်းတို့တွင် စုပေါင်းအမှိုက်ကောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရူပဗေဒ)**

# စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**ရန်ကုန် မတ် ၁**




ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဝတ္ထုတိုပေါင်းချုပ် တတိယဆုရရှိသည့် စာရေးဆရာ ကံမြင့်မော်၏ “အရုဏ်ကျင်းလို့ လင်းလုပြီကိုနှင့် အခြားဝတ္ထုတိုများ” စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မုံရွာနယ်သူ ကျေးလက်အညာဈေးသည် တူအရီးနှစ်ယောက်၏ တစ်ဝမ်းတစ်ခါးအတွက် သက်စွန့်ဆံဖျား ဈေးရောင်းထွက်ကြပုံ၊ အလယ်တန်းအထိသာ ပညာသင်ယူခဲ့ရသော်လည်း စက်ဆရာလက်စွဲစာအုပ်ကို ဖတ်ရှုကာ စက်၊ အင်ဂျင်တို့ကို စာတွေ့ဖြင့် အောင်မြင်စွာပြင်နိုင်သည့် ကိုစမ်းရေ၏ဘဝအထွေထွေကို ရယ်စရာ၊ ပျော်ရွှင်စရာ၊ အားကျဖွယ်ရာ၊ အတုယူဖွယ်ရာအဖြစ် ရေးသားတင်ဆက်ထားသည့်အပြင် ညှော်သည်ကိုပင် ငှား၍ ညှော်ခံတတ်ကြသည့် အညာသူ အညာသားတို့၏ စေတနာသဒ္ဓါတရားကောင်းမွန်ပုံနှင့် ရေနံလက်တွင်းတူးရာတွင် တွေ့ကြုံရသည့် ဗဟုသုတများကို ဖတ်ရှုရမည့်အပြင် မူးယစ်ဆေးဝါးသည် ကိုယ်တိုင်မသုံးစွဲသူများကိုလည်း ရက်စက်စွာ ထိခိုက်စေတတ်ပုံတို့ကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးသားထားသည့်အတွက် စာဖတ်သူများ ကြိုက်နှစ်သက်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၁၁၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၆၇-၄၃၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန(ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဝန်းသိုမြို့နယ်တွင် လယ်ယာမြေဧက ၃၃၀ ကျော်အတွက် ကုန်ထုတ်လမ်းဖောက်လုပ်

**ဝန်းသို မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ်တွင် ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထွက်ကုန်၊ ထုတ်ကုန်များကို ကုန်ကျစရိတ်အနည်းဆုံးဖြင့် လျင်မြန်စွာရောက်ရှိစေရန် သယ်ပို့ပေးနိုင်မည့်လမ်းများ ဖြစ်ပေါ်လာစေရေး အောင်းကုန်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းအား ၁၂ ဒသမ ၃၂ သန်းဖြင့် ဖောက်လုပ်လျက်ရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အောင်းကုန်းကျေးရွာ ကုန်ထုတ်လမ်းမှာ အရှည်ပေ ၁၉၀၀၊ အကျယ်ပေ ၁၂ ပေနှင့် ထု ၁ ပေ ၉ လက်မ ဆောင်ရွက်သွားမည်ဖြစ်ကာ ယင်းလမ်းဆောင်ရွက်ပြီးပါက ယင်းလမ်းကို အသုံးပြုကြသော ကျေးရွာကိုးရွာမှ လယ်ယာမြေဧက ၃၃၀ အတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောသည်။

**မွေးကြူဇင်**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၁-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၃၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၃၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၀၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၇၇၀/၈၅၀ | ကျပ် | ၈၃၀/၈၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၇၈၀/၈၆၀ | ကျပ် | ၈၄၅/၈၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၁၀/၇၇၀ | ကျပ် | ၇၈၅/၈၀၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၃၀/၈၈၅ | ကျပ် | ၉၁၀/၉၃၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၈၂ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၈ . ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၄၆ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၀ . ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၃၇ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၅ . ၂၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၉၀၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၈ . ၅၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၀ . ၁၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၅ . ၃၄၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၅၀၈၄ | ၅၈၄၆၆၀၀၀ |
| MTSH | ၃၉၅၀ | ၄၀၀၀ | ၁၅၁၃ | ၆၀၀၂၀၀၀ |
| MCB | ၈၄၀၀ | ၈၂၀၀ | ၁၀ | ၈၃၈၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၉၀ | ၂၀၂၅၀၀၀ |
| TMH | ၂၉၀၀ | ၀ | ၀ | ၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**အာမခံပဋိညာဉ်စာချုပ်များမှ ရရှိငွေများကို လျှော့က်ထားခြင်း**

၁၉၉။ (က) ကုမ္ပဏီသည် တတိယပုဂ္ဂိုလ်အတွက် သူတစ်ပါးထိခိုက်မှုအာမခံကို အာမခံ ကုမ္ပဏီနှင့် အာမခံစာချုပ်ချုပ်ဆိုခဲ့ပြီးနောက် ကုမ္ပဏီကဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကဖြစ်စေ၊ အာမခံကုမ္ပဏီမှ ပေးလျော်သည့် အာမခံကြေးကို လက်ခံရရှိပါက ထိုအာမခံကြေးကို ရရှိနိုင်ရန်အတွက် ကုန်ကျခဲ့သော ကုန်ကျစရိတ်ကို နုတ်ပယ်လျက် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် အဆိုပါ ထိခိုက်နစ်နာသည့် တတိယ ပုဂ္ဂိုလ်ထံပေးရန် တာဝန်များအား ပုဒ်မ ၁၉၆ ပါ အခြားကြွေးမြီများထက် ဦးစားပေး၍ ပေးချေရမည်။

(ခ) အာမခံကုမ္ပဏီက ကုမ္ပဏီသို့ပေးရန် တာဝန်ရှိသော လျော်ကြေးပမာဏသည် ကုမ္ပဏီက ထိခိုက်နစ်နာသည့် တတိယပုဂ္ဂိုလ်ထံပေးရန် တာဝန် ရှိသည့်ပမာဏထက် လျော့နည်းနေပါက ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်သည် ထိုတတိယပုဂ္ဂိုလ်မှရရန် ကျန်ရှိသည့် ငွေအား ရပိုင်ခွင့်အခွင့်အရေးကို ပိတ်ပင်ခြင်းမရှိစေရ။

**ကြွေးမြီနှင့် တောင်းဆိုမှုများကို စီရင်ခြင်း**

**သက်သေခံအထောက်အထားပြသရန် ခွင့်ပြုသည့် ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုများ**

၂၀၀။ (က) စာရင်းရှင်းလင်းဖျက်သိမ်းမှုတိုင်းတွင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ခြင်းမပြုမီ ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် အခြေအနေများနှင့် စပ်လျဉ်း၍ ကုမ္ပဏီကပေးဆပ်ရန်ရှိသည့် ကြွေးမြီများနှင့် တောင်းဆိုမှုများသည် လက်ရှိ သို့မဟုတ် အနာဂတ်အတွက် ဖြစ်သည်၊ တိကျသေချာမှု ရှိသည် မရှိသည်၊ စုံစမ်းပေါ်ပေါက်သည် သို့မဟုတ် နစ်နာကြေးအတွက် ခိုင်လုံသောအနေအထားရှိသည် စသည်တို့ကို သက်သေခံအထောက်အထားအဖြစ် တင်ပြရန် ခွင့်ပြုနိုင်သည်။

(ခ) ကုမ္ပဏီကပေးရန်ရှိသည့် ကြွေးမြီများ သို့မဟုတ် ကုမ္ပဏီအပေါ် တောင်းဆိုမှုများသည် ကုမ္ပဏီစာရင်း ရှင်းလင်းဖျက်သိမ်းခြင်း စတင်ချိန် သို့မဟုတ် စတင်ပြီးနောက်ပိုင်းမှ ပေါ်ပေါက်လျှင် ဖျက်သိမ်းမှုပြုနေသည့် ကုမ္ပဏီနှင့်စပ်လျဉ်း၍ ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုကို သက်သေခံအထောက်အထားအဖြစ် အောက်ပါ အခြေအနေများတွင် တင်ပြခွင့်ပြုနိုင်သည်-

(၁) ပြန်လည်ထူထောင်ရေးဆောင်ရွက်ခဲ့သည့် အချိန် သို့မဟုတ် ကုမ္ပဏီသည် အပိုင်း (၅) သို့မဟုတ် အပိုင်း (၆) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ဆောင်ရွက်နေသည့်အချိန်တွင် အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ခဲ့ခြင်း၊

(၂) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းစေရန် ဆုံးဖြတ်ချက်မချမီ သို့မဟုတ် တရားရုံးက ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းစေသည့် အမိန့်ချမှတ်ခြင်းမပြုမီ တစ်ဆက်တည်းအချိန်တွင် ကုမ္ပဏီသည် ထိုပြန်လည်ထူထောင်ရေးကို ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ဆောင်ရွက်နေဆဲဖြစ်ခြင်း၊

(၃) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် ဆောင်ရွက်နေစဉ်အတွင်း ထိုတောင်းဆိုမှု သို့မဟုတ် တာဝန်ရှိမှုကို ပေးချေခဲ့မှု မရှိခြင်း။

(ဂ) ကုမ္ပဏီတွင်ပါဝင်သူ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတို့က ကုမ္ပဏီသို့ ပေးရန် တာဝန်ရှိသည့် ကြွေးမြီပမာဏအားလုံးကို ကုမ္ပဏီ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပေးချေခြင်း မပြုသေးပါက ယင်းကြွေးမြီနှင့် စပ်လျဉ်းပြီး ကုမ္ပဏီကို ဆန့်ကျင်၍ သက်သေခံ အထောက်အထားတင်ပြခွင့်မပြုရ။

**ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများနှင့် စပ်လျဉ်း၍ သက်သေခံအထောက်အထား တင်ပြခြင်း**

၂၀၁။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မြီရှင်များအားလုံး သို့မဟုတ် တစ်ဦးဦးကို ကုမ္ပဏီအပေါ်ရှိ ၎င်းတို့၏ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို သက်သေထင်ရှားပြသရန် ဆင့်ခေါ်သည့်အခါတွင် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်နှင့်အညီ အဆိုပါ ဆင့်ခေါ်ခြင်းခံရသည့် ထိုမြီရှင်များသည် နည်းဥပဒေများအရ သတ်မှတ်ထားသည့်ပုံစံတွင် ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုနှင့် သက်ဆိုင်သည့် သက်သေခံအထောက်အထားကို သတ်မှတ်ထားသည့် စာရွက်စာတမ်းများ ပူးတွဲလျက် သတ်မှတ်သည့်အချိန်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ၎င်းတို့၏ ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို သက်သေထင်ရှား ပြသစေရမည်။

(ခ) ပုဒ်မခွဲ (က) ပါ မည်သည့်အချက်ကမျှ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဆင့်ခေါ်ခြင်းမရှိသဖြင့် ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုအား သက်သေထင်ရှားပြသခွင့်ကို ပိတ်ပင်ခြင်း မရှိစေရ။ ထို့ပြင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် ပုဒ်မခွဲ (က) အရ သက်သေထင်ရှား ပြသရန် မဆင့်ခေါ်ခဲ့ခြင်းကြောင့် ယင်းကြွေးမြီ သို့မဟုတ် တောင်းဆိုမှုကို ငြင်းပယ်ခြင်း မပြုရ။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီနှင့် စပ်လျဉ်းသည့်ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို ဆုံးဖြတ်ပေးရမည်။

(ဃ) တစ်ဦးတစ်ယောက်၏ ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုတစ်ရပ်နှင့် စပ်လျဉ်း၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ ဤပုဒ်မနှင့်အညီ ဆုံးဖြတ်ချက်ချပြီးနောက်တွင် ထိုသူက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးသို့ လျှောက်ထားနိုင်သည်။

**အပြန်အလှန်သွင်းငွေနှင့် ခုနှိမ်ခြင်း**

၂၀၂။ (က) စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဆောင်ရွက်နေသည့် ကြွေးမြီမပေးဆပ်နိုင်သော ကုမ္ပဏီနှင့် ယင်းကုမ္ပဏီထံမှ ကြွေးမြီရရန်ရှိသူ သို့မဟုတ် တောင်းဆိုမှုတစ်ရပ် ပြုလုပ်ထားသူ ပုဂ္ဂိုလ်တို့အကြား အပြန်အလှန် ငွေပေးသွင်းမှု၊ အပြန်အလှန်ငွေထုတ်ယူမှု သို့မဟုတ် အခြားသော အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုများရှိသည့် အခါတွင်-

(၁) ငွေစာရင်းဆိုသည်မှာ ထိုအပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တစ်ဖက်မှ အခြားတစ်ဖက်သို့ ပေးရမည့်အရာဟု မှတ်ယူရမည်၊

(၂) တစ်ဖက်မှ ပေးချေရမည့်ပမာဏသည် အခြားတစ်ဖက်မှ ပြုလုပ်ပေးရမည့် ပမာဏ တစ်ခုခုမှ ခုနှိမ်ရမည်၊

(၃) ငွေစာရင်း၏ လက်ကျန်ငွေကို ကုမ္ပဏီကပေးရန် သို့မဟုတ် ရရန်ရှိသည်တို့အတွက် သက်သေခံအထောက်အထားအဖြစ် တင်ပြစေနိုင်သည်။

(ခ) လူတစ်ဦးသည် ကုမ္ပဏီသို့ ငွေပေးသွင်းချိန် သို့မဟုတ် ကုမ္ပဏီမှ ငွေရရှိချိန်၌ ကုမ္ပဏီသည် ကြွေးမြီမပေးဆပ်နိုင်သူဖြစ်ကြောင်း သိရှိပြီးဖြစ်လျှင် ထိုသူသည် ဤပုဒ်မအရ ခုနှိမ်ပေးရန် တောင်းဆိုခွင့်မရှိစေရ။

**အချိန်မီ သက်သေထင်ရှားမပြနိုင်သည့်မြီရှင်များကို ဖယ်ထုတ်ရန်အခွင့်အာဏာ**

၂၀၃။ တရားရုံးသည် မြီရှင်များက ၎င်းတို့၏ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို သက်သေထင်ရှားပြရန် အချိန်ကာလ သတ်မှတ်ပေးနိုင်သည်။ သတ်မှတ်ကာလအတွင်း သက်သေထင်ရှားမပြနိုင်လျှင် ယခင်က သက်သေထင်ရှားပြီးဖြစ်သော ကြွေးမြီများကို ခွဲဝေပေးရာတွင် ထိုမြီရှင်အား ဖယ်ထုတ်ရမည်။

**အာမခံအကျိုးခံစားခွင့်ရမြီရှင်က ကြွေးမြီအတွက်သက်သေခံအထောက်အထား တင်ပြခြင်း**

၂၀၄။ (က) ဤပုဒ်မသည် ကြွေးမြီမပေးဆပ်နိုင်သည့် ကုမ္ပဏီတစ်ရပ် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် အာမခံအကျိုးခံစားခွင့်ရှိသော ကြွေးမြီအပေါ် သက်သေခံအထောက်အထားတင်ပြမှုနှင့် သက်ဆိုင်စေရမည်။

(ခ) ကြွေးမြီမပေးဆပ်နိုင်သည့် ကုမ္ပဏီတစ်ရပ် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် အာမခံ အကျိုးခံစားခွင့်ရမြီရှင်သည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေ၏ အခြားသောပြဋ္ဌာန်းချက် သို့မဟုတ် ကြွေးမြီတစ်ရပ်အား သက်သေထင်ရှားပြသခြင်းနှင့် သက်ဆိုင်သည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်မှလွဲ၍ အာမခံအကျိုးခံစားခွင့်ရှိသည့် ကြွေးမြီတစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို အခြားနည်းအားဖြင့် သက်သေခံအထောက်အထား တင်ပြနိုင်ခွင့်မရှိစေရ။

(ဂ) အာမခံအကျိုးခံစားခွင့်ရမြီရှင်သည် ကြွေးမြီနှင့် စပ်လျဉ်းသည့် သက်သေခံအထောက်အထား တင်ပြရာတွင် စာဖြင့်ရေးသား တင်ပြရမည်။

(ဃ) ယေဘုယျအားဖြင့် အာမခံအကျိုးခံစားခွင့်ရမြီရှင်က မြီရှင်များအကျိုးအတွက် ၎င်း၏ အာမခံအကျိုးခံစားခွင့်ကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ စွန့်လွှတ်ပေးအပ်ခဲ့လျှင် အဆိုပါ မြီရှင်သည် အာမခံထားသည့်ကြွေးမြီ၏ ပမာဏတစ်ခုလုံးအတွက် သက်သေခံ အထောက်အထား တင်ပြနိုင်သည်။

(င) အာမခံအကျိုးခံစားခွင့်ရမြီရှင်က အာမခံပစ္စည်းကိုထုခွဲရောင်းချခဲ့ပြီး အဆိုပါ ထုခွဲရောင်းချမှုသည် သဘောရိုးဖြင့် သင့်တော်သည့် နည်းလမ်းများအရ ဆောင်ရွက်ခဲ့ကြောင်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ကျေနပ်လျှင် မြီရှင်သည် ထုခွဲရောင်းချခဲ့ရာမှ ရရှိခဲ့သည့် အသားတင်ပမာဏကို နုတ်ပြီးနောက် ကျန်ရှိသည့် ပမာဏအတွက် သက်သေခံအထောက်အထား တင်ပြနိုင်သည်။

(စ) မြီရှင်သည် အာမခံပစ္စည်းကို ထုခွဲရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းပေးအပ်ခြင်း မပြုရသေးပါက ယင်း၏ တန်ဖိုးကို ခန့်မှန်းတင်ပြနိုင်ပြီး ထိုသို့ခန့်မှန်းထားသည့် တန်ဖိုးကိုနုတ်ပြီးနောက် ကျန်ရှိသည့် ပမာဏအတွက်ကိုသာ သက်သေခံအထောက်အထား တင်ပြနိုင်သည်။

(ဆ) ပုဒ်မခွဲ (စ) အရ ကြွေးမြီအတွက် သက်သေခံအထောက်အထား တင်ပြရာတွင် အာမခံပစ္စည်း၏ အသေးစိတ်အချက်အလက်များနှင့် ခန့်မှန်းတန်ဖိုးပါဝင်ရမည်။

(ဇ) အာမခံအကျိုးခံစားခွင့်ရ မြီရှင်၏ကြွေးမြီအတွက် သက်သေခံအထောက်အထား တင်ပြရာတွင် မြီရှင်သည် အာမခံပစ္စည်း၏ ခန့်မှန်းတန်ဖိုးကိုနုတ်ပြီး ကျန်ရှိသည့် ပမာဏကိုသာ တင်ပြခဲ့ခြင်းဖြစ်ပါက မြီရှင်သည် ခန့်မှန်းတန်ဖိုးကို ပြောင်းလဲပြင်ဆင်ရန် အလို့ငှာ ကြွေးမြီနှင့် စပ်လျဉ်းသည့် သက်သေခံ အထောက်အထားကို နောင်တွင် ပြောင်းလဲပြင်ဆင် တင်ပြနိုင်သည်။

(ဈ) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ပုဒ်မခွဲ (ဇ) အရ ကြွေးမြီသက်သေခံ အထောက်အထားပြင်ဆင်ခဲ့သည့် မြီရှင်သည် ရပိုင်ခွင့်ရှိသည့် ပမာဏထက်ပို၍ ရရှိပါက နှောင့်နှေးမှုမရှိဘဲ ပိုနေသည့်ပမာဏကို စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ပြန်ပေးရမည်။

(ည) ကုမ္ပဏီကိုဖျက်သိမ်းရာတွင် ကြွေးမြီသက်သေခံ အထောက်အထား ပြင်ဆင်ခဲ့သည့် မြီရှင်သည် ထိုပြင်ဆင်ထားသည့် ကြွေးမြီ သက်သေခံအထောက်အထား၏ ပမာဏထက် နည်း၍ ရရှိပါက ဆက်လက်ခွဲဝေမည့် ငွေပမာဏအနက်မှ ထိုလျော့နည်းသည့် ပမာဏကို နောင်လာမည့်ခွဲဝေမှုများ ပြုလုပ်ခြင်းမပြုမီ ဖြည့်စွက်ရပိုင်ခွင့်ရှိသည်။ သို့ရာတွင် မြီရှင်သည် ကြွေးမြီ အထောက်အထား ပြင်ဆင်ချက်မတိုင်မီက ပြုလုပ်ခဲ့သည့် ခွဲဝေမှုတွင် အကျိုးသက်ဆိုင်ခွင့် မရှိစေရ။

(ဋ) အာမခံအကျိုး ခံစားခွင့်ရမြီရှင်က ကြွေးမြီသက်သေခံ အထောက်အထား တင်ပြရာတွင် အာမခံခန့်မှန်းတန်ဖိုး ထုတ်နုတ်ပြီးနောက် ကျန်ရှိသည့် ပမာဏကို တင်ပြခဲ့ခြင်းဖြစ်ပြီး အဆိုပါ အာမခံပစ္စည်းကို ထုခွဲရောင်းချရာ ခန့်မှန်းတန်ဖိုးအတိုင်း ရရှိခဲ့ခြင်း မရှိလျှင် ထိုခန့်မှန်းတန်ဖိုးနေရာ၌ အမှန်တကယ် ရောင်းချခဲ့သည့် အသားတင်ငွေကို အစားထိုးရမည်ဖြစ်ပြီး ထိုဆောင်ရွက်ချက်သည် ပုဒ်မခွဲ (ဇ) နှင့် (ည) တို့အရ ကြွေးမြီ သက်သေခံအထောက်အထား ပြင်ဆင်ခဲ့ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**အာမခံပစ္စည်းများအနက်မှ ဆက်စပ်ဝန်ထမ်းများ၏ ဦးစားပေးမှု အစီအစဉ်**

၂၀၅။ ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြုလုပ် သည် ဖြစ်စေ၊ မပြုလုပ်သည်ဖြစ်စေ ဤပုဒ်မနှင့် သက်ဆိုင်စေရမည် ဖြစ်ပြီး ပုဒ်မ ၁၉၆ ပါ သက်ဆိုင်သည့်ဝန်ထမ်းများက ရရန်ရှိသော ဦးစားပေးရပိုင်ခွင့်များကို အခြားနည်းဖြင့် ပေးချေနိုင်ခြင်းမရှိပါက အာမခံအကျိုးခံစားခွင့်ရှိသူ၏ အာမခံကို ထုခွဲရောင်းချ၍ ရရှိသော အသားတင်ငွေအနက်မှ အဆိုပါ ဝန်ထမ်းများ ရရန်ရှိသောငွေကို အာမခံအကျိုးခံစားခွင့်ရှိသော ပုဂ္ဂိုလ်ထက် ဦးစားပေး၍ ပေးချေရမည်။

**ဝန်ထုပ်ဝန်ပိုးဖြစ်သည့် ပစ္စည်းကို တာဝန်မယူကြောင်း ထုတ်ဖော် ကြေညာခွင့်**

၂၀၆။ (က) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ဝန်ထုပ်ဝန်ပိုးဖြစ်သည့် ပစ္စည်းကို လက်ရောက်ရယူထားခဲ့လျှင် သို့မဟုတ် ရောင်းချရန် ကြိုးစားခဲ့လျှင် သို့မဟုတ် ယင်းပစ္စည်းနှင့် စပ်လျဉ်း ၍ ပိုင်ရှင်၏ အခွင့်အရေးများကို အခြားနည်းဖြင့် အသုံးပြုခဲ့ပြီး ဖြစ်လျှင်ပင် ဤပုဒ်မအရ ဝန်ထုပ်ဝန်ပိုးဖြစ်သည့် ပစ္စည်းတစ်ခုခုကို တာဝန်မယူကြောင်း နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် ပုံစံနှင့်အညီ အကြောင်းကြားစာ ပေးပို့ ငြင်းဆိုနိုင်သည်။

(ခ) ဤပုဒ်မအလို့ငှာ အောက်ပါတို့သည် ဝန်ထုပ်ဝန်ပိုး ဖြစ်စေသော ပစ္စည်းဖြစ်သည်-

(၁) အကျိုးအမြတ်မရှိသော ပဋိညာဉ်စာချုပ်၊

(၂) မရောင်းချနိုင်သော သို့မဟုတ် အလွယ်တကူ ရောင်းချခြင်း မပြုနိုင်သော ကုမ္ပဏီပိုင် ပစ္စည်းများ သို့မဟုတ် ငွေကြေးပေးရန် တာဝန်တင်ရှိလာစေနိုင်သည့် သို့မဟုတ် အခြားဝန်ထုပ်ဝန်ပိုးဖြစ်လာစေသည့် ပြုလုပ်မှုတစ်ခုခု။

(ဂ) ဤပုဒ်မအရ တာဝန်မယူကြောင်း ကြေညာချက်သည်-

(၁) ထိုသို့ ထုတ်ဖော်ကြေညာသည့်နေ့မှစ၍ ကုမ္ပဏီတွင်ရှိမည့် အခွင့်အရေးများ၊ အကျိုးစီးပွားများနှင့် တာဝန်ရှိမှုများသည် ယင်းသို့ ထုတ်ဖော်ကြေညာသည့် ပစ္စည်း သို့မဟုတ် ပစ္စည်းနှင့် ဆက်နွှယ်၍ စတင်အကျိုးသက်ရောက်စေရမည်။

(၂) သို့ရာတွင် ကုမ္ပဏီအား တာဝန်ရှိမှုတစ်ခုခုမှစွန့်လွှတ်ရန် ရည်ရွယ်ချက်အလို့ငှာ လိုအပ်သည့်အခါမှတစ်ပါး အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးများ သို့မဟုတ် တာဝန်ရှိမှုများကို မထိခိုက်စေရ။

(ဃ) အောက်ပါအခြေအနေများတွင် ပစ္စည်းတစ်ခုခုနှင့် စပ်လျဉ်း၍ တာဝန်မယူကြောင်း အကြောင်းကြားစာအား ထုတ်ဆင့် ပေးပို့ခြင်းမပြုရ-

(၁) ပစ္စည်းတွင် အကျိုးသက်ဆိုင်သူသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ၎င်းမတိုင်မီ စာရင်းရှင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သူများထံသို့ စာဖြင့် ရေးသား၍ ၎င်းက တာဝန် ရှိ မရှိ ဆုံးဖြတ်ပေးရန်လျှောက်ထားခဲ့ခြင်း၊

(၂) ဤပုဒ်မအရ ပစ္စည်းတစ်ရပ်နှင့် စပ်လျဉ်းပြီး ထိုသို့လျှောက်ထားမှုကို ပြုလုပ်သည့်နေ့မှ စတင်၍ ၂၈ ရက် ကာလ သို့မဟုတ် တရားရုံးက ထပ်မံတိုးမြှင့်သော အချိန်ကာလကို ကျော်လွန်ကုန်ဆုံးခဲ့သည့်တိုင်အောင် တာဝန်မယူကြောင်း ကြေညာချက်အား ထုတ်ဆင့်မှု မပြုခဲ့ခြင်း။

(င) ဤပုဒ်မအရ တာဝန်မယူကြောင်း ကြေညာချက် ထုတ်ပြန်ခြင်းကြောင့် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုရှိသူ မည်သူ့ကိုမဆို ၎င်းဆုံးရှုံးခဲ့မှု သို့မဟုတ် နစ်နာမှု၏ အတိုင်းအတာတစ်ခုအထိ ၎င်းအား ကုမ္ပဏီ၏ မြီရှင်အဖြစ် မှတ်ယူရမည်ဖြစ်ပြီး ထိုသူ၏ ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရာတွင် သက်သေခံအထောက်အထားအဖြစ် တင်ပြနိုင်သည်။

*စာမျက်နှာ ၁၉ သို့*

*စာမျက်နှာ ၁၈ မှ*

**ငှားရမ်းသည့်ပစ္စည်းအပေါ် တာဝန်မယူကြောင်း ငြင်းဆိုခြင်း**

၂၀၇။ (က) ငှားရမ်းထားသည့် ပစ္စည်းတစ်ခုခုအပေါ် တာဝန်မယူကြောင်း ငြင်းဆိုခြင်းသည် လူမွဲထံမှ ထပ်ဆင့်အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအသီးသီးထံသို့ တာဝန်မယူကြောင်း ငြင်းဆိုချက်မိတ္တူကို ပေးပို့ထားခြင်းမရှိပါက အကျိုးသက်ရောက်မှု မရှိစေရ။

(ခ) ထို့အပြင် ဤပုဒ်မခွဲအရ နောက်ဆုံးငြင်းဆိုချက်မိတ္တူ ပေးအပ်သည့်နေ့မှ ၁၄ ရက်အတွင်း ထိုပစ္စည်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၂၀၉ အရ တင်ပြလျှောက်ထားမှုမရှိပါက အကျိုးသက်ရောက်မှု မရှိစေရ။ သို့ရာတွင် ယင်းကဲ့သို့လျှောက်လွှာကို ပြုလုပ်ပြီးသော်လည်း တာဝန်မယူကြောင်း ငြင်းဆိုခြင်းသည် အကျိုးသက်ရောက်ရမည်ဟု တရားရုံးက ညွှန်ကြားနိုင်သည်။

(ဂ) တရားရုံးက ပုဒ်မ ၂၀၉ ပုဒ်မခွဲ (က) အရ ညွှန်ကြားသည့်အခါ ထိုပုဒ်မအရ ချမှတ်ပေးသည့် အမိန့်အပြင် အငှားချထားခြင်းနှင့်စပ်လျဉ်းသည့် အမြဲစွဲကပ်ထားသည့် ပစ္စည်းများ၊ အိမ်ငှား၏ တိုးတက်အောင်ဆောင်ရွက်မှုနှင့် အငှားချထားမှုမှ ပေါ်ပေါက်လာသည့် အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း အမိန့်ချမှတ်နိုင်သည်။

**တာဝန်မယူကြောင်းငြင်းဆိုခြင်းနှင့်စပ်လျဉ်း၍ တရားရုံး၏ သာမန်အခွင့်အာဏာများ**

၂၀၈။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ပုဒ်မ ၂၀၆ အရ ပစ္စည်းကို တာဝန်မယူကြောင်း ငြင်းဆိုသည်နှင့်တစ်ပြိုင်နက် ဤပုဒ်မနှင့် ပုဒ်မ ၂၀၉ ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

(ခ) တရားရုံးသို့ အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးက လျှောက်ထားနိုင်သည်–

(၁) တာဝန်မယူကြောင်း ငြင်းဆိုသည့်ပစ္စည်းတွင် အကျိုးသက်ဆိုင်မှုရှိသည်ဟု တောင်းဆိုသူ၊

(၂) တာဝန်မယူကြောင်း ငြင်းဆိုသည့်ပစ္စည်းနှင့်စပ်လျဉ်း၍ ကြေညာချက်အရ ကင်းလွတ်ခွင့်ရသည့် တာဝန်မျိုးမဟုတ်သော တာဝန်တစ်ရပ်ရပ် တင်ရှိနေသူ။

(ဂ) တာဝန်မယူကြောင်း ငြင်းဆိုသည့်ပစ္စည်းကို အောက်ပါ ပုဂ္ဂိုလ်တစ်ဦးဦးထံ အပ်နှင်းရန် သို့မဟုတ် လွှဲပြောင်းပေးအပ်ရန်အတွက် ဤပုဒ်မအရ လျှောက်ထားသည့်အခါ တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များသတ်မှတ်၍ အမိန့်ချမှတ်နိုင်သည်–

(၁) ယင်းပစ္စည်းကို ပိုင်ဆိုင်ခွင့်ရှိသူ သို့မဟုတ် ထိုသူ၏ယုံမှတ်အပ်နှံခံရသူ၊

(၂) ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြထားသည့် တာဝန်ရှိမှုကို လိုက်နာရသူ သို့မဟုတ် ထိုသူ၏ ယုံမှတ်အပ်နှံခံရသူ။

(ဃ) တာဝန်မယူကြောင်း ကြေညာချက်နှင့်စပ်လျဉ်းပြီး လိုက်နာရသူတစ်ဦးကို လျော်ကြေးပေးရန် ရည်ရွယ်၍ ပြုလုပ်ပါက တရားမျှတမည်ဟု ထင်မြင်သည်မှတစ်ပါး တရားရုံးသည် ပုဒ်မခွဲ (ဂ) အရ အမိန့်ချမှတ်ခြင်းမပြုရ။

(င) တာဝန်မယူကြောင်း ငြင်းဆိုမှုကြောင့် တစ်ဦးတစ်ယောက် ခံစားရသည့် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှု၏အတိုင်းအတာကို ပုဒ်မ ၂၀၆ ပုဒ်မခွဲ (င) အရ ဆန်းစစ်ရာတွင် ဤပုဒ်မအရ ချမှတ်သည့်အမိန့်တစ်ရပ်၏ အကျိုးသက်ရောက်မှုကို ထည့်သွင်းစဉ်းစားရမည်။

(စ) ဤပုဒ်မအရ ပုဂ္ဂိုလ်တစ်ဦးဦးထံ ပစ္စည်းအပ်နှင်းသည့် အမိန့်ချမှတ်ပါက ပစ္စည်းသည် တရားဝင်လွှဲပြောင်းရောက်ရှိသွားပြီးဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ဥပဒေနှင့်အညီပေးကမ်းခြင်း၊ တာဝန်ပေးခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်ရန် မလိုအပ်စေရ။

**ငှားရမ်းထားသည့်ပစ္စည်းကို တာဝန်မယူကြောင်းငြင်းဆိုခြင်းနှင့် စပ်လျဉ်း၍ တရားရုံး၏ အခွင့်အာဏာများ**

၂၀၉။ (က) အောက်ပါသတ်မှတ်ချက်များ ပြုလုပ်သည်မှတစ်ပါး၊ တရားရုံးသည် ကုမ္ပဏီထံမှ ထပ်ဆင့် အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအသီးသီးထံသို့ အငှားချထားသည့်ပစ္စည်းကို အပ်နှံစေရန် ပုဒ်မ ၂၀၈ အရ အမိန့်ချမှတ်ခြင်းမပြုရ။ ထိုသူသည်–

(၁) စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည့်အချိန်တွင် အငှားစာချုပ်အရ ကုမ္ပဏီက တာဝန်ရှိသည့်အတိုင်း တူညီသောတာဝန်ရှိမှုများ၊ တာဝန်ယူမှုများကို မဆန့်ကျင်စေရ၊

(၂) လိုအပ်ပါက စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည့်အချိန်တွင် အငှားစာချုပ်အား တစ်ဦးတစ်ယောက်ကိုတာဝန်ပေးပါကထိုသူကတာဝန်ရှိလာမည့်တူညီသော တာဝန်ရှိမှုများနှင့် တာဝန်ယူမှုများကို မဆန့်ကျင်စေရ။

(ခ) အငှားစာချုပ်တွင် ပါဝင်သည့်ပစ္စည်းတစ်ခုခု၏ တစ်စိတ်တစ်ဒေသအပေါ်တွင် ပုဒ်မ ၂၀၈ အရ ချမှတ်သောအမိန့်အရ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များသည် အမိန့်နှင့်စပ်လျဉ်းသည့် ပစ္စည်းကိုသာ ပါဝင်သကဲ့သို့ အကျိုးသက်ရောက်သည်။

(ဂ) ပုဒ်မခွဲ (က) နှင့်သက်ဆိုင်ပြီး တစ်ဦးတစ်ယောက်သည် ထိုပုဒ်မခွဲအရလိုအပ်သည့် သတ်မှတ်ချက်များနှင့်အညီချမှတ်သော ပုဒ်မ ၂၀၈ အရ အမိန့်ကို လက်ခံရန်ဆန္ဒ မရှိသည့်အခါ တရားရုံးသည် ထိုပုဒ်မအရ ချမှတ်သည့်အမိန့်ဖြင့် ကုမ္ပဏီပိုင်ပစ္စည်း သို့မဟုတ် ပစ္စည်းအပေါ်တွင် ကုမ္ပဏီ၏ အကျိုးသက်ဆိုင်ခွင့်အား အငှားစာချုပ်ရှိ ငှားရမ်းသူ၏ သဘောတူညီချက်ကို ဆောင်ရွက်ရန် တာဝန်ရှိသူတစ်ဦးဦးကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်အနေဖြင့်ဖြစ်စေ ဆောင်ရွက်စေနိုင်ပြီး ယင်းသို့ဆောင်ရွက်ရာတွင် တစ်ဦးတည်းဖြစ်စေ၊ ကုမ္ပဏီနှင့်ပူးတွဲ၍ဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။

(ဃ) ကုမ္ပဏီကြောင့်ဖြစ်ပေါ်လာသည့်ပစ္စည်းများ၊ အခွင့်အရေးများ၊ တာဝန်များနှင့် အကျိုးခံစားခွင့်များအားလုံးမှ ကင်းလွတ်စေလျက် အဆိုပါပစ္စည်းနှင့် ယင်းအပေါ်အကျိုးခံစားခွင့်ကို တရားရုံးသည် ထိုသူထံသို့ အပ်နှင်းနိုင်သည်။

(င) ပုဒ်မခွဲ (က)နှင့်သက်ဆိုင်ပြီး ကုမ္ပဏီကိုအမှီပြု၍ ထပ်ဆင့်အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအနေဖြင့် တောင်းဆိုနေသူမည်သူမဆို ပုဒ်မ ၂၀၈ အရ ချမှတ်သည့် အမိန့်ကိုလက်ခံရန် ငြင်းဆိုသည့်အခါ ထိုသူအား ပစ္စည်းတွင်ရှိသည့် အကျိုးခံစားခွင့်အားလုံးမှ ဖယ်ထုတ်စေရမည်။

**တရားရုံးက ပဋိညာဉ်စာချုပ်များကို ပယ်ဖျက်ခြင်း**

၂၁၀။ (က) ကုမ္ပဏီနှင့် ပဋိညာဉ်စာချုပ်တစ်ရပ်ချုပ်ဆိုပြီး ထိုစာချုပ်အရ အကျိုးအမြတ် ခံစားခွင့်ရှိသူကဖြစ်စေ သို့မဟုတ် ထိုစာချုပ်ကြောင့် တာဝန်တင်ရှိနေသူကဖြစ်စေ လျှောက်ထားလာပါက တရားရုံးသည် ပဋိညာဉ်အတိုင်းဆောင်ရွက်ရန် ပျက်ကွက်ခြင်းအတွက် နစ်နာကြေးပေးစေရန် ဖြစ်စေ၊ တရားမျှတသည်ဟု ယူဆသော နည်းလမ်းဖြင့်ဖြစ်စေ စည်းကမ်းချက်များ သတ်မှတ်လျက် ပဋိညာဉ်စာချုပ်အား ပယ်ဖျက်စေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) အထက်ပါ အမိန့်အရ တစ်ဦးတစ်ယောက်အား ပေးအပ်ရမည့် နစ်နာကြေးကို ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ပေးချေရမည့်ကြွေးမြီတစ်ရပ်ဖြစ်ကြောင်း ထိုသူက သက်သေထင်ရှားပြသနိုင်သည်။

**အပြီးသတ် စာရင်းရှင်းလင်းခြင်းနှင့်ဖျက်သိမ်းခြင်း**

**ကုမ္ပဏီဖျက်သိမ်းခြင်းမပြုမီ နောက်ဆုံးအစည်းအဝေး**

၂၁၁။ (က) ကုမ္ပဏီ၏ကိစ္စရပ်များအား အပြည့်အဝ စာရင်းရှင်းလင်းဖျက်သိမ်းပြီးသည်နှင့် တစ်ပြိုင်နက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မည်သို့ဆောင်ရွက်ခဲ့သည်နှင့် ကုမ္ပဏီ၏ပစ္စည်းကို မည်သို့ အပြီးသတ်စီမံခန့်ခွဲခဲ့သည်ကို ဖော်ပြသည့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စာရင်းကို ပြုစုပြီးနောက် ရှင်းလင်းတင်ပြရန် ကုမ္ပဏီ၏ မြီရှင်များ အစည်းအဝေး သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဖြစ်ပါက ကုမ္ပဏီတွင် ပါဝင်သူများ၏ အစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

(ခ) အစည်းအဝေးကျင်းပပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် မှတ်ပုံတင်အရာရှိထံ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စာရင်း၏မိတ္တူကို လည်းကောင်း၊ အစည်းအဝေးမှတ်တမ်းကိုလည်းကောင်း ပေးပို့ရမည်။ အစည်းအဝေး အထမြောက်ရန် လိုအပ်သော အနည်းဆုံး တက်ရောက်သူ အရေအတွက်မပြည့်မီပါက ထိုစာရင်းနှင့်အတူ လိုအပ်သောအရေအတွက်မပြည့်မီကြောင်း အတည်ပြုဖော်ပြသည့် စာကိုလည်း ပူးတွဲပေးပို့ရမည်။

**ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းခြင်းနှင့် ကုမ္ပဏီအားပြန်လည်တည်ရှိစေခြင်း**

၂၁၂။ (က) ဤပုဒ်မသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မှတ်ပုံတင်အရာရှိထံ ပုဒ်မ ၂၁၁ ပုဒ်မခွဲ (ခ) တွင် ပြဋ္ဌာန်းပါရှိသည့် အချက်အလက်များ ပေးပို့သည့်ကိစ္စနှင့် သက်ဆိုင်စေရမည်။

(ခ) ပုဒ်မခွဲ (က) အရပေးပို့သော အချက်အလက်များရရှိသည်နှင့် တစ်ပြိုင်နက် မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စာရင်းတွင် ရေးသွင်းရမည်။ ထိုသို့ မှတ်ပုံတင်ပြီးသည့်နေ့မှ ၃ လ ပြည့်မြောက်သည့်နေ့တွင် ကုမ္ပဏီသည် အပြီးသတ်ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) သို့သော် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ အကျိုးသက်ဆိုင်သူဟု တရားရုံးက ထင်မြင်ယူဆသူကဖြစ်စေ လျှောက်ထားလာပါက တရားရုံးသည် ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသည့်ရက်ကို ရွှေ့ဆိုင်းရန် အမိန့်ချမှတ်နိုင်သည်။

(ဃ) အခြားအကျိုးသက်ဆိုင်သူမှ လျှောက်ထားလာပါက တရားရုံးသည် ကုမ္ပဏီ မှတ်ပုံတင်ရုံးတွင် အပြီးသတ်ဖျက်သိမ်းပြီးဖြစ်သည့် ကုမ္ပဏီအား ပြန်လည်အသက်သွင်းသည့် အမိန့်ကိုသင့်လျော်သည့် စည်းကမ်းချက်များသတ်မှတ်လျက် ချမှတ်နိုင်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကိုလည်း ခန့်ထားနိုင်သည်။

(င) အဆိုပါတရားရုံး၏ အမိန့်မိတ္တူကို အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း မှတ်ပုံတင်အရာရှိထံ ပေးပို့ရန်တာဝန်သည် ထိုအမိန့်ချမှတ်ပေးစေရန် လျှောက်ထားသူ၏ တာဝန်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ်တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

**ဆောလျင်စွာ ဖျက်သိမ်းခြင်း**

၂၁၃။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရာ၌ ကုန်ကျခဲ့သည့်စရိတ်များအား ပေးချေရန် ကုမ္ပဏီသည် လုံလောက်သည့် ထုခွဲရောင်းချနိုင်သော ပစ္စည်းများမရှိဟု ကုမ္ပဏီ၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိကဖြစ်စေ သို့မဟုတ် ပုဒ်မ ၁၆၈ အရ ခန့်အပ်သော တရားဝင် ပစ္စည်းထိန်းကဖြစ်စေ ထင်မြင်ယူဆလျှင် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီအား ဆောလျင်စွာ ဖျက်သိမ်းရန်အတွက် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားခြင်းမပြုမီ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ သို့မဟုတ် တရားဝင် ပစ္စည်းထိန်းသည် ထိုသို့ လျှောက်ထားရန် ရည်ရွယ်ကြောင်းကို ကုမ္ပဏီ၏ မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများထံ ၁၄ ရက်ထက်နောက်မကျစေဘဲ ကြိုတင်အကြောင်းကြားရမည်။ ကုမ္ပဏီမှ ပစ္စည်းထိန်းခန့်ထားပါက ထိုပစ္စည်းထိန်းထံသို့ အကြောင်းကြားရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ အကြောင်းကြားလျှင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် တရားဝင် ပစ္စည်းထိန်းသည် ကုမ္ပဏီနှင့် စပ်လျဉ်း၍ ပုဒ်မခွဲ (က) အရ လျှောက်ထားရန် တာဝန်မှလွဲ၍ ကုမ္ပဏီ၊ မြီရှင်နှင့် ကြွေးမြီဆပ်ရသူများနှင့် စပ်လျဉ်း၍ ၎င်းထမ်းဆောင်ရမည့်တာဝန်များ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဃ) ပုဒ်မခွဲ (က) အရ ပေးပို့သော လျှောက်ထားချက်ကို လက်ခံရရှိသည်နှင့် တစ်ပြိုင်နက် မှတ်ပုံတင်အရာရှိသည် ယင်းစာကို မှတ်ပုံတင် စာရင်းရေးသွင်းရမည်ဖြစ်ပြီး ထိုသို့ ရေးသွင်းပြီးသည့်နေ့မှ ၃ လ ကုန်ဆုံးသည့်နေ့တွင် ကုမ္ပဏီသည် အပြီးသတ်ဖျက်သိမ်းပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(င) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ကုမ္ပဏီ၏မြီရှင်တစ်ဦးဦး သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူ သို့မဟုတ် ပစ္စည်းထိန်း မည်သူမဆို ပုဒ်မခွဲ (ခ) အရ အကြောင်းကြားစာပေးပို့ပြီးပါက တရားရုံးမှ အောက်ပါညွှန်ကြားသည့်အမိန့်များ ရရှိနိုင်ရန် လျှောက်ထားနိုင်သည်–

(၁) ပုဒ်မခွဲ (ခ) အရ အကြောင်းကြားစာပေးပို့ခဲ့ခြင်း မရှိဘိသကဲ့သို့ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်း နိုင်စေရန်အတွက် သတ်မှတ်ညွှန်ကြားခြင်း၊

(၂) ကုမ္ပဏီအပြီးသတ်ဖျက်သိမ်းခြင်း စတင်အကျိုး သက်ရောက်မည့်နေ့ကို ရွှေ့ဆိုင်းကြောင်း ညွှန်ကြားခြင်း။

(စ) ပုဒ်မခွဲ (ဃ) ပါ ကာလကျော်လွန်သော်လည်း အကျိုးသက်ဆိုင်သူက လျှောက်ထားလာလျှင် တရားရုံးသည် သင့်လျော်သည့် စည်းကမ်းချက်များ သတ်မှတ်လျက် ကုမ္ပဏီအား ကုမ္ပဏီများ မှတ်ပုံတင်စာရင်းတွင် ပြန်လည်အသက်သွင်းသည့်အမိန့်အား ချမှတ်နိုင်သည့်အပြင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကိုလည်း ခန့်ထားနိုင်သည်။

(ဆ) ကုမ္ပဏီနှင့်စပ်လျဉ်း၍ ညွှန်ကြားသည့်အမိန့်ချမှတ်ခဲ့ပါက ထိုအမိန့်ချမှတ်ပေးရန် လျှောက်ထားခဲ့သူသည် အမိန့်ချမှတ်သည့်နေ့မှစ၍ အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း အမိန့်မိတ္တူကို မှတ်ပုံတင်အရာရှိထံ မှတ်ပုံတင်နိုင်ရန်အတွက် ပေးပို့ရမည်။

(ဇ) ပုဒ်မခွဲ(ဆ)ပါပြဋ္ဌာန်းချက်ကိုခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လိုက်နာရန် ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ်တစ်သိန်းထက် မပိုသည့် ဒဏ်ကြေးငွေကို တပ်ရိုက်ရမည်။

**အခန်း (၈)**

**စာရင်းရှင်းလင်းဖျက်သိမ်းစဉ်နှင့် ယင်းမတိုင်မီအလွဲသုံးစားပြုခြင်း ကုမ္ပဏီများနှင့် ကုမ္ပဏီအရာရှိများကို ပြစ်ဒဏ်ချမှတ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုအရေးယူခြင်း၊ အတုအပပြုလုပ်မှု၊ လိမ်လည်မှုအတွက် ပြစ်မှုများ**

**စာရင်းရှင်းလင်းဖျက်သိမ်းရန်ရည်ရွယ်၍ လိမ်ညာမှုပြုလုပ်ခြင်း**

၂၁၄။ (က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းနေပါက ကုမ္ပဏီ၏ ယခင်က သို့မဟုတ် လက်ရှိအရာရှိ မည်သူမဆို စာရင်းရှင်းလင်းဖျက်သိမ်းမှုစတင်ခြင်းမပြုမီ ၁၂ လ ကာလအတွင်း အောက်ပါတစ်ရပ်ရပ်ကို ဆောင်ရွက်ခဲ့လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်–

(၁) နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် ပမာဏထက် ကျော်လွန်သော ကုမ္ပဏီ၏ ပိုင်ဆိုင်မှုအစိတ်အပိုင်း တစ်ခုခုကို လိမ်လည်လိုသောသဘောဖြင့် ရွှေ့ပြောင်းခဲ့ခြင်း သို့မဟုတ် ကုမ္ပဏီမှပေးရန်နှင့် ရရန်ရှိသောကြွေးမြီ တစ်ရပ်ရပ်ကို ဖုက်သိမ်းထားခဲ့ခြင်း သို့မဟုတ်

(၂) ကုမ္ပဏီပိုင်ပစ္စည်း သို့မဟုတ် ကိစ္စရပ်များအပေါ် သက်ရောက်မှုရှိသော သို့မဟုတ် ဆက်စပ်သော စာအုပ်စာတမ်းများအား ဖုက်သိမ်းထားခြင်း၊ ဖျက်ဆီးခြင်း၊ ပိုင်းခြားခွဲဝေခြင်း၊ ပုံသဏ္ဌာန်ပျက်ယွင်းစေခြင်း၊ လိမ်လည်အတုပြုလုပ်ခြင်း၊ သို့မဟုတ် မှတ်တမ်းများတွင် လိမ်လည်စာရင်းသွင်းခြင်း၊

(၃) တစ်စုံတစ်ဦးမှ ထိုသို့ဆောင်ရွက်နေသည်ကို သိလျက်နှင့် ပါဝင်ဆောင်ရွက်ခြင်း။

*ဆက်လက်ဖော်ပြပါမည်*

# အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
နေပြည်တော်
၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ( ၂၆ ) ရက်
၂၀၁၉-၂၀၂၀ ပညာသင်နှစ်
အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာခြင်း

၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်းကြေညာအပ်ပါသည်-

*ယမန်နေ့မှအဆက်*

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၀ ပြည့်နှစ်၊ အဋ္ဌမတန်းလူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၃၁ | မောင်သန့်ဇင်လင်း | အထက(၁)ကလော | ကလော | တောင်ကြီး |
| ၁၃၂ | မောင်အံ့ထူးအောင် | အထက(၃)ညောင်ရွှေ | ညောင်ရွှေ | တောင်ကြီး |
| ၁၃၃ | မပန်းအိဖြူ | အထက(၂)ဖယ်ခုံ | ဖယ်ခုံ | တောင်ကြီး |
| ၁၃၄ | နန်းဟွမ်ပွေး | အလက-လေ့ကျင့်ရေး | တောင်ကြီး | တောင်ကြီး |
| ၁၃၅ | စိုင်းထက်ဝေယံ | အထက(၃)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၆ | မောင်ရန်နိုင် | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၇ | မအိအိရွှန်းဝေ | အလက(ခွဲ)(၃)ရပ်ကွက် | နမ့်စန် | လွိုင်လင် |
| ၁၃၈ | မနန်းအေးမြတ်နန္ဒာ | အထက-မိုင်းနောင် | ကျေးသီး | လွိုင်လင် |
| ၁၃၉ | မောင်သန့်ကျော်ဇင် | အထက-တုန်ဟုန်း | မိုးနဲ | လင်းခေး |
| ၁၄၀ | နန်းနှင်းသူလှိုင် | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၁ | မောင်ရဲရင့်အောင် | ထ(ခွဲ)လ(၈) | လားရှိုး | လားရှိုး |
| ၁၄၂ | စိုင်းခေးလူ | အထက(၁) တန့်ယန်း | တန့်ယန်း | လားရှိုး |
| ၁၄၃ | မဖူးရွှေစင်နိုင် | အထကကွမ်းလုံ | ကွမ်းလုံ | လားရှိုး |
| ၁၄၄ | မယုနဒီအောင် | ထ(ခွဲ)လ(၈) | လားရှိုး | လားရှိုး |
| ၁၄၅ | မောင်အောင်မြင့်မြတ် | အထက(၁) | နောင်ချို | ကျောက်မဲ |
| ၁၄၆ | မောင်ကောင်းမြတ်မင်း | အထက(၂) | နမ္မတူ | ကျောက်မဲ |
| ၁၄၇ | မခင်လင်းသက် | အထက(၂) | မိုးမိတ် | ကျောက်မဲ |
| ၁၄၈ | မခြူးမြတ်စန္ဒီ | အထက(၄) | ကျောက်မဲ | ကျောက်မဲ |
| ၁၄၉ | မောင်မိုင်းညီညီအေး | အောင်(ကပက) | မူဆယ် | မူဆယ် |
| ၁၅၀ | မမိုးပွင့်ဖြူ | အထက(၂) | မူဆယ် | မူဆယ် |
| ၁၅၁ | မောင်ဟံသာအောင်တင် | အထက(၄) ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မောင်အောင်ကောင်းထက် | အထကမိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၃ | မချောမြတ်နိုးခင် | အထက(၄) ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၄ | မနန်းစံဖွေးနွံ | အထကမိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၅ | မောင်စွမ်းသိန်း | အထက-မိုင်းဖြတ် | မိုင်းဖြတ် | တာချီလိတ် |
| ၁၅၆ | မခင်နှံ့သာခိုင် | အထက-တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၅၇ | မောင်စိုင်းဇော်ထွန်းလင်း | အထက(ခွဲ)လ(၂) | မိုင်းဆတ် | မိုင်းဆတ် |
| ၁၅၈ | မလှဲ့လှဲ့ဝင်း | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၅၉ | မောင်မင်းမင်းစိုး | စိန်ဂွန်း (ကပက) | ပုသိမ် | ပုသိမ် |
| ၁၆၀ | မောင်ရဲထွဋ်အောင် | မြန်ပြည်သားကောင်း(ကပက) | ကျုံပျော် | ပုသိမ် |
| ၁၆၁ | မအိမ့်ရတနာ | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၂ | မပိုင်ဖြူဖြူကို | အထက(၁)ကျုံပျော် | ကျုံပျော် | ပုသိမ် |
| ၁၆၃ | မောင်သီဟထွဋ် | အထက(၁) | မြန်အောင် | ဟင်္သာတ |
| ၁၆၄ | မောင်ကောင်းဇင်သူ | အထက(၁) | ကြံခင်း | ဟင်္သာတ |
| ၁၆၅ | မဇူးဇူးဇံ | အလက(၃) | ဟင်္သာတ | ဟင်္သာတ |
| ၁၆၆ | မဆုနှင်းသဇင်အောင် | အထက(၁) | မြန်အောင် | ဟင်္သာတ |
| ၁၆၇ | မောင်သုတ | အထက(၁) | မြောင်းမြ | မြောင်းမြ |
| ၁၆၈ | မစိန်ဆုရတီ | အထက(၁) | မြောင်းမြ | မြောင်းမြ |
| ၁၆၉ | မောင်မင်းခေတ် | အထက(၁) | လပွတ္တာ | လပွတ္တာ |
| ၁၇၀ | မယူလင်းလက် | အထက(၁) | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၇၁ | မောင်သော်လင်းထက် | ထ(ခွဲ)အလက(၁) | မအူပင် | မအူပင် |
| ၁၇၂ | နမ့်မေမီပြည်စိုး | အထက(၁) | ပန်းတနော် | မအူပင် |
| ၁၇၃ | မောင်ကောင်းထွဋ်ဟန် | အထက(၁) | ဘိုကလေး | ဖျာပုံ |
| ၁၇၄ | မအိပြငြိမ်းချမ်းမိုး | အထက(၄) | ဖျာပုံ | ဖျာပုံ |
| ၁၇၅ | မောင်ဉာဏ်ထက်လင်း | အထက(၅) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၇၆ | မထက်သီရိအောင် | အထက(၂) | ပျဉ်းမနား | ဒက္ခိဏ |
| ၁၇၇ | မောင်သံစစ် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၈ | မမြသိင်္ဂါကြွယ် | အထက(၁) | တပ်ကုန်း | ဥတ္တရ |

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၀ ပြည့်နှစ်၊ နဝမတန်းလူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၂၆ | မရွှေပြည့်လျှံဦး | အထက(၂) | သန်လျင် | တောင်ပိုင်း |
| ၁၂၇ | မောင်အောင်ခန့်ဟိန်း | အထက(၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၂၈ | မောင်ဆက်နိုင်အောင် | အောင်ကောင်းစံ(ကပက) | အင်းစိန် | မြောက်ပိုင်း |
| ၁၂၉ | မနန်းဇေရီလှိုင် | အထက-ဝါးနက်ချောင်း | မှော်ဘီ | မြောက်ပိုင်း |
| ၁၃၀ | မသွန်းပိုးရတီ | အထက(၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၃၁ | မောင်မြတ်မင်းသန့် | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၂ | မောင်ညီထူးလွင် | ECE (ကပက) | ရပ်စောက် | တောင်ကြီး |
| ၁၃၃ | မသိမ့်နှင်းစံ | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၄ | မမေပီတိအောင် | ကမ္ဘောဇ (ကပက) | ကလော | တောင်ကြီး |
| ၁၃၅ | မောင်ထန်ရှန်းဟောင် | အထက(၁)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၃၆ | မောင်ပြည့်ဖြိုးကျော် | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၇ | မနန်းမိုမိုအွန်စော | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၈ | မရွှေနွယ်ဝင်း | အထက(၃)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၉ | စိုင်းဟန်ဝမ်းလျန်း | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၀ | နန်းရွက်ဆိုင်စံ | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၁ | မောင်ပြည့်ဖြိုးမင်း | အထက(၁) လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၂ | စိုင်းလောဝ်ဆိုင် | အကယ်ဒမီ (ကပက) | တန့်ယန်း | လားရှိုး |
| ၁၄၃ | မမေဇင်ဖူး | အထက(၁) လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၄ | မနန်းငွေနှင်းဖြူ | အထက-ဟိုပန် | ဟိုပန် | လားရှိုး |
| ၁၄၅ | မောင်ညီဖြိုးထက် | WVEC(ကပက) | နောင်ချို | ကျောက်မဲ |
| ၁၄၆ | မောင်ခန့်ယုဆွေ | အထက(၁) | ကျောက်မဲ | ကျောက်မဲ |
| ၁၄၇ | မခွန်းဆင့်နေခြည် | အထက(၁) | မိုးမိတ် | ကျောက်မဲ |
| ၁၄၈ | မဒီသိမ့်သိမ့်ထွဋ်စံ | အမေ့အိမ်(ကပက) | နမ့်ဆန် | ကျောက်မဲ |
| ၁၄၉ | မောင်ဇော်ခွန်အောင် | ထူးချွန်(ပညာမြေ)(ကပက) | ကွတ်ခိုင် | မူဆယ် |
| ၁၅၀ | မမြတ်စုမွန် | ထူးချွန်(ပညာမြေ)(ကပက) | ကွတ်ခိုင် | မူဆယ် |
| ၁၅၁ | မောင်စိုင်းညီညီဦး | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မောင်ဇော်ထိပ်ခေါင် | အထက(ခွဲ) မိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၃ | မဖူးပွင့်မြတ်ဇော် | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၄ | မနန်းခင်စန္ဒာအောင် | အထက(ခွဲ) မိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၅ | မောင်ပြေမိုး | အထက-တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၅၆ | မကလဲရာ | အထက-ဟိုနား | မိုင်းဖြတ် | တာချီလိတ် |
| ၁၅၇ | မောင်မိုးမြင့်အောင် | အထက(ခွဲ)လ(၂) | မိုင်းဆတ် | မိုင်းဆတ် |
| ၁၅၈ | မခိုင်မာမြင့် | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၅၉ | မောင်ပြည့်ပြည့်ပိုင် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၀ | မောင်သန့်ဇင်ဖြိုး | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၆၁ | မထက်ရွှေဝင်းသန်း | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၂ | မဇာလီလင်းနိုင် | မြန်ပြည်သားကောင်း(ကပက) | ကျုံပျော် | ပုသိမ် |
| ၁၆၃ | မောင်ဇေယျာထွန်း | ဂုဏ်ထူးပန်းခင်း(ကပက) | ဟင်္သာတ | ဟင်္သာတ |
| ၁၆၄ | မောင်ဟိန်းစစ်နိုင် | အထက(၁) | မြန်အောင် | ဟင်္သာတ |
| ၁၆၅ | မမိုးစန္ဒာဌေး | အထက-ချင်းမြောင် | ကြံခင်း | ဟင်္သာတ |
| ၁၆၆ | မသန့်သန့်ထက် | ကြယ်တံခွန်(ကပက) | ဟင်္သာတ | ဟင်္သာတ |
| ၁၆၇ | မောင်ခန့်မင်းထက် | အထက(၁) | မြောင်းမြ | မြောင်းမြ |

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၆၈ | မဆုလှဲ့ဝတီ | အထက(၁) | မြောင်းမြ | မြောင်းမြ |
| ၁၆၉ | မောင်သန့်သူအောင် | အထက(၁) | လပွတ္တာ | လပွတ္တာ |
| ၁၇၀ | မနှင်းအိရွှေ | အထက(၃) | လပွတ္တာ | လပွတ္တာ |
| ၁၇၁ | မောင်ဘုန်းလရောင်ထွန်း | အထက(၁) | မအူပင် | မအူပင် |
| ၁၇၂ | မခင်ဘုန်းမွန် | ထ(ခွဲ)အလက(၁) | မအူပင် | မအူပင် |
| ၁၇၃ | မောင်အောင်သူရနိုင် | အထက(၁) | ဖျာပုံ | ဖျာပုံ |
| ၁၇၄ | မဆုပြည့်စုံထွန်း | အထက(၁) | ဘိုကလေး | ဖျာပုံ |
| ၁၇၅ | မောင်သန့်ဇင်ဝိုင်း | ပညာပန်းတိုင်(ကပက) | ပျဉ်းမနား | ဒက္ခိဏ |
| ၁၇၆ | မမေဇင်သန့် | အထက(၅) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၇၇ | မောင်ဇော်မင်းနိုင် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၈ | မမေဆင်းသစ် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၀ ပြည့်နှစ်၊ ဒသမတန်းလူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၂၅ | မမြတ်သီရိသူ | အထက(၂) | သန်လျင် | တောင်ပိုင်း |
| ၁၂၆ | မသိဂီသန့် | အထက(၁) | သုံးခွ | တောင်ပိုင်း |
| ၁၂၇ | မောင်သန့်စည်သူ | အထက(၁) | ရွှေပြည်သာ | မြောက်ပိုင်း |
| ၁၂၈ | မောင်ဂျွန်ကိုကို | ပန်းတိုင်(ကပက) | လှိုင်သာယာ | မြောက်ပိုင်း |
| ၁၂၉ | မဆွေဇင်အောင်သင်း | ကောင်းစုစံ(ကပက) | ရွှေပြည်သာ | မြောက်ပိုင်း |
| ၁၃၀ | မသဲမွန်သိမ့် | အထက(၂) | အင်းစိန် | မြောက်ပိုင်း |
| ၁၃၁ | ခွန်ရှင်းသန့် | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၂ | မောင်ဝင်းပြည့်ထွန်း | အထက-ပင်းတယ | ပင်းတယ | တောင်ကြီး |
| ၁၃၃ | မရွှန်းလဲ့မောင် | DNNA (ကပက) | တောင်ကြီး | တောင်ကြီး |
| ၁၃၄ | မအေးချမ်းပြည့် | အထက-ဆီဆိုင် | ဆီဆိုင် | တောင်ကြီး |
| ၁၃၅ | စိုင်းဝဏ္ဏထူး | အထက(၃)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၆ | မောင်အောင်မွန်ခန့် | အထက-ခိုလန် | နမ့်စန် | လွိုင်လင် |
| ၁၃၇ | နန်းဟွမ်နွမ်း | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၈ | မနွေးနွေးဇင်မြင့်သူ | အထက(၂)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၃၉ | စိုင်းဆိုင်စွမ်ခေး | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၀ | နန်းဟွမ်နွံ | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၁ | မောင်ခင်မောင်ထွေး | နေခြည် (ကပက) | လားရှိုး | လားရှိုး |
| ၁၄၂ | မောင်အိုက်မွန်းဆွန် | အထက-ဟိုပန် | ဟိုပန် | လားရှိုး |
| ၁၄၃ | မခိုင်ခိုင်မင်းဦး | အထက(၇) လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၄ | နန်းဖွေးဆိုင် | အကယ်ဒမီ (ကပက) | တန့်ယန်း | လားရှိုး |
| ၁၄၅ | မောင်ဖွဲ့ထက်ဝင်း | အထက(၁) | နမ့်ဆန် | ကျောက်မဲ |
| ၁၄၆ | မောင်ဘုန်းသစ် | အထက(၁) | မိုးမိတ် | ကျောက်မဲ |
| ၁၄၇ | မရတနာ | အမေ့အိမ်(ကပက) | နမ့်ဆန် | ကျောက်မဲ |
| ၁၄၈ | မဆုမြတ်နိုး | အထက(၂) | မိုးမိတ် | ကျောက်မဲ |
| ၁၄၉ | မောင်တိုးကိုကိုကျော် | အထက(၂) မူဆယ် | မူဆယ် | မူဆယ် |
| ၁၅၀ | မမြတ်သဥ္ဇာနိုင် | ကျော် (ကပက) | မူဆယ် | မူဆယ် |
| ၁၅၁ | မောင်ဝင်းမင်းအောင် | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မောင်ဖြိုးဝေအောင် | အထက-မိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၃ | မရှင်မင်းသွယ် | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၄ | မဆာဘီးနာ | အထက-မိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၅ | မောင်စိုင်းလုံနော်ခမ်း | အထက-တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၅၆ | မကျောင်းနံယူးနန်ထွယ်အောင် | အထက-ဟိုနား | မိုင်းဖြတ် | တာချီလိတ် |
| ၁၅၇ | မနာမီးဝင်း | အထက-မိုင်းတုံ | မိုင်းတုံ | မိုင်းဆတ် |
| ၁၅၈ | မောင်ကျယော်ခမ်း | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၅၉ | မောင်ထွဋ်မင်းခန့် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၆၀ | မောင်ကျော်ဇင်ထက် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၁ | မကြည်ဖြူဟန်ရှိန် | ရောရတနာ (ကပက) | ပုသိမ် | ပုသိမ် |
| ၁၆၂ | နန့်ဆုမွန်ဝတ်ရည်ကျော် | မြန်ပြည်သားကောင်း(ကပက) | ကျုံပျော် | ပုသိမ် |
| ၁၆၃ | မောင်လင်းသစ်ခန့် | အထက(၁) | ကြံခင်း | ဟင်္သာတ |
| ၁၆၄ | မောင်မင်းခန့်သော် | အထက(၁) | မြန်အောင် | ဟင်္သာတ |
| ၁၆၅ | မသံသာသင်း | အထက(၁) | ကြံခင်း | ဟင်္သာတ |
| ၁၆၆ | မခိုင်ငြိမ်းသန့် | အထက(၁) | မြန်အောင် | ဟင်္သာတ |
| ၁၆၇ | မောင်ဝေမင်းဟန် | အထက(၁) | ဝါးခယ်မ | မြောင်းမြ |
| ၁၆၈ | မဆုနှင်းထွဋ် | အထက(၁) | မြောင်းမြ | မြောင်းမြ |
| ၁၆၉ | မောင်ပိုင်ဖြိုးသစ်အောင်မိုး | အထက(၁) | လပွတ္တာ | လပွတ္တာ |
| ၁၇၀ | မသက်ဝေဖူး | အထက(၁) | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၇၁ | မောင်အေးချမ်းအောင် | အထက(၁) | မအူပင် | မအူပင် |
| ၁၇၂ | မစန္ဒီမျိုးမင်း | အထက(၁) | မအူပင် | မအူပင် |
| ၁၇၃ | မောင်ဘုန်းပြည့်စုံ | အထက(၁) | ဘိုကလေး | ဖျာပုံ |
| ၁၇၄ | မဖြူဖြူမြင့် | အထက(၄) | ဖျာပုံ | ဖျာပုံ |
| ၁၇၅ | မောင်စိုင်းမျိုးမင်းခန့် | ပညာပန်းတိုင် (ကပက) | ပျဉ်းမနား | ဒက္ခိဏ |
| ၁၇၆ | မဝင့်ဝါကျော်စိုး | အထက(၅) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၇၇ | မောင်စည်သူသက်ဟိန်း | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၈ | မကြယ်စင်လင်း | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |

# မြင်းခြံမြို့နယ်တွင် မြေလတ်အိမ်ရာစီမံကိန်း ပထမဆုံးစတင်အကောင်အထည်ဖော် ဆောင်ရွက်

**မြင်းခြံ မတ် ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့တွင် မြို့နယ်စည်ပင် သာယာရေးအဖွဲ့နှင့် ဝင်းနုဝင်းကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့် မြေလတ်အိမ်ရာစီမံကိန်းကို ပထမဆုံး စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြေလတ်အိမ်ရာ စီမံကိန်းကို မြင်းခြံ-ပုဂံညောင်ဦး လမ်းဘေးတွင် ရှိသောမြေနေရာတွင် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး အဆောက်အအုံတစ်လုံးတွင် ၃၂ ခန်းပါရှိပြီး အဆောက်အအုံ ၁၀ လုံး ဆောက်လုပ်မည်ဖြစ်ကြောင်း၊ နေထိုင်သူများအဆင်ပြေစေရန် အဆင့်မြင့်နည်းပညာများ ၊ အရည်အသွေးမြင့်ပစ္စည်းများဖြင့် ငလျင်ဒဏ်ခံနိုင်မှုစနစ်များ ထည့်သွင်းတည်ဆောက်ထားကြောင်း၊ အပေါ်ထပ်များတွင် နေထိုင်သူများအတွက် အမှိုက်ပစ်ရန်ပိုက်လုံးများ၊ အရေးပေါ်လှေကားများကိုလည်း တပ်ဆင်ဆောက်လုပ်ထားကြောင်း၊ ရေကူးကန်၊ ကလေးကစားကွင်း၊ ကားပါကင်၊ အားကစားခန်းမ၊ ဈေးဝယ်စင်တာနှင့် အနားယူအပန်းဖြေနိုင်သော ပန်းခြံများလည်းပါရှိကြောင်း တာဝန်ယူဆောက်လုပ်လျက်ရှိသည့် ကုမ္ပဏီမှ တာဝန်ရှိသူများထံက သိရသည်။

အဆိုပါ စီမံကိန်းသည် မြင်းခြံမြို့တွင် ပထမဆုံးဆောင်ရွက်သည့် လုပ်ငန်းဖြစ်ပြီး တိုးတက်များပြားလာသော လူဦးရေတို့ ကိုယ်ပိုင်အခန်းများဖြင့် လူနေမှုအဆင့်အတန်းမြင့်မားစွာ နေထိုင်နိုင်စေရန်နှင့်ဒေသဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဆောက်လုပ်ထားကြောင်း သိရသည်။



မြေလတ်အိမ်ရာစီမံကိန်းပုံစံငယ်

**ဇော်မင်းနိုင်(မြင်းခြံ)**

## ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာများတွင် သောက်သုံးရေဖူလုံစွာရရှိရေး စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိ

**နေပြည်တော် မတ် ၁**

နေပြည်တော် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လူထုဗဟိုပြုစီမံကိန်း (စတုတ္ထနှစ်စက်ဝန်း) ရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာတွင် စက်ရေတွင်းများ တူဖော်ပေးလျက်ရှိရာ ယမန်နေ့က သစ်လေးကျေးရွာအုပ်စု သစ်လေးလုံးကျေးရွာ စက်ရေတွင်းတူဖော်နေမှုလုပ်ငန်းကို မြို့နယ်လူထုဗဟိုပြုစီမံကိန်းမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဇော်နှင့် အဖွဲ့ဝင်များက သစ်လေးလုံးကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်းရန်ပုံငွေဖြင့် အနက်ပေ ၃၂၀ ရှိစက်ရေတွင်းတူးဖော်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကိုကွင်းဆင်းကြည့်ရှုပြီး သက်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်လုပ်ကိုင်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**စိုးမိုးအောင်(ပြန်/ဆက်)**

## ကံမမြို့နယ်တွင် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

**ကံမ မတ် ၁**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်း နွေရာသီကာလ၌ သောက်သုံးရေရှားပါးသည့် ကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေရရှိရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာ၌ သရက်ချောင်းကျေးရွာနှင့်တောင်ပို့နီကျေးရွာတို့တွင် မြေသားမိုးရေလှောင်ကန်တူးဖော်ပေးခြင်း၊ ဂျင်းရဲကျေးရွာ၊ လိန်တုန်းကျေးရွာ၊ ဇီးဖြူကွင်းကျေးရွာ၊ ဒဂုံကွင်းကျေးရွာ၊ သစ်မယ်ဇီကျေးရွာနှင့်ပြောင်ကျကျေးရွာများတွင် အသုံးပြုလျက်ရှိသည့် မြေသားမိုးရေလှောင်ကန်များကို ပြုပြင်မွမ်းမံပေးခြင်း၊ သမ္ဘာရာရွာသစ်နှင့်ကရင်စုကျေးရွာတို့တွင် စက်ရေတွင်းတူးဖော်ပေးခြင်းနှင့် ကျွဲတလင်းကျေးရွာတွင် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်စေပြီး မြစ်ရေတင်စနစ်ဖြင့် အိမ်အရောက်ပို့ ရေပိုက်လိုင်းများ သွယ်တန်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရရှိန်ထံက သိရသည်။

**ကျော်ဇေယျာဝင်း(ကံမ)**

# ယခုနှစ်ဆန်းပိုင်းမှစ၍ မြန်မာ့ပင်လယ်ပြင်တွင် ရေသယံဇာတရှားပါးမှု နော်ဝေနိုင်ငံနှင့်ပူးပေါင်း၍ သုတေသနလုပ်ငန်းများ လုပ်ဆောင်မည်

**ရန်ကုန် မတ် ၁**

၂၀၂၀ နှစ်ဆန်းပိုင်းမှစ၍ မြန်မာ့ပင်လယ်ပြင်တွင် ငါးကြီးများ ဖမ်းဆီးရမိမှု လျော့နည်းလျက်ရှိပြီး ဈေးကွက်မဝင်သော ငါးသေးများသာ ကျန်ရှိ၍ ပင်လယ်ပြင် ငါးဖမ်းစက်လှေများအနေဖြင့် ယခင်က မကြုံဖူးသော ရေသယံဇာတ ရှားပါးမှုကို နှစ်လခန့် ရင်ဆိုင်ကြုံတွေ့နေရသောကြောင့် နော်ဝေနိုင်ငံနှင့် ပူးပေါင်း၍ ပင်လယ်ပြင်အတွင်း သုတေသနလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်က မြန်မာ့ပင်လယ်ပြင်၌ မုတ်သုန်ကာလ မတိုင်မီနှင့် မုတ်သုန်ရာသီ နောက်ပိုင်းတွင် သုတေသန လုပ်ငန်းများကို နော်ဝေနိုင်ငံနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပြီး ရရှိသောအဖြေအပေါ် အတည်ပြုနိုင်ရန် ၂၀၂၀ ခုနှစ်တွင်လည်း သုတေသနလုပ်ငန်းများကို ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့ပင်လယ်ပြင်မှာ ငါးကြီး ငါးကောင်းတွေ ရှားသွားပါပြီ။ ငါးသေး ငါးမွှားတွေပဲ ကျန်နေတယ်ဆိုတာကလည်း ငါးကြီးတွေမစားလို့ ကျန်နေတာလို့ ယူဆလို့ရပါတယ်။ သုတေသနလုပ်ငန်းမှာ ငါးကြီး ရှားပါးလာမှုအပြင် ပင်လယ်ပြင်မှာ ပလတ်စတစ်အမှိုက်တွေ ပေါများလာတာကိုလည်း တွေ့လာရတယ်။ ဒါကြောင့် ငါးလုပ်ငန်းဦးစီးဌာန တစ်ခုတည်းမဟုတ်ဘဲ မြိတ်တက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်တွေနဲ့ နော်ဝေနိုင်ငံ ပူးပေါင်းပြီး ငါးမျိုးစိတ်တွေနဲ့ ပင်လယ်ပြင် အခြေအနေတွေကို သိရှိဖို့ ဆက်လက်ပြီး သုတေသနပြုသွားမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဒေါက်တာဒေါ်ယဉ်ယဉ်မိုးက ပြောသည်။

မြန်မာ့ ပင်လယ်ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများကို လက်ရှိဆောင်ရွက်နေသော ပုံစံထက် အရှိန်မြှင့်တင် ဆောင်ရွက်ခြင်းဖြင့် ရေရှည်ငါးဖမ်းဆီးနိုင်မည်ဖြစ်ပြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့သာမက သက်ဆိုင်ရာ ပင်လယ်ငါးဖမ်းအသင်းများ၊ လုပ်ငန်းရှင်များနှင့် ပညာရှင်များပါဝင်၍ တွေ့ဆုံဆွေးနွေးကြခြင်းဖြင့် မြန်မာ့ပင်လယ်ပြင်၌ ရေသယံဇာတများ ထူးခြားသိသာစွာ လျော့နည်းသွားမှုကို အဖြေရှာဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က "တစ်နိုင်ငံလုံး ငါး၊ ပုစွန်စတဲ့ ရေသယံဇာတကို ဘယ်လို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်မလဲဆိုတာ ဆွေးနွေးပြီး ရလဒ်အတိုင်း လိုက်နာဆောင်ရွက်မယ်ဆိုရင် အချိန်မီနိုင်ပါသေးတယ်။ ယခင်နှစ်တွေက ဒီရာသီတွေမှာ ငါးဖမ်းလို့ရတယ်၊ ဒီနှစ်မှာ ဖမ်းလို့မရဘူး၊ ပျောက်သွားတယ်၊ ငါးတွေ ဘာကြောင့် လျော့နည်းသွားလဲဆိုတာကတော့ အကြောင်းအမျိုးမျိုးရှိနိုင်တယ်"ဟု ပြောသည်။

ကမ်းနီး ကမ်းဝေး ငါးဖမ်းဆီးရာတွင် နှစ်စဉ်ဇွန်၊ ဇူလိုင်၊ ဩဂုတ် သုံးလကို ငါးမဖမ်းဆီးရရာသီအဖြစ် တားမြစ်ထားပြီး ပင်လယ်ပြင်၌ ငါးမျိုးစိတ်ပေါက်ဖွားမှု အချိန်ကာလများ မတူညီသော်လည်း ငါးအများဆုံးပေါက်ဖွားသော ရာသီကို သုတေသနပြု ဆန်းစစ်၍ ငါးမဖမ်းရရာသီကို ပြန်လည်သတ်မှတ်ခြင်းဖြင့် ပင်လယ်ပြင် ရေသယံဇာတကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်သည်။

၁၉၇၉-၁၉၈၀ ခုနှစ်က မြန်မာ့ပင်လယ်ပြင်ရှိ ငါး၊ ပုစွန် သယံဇာတနှင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ရေသယံဇာတ ဆန်းစစ်ချက်များအရ ရေပေါ်ငါး ၁၀ ရာခိုင်နှုန်းနှင့် ရေအောက်ငါး ၃၃ ရာခိုင်နှုန်းသာ ကျန်ရှိတော့သလို ယခု ၂၀၂၀ နှစ်ဆန်းပိုင်းတွင် ငါးကြီးများ ဖမ်းဆီးရမိမှု မရှိတော့ခြင်းသည် ပင်လယ်ပြင်သုတေသနလုပ်ငန်းများကို မြန်ဆန်စွာလုပ်ကိုင်ရန် လိုအပ်လာခြင်းဖြစ်ကြောင်း အချက်ပြမှုတစ်ခုသည်။

"ဇန်ဝါရီလကစပြီး ငါးတွေ လုံးဝမမိတော့ဘူး။ စိုးရိမ်ဖွယ်ဖြစ်အောင် ငါးတွေ နည်းသွားပြီလို့ ဖမ်းဆီးနေတဲ့သူတွေက ပြောတယ်။ အခု ကြုံတွေ့နေရတာက ပင်လယ်ပြင်သာမက ရေချိုပိုင်းမှာလည်း ငါးရှားလာပေမယ့် ရေချိုမှာ ငါးသားပေါက်ကနေ ပြန်မွေးလို့ရသေးတယ်။ ရေသယံဇာတတွေ လျော့နည်းပျောက်ကွယ်လာတာကို ဒီနေ့ ပင်လယ်ပြင်က သံချောင်းခေါက် အချက်ပြလိုက်တာပါပဲ။ ကုသတဲ့နည်းတွေနဲ့ ပြန်လည်ထိန်းသိမ်းဖို့ လိုအပ်ပါတယ်"ဟု ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ရန်ကုန်မြစ်အတွင်း ဆိုက်ကပ်ရပ်နားထားသော ငါးဖမ်းစက်လှေများ

မြန်မာ့ပင်လယ်ပြင်၌ ၁၉၈၉ ခုနှစ်က ငါးဖမ်းစက်လှေ ၇၀၀ ကျော်ရှိပြီး ယခုအချိန်တွင် အစီးရေ ၃၀၀၀ ကျော်ဖြင့် ဖမ်းဆီးလျက်ရှိကာ ၂၈၃၂ ကီလိုမီတာရှည်သော မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် ပင်လယ်ပြင်ငါးဖမ်းကွက် အရေအတွက်မှာလည်း ယခင်က ၁၄၀ ကျော် ရှိခဲ့ရာမှ ယခုအခါ ၁၂၀ ကျော်သာ ကျန်ရှိတော့ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်(ရန်ကုန်)မှ သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# မြန်မာ့ပင်လယ်ပြင်တွင် ငါး၊ ပုစွန် ဖမ်းဆီးရရှိမှု သိသိသာသာ ကျဆင်းနေ

**ရန်ကုန် မတ် ၁**

မြန်မာ့ပင်လယ်ပြင်တွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ နောက်ပိုင်းမှစတင်ပြီး ယနေ့အချိန်အထိ ငါးနှင့် ပုစွန် ဖမ်းဆီးရရှိမှု သိသိသာသာ ကျဆင်းလာနေကြောင်း မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်စိုးက "၂၀၁၉ ခုနှစ် ငါးမဖမ်းရ ရာသီမှာ ငါးဖမ်းခွင့် သုံးလ ပိတ်လိုက်တယ်။ စက်တင်ဘာလမှာ ပြန်ဖမ်းတယ်။ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ သုံးလမှာ ငါးဖမ်းဆီးရရှိမှုက တော်တော် အခြေအနေကောင်းတယ်။ ဒီဇင်ဘာလအဝင်ကစပြီး ငါးနဲ့ ပုစွန် ဖမ်းဆီးရရှိမှု လျော့နည်းလာတယ်။ အဓိက ရခိုင်ပင်လယ်ပြင်မှာ ပိုပြီးလျော့နည်းခဲ့တယ်။ ဒီဇင်ဘာလ နောက်ပိုင်းမှာတော့ မြန်မာ့ပင်လယ်ပြင်တစ်ခုလုံး ငါး၊ ပုစွန် ဖမ်းဆီးရရှိမှုက သိသိသာသာ လျော့နည်းလာခဲ့တယ်။ ကျွန်တော် ငါးဖမ်းတဲ့ နှစ်ပေါင်း ၄၀၊ ၅၀ အတွင်း အတွေ့အကြုံအရ ပြောရရင် ဒီလို ငါး၊ ပုစွန် သိသိသာသာလျော့နည်းသွားတာ တစ်ခါမှ မတွေ့ဖူးဘူး"ဟု ပြောသည်။

နိုင်ငံတော်အနေဖြင့် ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရ ဇရိယာများကို နှစ်အလိုက် ရာခိုင်နှုန်းသတ်မှတ် ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဇွန် ၁ ရက်မှစ၍ ဩဂုတ် ၃၁ ရက်အထိ မြန်မာ့ပင်လယ်ပြင်အတွင်း ပင်လယ်ကမ်းဝေး ငါးဖမ်းခွင့်ကို ရာနှုန်းပြည့် ပိတ်ပင်တားမြစ်ခဲ့ပြီး စက်တင်ဘာလတွင် ပြန်လည်၍ ငါးဖမ်းခွင့်ပေးချိန်တွင် ပင်လယ်ပြင် ငါးဖမ်းဆီးရရှိမှု သိသိသာသာ တိုးတက်ခဲ့သော်လည်း ယခုအခါ ပြန်လည်ကျဆင်းလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းကြိုင် က "ဒီဇင်ဘာနောက်ပိုင်းမှာ ပင်လယ်ငါး အထိအမိ(ဖမ်းဆီးရမိမှု) ထူးထူးကဲကဲ လျော့သွားတယ်။ ငါးတို့ ပုစွန်တို့ ပင်လယ်ပြင်မှာ ပျောက်သလောက် ဖြစ်သွားပြီ။ ငါးသယံဇာတ ထိန်းသိမ်းရေးအနေနဲ့ ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လ အဲဒီ သုံးလကို ငါးမဖမ်းရရာသီဆိုပြီး ပြီးခဲ့တဲ့နှစ်က စပြီး ၁၀၀ ရာခိုင်နှုန်း လျှော့ချလိုက်ပြီး ဩဂုတ်လကုန်မှာ ပြန်ဖွင့်တော့ စက်တင်ဘာ၊ အောက်တိုဘာနဲ့ နိုဝင်ဘာလတွေမှာ ငါးအထိအမိ အလွန်ကောင်းတယ်။ ပိတ်ထားတာကို ပြန်ဖွင့်လိုက်တော့ ငါးအထိအမိ အလွန်ကောင်းပြီး ဝယ်တဲ့သူတွေ တောင် မနိုင်တော့ဘူး။ အချို့ငါးတွေဆို ငါးခြောက်၊ ငါးပိလုပ်တဲ့အထိ ဖြစ်သွားခဲ့တယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "နိုဝင်ဘာလ နောက်ပိုင်းမှာတော့ မြန်မာပင်လယ်ပြင်မှာ ငါးတွေ၊ ပုစွန်တွေ လျော့သွားတယ်။ အခုကတော့ အဆိုးဆုံး အခြေအနေတစ်ခုကို ရောက်နေပြီလို့ သိရတယ်။ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းကရော၊ တခြားလုပ်ငန်းရှင်တွေကရော ပြောပြကြတယ်။ ငါးဖမ်းရာသီ စပြီးဖွင့်တုန်းက အထိအမိကနှစ်လခွဲလောက် ကောင်းသော်ငြားလည်း တဖြည်းဖြည်း လျော့နည်းလာခဲ့တာ ဒီဇင်ဘာလကစပြီး ဇန်နဝါရီ တစ်လလုံး ငါးအထိအမိ ထူးထူးကဲကဲ အရင်နှစ်တွေနဲ့ မတူအောင် လျော့ကျသွားလို့ နားမလည်နိုင်အောင်တောင် ဖြစ်နေကြတယ်။ ဘာကြောင့် ငါးသယံဇာတတွေ လျော့သွားတာလဲ၊ ရာသီဥတုကြောင့်လား၊ ဘယ်လိုအကြောင်းအချက်တွေကြောင့်လဲဆိုတာ သုတေသနတောင် လုပ်သင့်တယ်လို့ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းက ပြောနေပါတယ်"ဟု ဆက်ပြောပြသည်။

မြန်မာ့ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ကမ်းဝေးငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေကြသည့် စက်လှေ အစီးရေ ၃၀၀၀ ခန့် ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ကမ်းဝေးငါးဖမ်းစက်လှေ အစီး ၉၀၀ ခန့်ရှိကြောင်း ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

**မင်းသစ်(MNA)**

# စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ နေပြည်တော်၌ကျင်းပ

**နေပြည်တော် မတ် ၁**

စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ သုတေသနပညာရှင်များနှင့် ကျွမ်းကျင်ပညာရှင်များအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ချမှတ် အကောင်အထည်ဖော်လျက်ရှိသည့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ၏ မျှော်မှန်းချက်များနှင့် လိုက်လျောညီထွေမှုရှိသည့် သုတေသနနှင့် နည်းပညာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အဆိုပါ သုတေသနနှင့် နည်းပညာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၏ ထပ်ဆင့်ရလဒ်များနှင့် ချက်ချင်းရလဒ်များကို တိုင်းတာနိုင်မည့် အချက်အလက်များ စောင့်ကြည့် စိစစ် အကဲဖြတ်ခြင်းများ ဆောင်ရွက်ရာတွင် တိုင်းတာနိုင်မည့် ညွှန်းကိန်းများ ကိုက်ညီမှုကို စစ်ဆေးရန်အတွက် ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကို ဖေဖော်ဝါရီ နောက်ဆုံးပတ်က နေပြည်တော် စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပခဲ့သည်။



ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဌာနစုတာဝန်ခံများ၊ စီမံကိန်းတာဝန်ခံများနှင့် သုတေသနပညာရှင်များ တက်ရောက်ခဲ့ကြပြီး သက်ဆိုင်ရာဌာနစု၊ လုပ်ငန်းစုများအလိုက် သုတေသနလုပ်ငန်းများအပေါ် တိုင်းတာနိုင်မည့် ညွှန်းကိန်းများ(Indicator) ကိုက်ညီမှု ရှိ/ မရှိကိုလည်းကောင်း၊ ထပ်မံဖြည့်စွက်လိုသည့် အချက်အလက်များကိုလည်းကောင်း ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ချမှတ်ထားသော မဟာဗျူဟာသည် ဌာန၏ အနာဂတ်မျှော်မှန်းချက်များဖြစ်သည့် စားနပ်ရိက္ခာနှင့် အာဟာရပြည့်ဝဖူလုံရေး၊ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်စေရေး၊ လယ်ယာကုန်သွယ်ရေး ယှဉ်ပြိုင်နိုင်စွမ်းနှင့် တောင်သူလယ်သမားတို့၏ ရပိုင်ခွင့်များ ရရှိစေခြင်းနှင့် ပိုမို ခိုင်မာစေရေးတို့အတွက် အခြေခံအုတ်မြစ်များနှင့် မဏ္ဍိုင်များ တည်ဆောက်၍ စိုက်ပျိုးရေးကဏ္ဍ တိုးတက်မှုကို ကောင်းမွန်သော (၁)စီမံအုပ်ချုပ်မှု၊ (၂)ကုန်ထုတ် စွမ်းအားနှင့် (၃)ယှဉ်ပြိုင်နိုင်စွမ်းအားရှိမှု စသည့် မဟာဗျူဟာ မဏ္ဍိုင်သုံးရပ်ဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မေမိုးသဲ**

# ပျားမွေးမြူခြင်းဖြင့် တောင်သူလယ်သမားများ၏ သီးနှံအရည်အသွေးနှင့် ထွက်နှုန်း ပိုမိုကောင်းမွန်နိုင်

**မုံရွာ မတ် ၁**

ပျားမွေးမြူရေးကြောင့် စိုက်ပျိုးပင်များနှင့် သဘာဝပေါက်ပင်များ၏ ဝတ်မှုန်ကူးခြင်းကို ပိုမိုဖြစ်ထွန်းစေပြီး သီးနှံအထွက်နှုန်းလည်း ပိုမိုတိုးတက်စေနိုင်ကြောင်းနှင့် မြန်မာနိုင်ငံ၌ ခေတ်မီပျားမွေးမြူရေး စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပျားရည်နှင့် ပျားထွက်ပစ္စည်းများ ရရှိရုံသာမက စိုက်ပျိုးသီးနှံများ နှစ်ဆမှ ၁၀ ဆအထိ အထွက်နှုန်းတိုးရန်လည်း ရည်ရွယ်ချက်ပါရှိကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်စိုးက စစ်ကိုင်းတိုင်းဒေသကြီးတွင် ပျားမွေးမြူသူဦးရေ ၃၁၇ ဦးရှိပြီး ပျားအုံအရေအတွက် ၈၉၆၉၅ အုံကို မွေးမြူလျက်ရှိကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က ပျားရည် ၂၆၅၅ မက်ထရစ်တန် ထွက်ရှိခဲ့ကြောင်း၊ ပျားများသည် ဝတ်မှုန်ကူးခြင်းကို ဆောင်ရွက်ပေးသဖြင့် တောင်သူများအတွက် သီးနှံများ ပိုမိုထွက်ရှိစေပြီး သီးနှံအရည်အသွေးကိုလည်း ပိုမိုကောင်းမွန်စေနိုင်ကြောင်း၊ ပျားမွေးမြူခြင်းသည် တွင်းထွက်သတ္တုများ တူးဖော်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေခြင်းမရှိသည့်အပြင် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကိုပါ ထိန်းသိမ်းပေးကြောင်း ပြောကြားသည်။

ပျားမွေးမြူရေးသည် စိုက်ပျိုးရေးကို အကျိုးပြုသဖြင့် တောင်သူများအနေဖြင့် စိုက်ပျိုးရေးနှင့်ပူးတွဲ၍ အကျိုးရှိစွာ လုပ်ဆောင်နိုင်ပြီး ပျားများကြောင့် စိုက်ပျိုးသီးနှံပင်များ အောင်မြင်စွာ ဝတ်မှုန်ကူးခြင်းဖြင့် သီးနှံများ ကြီးထွားအောင်မြင် အထွက်နှုန်းကောင်းမွန်၍ ဝင်ငွေတိုးစေနိုင်သကဲ့သို့ ပျားရည်၊ ပျားဖယောင်း၊ ပျားကော် စသည့် ပျားထွက်ပစ္စည်းများကြောင့်လည်း အပိုဝင်ငွေ ထပ်မံရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။


**မွေးကြူဇင်**



# ဆင်းကတ်မှတ်ပုံတင်ခြင်းကို လွယ်ကူစွာလုပ်ဆောင်နိုင်မည့် နည်းလမ်းများကို MPT က ထုတ်ပြန်အသိပေးထား

**ရန်ကုန် မတ် ၁**

ဖုန်းသုံးစွဲသူများအနေဖြင့် ဧပြီလကုန် နောက်ဆုံးထား၍ မိမိတို့၏ ဆင်းကတ်များကို မှတ်ပုံတင်ကြရန် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာပြီးနောက် MPT ၏ ဆင်းကတ်များကို သုံးစွဲနေသူများအနေဖြင့် မိမိတို့၏ဆင်းကတ်များကို မိမိတို့၏အမည်ဖြင့် မှတ်ပုံတင်ထားခြင်းဟုတ်မဟုတ် စစ်ဆေးရန်နှင့် ဆင်းကတ်မှတ်ပုံတင်ခြင်းကို အွန်လိုင်းမှတစ်ဆင့် လွယ်ကူစွာ လုပ်ဆောင်နိုင်ရန် နည်းလမ်းများကို MPT က ပြုလုပ်ပေးထားကြောင်း သိရသည်။



MPT4U အက်ပလီကေးရှင်းဖြင့် ဆင်းကတ်မှတ်ပုံတင်ခြင်း နမူနာပုံ

ဆင်းကတ်ကို မိမိတို့အမည်ဖြင့် မှတ်ပုံတင်ထားခြင်းဟုတ်မဟုတ် စစ်ဆေးရန်အတွက် MPT သုံးစွဲသူများအနေဖြင့် *601# သို့ ခေါ်ဆို၍ စစ်ဆေးနိုင်သည့် နည်းလမ်း အပါအဝင် အခြားနည်းလမ်းများစွာကို MPT က ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

ထိုသို့ စစ်ဆေးပြီးနောက် မှတ်ပုံတင်ထားခြင်းမရှိလျှင် သို့မဟုတ် မှတ်ပုံတင်ထားသည့်အမည် မမှန်ကန်ခဲ့လျှင် ဆင်းကတ်မှတ်ပုံတင်ခြင်းကို လွယ်ကူစွာ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် MPT4U အက်ပလီကေးရှင်း အသုံးပြု၍ ဆင်းကတ်မှတ်ပုံတင်ပြုလုပ်ခြင်း အပါအဝင် အခြားနည်းလမ်းများကိုလည်း MPT က ပြုလုပ်ပေးထားပြီဖြစ်ကြောင်း MPT က ဖေဖော်ဝါရီ ၂၈ ရက်က သတင်းထုတ်ပြန်ထားသည်။

ဆင်းကတ်မှတ်ပုံတင်ခြင်း မပြုလုပ်မီ နံပါတ် *601# သို့ ခေါ်ဆို၍ စစ်ဆေးပါက မိမိကိုင်ဆောင်ထားသော "ဖုန်းနံပါတ် ၀၉-xxxxxxxxx သည် နိုင်ငံသား/ဧည့်နိုင်ငံသား/နိုင်ငံသားပြု/ နိုင်ငံသားစိစစ်ရေးသက်သေခံကတ်ပြား သို့မဟုတ် နိုင်ငံခြားသားအတွက် နိုင်ငံကူးအမှတ် x/xxxxxx ဖြင့် မှတ်ပုံတင်ထားပါသည်" ဆိုသည့် အတည်ပြုစာကို လက်ခံရရှိမည်ဖြစ်ပြီး အဆိုပါ ဆင်းကတ်မှတ်ပုံတင်အချက်အလက်များသည် အသုံးပြုသူ၏ အချက်အလက်အမှန်များ မဟုတ်ပါက အမှန်တကယ် အသုံးပြုနေသူ၏ အချက်အလက်များဖြင့် မှန်ကန်စွာ မှတ်ပုံတင်ပြုလုပ်နိုင်ရန်အတွက် MPT 4U အက်ပလီကေးရှင်းဖြင့်လည်းကောင်း၊ MPT ၏ ဝက်ဘ်ဆိုက်စာမျက်နှာ https://care.mpt.com.mm/ မှလည်းကောင်း အချက်အလက်အမှန်များ ပြန်လည်ပြင်ဆင်၍ မှတ်ပုံတင်ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သုံးစွဲသူများအနေဖြင့် ဆင်းကတ်ကို မှတ်ပုံတင်ရန်အတွက် (၁)အမည်နှင့်အတူ မြန်မာနိုင်ငံသားဖြစ်ပါက (၂)မြန်မာနိုင်ငံသားဥပဒေအရ ထုတ်ပေးထားသည့် သက်သေခံလက်မှတ်တစ်ခုခု(နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြု/ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား စသည်)၏ မူရင်း/မိတ္တူနှင့် (၃)နိုင်ငံခြားသားများဖြစ်ပါက နိုင်ငံကူးလက်မှတ် မူရင်း/မိတ္တူတို့ကို လိုအပ်မည်ဖြစ်ပြီး MPT 4U အက်ပလီကေးရှင်းမှဖြစ်စေ၊ ဝက်ဘ်ဆိုက်လိပ်စာမှဖြစ်စေ မှတ်ပုံတင်ခြင်းကို လွယ်ကူစွာ လုပ်ဆောင်နိုင်သလို အွန်လိုင်းမှတစ်ဆင့် မလုပ်လိုလျှင်လည်း MPT အရောင်းဆိုင်များတွင် ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆင်းကတ်မှတ်ပုံတင် ပြုလုပ်ခြင်းအတွက် သုံးစွဲသူများအပေါ် မည်သည့် ထပ်ဆောင်းကုန်ကျစရိတ်မှ မရှိဘဲ သတ်မှတ်ထားသော နည်းလမ်းများအတိုင်း လွယ်ကူစွာ စာရင်းသွင်း၍ မှတ်ပုံတင်နိုင်မည်ဖြစ်ကြောင်းနှင့် MPT အနေဖြင့် သုံးစွဲသူများအား ဆင်းကတ်ဝယ်ယူပြီးသည်နှင့် မိမိတို့၏ ဆင်းကတ်ကို အချက်အလက် မှန်မှန်ကန်ကန်ဖြင့် မှတ်ပုံတင်ပြုလုပ်ကြရန်နှင့် အခြားသူများ၏ အချက်အလက်များဖြင့် ကြိုတင် မှတ်ပုံတင်ထားပြီးဖြစ်သည့် ဆင်းကတ်များကို ဝယ်ယူခြင်းမှ ရှောင်ကြဉ်ကြရန် အလေးအနက်ထား၍ တိုက်တွန်းလိုကြောင်းလည်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မိုဘိုင်းဖုန်းကို အသုံးပြု၍ ငွေပေးငွေယူကိစ္စ(Mobile Financial Service) ဆောင်ရွက်မှုများ ပိုမိုတိုးတက်လာသည်နှင့်အမျှ အဆိုပါကိစ္စရပ်များကို လုံခြုံစိတ်ချမှုရှိစွာ ဆောင်ရွက်နိုင်စေရန်၊ စနစ်တကျ မှတ်ပုံတင်ထားခြင်းမရှိသော ဆင်းကတ်များဖြင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ကျူးလွန်နေသော ရာဇဝတ်မှုများကို လျှော့ချနိုင်ရန်နှင့် မိုဘိုင်းဖုန်းသုံးစွဲသူများက မိမိတို့၏ မိုဘိုင်းဖုန်းဖြင့် ဆောင်ရွက်မှုကို တာဝန်ခံနိုင်ရန်အတွက် ဆင်းကတ်များကို မှတ်ပုံတင်ပြုလုပ်ကြရန် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ၂၀၁၆ ခုနှစ် ဩဂုတ်လမှ ၂၀၁၇ ခုနှစ် ဇွန်လအထိ ၁၁ လ အချိန်ပေး၍ မှတ်ပုံတင်နိုင်ရန် ဆောင်ရွက်စေခဲ့ပြီး မှတ်ပုံမတင်ခဲ့သော ဆင်းကတ်ပေါင်း ခြောက်သန်းခွဲခန့်ကို အပြီး ပိတ်သိမ်းခဲ့ပြီးဖြစ်သည်။

သို့သော် ထိုစဉ်က နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် အသိအမှတ်ပြုကတ်တစ်ခုလျှင် ဆင်းကတ်အရေအတွက် မည်မျှ မှတ်ပုံတင်နိုင်သည်ကို ကန့်သတ်ခြင်းမရှိခဲ့သောကြောင့် အရောင်းဆိုင်များက နိုင်ငံသားစိစစ်ရေးကတ်တစ်ခုဖြင့် ဆင်းကတ်များစွာကို မှတ်ပုံတင်ပြီး အခြားသူများအား ရောင်းချခြင်းများ ရှိခဲ့၍ အချို့ဆင်းကတ်များမှာ သုံးစွဲသူ၏ အချက်အလက်အမှန်ဖြင့် မှတ်ပုံတင်ထားခြင်း မဟုတ်သည်ကို စိစစ်တွေ့ရှိရသဖြင့် နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် အသိအမှတ်ပြုကတ် တစ်ခုလျှင် ဆင်းကတ်နှစ်ကတ်သာ မှတ်ပုံတင်ရန် ယခု ၂၀၂၀ ဖေဖော်ဝါရီလအတွင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာခဲ့ပြီး မှတ်ပုံတင်ရန်ကာလကို ဧပြီလကုန်အထိ အချိန် နှစ်လကျော် သတ်မှတ်ပေးထားခဲ့သည်။ ဧပြီလကုန်အထိ မှတ်ပုံတင်ခြင်းမပြုလုပ်သော ဆင်းကတ်များသည် ဧပြီလကုန်တွင် မှတ်ပုံတင်ကိစ္စစုံစမ်းရန် Call Center သို့ ခေါ်ဆိုနိုင်ခြင်းမှလွဲ၍ အထွက်ခေါ်ဆိုမှုများ အပိတ်ခံရမည်ဖြစ်ပြီး ဇွန်လကုန်အထိ မှတ်ပုံတင်ခြင်း မလုပ်ခဲ့ပါက ထိုဆင်းကတ်များကို အပြီးသတ် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

**သူရဖြိုး**

New Product

# ဟွာဝေးရဲ့ လူကြိုက်များတဲ့ Nova စီးရီးထဲက စမတ်ဖုန်းသစ် Nova 7i

ဟွာဝေးရဲ့ လူကြိုက်များတဲ့ တန်ဖိုးသင့်ဖုန်းစီးရီးဖြစ်တဲ့ Nova စီးရီးထဲက မော်ဒယ်သစ်တစ်ခုဖြစ်တဲ့ Nova 7i ဟာ နိုင်ငံတကာဈေးကွက်မှာ ဖေဖော်ဝါရီလလယ်ပိုင်းက စတင်မိတ်ဆက်ခဲ့ပြီး ပြည်တွင်းဈေးကွက်ကိုတော့ မတ်လဆန်းအတွင်း ရောက်ရှိလာတော့မယ့် စမတ်ဖုန်းဖြစ်ပါတယ်။ ဈေးနှုန်းအနေနဲ့ အလယ်အလတ်တန်းမှာရှိသလို စွမ်းဆောင်ရည်ပိုင်းကလည်း သင့်တော်ကောင်းမွန်တာကြောင့် အကြိုမှာယူမှု လက်ခံနေတဲ့ လက်ရှိအချိန်မှာပဲ လူအများရဲ့ စိတ်ဝင်စားမှုကို ခံနေရတဲ့ ဖုန်းမော်ဒယ်သစ်လည်း ဖြစ်ပါတယ်။

မျက်နှာပြင်အကျယ်ဟာ ၆ ဒသမ ၄ လက်မရှိပြီး screen အမျိုးအစားက LCD capacitive touchscreen ဖြစ်ပါတယ်။ screen resolution က 1080 x 2310 pixels အရည်အသွေးရှိလို့ ရုပ်ထွက်အရည်အသွေးပိုင်း ကောင်းမွန်ပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ Android 10.0 ကို ဟွာဝေးရဲ့ UI ဖြစ်တဲ့ EMUI 10 နဲ့တွဲပြီး ထုတ်လုပ်ထားပါတယ်။ Chipset က HiSilicon Kirin 810(7 nm) ကို အသုံးပြုထားပြီး များသောအားဖြင့် တန်ဖိုးမြင့်ဖုန်းတွေမှာသာ ပါဝင်တဲ့ Chipset မျိုးဖြစ်တာက Nova 7i ကို လူအများ စိတ်ဝင်စားစေတဲ့အချက်ဖြစ်ပါတယ်။ CPU က Cortex-A76 နဲ့ Cortex-A55 Octa-core CPU ဖြစ်ပြီး RAM က 8GB ဖြစ်လို့ ဂိမ်းအမျိုးမျိုးနဲ့ အက်ပလီကေးရှင်းအမျိုးမျိုးကို ပေါ့ပေါ့ပါးပါး အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အင်တာနယ်မင်မိုရီက 128GB ပါဝင်လို့ ပမာဏများပြားတဲ့အပြင် မင်မိုရီကတ် ထပ်စိုက်သုံးမယ်ဆိုရင်လည်း 256GB အထိ ထပ်တိုးသုံးနိုင်ပါတယ်။

ကင်မရာပိုင်းမှာတော့ ကျောဘက်က ကင်မရာဟာ ၄၈ မဂ္ဂါပစ်ဇယ်(Wide) ကင်မရာ၊ ၈ မဂ္ဂါပစ်ဇယ်(Ultrawide)ကင်မရာ၊ ၂ မဂ္ဂါပစ်ဇယ်(Macro)ကင်မရာနဲ့ ၂ မဂ္ဂါပစ်ဇယ်(Depth Sensor)ကင်မရာ လေးလုံး ပါဝင်တဲ့ Quad ကင်မရာဖြစ်လို့ အရည်အသွေး ကောင်းမွန်တဲ့ HD အရည်အသွေး ဓာတ်ပုံနဲ့ ဗွီဒီယိုတွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ဆယ်လ်ဖီကင်မရာကလည်း ၁၆ မဂ္ဂါပစ်ဇယ်ရှိလို့ ဆယ်လ်ဖီကင်မရာအကောင်းဆုံး ဖုန်းတွေထဲမှာလည်း အပါအဝင်ဖြစ်ပါတယ်။

ဘက်ထရီပိုင်းမှာ 4200 mAh ပမာဏရှိတဲ့ Li-Po ဘက်ထရီ ပါဝင်လို့ စွမ်းဆောင်ရည်ပြည့်ဝပြီး အချိန်ကြာမြင့်စွာ ဂိမ်းဆော့၊ အင်တာနက်သုံးတဲ့သူတွေအတွက်ပါ အဆင်ပြေစေမှာဖြစ်ပါတယ်။ အားသွင်းချိန်မှာလည်း 40W အမြန်နှုန်းနဲ့ အလျင်အမြန် အားသွင်းနိုင်မယ့် fast charging စနစ် ပါဝင်ပါတယ်။ finger print sensor က ဖုန်းကိုယ်ထည်ရဲ့ဘေးဘက် ပါဝါခလုတ်နေရာမှာ ပါဝင်ပါတယ်။ USB ချိတ်ဆက်မှုအနေနဲ့ USB 2.0, Type-C reversible connector ပါဝင်ပြီး On-The-Go စနစ်ကိုလည်း ထောက်ပံ့ပေးထားပါတယ်။

အခြား ထူးခြားတဲ့ အားသာချက်တစ်ခုကတော့ ဟွာဝေးရဲ့ တန်ဖိုးမြင့်ဖုန်းမော်ဒယ်သစ်တွေမှာသာ ရရှိနိုင်မယ့် မိုဘိုင်းဆားဗစ်ဖြစ်တဲ့ Huawei App Gallery လည်း ပါဝင်နေတာဖြစ်ပါတယ်။ Huawei App Gallery ဟာ ဟွာဝေးက ပြုလုပ်ထားတဲ့ အက်ပလီကေးရှင်းစတိုးအသစ်ဖြစ်ပြီး အက်ပလီကေးရှင်း အမျိုးအစား တော်တော်များများကို ရနိုင်တဲ့ စတိုးဖြစ်တယ်လို့ သိရပါတယ်။ အားနည်းချက်အနေနဲ့တော့ လက်ရှိအချိန်မှာ Nova 7i မှာ Google Service တွေကို အသုံးပြုလို့မရနိုင်ခြင်းဖြစ်ပါတယ်။ ပြည်တွင်းက ဖုန်းအရောင်းဆိုင်နဲ့ ဆားဗစ်သမားအချို့ကတော့ နောက်ပိုင်းမှာတော့ အခြားနည်းလမ်း တစ်မျိုးမျိုးနဲ့ Google Service တွေကို အသုံးပြုနိုင်မယ်လို့ ခန့်မှန်းထားကြပါတယ်။ ဟွာဝေး Nova 7i ကို ကိုယ်ထည်အရောင်အနေနဲ့ ပန်းရောင်၊ အစိမ်းရောင်နဲ့ အနက်ရောင် သုံးမျိုး ရရှိနိုင်မှာဖြစ်ပြီး ဈေးနှုန်းက ကျပ် ၃၆၉၀၀၀ ဖြစ်ပါတယ်။ **သူရဖြိုး**




## မက်ဆင်ဂျာအက်ပလီကေးရှင်း Viber တွင် My Notes လုပ်ဆောင်ချက်သစ် စတင်မိတ်ဆက်

**ရန်ကုန် မတ် ၁**

မြန်မာနိုင်ငံတွင် လူသုံးအများဆုံး မက်ဆင်ဂျာအက်ပလီကေးရှင်းတစ်ခုဖြစ်သည့် Viber က လုပ်ဆောင်ချက်အသစ်ဖြစ်သည့် My Notes ကို ဖေဖော်ဝါရီလကုန်ပိုင်းက စတင်မိတ်ဆက်ထားပြီး အဆိုပါ My Notes လုပ်ဆောင်ချက်ဖြင့် Viber အသုံးပြုသူများသည် နေ့စဉ် လုပ်ငန်းဆောင်တာများကို ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

My Notes လုပ်ဆောင်ချက်အရ Viber အသုံးပြုသူများသည် လုပ်ဆောင်ရန် စာရင်းများ ပြုလုပ်ဖန်တီးခြင်းနှင့် ပြီးမြောက်သောအခါ ပြန်လည်စစ်ဆေးခြင်း၊ Viber ထဲမှ ကြိုက်နှစ်သက်သော မက်ဆေ့ချ်များ၊ ဗွီဒီယိုများ၊ ဓာတ်ပုံများနှင့် စတစ်ကာများကို တစ်နေရာတည်းတွင် သိမ်းဆည်းခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်ကာ အဆိုပါ My Notes လုပ်ဆောင်ချက်ကို မိုဘိုင်းဖုန်း၊ ကွန်ပျူတာ၊ တက်ဘလက်စသည့် ပစ္စည်းကိရိယာများနှင့် တွဲဖက်အသုံးပြုနိုင်မည်ဖြစ်သည်။

Rakuten Viber မှ တာဝန်ရှိသူတစ်ဦးက "My Notes နဲ့ဆိုရင် အသုံးပြုသူတွေဟာ သူတို့ရဲ့ နေ့စဉ်အလုပ်တွေ၊ စာရွက်စာတမ်းတွေ၊ ဓာတ်ပုံတွေနဲ့ စကားပြောဆိုမှု မှတ်တမ်းတွေကို ပိုပြီး အကျိုးရှိထိရောက်စွာ စီမံခန့်ခွဲနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ Rakuten Viber အနေနဲ့ အသုံးပြုသူရဲ့လိုအပ်ချက်တွေကို အခြေခံပြီး နည်းပညာအသစ်တွေကို အဆက်မပြတ် တိုးတက်အောင် ဆောင်ရွက်နေပါတယ်။ ဒီလုပ်ဆောင်ချက်အသစ် My Notes ကိုလည်း အသုံးပြုသူတိုင်း ကြိုက်နှစ်သက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

Rakuten Viber ၏ COO ဖြစ်သူ Ofir Eyal ကလည်း "ကျွန်တော်တို့ Viber ရဲ့ လျင်မြန်တဲ့ စွမ်းဆောင်ရည်နဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို လုံခြုံအောင် ကာကွယ်ပေးနိုင်တဲ့ လုပ်ဆောင်ချက်တွေကြောင့် အသုံးပြုသူတွေဟာ Viber ကို တန်ဖိုးထား ယုံကြည်ပြီးသားဖြစ်ပါတယ်။ အခုမိတ်ဆက်လိုက်တဲ့ လုပ်ဆောင်ချက်အသစ်ကလည်း အသုံးပြုသူတွေရဲ့ အတွေးတွေ၊ လိုအင်ဆန္ဒတွေ၊ လုပ်ငန်းဆောင်တာတွေ အားလုံးကို အက်ပလီကေးရှင်းတစ်ခုတည်းမှာ တစ်စုတစ်စည်းတည်း အလွယ်တကူ မှတ်သားလုပ်ဆောင်နိုင်စေမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

Viber အသုံးပြုသူများအနေဖြင့် နေ့စဉ် မက်ဆေ့ချ်များလက်ခံခြင်း၊ ဖုန်းခေါ်ခြင်း၊ ဗွီဒီယိုကြည့်ရှုခြင်း စသည်တို့ကို လုပ်ဆောင်လျက်ရှိရာ အဆိုပါ လုပ်ဆောင်ချက်များကို ပြန်လည် ခြေရာခံကြည့်ရှုရန်၊ စီမံခန့်ခွဲနိုင်ရန်နှင့် လိုအပ်သည့် သတိပေးချက်များကို ရရှိရန် ကူညီပေးသည့်အနေဖြင့် Viber က My Notes လုပ်ဆောင်ချက်ကို ဖန်တီးပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် My Notes လုပ်ဆောင်ချက်ကြောင့် Viber ကို စုစုပေါင်း အသုံးပြုသူ သန်းတစ်ထောင်ကျော်၏ နေ့စဉ်အသုံးပြုမှုများကို ပိုမို အဆင်ပြေ မြန်ဆန်ချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီက ဦးစီးကျင်းပသော

"၂၀၂၀ ပြည့်နှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့"

အထိမ်းအမှတ်အခမ်းအနား

"မျိုးဆက်တိုင်းအတွက်လိုအပ်ချက် အမျိုးသမီးအခွင့်အရေးသိလျက်ဖော်ဆောင်ရွက်"

"I am Generation Equality: Realizing Women's Rights"

နေပြည်တော် ၇.၃.၂၀၂၀

## ထူးခြားသည့် နေ့အပူချိန်များ

၁-၃-၂၀၂၀

ဘော်လခဲမြို့ ၃၉ ဒီဂရီစင်တီဂရိတ်

ရွှေကျင်မြို့ ၃၈ ဒီဂရီစင်တီဂရိတ်

ညောင်လေးပင်မြို့ ၃၈ ဒီဂရီစင်တီဂရိတ်

ဘားအံမြို့ ၃၈ ဒီဂရီစင်တီဂရိတ်

လှိုင်းဘွဲ့မြို့ ၃၈ ဒီဂရီစင်တီဂရိတ်

သိမ်ဇရပ်မြို့ ၃၈ ဒီဂရီစင်တီဂရိတ်

မိုး/ဇလ

# ဆယ်ပေါက်တန်း ရိုးရာခြင်းလုံးဝိုင်းဖွဲ့ အမှတ်ပေးခတ်ပြိုင်ပွဲ အားချစ်(စစ်ကိုင်း)အသင်း တံခွန်စိုက်ဖလားဆွတ်ခူး

ရန်ကုန် မတ် ၁

မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား (၅၅)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်ဖလား၊ ဆယ်ပေါက်တန်း ရိုးရာခြင်းလုံးဝိုင်းဖွဲ့အမှတ်ပေးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။



ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ရိုးရာခြင်းလုံးဝါသနာရှင်ပရိသတ်များ လာရောက်ကြည့်ရှုအားပေးကြသည်။ ဗိုလ်လုပွဲပြိုင်ပွဲ၌ အမျိုးသား ဆယ်ပေါက်တန်းပြိုင်ပွဲတွင် အားချစ်(စစ်ကိုင်း) အသင်းက တော်ဝင်(ရွှေရတနာ)အသင်းကို နှစ်ရက်ပေါင်း ရမှတ် ၁၉၀၅ မှတ်၊ ၁၉၀၃ မှတ်ဖြင့် အားချစ်အသင်း အနိုင်ရရှိသွားသည်။ ပြိုင်ပွဲအပြီး တတိယ မျိုးဆက်သစ်အသင်း၊ ဒုတိယတော်ဝင်(ရွှေရတနာ) အသင်း၊ ပထမတံခွန်စိုက်ဆု ရရှိသွားသော အားချစ်(စစ်ကိုင်း)အသင်း၊ နှစ်သိမ့်ဆုရအသင်းများနှင့် အကောင်းဆုံး ကစားသမားဆု၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လူမှုရေး ဝန်ကြီး ဦးနိုင်ငံလင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်နှင့် အမှုဆောင်များက ဆုများချီးမြှင့်ကြသည်။ **(ဝဲပုံ)**

အဆိုပါ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၉ ရက်နှင့် မတ် ၁ ရက်အထိ ကျင်းပခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ပထမ၊ ဒုတိယရရှိခဲ့ကြသည့် အသင်း အပါအဝင် စုစုပေါင်း ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ ရိုးရာခြင်းလုံးဝိုင်းဖွဲ့ပြိုင်ပွဲသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် မပျောက်ပျက်စေရန်နှင့် ထိမ်းသိမ်းစောင့်ရှောက်သည့်ရည်ရွယ်ချက်ဖြင့် ကျင်းပသော အားကစားနည်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

# မန္တလေး၌ ကျင်းပမည့် ပွဲများ

### လူမှုကျင့်ဝတ်နှင့် အိုင်စီတီဟောပြောပွဲ

မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသော လူမှုကျင့်ဝတ်နှင့် အိုင်စီတီဟောပြောပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၂ လမ်း ၃၃ လမ်းနှင့် ၃၄ လမ်းကြား ဖြူမွှေစိုရဲ့လူမှုကူညီရေးအသင်းရှိ ပညာဒါနခန်းမ၌ မတ် ၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။

### ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆွေးနွေးပွဲ

မန္တလေးတိုင်းဒေသကြီး ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ နှင့် ၆၃ လမ်းထောင့်ရှိ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၌ မတ် ၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### နွေရာသီအခမဲ့ အခြေခံဘောလုံးသင်တန်း

ဇာတိမာန်စာဖတ်အသင်းက ကြီးမှူးဖွင့်လှစ်သော နွေရာသီအခမဲ့ အခြေခံဘောလုံးသင်တန်းကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၃ လမ်း ၈၆ လမ်းနှင့် ၈၇လမ်းကြားရှိ အ ထ က (၁၀) ဘောလုံးကွင်း၌ မတ် ၇ ရက်မှ စတင်၍ နံနက်၆ နာရီ ခွဲ မှ ၈ နာရီ အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသားများအား အားကစားဝတ်စုံ အခမဲ့ပေးမည်ဖြစ်ကြောင်း သိရသည်။

### (၃၂)ကြိမ်မြောက် ဗုဒ္ဓဘာသာ အခြေခံယဉ်ကျေးမှုသင်တန်း

(၃၂)ကြိမ်မြောက် ဗုဒ္ဓဘာသာအခြေခံယဉ်ကျေးမှုသင်တန်းကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် လမ်း ၈၀၊ ၂၃ လမ်းနှင့် ၂၄ လမ်းကြားရှိ ဓမ္မဗိမာန်၌ မတ် ၁၀ ရက်မှ ၃၁ ရက်အထိ နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

### အခမဲ့ဖွင့်မည့် အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားပြောသင်တန်း

ပညာသစ်ပင်နွေပညာဒါန အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားပြောသင်တန်းကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆ လမ်းနှင့် ၇၆ လမ်းထောင့်ရှိ ပညာဒါန သင်တန်းကျောင်းတွင် မတ် ၁၂ ရက်မှ စတင်၍ အခမဲ့ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

### အခမဲ့ဖွင့်မည့် ကလေးသတင်းစာပညာသင်တန်း

ဇာတိမာန်လူငယ်စာဖတ်အသင်းကကြီးမှူး၍ ကလေးသတင်းစာပညာ အခမဲ့သင်တန်းကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၆ လမ်းနှင့် ၉၂ လမ်းထောင့်ရှိ သစ္စာရဓမ္မာရုံ၌ မတ် ၁၅ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ကချင်ပြည်နယ်မှ Old Star ဘောလုံးသမားများနှင့် မန္တလေးတိုင်းဒေသကြီးမှ Old Star ဘောလုံးသမားများ ချစ်ကြည်ရေးဘောလုံးယှဉ်ပြိုင်

**မန္တလေး မတ် ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ ဒါန်းဗဟာဒူး (မန်းတက္ကသိုလ် လက်ရွေးစင် ဘောလုံးသမားဟောင်း)နှင့် မြစ်ကြီးနား မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဖြိုးဝေလင်းတို့ ဦးဆောင်သော Old Star ဘောလုံးသမားများ အသင်းနှင့် မန္တလေးမြို့မှ မန္တလေးတိုင်းလက်ရွေးစင် ဘောလုံးသမားဟောင်း ဦးဇော်ဝင်းနှင့် ဦးရဲလင်းတို့ ဦးဆောင်သော Old Star ဘောလုံးသမားများ အသင်းတို့၏ ချစ်ကြည်ရေးမိတ်ဆက်ဘောလုံးပွဲကို ဖေဖော်ဝါရီ ၂၉ ရက် ညနေ ၄ နာရီက မန္တလေး ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နှစ်ဖက်အသင်းမှ အဖွဲ့ခေါင်းဆောင်တို့က အထိမ်းအမှတ် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကာ **(အောက်ပုံ)** စုပေါင်း အမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ချစ်ကြည်ရေးဘောလုံးပွဲ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ပြိုင်ပွဲတွင် နှစ်သင်းစလုံး တစ်ဖက် နှစ်ဂိုးစီ သရေပွဲဖြင့် ပြီးဆုံးသွားကာ အိမ်ရှင်အသင်းက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါ မြစ်ကြီးနားမြို့မှ Old Star ဘောလုံးအသင်းသည် မတ် ၁ ရက် ညနေတွင် ပြင်ဦးလွင်မြို့နှင့် မတ် ၂ ရက် ညနေတွင် စစ်ကိုင်းမြို့တို့၌ Old Star ဘောလုံးသမားများအသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲမိတ်ဆက် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



● *ကျော့ဖုံးမှ*

ဝက်ဖို့ဒ်အသင်းသည် ပွဲစကတည်းက လီဗာပူးအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ လီဗာပူးအသင်းသည် ဘောလုံးပေးပို့မှု၊ ဂိုးပေါက်ကန်သွင်းမှု၊ တစ်ဦးချင်းပုံစံကောင်းပျောက်ဆုံးနေခဲ့ကာ အခွင့်အရေးအနည်းငယ်သာ ရရှိခဲ့သည်။ လီဗာပူးအသင်းသည် ဖေဖော်ဝါရီ ၁၉ ရက်က ချန်ပီယံလိဂ် ၁၆ သင်း အဆင့် ပထမကျော့ပွဲစဉ်တွင် အက်သလက်တီကို မက်ဒရစ်အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကာ ဖေဖော်ဝါရီ ၂၅ ရက်က ပရီမီယာလိဂ် ပွဲစဉ် (၂၇) တွင် ဝက်စ်ဟမ်းအသင်းကို အိမ်ကွင်းတွင် ခက်ခက်ခဲခဲကစားခဲ့ရပြီး သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲတွင် လီဗာပူးအသင်းသည် အသင်းလိုက်စုဖွဲ့မှု၊ အပေးအယူ ချိတ်ဆက်မှု၊ ကစားသမားများ၏ နိုင်လိုစိတ်ပြင်းထန်မှု၊ ဂိုးပေါက်ကန်သွင်းမှု အားနည်းခဲ့ရပြီး ဝက်ဖို့ဒ်အသင်း၏ ထိုးဖောက် တိုက်စစ်ဆင်မှု၊ ဂိုးပေါက် ခြိမ်းခြောက်မှုများကိုသာ အကြိမ်ကြိမ် ခုခံကာကွယ်ခဲ့ရသည်။

ဝက်ဖို့ဒ်အသင်းအတွက် အဖွင့်ဂိုးကို ဒုတိယပိုင်းပွဲကစားချိန် ၅၄ မိနစ်တွင် ဒူကော်ရီ၏ ဖန်တီးပေးမှုမှတစ်ဆင့် အီလာဆားရ်က သွင်းယူပေးနိုင်ခဲ့သည်။ လီဗာပူးအသင်းသည် ဝက်ဖို့ဒ်အသင်းကို အဖွင့်ဂိုး ပေးလိုက်ရပြီးနောက် သိပ်မကြာမီတွင် ဒုတိယဦးဆောင်ဂိုးကိုပါ ခွင့်ပြုလိုက်ရသည်။ ဝက်ဖို့ဒ်အသင်းအတွက် ဒုတိယဂိုးကို ဒီနေး၏ ဖန်တီးပေးမှုမှတစ်ဆင့် အီလာဆားရ်ကပင် သွင်းယူနိုင်ခဲ့သည်။ လီဗာပူးအသင်းသည် ဝက်ဖို့ဒ်အသင်းအား နှစ်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် လူစားလဲမှုများ ပြုလုပ်လာခဲ့သည်။ ပွဲချိန် ၆၁ မိနစ်တွင် ဝီလ်ဂျယ်နေဒမ်၏ နေရာကို လယ်လာနာ၊ ၆၅ မိနစ်တွင် ချမ်ဘာလိန်၏ နေရာကို အိုရီဂီဖြင့် အစားထိုးခဲ့သည်။ လီဗာပူးအသင်းသည် လူစားလဲမှုများပြုလုပ်ခဲ့သော်လည်း ခြေစွမ်းတိုးတက်လာခြင်းမရှိဘဲ ဝက်ဖို့ဒ်အသင်း၏ ဖိအားပေးမှုကိုသာခံခဲ့ရသည်။ ဝက်ဖို့ဒ်အသင်း၏ တတိယဂိုးကို ပွဲကစားချိန် ၇၂ မိနစ်တွင် အီလာဆားရ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဒီနေးက သွင်းယူပေးနိုင်ခဲ့သည်။

လီဗာပူးအသင်းသည် ဝက်ဖို့ဒ်အသင်းအား သုံးဂိုးပြတ် ရှုံးနိမ့်ခဲ့သည့်အတွက် ပထမဆုံး ပရီမီယာလိဂ်ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ထို့အပြင် လီဗာပူးအသင်းသည် ၁၈ ပွဲဆက် နိုင်ပွဲစံချိန် ပျက်ခဲ့ရသလို ၄၄ ပွဲ ရှုံးပွဲမရှိ စံချိန်မှတ်တမ်းလည်း ပျက်ခဲ့ရသည်။ ဝက်ဖို့ဒ်အသင်းသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ မန်စီးတီးအသင်းနောက်ပိုင်း ပရီမီယာလိဂ်တွင် လီဗာပူးအသင်းကို အနိုင်ယူနိုင်သည့် ပထမဆုံးအသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ လီဗာပူးအသင်းသည် ပရီမီယာလိဂ်တွင် ၃၆ ပွဲဆက် ဂိုးသွင်းယူနိုင်သည့် မှတ်တမ်းလည်း ပျက်ခဲ့ရသည်။ လီဗာပူးအသင်း၏ ခံစစ်သည် နောက်ဆုံးနှစ်ပွဲတွင် ငါးဂိုးအထိ ခွင့်ပြုပေးခဲ့ရသည်။ ဝက်ဖို့ဒ်အသင်းသည် ပရီမီယာလိဂ် ၂၈ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၂၇ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် ၁၇ နေရာတွင် ရပ်တည်နေသည်။

အခြားပွဲစဉ်ဖြစ်သည့် အဲဗာတန်နှင့် မန်ယူတို့ပွဲတွင် တစ်ဖက် တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။ အဲဗာတန်အတွက် အဖွင့်ဂိုးကို ပွဲချိန် ၃ မိနစ်တွင် မန်ယူဂိုးသမား ဒီဂီယာ၏ ပေါ့ဆမှုမှတစ်ဆင့် အဲဗာတန်မှ ကားလ်ဗက်က သွင်းယူပေးသည်။ မန်ယူအတွက် ချေပဂိုးကို ပွဲချိန် ၃၁ မိနစ်တွင် ဖာနန်ဒက်က သွင်းယူပေးသည်။ ပွဲပြီးခါနီး အဲဗာတန် ရရှိသည့် သွင်းဂိုးကို ခွင့်မပြု၍သာ မန်ယူတို့ မရှုံးနိမ့်ရခြင်း ဖြစ်သည်။ စပါးနှင့် ဝုလ်ဖ် တို့ပွဲတွင် ဝုလ်ဖ်က သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲစဉ်အပြီး မန်ယူက ရမှတ် ၄၂ မှတ်ဖြင့် အဆင့် ၅၊ စပါးက ရမှတ် ၄၀ ဖြင့် အဆင့် ၇ ၌ ရပ်တည်နေသည်။ **အောင်ဇော်**

# ပုဂ္ဂလိကကဏ္ဍ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များချမှတ်ခြင်း နှီးနှောဖလှယ်ပွဲကျင်းပ



**ပဲခူး မတ် ၁**

ပုဂ္ဂလိကကဏ္ဍ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ ချမှတ်ခြင်းနှီးနှောဖလှယ်ပွဲကို ယမန်နေ့က ပဲခူးမြို့ Famous Hotel ခန်းမ၌ ကျင်းပသည်။

နှီးနှောဖလှယ်ပွဲတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက နိုင်ငံ၏လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ချမှတ်ထားပြီး ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ နိုင်ငံ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် public private partnership လုပ်ငန်းများနှင့် ယခုဆွေးနွေးပွဲ၏ရည်ရွယ်ချက်များ အောင်မြင်ရန် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက **(ယာပုံ)** ဝန်ကြီးဌာနအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ(TVET)တွင် ဒေသလိုအပ်ချက်နှင့် ကိုက်ညီပြီး အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၏ Demand နှင့်ကိုက်ညီသော ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများပို့ချ လေ့ကျင့်ရေးကို အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှီးနှောဖလှယ်ပွဲသည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထုအား ရေရှည်အကျိုးပြုသည့် လုပ်ငန်းများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် အကြံဉာဏ်ကောင်းများရရှိနိုင်ရေး ပူးပေါင်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်နှင့် ပဲခူးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ယာယီဥက္ကဋ္ဌ ဦးမြင့်သန်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေမျိုးထွန်းက အခြေခံလူသားအရင်းအမြစ်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ရှေ့ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ယာယီဥက္ကဋ္ဌ ဦးမြင့်သန်းက ဒေသအတွင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ကဏ္ဍအလိုက် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပဲခူးတိုင်းဒေသကြီးအတွင်း လိုအပ်နေသည့် သက်မွေးပညာဆိုင်ရာ သင်တန်းများ၊ အစိုးရမှဆောင်ရွက်ပေးနေသော နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ သင်တန်းများနှင့် ဒေသလိုအပ်ချက်ဖြစ်သည့် သင်တန်းများအားအစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သင်တန်းများတွင် ရေရှည်တည်တံ့ဖွံ့ဖြိုးနိုင်မည့် အစီအစဉ်များဖော်ထုတ်နိုင်ရေးအဖွဲ့များအလိုက် ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုရလဒ်များကို တင်ပြကြကာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က နှီးနှောဖလှယ်ပွဲမှ ရရှိလာသော ရလဒ်များ၊ တွေ့ရှိချက်များနှင့် အနာဂတ်အစီအစဉ်များကို အနှစ်ချုပ်တင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘားအံမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဘားအံ မတ် ၁**

ကရင်ပြည်နယ် ဘားအံမြို့၌ မြို့တွင်းသန့်ရှင်းသာယာလှပရေး၊ အမှိုက်ကင်းစင်ရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဦးဆောင်၍ MPT မှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းပါဝင်ပြီး ယမန်နေ့က ဆောင်ရွက်ခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ MPT မှ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ဇာသပြင် အဖြောင့်လမ်းတစ်လျှောက်၊ ဘားအံပြည်သူ့ဆေးရုံကြီး ပတ်ဝန်းကျင်နှင့် ကန်သာယာပတ်ဝန်းကျင်ရှိ ပလတ်စတစ်အမှိုက်နှင့် အခြားအမှိုက်သရိုက်များကို စုပေါင်းရှင်းလင်းခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဦးဆောင်၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

## ကယားပြည်နယ်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (လွိုင်ကော်) ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

**လွိုင်ကော် မတ် ၁**

ကယားပြည်နယ် အစိုးရစက်မှုလက်မှုသိပ္ပံ(လွိုင်ကော်)ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယမန်နေ့က အဆိုပါကျောင်းခန်းမဆောင်၌ ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို့နှင့် ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ပြည်နယ်အတွင်းရှိ လူငယ်များအတွက် မြို့ပြအင်ဂျင်နီယာဘာသာရပ်၊ အီလက်ထရွန်နစ်၊ လျှပ်စစ်စွမ်းအားနှင့် စက်မှုအင်ဂျင်နီယာဘာသာရပ်များကို သင်ကြားပို့ချပေးမည့်ကျောင်းကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်းရှိ သက်မွေးပညာရပ်ကို စိတ်ပါဝင်စားသည့် လူငယ်များအနေဖြင့် ကျွမ်းကျင်မှုများ တိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာလိမ့်မည်ဟု ယုံကြည်ကြောင်း၊ ပိုမိုကောင်းမွန်သော နည်းပညာနှင့် သက်မွေးပညာများ တိုးတက်ရေးအတွက် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်နေကြောင်း။



ယခုဖွင့်လှစ်လိုက်သည့် အစိုးရစက်မှု လက်မှု သိပ္ပံ(လွိုင်ကော်)သည် မဟာဗျူဟာမြောက် စီမံကိန်းတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ရေရှည်တည်တံ့အောင်မြင်ရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်၊ နည်းပညာများကို မျက်ခြည်မပြတ်စေဘဲ ဒေသနှင့် ကိုက်ညီပြီး အရည်အသွေးပြည့်သည့် သင်ကြားသင်ယူမှုများ ဖြစ်လာစေရန် ကြိုးတင်ပြင်ဆင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်ကျောင်းသား ကျောင်းသူများက ကျောင်းအတွက် လိုအပ်ချက်များကိုတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများ၊ သက်ဆိုင်ရာအဆင့်ဆင့်သို့ဆက်လက်တင်ပြဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် အစိုးရစက်မှုလက်မှုသိပ္ပံ (လွိုင်ကော်) ကျောင်းဆောင်သစ်ကို ပြည်နယ်ဝန်ကြီးချုပ်ဦးအယ်လ်ဖောင်းရှို့၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ အစိုးရစက်မှုလက်မှုသိပ္ပံ(လွိုင်ကော်) ကျောင်းအုပ်ကြီးနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ထွန်းလေး**

## ဖလမ်း၌ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက် ဆန်းစစ်ခြင်းအခမ်းအနား ကျင်းပ

**ဖလမ်း မတ် ၁**

တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် အခွင့်အရေးများကို သိရှိနိုင်ရန်နှင့် ကာကွယ်စောင့်ရှောက်ရာတွင် နိုင်ငံတော်၏ အခန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်ဆန်းစစ်ခြင်း အခမ်းအနားကို ယမန်နေ့က ဖလမ်းမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင်ထန်က အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ချင်းပြည်နယ် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနမှ ပြည်နယ်တာဝန်ခံအရာရှိ ဦးထန်မွမ်းခိုင်က ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံသားဥပဒေ၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဥပဒေနှင့် ဆက်စပ်ဥပဒေများပါ တိုင်းရင်းသားအခွင့်အရေးများကို လည်းကောင်း၊ ဖလမ်းခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်လွင်မေသိန်းက ကလေးသူငယ်၊ အမျိုးသမီးနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် လူငယ်ရေးရာမူဝါဒများကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တိုင်းရင်းသားဒေသများ၏ ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်ဆန်းစစ်ခြင်းစစ်တမ်းမေးခွန်းများကို တက်ရောက်လာကြသူများက ဖြေဆိုကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်လူမှုရေးဝန်ကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စာပေနှင့် ယဉ်ကျေးမှုကော်မတီများမှ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြကြောင်း သိရသည်။

**တလွန်းအာ(ပြန်/ဆက်)**



# အမေရိကန်သံရုံးနှင့် အာရှဖောင်ဒေးရှင်းတို့ပူးပေါင်း၍ စာအုပ်များလှူဒါန်း

**မန္တလေး မတ် ၁**

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးနှင့် အာရှဖောင်ဒေးရှင်းတို့မှ မြန်မာနိုင်ငံ၏ပညာရေးနှင့် စာတတ်မြောက်မှု ပိုမိုအားကောင်းစေရေးအတွက် “Book for Asia” အစီအစဉ်ဖြင့် ပူးပေါင်း၍ စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အမေရိကန် ဂျက်ဖာဆန်စင်တာတွင် ကျင်းပသည်။



ယင်းအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် စာကြည့်တိုက်များမှ တာဝန်ရှိသူများ၊ အမေရိကန်သံရုံး၊ အာရှဖောင်ဒေးရှင်းနှင့် ဂျက်ဖာဆန်စင်တာတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ ပြည်သူ့ရေးရာအရာရှိ Ms. Deborch Lynn က နှုတ်ခွန်းဆက်စကားပြောကြားပြီး TAF မှ မန်နေဂျာ ဒေါ်မီကီကျော်မြင့်က အခမ်းအနားနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြည်သူ့ရေးရာအရာရှိက စာအုပ်များ ပေးအပ်လှူဒါန်းသည်။(ဝဲပုံ)

အမေရိကန်သံရုံးနှင့် မြန်မာအမျိုးသားစာကြည့်တိုက်တို့နှင့်အတူ အာရှဖောင်ဒေးရှင်းသည် စာအုပ်အသစ်များ၊ အရည်အသွေးကောင်းမွန်သည့် စာအုပ်များ၊ အင်္ဂလိပ်ဘာသာဖြင့် ပညာပေးရေးသားထားသော ကလေးစာပေများကို ၂၀၀၇ ခုနှစ်မှ စတင်၍ စာအုပ် ၂၈၀၀၀၀ ကျော်အား မြန်မာနိုင်ငံအနှံ့အပြားရှိ ပညာရေးအဖွဲ့အစည်းများနှင့် စာကြည့်တိုက်များသို့ လှူဒါန်းခဲ့ကာ ယခုအခမ်းအနားတွင် စာအုပ် ၉၁၉၈ အုပ်ကို မန္တလေး၊ မကွေး၊ နေပြည်တော်၊ စစ်ကိုင်း၊ ချင်း၊ ကချင်၊ ကယား၊ ရှမ်းပြည်နယ် စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အဖွဲ့အစည်း ၁၅၂ ဖွဲ့၏ တက္ကသိုလ် ၈၉ ခု၊ အစိုးရကျောင်း ၃၀၊ လူထုစာကြည့်တိုက် ၂၀၊ NGO စာကြည့်တိုက် ၁၃ ခု၊ အစိုးရကိုယ်စားလှယ်၊ နိုင်ငံရေးပါတီစာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ် လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍ လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၂၉-၂-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီ မှ (၁-၃-၂၀၂၀) ရက်နေ့၊ ညနေ(၆:၀၀)နာရီအထိ စောင့်ကြည့်လူနာအသစ် ထပ်မံမတွေ့ရှိရပါ။ သို့ဖြစ်ပါ၍ စောင့်ကြည့်လူနာနှင့် သံသယလူနာ စုစုပေါင်း (၄၅) ဦးရှိခဲ့ပြီး ၎င်းတို့အားလုံးတွင် COVID-19 ရောဂါပိုးမတွေ့ရှိရကြောင်း သိရှိရပါသည်။ COVID-19 ရောဂါပိုးမတွေ့ရှိရသော်လည်း ဆေးရုံဆင်းခွင့်သတ်မှတ်ချက်အရ ဝေဘာဂီအထူးကုဆေးရုံတွင် (၃) ဦးနှင့် မူဆယ်မြို့ပြည်သူ့ဆေးရုံတွင် (၁) ဦး စုစုပေါင်း လူနာ (၄) ဦးအား ဆက်လက်ထားရှိ ကုသမှုပေးလျက်ရှိပြီး လူနာအားလုံး၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။

၃။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာမတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆက်လက်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါကူးစက်ပျံ့နှံ့ဖြစ်ပွားခြင်းများမှ ကာကွယ်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေး အချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# လယ်ဝေးမြို့ သန့်ရှင်းသာယာရေး စုပေါင်းအမှိုက်ကောက်

**လယ်ဝေး မတ် ၁**

နေပြည်တော် လယ်ဝေးမြို့ သန့်ရှင်းသာယာလှပရေးနှင့် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးတို့အတွက် စုပေါင်းအမှိုက်ကောက် လူထုလှုပ်ရှားဆောင်ရွက်မှုကို ယမန်နေ့က အမှတ်(၂) ရပ်ကွက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းရွှေ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်မှုတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းရွှေ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်သူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်္ဂဟဟိုတယ်မန်နေဂျာ ဒေါ်ဝင်းသီတာနှင့် ဝန်ထမ်းများ၊ အမှတ်(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများက အမှတ်(၂) ရပ်ကွက်အတွင်းရှိ အ ထ က (၁) လမ်းနှင့် ဘူတာလမ်းတို့တွင် စုပေါင်းအမှိုက်ကောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

# စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**ရန်ကုန် မတ် ၁**




ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဝတ္ထုတိုပေါင်းချုပ် တတိယဆုရရှိသည့် စာရေးဆရာ ကံမြင့်မော်၏ “အရုဏ်ကျင်းလို့ လင်းလုပြီကိုနှင့် အခြားဝတ္ထုတိုများ” စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မုံရွာနယ်သူ ကျေးလက်အညာဈေးသည် တူအရီးနှစ်ယောက်၏ တစ်ဝမ်းတစ်ခါးအတွက် သက်စွန့်ဆံဖျား ဈေးရောင်းထွက်ကြပုံ၊ အလယ်တန်းအထိသာ ပညာသင်ယူခဲ့ရသော်လည်း စက်ဆရာလက်စွဲစာအုပ်ကို ဖတ်ရှုကာ စက်၊ အင်ဂျင်တို့ကို စာတွေ့ဖြင့် အောင်မြင်စွာပြင်နိုင်သည့် ကိုစမ်းရေ၏ဘဝအထွေထွေကို ရယ်စရာ၊ ပျော်ရွှင်စရာ၊ အားကျဖွယ်ရာ၊ အတုယူဖွယ်ရာအဖြစ် ရေးသားတင်ဆက်ထားသည့်အပြင် ဩဇာကိုပင် ငှား၍ ဩဇာခံတတ်ကြသည့် အညာသူ အညာသားတို့၏ စေတနာသဒ္ဓါတရားကောင်းမွန်ပုံနှင့် ရေနံလက်တွင်းတူးရာတွင် တွေ့ကြုံရသည့် ဗဟုသုတများကို ဖတ်ရှုရမည့်အပြင် မူးယစ်ဆေးဝါးသည် ကိုယ်တိုင်မသုံးစွဲသူများကိုလည်း ရက်စက်စွာ ထိခိုက်စေတတ်ပုံတို့ကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးသားထားသည့်အတွက် စာဖတ်သူများ ကြိုက်နှစ်သက်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၁၁၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၆၇-၄၃၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန(ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဝန်းသိုမြို့နယ်တွင် လယ်ယာမြေဧက ၃၃၀ ကျော်အတွက် ကုန်ထုတ်လမ်းဖောက်လုပ်

**ဝန်းသို မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ်တွင် ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထွက်ကုန်၊ ထုတ်ကုန်များကို ကုန်ကျစရိတ်အနည်းဆုံးဖြင့် လျင်မြန်စွာရောက်ရှိစေရန် သယ်ပို့ပေးနိုင်မည့်လမ်းများ ဖြစ်ပေါ်လာစေရေး အောင်းကုန်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းအား ၁၂ ဒသမ ၃၂ သန်းဖြင့် ဖောက်လုပ်လျက်ရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အောင်းကုန်းကျေးရွာ ကုန်ထုတ်လမ်းမှာ အရှည်ပေ ၁၉၀၀၊ အကျယ်ပေ ၁၂ ပေနှင့် ထု ၁ ပေ ၉ လက်မ ဆောင်ရွက်သွားမည်ဖြစ်ကာ ယင်းလမ်းဆောင်ရွက်ပြီးပါက ယင်းလမ်းကို အသုံးပြုကြသော ကျေးရွာကိုးရွာမှ လယ်ယာမြေဧက ၃၃၀ အတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောသည်။

**မွေးကြူဇင်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၃၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၃၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၀၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၇၇၀/၈၅၀ | ကျပ် | ၈၃၀/၈၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၇၈၀/၈၆၀ | ကျပ် | ၈၄၅/၈၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၁၀/၇၇၀ | ကျပ် | ၇၈၅/၈၀၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၃၀/၈၈၅ | ကျပ် | ၉၁၀/၉၃၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၈၂ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၈ . ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၄၆ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၀ . ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၃၇ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၅ . ၂၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၉၀၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၈ . ၅၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၀ . ၁၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၅ . ၃၄၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၅၀၈၄ | ၅၈၄၆၆၀၀၀ |
| MTSH | ၃၉၅၀ | ၄၀၀၀ | ၁၅၁၃ | ၆၀၀၂၀၀၀ |
| MCB | ၈၄၀၀ | ၈၂၀၀ | ၁၀ | ၈၃၈၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၉၀ | ၂၀၂၅၀၀၀ |
| TMH | ၂၉၀၀ | ၀ | ၀ | ၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# လူမှုခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**အာမခံပဋိညာဉ်စာချုပ်များမှ ရရှိငွေများကို လျှောက်ထားခြင်း**

၁၉၉။ (က) ကုမ္ပဏီသည် တတိယပုဂ္ဂိုလ်အတွက် သူတစ်ပါးထိခိုက်မှုအာမခံကို အာမခံ ကုမ္ပဏီနှင့် အာမခံစာချုပ်ချုပ်ဆိုခဲ့ပြီးနောက် ကုမ္ပဏီကဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကဖြစ်စေ၊ အာမခံကုမ္ပဏီမှ ပေးလျော်သည့် အာမခံကြေးကို လက်ခံရရှိပါက ထိုအာမခံကြေးကို ရရှိနိုင်ရန်အတွက် ကုန်ကျခဲ့သော ကုန်ကျစရိတ်ကို နုတ်ပယ်လျက် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် အဆိုပါ ထိခိုက်နစ်နာသည့် တတိယ ပုဂ္ဂိုလ်ထံပေးရန် တာဝန်များအား ပုဒ်မ ၁၉၆ ပါ အခြားကြွေးမြီများထက် ဦးစားပေး၍ ပေးချေရမည်။

(ခ) အာမခံကုမ္ပဏီက ကုမ္ပဏီသို့ပေးရန် တာဝန်ရှိသော လျော်ကြေးပမာဏသည် ကုမ္ပဏီက ထိခိုက်နစ်နာသည့် တတိယပုဂ္ဂိုလ်ထံပေးရန် တာဝန် ရှိသည့်ပမာဏထက် လျော့နည်းနေပါက ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်သည် ထိုတတိယပုဂ္ဂိုလ်မှရရန် ကျန်ရှိသည့်ငွေအား ရပိုင်ခွင့်အခွင့်အရေးကို ပိတ်ပင်ခြင်းမရှိစေရ။

**ကြွေးမြီနှင့် တောင်းဆိုမှုများကို စီရင်ခြင်း**

**သက်သေခံအထောက်အထားပြသရန် ခွင့်ပြုသည့် ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုများ**

၂၀၀။ (က) စာရင်းရှင်းလင်းဖျက်သိမ်းမှုတိုင်းတွင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ခြင်းမပြုမီ ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် အခြေအနေများနှင့် စပ်လျဉ်း၍ ကုမ္ပဏီကပေးဆပ်ရန်ရှိသည့် ကြွေးမြီများနှင့် တောင်းဆိုမှုများသည် လက်ရှိ သို့မဟုတ် အနာဂတ်အတွက် ဖြစ်သည်၊ တိကျသေချာမှု ရှိသည် မရှိသည်၊ စုံစမ်းပေါ်ပေါက်သည် သို့မဟုတ် နစ်နာကြေးအတွက် ခိုင်လုံသောအနေအထားရှိသည် စသည်တို့ကို သက်သေခံအထောက်အထားအဖြစ် တင်ပြရန် ခွင့်ပြုနိုင်သည်။

(ခ) ကုမ္ပဏီကပေးရန်ရှိသည့် ကြွေးမြီများ သို့မဟုတ် ကုမ္ပဏီအပေါ် တောင်းဆိုမှုများသည် ကုမ္ပဏီစာရင်း ရှင်းလင်းဖျက်သိမ်းခြင်း စတင်ချိန် သို့မဟုတ် စတင်ပြီးနောက်ပိုင်းမှ ပေါ်ပေါက်လျှင် ဖျက်သိမ်းမှုပြုနေသည့် ကုမ္ပဏီနှင့်စပ်လျဉ်း၍ ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုကို သက်သေခံအထောက်အထားအဖြစ် အောက်ပါ အခြေအနေများတွင် တင်ပြခွင့်ပြုနိုင်သည်-

(၁) ပြန်လည်ထူထောင်ရေးဆောင်ရွက်ခဲ့သည့် အချိန် သို့မဟုတ် ကုမ္ပဏီသည် အပိုင်း (၅) သို့မဟုတ် အပိုင်း (၆) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ဆောင်ရွက်နေသည့်အချိန်တွင် အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ခဲ့ခြင်း၊

(၂) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းစေရန် ဆုံးဖြတ်ချက်မချမီ သို့မဟုတ် တရားရုံးက ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းစေသည့် အမိန့်ချမှတ်ခြင်းမပြုမီ တစ်ဆက်တည်းအချိန်တွင် ကုမ္ပဏီသည် ထိုပြန်လည်ထူထောင်ရေးကို ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ဆောင်ရွက်နေဆဲဖြစ်ခြင်း၊

(၃) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် ဆောင်ရွက်နေစဉ်အတွင်း ထိုတောင်းဆိုမှု သို့မဟုတ် တာဝန်ရှိမှုကို ပေးချေခဲ့မှု မရှိခြင်း။

(ဂ) ကုမ္ပဏီတွင်ပါဝင်သူ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတို့က ကုမ္ပဏီသို့ ပေးရန် တာဝန်ရှိသည့် ကြွေးမြီပမာဏအားလုံးကို ကုမ္ပဏီ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပေးချေခြင်း မပြုသေးပါက ယင်းကြွေးမြီနှင့် စပ်လျဉ်းပြီး ကုမ္ပဏီကို ဆန့်ကျင်၍ သက်သေခံ အထောက်အထားတင်ပြခွင့်မပြုရ။

**ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများနှင့် စပ်လျဉ်း၍ သက်သေခံအထောက်အထား တင်ပြခြင်း**

၂၀၁။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မြီရှင်များအားလုံး သို့မဟုတ် တစ်ဦးဦးကို ကုမ္ပဏီအပေါ်ရှိ ၎င်းတို့၏ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို သက်သေထင်ရှားပြသရန် ဆင့်ခေါ်သည့်အခါတွင် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်နှင့်အညီ အဆိုပါ ဆင့်ခေါ်ခြင်းခံရသည့် ထိုမြီရှင်များသည် နည်းဥပဒေများအရ သတ်မှတ်ထားသည့်ပုံစံတွင် ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုနှင့် သက်ဆိုင်သည့် သက်သေခံအထောက်အထားကို သတ်မှတ်ထားသည့် စာရွက်စာတမ်းများ ပူးတွဲလျက် သတ်မှတ်သည့်အချိန်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ၎င်းတို့၏ ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို သက်သေထင်ရှား ပြသစေရမည်။

(ခ) ပုဒ်မခွဲ (က) ပါ မည်သည့်အချက်ကမျှ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဆင့်ခေါ်ခြင်းမရှိသဖြင့် ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုအား သက်သေထင်ရှားပြသခွင့်ကို ပိတ်ပင်ခြင်း မရှိစေရ။ ထို့ပြင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် ပုဒ်မခွဲ (က) အရ သက်သေထင်ရှား ပြသရန် မဆင့်ခေါ်ခဲ့ခြင်းကြောင့် ယင်းကြွေးမြီ သို့မဟုတ် တောင်းဆိုမှုကို ငြင်းပယ်ခြင်း မပြုရ။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီနှင့် စပ်လျဉ်းသည့်ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို ဆုံးဖြတ်ပေးရမည်။

(ဃ) တစ်ဦးတစ်ယောက်၏ ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုတစ်ရပ်နှင့် စပ်လျဉ်း၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ ဤပုဒ်မနှင့်အညီ ဆုံးဖြတ်ချက်ချပြီးနောက်တွင် ထိုသူက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးသို့ လျှောက်ထားနိုင်သည်။

**အပြန်အလှန်သွင်းငွေနှင့် ခုနှိမ်ခြင်း**

၂၀၂။ (က) စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဆောင်ရွက်နေသည့် ကြွေးမြီမပေးဆပ်နိုင်သော ကုမ္ပဏီနှင့် ယင်းကုမ္ပဏီထံမှ ကြွေးမြီရရန်ရှိသူ သို့မဟုတ် တောင်းဆိုမှုတစ်ရပ် ပြုလုပ်ထားသူ ပုဂ္ဂိုလ်တို့အကြား အပြန်အလှန် ငွေပေးသွင်းမှု၊ အပြန်အလှန်ငွေထုတ်ယူမှု သို့မဟုတ် အခြားသော အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုများရှိသည့် အခါတွင်-

(၁) ငွေစာရင်းဆိုသည်မှာ ထိုအပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တစ်ဖက်မှ အခြားတစ်ဖက်သို့ ပေးရမည့်အရာဟု မှတ်ယူရမည်၊

(၂) တစ်ဖက်မှ ပေးချေရမည့်ပမာဏသည် အခြားတစ်ဖက်မှ ပြုလုပ်ပေးရမည့် ပမာဏ တစ်ခုခုမှ ခုနှိမ်ရမည်၊

(၃) ငွေစာရင်း၏ လက်ကျန်ငွေကို ကုမ္ပဏီကပေးရန် သို့မဟုတ် ရရန်ရှိသည်တို့အတွက် သက်သေခံအထောက်အထားအဖြစ် တင်ပြစေနိုင်သည်။

(ခ) လူတစ်ဦးသည် ကုမ္ပဏီသို့ ငွေပေးသွင်းချိန် သို့မဟုတ် ကုမ္ပဏီမှ ငွေရရှိချိန်၌ ကုမ္ပဏီသည် ကြွေးမြီမပေးဆပ်နိုင်သူဖြစ်ကြောင်း သိရှိပြီးဖြစ်လျှင် ထိုသူသည် ဤပုဒ်မအရ ခုနှိမ်ပေးရန် တောင်းဆိုခွင့်မရှိစေရ။

**အချိန်မီ သက်သေထင်ရှားမပြနိုင်သည့်မြီရှင်များကို ဖယ်ထုတ်ရန်အခွင့်အာဏာ**

၂၀၃။ တရားရုံးသည် မြီရှင်များက ၎င်းတို့၏ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို သက်သေထင်ရှားပြရန် အချိန်ကာလ သတ်မှတ်ပေးနိုင်သည်။ သတ်မှတ်ကာလအတွင်း သက်သေထင်ရှားမပြနိုင်လျှင် ယခင်က သက်သေထင်ရှားပြီးဖြစ်သော ကြွေးမြီများကို ခွဲဝေပေးရာတွင် ထိုမြီရှင်အား ဖယ်ထုတ်ရမည်။

**အာမခံအကျိုးခံစားခွင့်ရမြီရှင်က ကြွေးမြီအတွက်သက်သေခံအထောက်အထား တင်ပြခြင်း**

၂၀၄။ (က) ဤပုဒ်မသည် ကြွေးမြီမပေးဆပ်နိုင်သည့် ကုမ္ပဏီတစ်ရပ် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် အာမခံအကျိုးခံစားခွင့်ရှိသော ကြွေးမြီအပေါ် သက်သေခံအထောက်အထားတင်ပြမှုနှင့် သက်ဆိုင်စေရမည်။

(ခ) ကြွေးမြီမပေးဆပ်နိုင်သည့် ကုမ္ပဏီတစ်ရပ် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် အာမခံ အကျိုးခံစားခွင့်ရမြီရှင်သည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေ၏ အခြားသောပြဋ္ဌာန်းချက် သို့မဟုတ် ကြွေးမြီတစ်ရပ်အား သက်သေထင်ရှားပြသခြင်းနှင့် သက်ဆိုင်သည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်မှလွဲ၍ အာမခံအကျိုးခံစားခွင့်ရှိသည့် ကြွေးမြီတစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို အခြားနည်းအားဖြင့် သက်သေခံအထောက်အထား တင်ပြနိုင်ခွင့်မရှိစေရ။

(ဂ) အာမခံအကျိုးခံစားခွင့်ရမြီရှင်သည် ကြွေးမြီနှင့် စပ်လျဉ်းသည့် သက်သေခံအထောက်အထား တင်ပြရာတွင် စာဖြင့်ရေးသား တင်ပြရမည်။

(ဃ) ယေဘုယျအားဖြင့် အာမခံအကျိုးခံစားခွင့်ရမြီရှင်က မြီရှင်များအကျိုးအတွက် ၎င်း၏ အာမခံအကျိုးခံစားခွင့်ကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ စွန့်လွှတ်ပေးအပ်ခဲ့လျှင် အဆိုပါ မြီရှင်သည် အာမခံထားသည့်ကြွေးမြီ၏ ပမာဏတစ်ခုလုံးအတွက် သက်သေခံ အထောက်အထား တင်ပြနိုင်သည်။

(င) အာမခံအကျိုးခံစားခွင့်ရမြီရှင်က အာမခံပစ္စည်းကိုထုခွဲရောင်းချခဲ့ပြီး အဆိုပါ ထုခွဲရောင်းချမှုသည် သဘောရိုးဖြင့် သင့်တော်သည့် နည်းလမ်းများအရ ဆောင်ရွက်ခဲ့ကြောင်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ကျေနပ်လျှင် မြီရှင်သည် ထုခွဲရောင်းချခဲ့ရာမှ ရရှိခဲ့သည့် အသားတင်ပမာဏကို နုတ်ပြီးနောက် ကျန်ရှိသည့် ပမာဏအတွက် သက်သေခံအထောက်အထား တင်ပြနိုင်သည်။

(စ) မြီရှင်သည် အာမခံပစ္စည်းကို ထုခွဲရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းပေးအပ်ခြင်း မပြုရသေးပါက ယင်း၏ တန်ဖိုးကို ခန့်မှန်းတင်ပြနိုင်ပြီး ထိုသို့ခန့်မှန်းထားသည့် တန်ဖိုးကိုနုတ်ပြီးနောက် ကျန်ရှိသည့် ပမာဏအတွက်ကိုသာ သက်သေခံအထောက်အထား တင်ပြနိုင်သည်။

(ဆ) ပုဒ်မခွဲ (စ) အရ ကြွေးမြီအတွက် သက်သေခံအထောက်အထား တင်ပြရာတွင် အာမခံပစ္စည်း၏ အသေးစိတ်အချက်အလက်များနှင့် ခန့်မှန်းတန်ဖိုးပါဝင်ရမည်။

(ဇ) အာမခံအကျိုးခံစားခွင့်ရ မြီရှင်၏ကြွေးမြီအတွက် သက်သေခံအထောက်အထား တင်ပြရာတွင် မြီရှင်သည် အာမခံပစ္စည်း၏ ခန့်မှန်းတန်ဖိုးကိုနုတ်ပြီး ကျန်ရှိသည့် ပမာဏကိုသာ တင်ပြခဲ့ခြင်းဖြစ်ပါက မြီရှင်သည် ခန့်မှန်းတန်ဖိုးကို ပြောင်းလဲပြင်ဆင်ရန် အလို့ငှာ ကြွေးမြီနှင့် စပ်လျဉ်းသည့် သက်သေခံ အထောက်အထားကို နောင်တွင် ပြောင်းလဲပြင်ဆင် တင်ပြနိုင်သည်။

(ဈ) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ပုဒ်မခွဲ (ဇ) အရ ကြွေးမြီသက်သေခံ အထောက်အထားပြင်ဆင်ခဲ့သည့် မြီရှင်သည် ရပိုင်ခွင့်ရှိသည့် ပမာဏထက်ပို၍ ရရှိပါက နှောင့်နှေးမှုမရှိဘဲ ပိုနေသည့်ပမာဏကို စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ပြန်ပေးရမည်။

(ည) ကုမ္ပဏီကိုဖျက်သိမ်းရာတွင် ကြွေးမြီသက်သေခံ အထောက်အထား ပြင်ဆင်ခဲ့သည့် မြီရှင်သည် ထိုပြင်ဆင်ထားသည့် ကြွေးမြီ သက်သေခံအထောက်အထား၏ ပမာဏထက် နည်း၍ ရရှိပါက ဆက်လက်ခွဲဝေမည့် ငွေပမာဏအနက်မှ ထိုလျော့နည်းသည့် ပမာဏကို နောင်လာမည့်ခွဲဝေမှုများ ပြုလုပ်ခြင်းမပြုမီ ဖြည့်စွက်ရပိုင်ခွင့်ရှိသည်။ သို့ရာတွင် မြီရှင်သည် ကြွေးမြီအထောက်အထား ပြင်ဆင်ချက်မတိုင်မီက ပြုလုပ်ခဲ့သည့် ခွဲဝေမှုတွင် အကျိုးသက်ဆိုင်ခွင့် မရှိစေရ။

(ဋ) အာမခံအကျိုး ခံစားခွင့်ရမြီရှင်က ကြွေးမြီသက်သေခံ အထောက်အထား တင်ပြရာတွင် အာမခံခန့်မှန်းတန်ဖိုး ထုတ်နုတ်ပြီးနောက် ကျန်ရှိသည့် ပမာဏကို တင်ပြခဲ့ခြင်းဖြစ်ပြီး အဆိုပါ အာမခံပစ္စည်းကို ထုခွဲရောင်းချရာ ခန့်မှန်းတန်ဖိုးအတိုင်း ရရှိခဲ့ခြင်း မရှိလျှင် ထိုခန့်မှန်းတန်ဖိုးနေရာ၌ အမှန်တကယ် ရောင်းချခဲ့သည့် အသားတင်ငွေကို အစားထိုးရမည်ဖြစ်ပြီး ထိုဆောင်ရွက်ချက်သည် ပုဒ်မခွဲ (ဇ) နှင့် (ည) တို့အရ ကြွေးမြီသက်သေခံအထောက်အထား ပြင်ဆင်ခဲ့ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**အာမခံပစ္စည်းများအနက်မှ ဆက်စပ်ဝန်ထမ်းများ၏ ဦးစားပေးမှု အစီအစဉ်**

၂၀၅။ ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြုလုပ်သည် ဖြစ်စေ၊ မပြုလုပ်သည်ဖြစ်စေ ဤပုဒ်မနှင့် သက်ဆိုင်စေရမည် ဖြစ်ပြီး ပုဒ်မ ၁၉၆ ပါ သက်ဆိုင်သည့်ဝန်ထမ်းများက ရရန်ရှိသော ဦးစားပေးရပိုင်ခွင့်များကို အခြားနည်းဖြင့် ပေးချေနိုင်ခြင်းမရှိပါက အာမခံအကျိုးခံစားခွင့်ရှိသူ၏ အာမခံကို ထုခွဲရောင်းချ၍ ရရှိသော အသားတင်ငွေအနက်မှ အဆိုပါ ဝန်ထမ်းများ ရရန်ရှိသောငွေကို အာမခံအကျိုးခံစားခွင့်ရှိသော ပုဂ္ဂိုလ်ထက် ဦးစားပေး၍ ပေးချေရမည်။

**ဝန်ထုပ်ဝန်ပိုးဖြစ်သည့် ပစ္စည်းကို တာဝန်မယူကြောင်း ထုတ်ဖော် ကြေညာခွင့်**

၂၀၆။ (က) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ဝန်ထုပ်ဝန်ပိုးဖြစ်သည့် ပစ္စည်းကို လက်ရောက်ရယူထားခဲ့လျှင် သို့မဟုတ် ရောင်းချရန် ကြိုးစားခဲ့လျှင် သို့မဟုတ် ယင်းပစ္စည်းနှင့် စပ်လျဉ်း၍ ပိုင်ရှင်၏ အခွင့်အရေးများကို အခြားနည်းဖြင့် အသုံးပြုခဲ့ပြီး ဖြစ်လျှင်ပင် ဤပုဒ်မအရ ဝန်ထုပ်ဝန်ပိုးဖြစ်သည့် ပစ္စည်းတစ်ခုခုကို တာဝန်မယူကြောင်း နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် ပုံစံနှင့်အညီ အကြောင်းကြားစာ ပေးပို့ ငြင်းဆိုနိုင်သည်။

(ခ) ဤပုဒ်မအလို့ငှာ အောက်ပါတို့သည် ဝန်ထုပ်ဝန်ပိုး ဖြစ်စေသော ပစ္စည်းဖြစ်သည်-

(၁) အကျိုးအမြတ်မရှိသော ပဋိညာဉ်စာချုပ်၊

(၂) မရောင်းချနိုင်သော သို့မဟုတ် အလွယ်တကူ ရောင်းချခြင်း မပြုနိုင်သော ကုမ္ပဏီပိုင် ပစ္စည်းများ သို့မဟုတ် ငွေကြေးပေးရန် တာဝန်တင်ရှိလာစေနိုင်သည့် သို့မဟုတ် အခြားဝန်ထုပ်ဝန်ပိုးဖြစ်လာစေသည့် ပြုလုပ်မှုတစ်ခုခု။

(ဂ) ဤပုဒ်မအရ တာဝန်မယူကြောင်း ကြေညာချက်သည်-

(၁) ထိုသို့ ထုတ်ဖော်ကြေညာသည့်နေ့မှစ၍ ကုမ္ပဏီတွင်ရှိမည့် အခွင့်အရေးများ၊ အကျိုးစီးပွားများနှင့် တာဝန်ရှိမှုများသည် ယင်းသို့ ထုတ်ဖော်ကြေညာသည့် ပစ္စည်း သို့မဟုတ် ပစ္စည်းနှင့် ဆက်နွှယ်၍ စတင်အကျိုးသက်ရောက်စေရမည်။

(၂) သို့ရာတွင် ကုမ္ပဏီအား တာဝန်ရှိမှုတစ်ခုခုမှစွန့်လွှတ်ရန် ရည်ရွယ်ချက်အလို့ငှာ လိုအပ်သည့်အခါမှတစ်ပါး အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးများ သို့မဟုတ် တာဝန်ရှိမှုများကို မထိခိုက်စေရ။

(ဃ) အောက်ပါအခြေအနေများတွင် ပစ္စည်းတစ်ခုခုနှင့် စပ်လျဉ်း၍ တာဝန်မယူကြောင်း အကြောင်းကြားစာအား ထုတ်ဆင့် ပေးပို့ခြင်းမပြုရ-

(၁) ပစ္စည်းတွင် အကျိုးသက်ဆိုင်သူသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ၎င်းမတိုင်မီ စာရင်းရှင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သူများထံသို့ စာဖြင့်ရေးသား၍ ၎င်းက တာဝန် ရှိ မရှိ ဆုံးဖြတ်ပေးရန်လျှောက်ထားခဲ့ခြင်း၊

(၂) ဤပုဒ်မအရ ပစ္စည်းတစ်ရပ်နှင့် စပ်လျဉ်းပြီး ထိုသို့လျှောက်ထားမှုကို ပြုလုပ်သည့်နေ့မှ စတင်၍ ၂၈ ရက် ကာလ သို့မဟုတ် တရားရုံးက ထပ်မံတိုးမြှင့်သော အချိန်ကာလကို ကျော်လွန်ကုန်ဆုံးခဲ့သည့်တိုင်အောင် တာဝန်မယူကြောင်း ကြေညာချက်အား ထုတ်ဆင့်မှု မပြုခဲ့ခြင်း။

(င) ဤပုဒ်မအရ တာဝန်မယူကြောင်း ကြေညာချက် ထုတ်ပြန်ခြင်းကြောင့် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုရှိသူ မည်သူ့ကိုမဆို ၎င်းဆုံးရှုံးခဲ့မှု သို့မဟုတ် နစ်နာမှု၏ အတိုင်းအတာတစ်ခုအထိ ၎င်းအား ကုမ္ပဏီ၏ မြီရှင်အဖြစ် မှတ်ယူရမည်ဖြစ်ပြီး ထိုသူ၏ ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရာတွင် သက်သေခံအထောက်အထားအဖြစ် တင်ပြနိုင်သည်။

*စာမျက်နှာ ၁၉ သို့*

*စာမျက်နှာ ၁၈ မှ*

**ငွားရမ်းသည့်ပစ္စည်းအပေါ် တာဝန်မယူကြောင်း ငြင်းဆိုခြင်း**

၂၀၇။ (က) ငွားရမ်းထားသည့် ပစ္စည်းတစ်ခုခုအပေါ် တာဝန်မယူကြောင်း ငြင်းဆိုခြင်းသည် လူမွဲထံမှ ထပ်ဆင့်အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအသီးသီးထံသို့ တာဝန်မယူကြောင်း ငြင်းဆိုချက်မိတ္တူကို ပေးပို့ထားခြင်းမရှိပါက အကျိုးသက်ရောက်မှု မရှိစေရ။

(ခ) ထို့အပြင် ဤပုဒ်မခွဲအရ နောက်ဆုံးငြင်းဆိုချက်မိတ္တူ ပေးအပ်သည့်နေ့မှ ၁၄ ရက်အတွင်း ထိုပစ္စည်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၂၀၉ အရ တင်ပြလျှောက်ထားမှုမရှိပါက အကျိုးသက်ရောက်မှု မရှိစေရ။ သို့ရာတွင် ယင်းကဲ့သို့လျှောက်လွှာကို ပြုလုပ်ပြီးသော်လည်း တာဝန်မယူကြောင်း ငြင်းဆိုခြင်းသည် အကျိုးသက်ရောက်ရမည်ဟု တရားရုံးက ညွှန်ကြားနိုင်သည်။

(ဂ) တရားရုံးက ပုဒ်မ ၂၀၉ ပုဒ်မခွဲ (က) အရ ညွှန်ကြားသည့်အခါ ထိုပုဒ်မအရ ချမှတ်ပေးသည့် အမိန့်အပြင် အငှားချထားခြင်းနှင့်စပ်လျဉ်းသည့် အမြဲစွဲကပ်ထားသည့် ပစ္စည်းများ၊ အိမ်ငှား၏ တိုးတက်အောင်ဆောင်ရွက်မှုနှင့် အငှားချထားမှုမှ ပေါ်ပေါက်လာသည့် အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း အမိန့်ချမှတ်နိုင်သည်။

**တာဝန်မယူကြောင်းငြင်းဆိုခြင်းနှင့်စပ်လျဉ်း၍ တရားရုံး၏ သာမန်အခွင့်အာဏာများ**

၂၀၈။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ပုဒ်မ ၂၀၆ အရ ပစ္စည်းကို တာဝန်မယူကြောင်း ငြင်းဆိုသည်နှင့်တစ်ပြိုင်နက် ဤပုဒ်မနှင့် ပုဒ်မ ၂၀၉ ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

(ခ) တရားရုံးသို့ အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးက လျှောက်ထားနိုင်သည်-

(၁) တာဝန်မယူကြောင်း ငြင်းဆိုသည့်ပစ္စည်းတွင် အကျိုးသက်ဆိုင်မှုရှိသည်ဟု တောင်းဆိုသူ၊

(၂) တာဝန်မယူကြောင်း ငြင်းဆိုသည့်ပစ္စည်းနှင့်စပ်လျဉ်း၍ ကြေညာချက်အရ ကင်းလွတ်ခွင့်ရသည့် တာဝန်မျိုးမဟုတ်သော တာဝန်တစ်ရပ်ရပ် တင်ရှိနေသူ။

(ဂ) တာဝန်မယူကြောင်း ငြင်းဆိုသည့်ပစ္စည်းကို အောက်ပါ ပုဂ္ဂိုလ်တစ်ဦးဦးထံ အပ်နှင်းရန် သို့မဟုတ် လွှဲပြောင်းပေးအပ်ရန် အတွက် ဤပုဒ်မအရ လျှောက်ထားသည့်အခါ တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များသတ်မှတ်၍ အမိန့်ချမှတ်နိုင်သည်-

(၁) ယင်းပစ္စည်းကို ပိုင်ဆိုင်ခွင့်ရှိသူ သို့မဟုတ် ထိုသူ၏ယုံမှတ်အပ်နှံခံရသူ၊

(၂) ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြထားသည့် တာဝန်ရှိမှုကို လိုက်နာရသူ သို့မဟုတ် ထိုသူ၏ ယုံမှတ်အပ်နှံခံရသူ။

(ဃ) တာဝန်မယူကြောင်း ကြေညာချက်နှင့်စပ်လျဉ်းပြီး လိုက်နာရသူတစ်ဦးကို လျော်ကြေးပေးရန် ရည်ရွယ်၍ ပြုလုပ်ပါက တရားမျှတမည်ဟု ထင်မြင်သည်မှတစ်ပါး တရားရုံးသည် ပုဒ်မခွဲ (ဂ) အရ အမိန့်ချမှတ်ခြင်းမပြုရ။

(င) တာဝန်မယူကြောင်း ငြင်းဆိုမှုကြောင့် တစ်ဦးတစ်ယောက် ခံစားရသည့် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှု၏အတိုင်းအတာကို ပုဒ်မ ၂၀၆ ပုဒ်မခွဲ (င) အရ ဆန်းစစ်ရာတွင် ဤပုဒ်မအရ ချမှတ်သည့်အမိန့်တစ်ရပ်၏ အကျိုးသက်ရောက်မှုကို ထည့်သွင်းစဉ်းစားရမည်။

(စ) ဤပုဒ်မအရ ပုဂ္ဂိုလ်တစ်ဦးဦးထံ ပစ္စည်းအပ်နှင်းသည့် အမိန့်ချမှတ်ပါက ပစ္စည်းသည် တရားဝင်လွှဲပြောင်းရောက်ရှိသွားပြီးဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ဥပဒေနှင့်အညီပေးကမ်းခြင်း၊ တာဝန်ပေးခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်ရန် မလိုအပ်စေရ။

**ငှားရမ်းထားသည့်ပစ္စည်းကို တာဝန်မယူကြောင်းငြင်းဆိုခြင်းနှင့် စပ်လျဉ်း၍ တရားရုံး၏ အခွင့်အာဏာများ**

၂၀၉။ (က) အောက်ပါသတ်မှတ်ချက်များ ပြုလုပ်သည်မှတစ်ပါး၊ တရားရုံးသည် ကုမ္ပဏီထံမှ ထပ်ဆင့် အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအသီးသီးထံသို့ အငှားချထားသည့်ပစ္စည်းကို အပ်နှံစေရန် ပုဒ်မ ၂၀၈ အရ အမိန့်ချမှတ်ခြင်းမပြုရ။ ထိုသူသည်-

(၁) စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည့်အချိန်တွင် အငှားစာချုပ်အရ ကုမ္ပဏီက တာဝန်ရှိသည့်အတိုင်း တူညီသောတာဝန်ရှိမှုများ၊ တာဝန်ယူမှုများကို မဆန့်ကျင်စေရ၊

(၂) လိုအပ်ပါက စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည့်အချိန်တွင် အငှားစာချုပ်အား တစ်ဦးတစ်ယောက်ကိုတာဝန်ပေးပါကထိုသူကတာဝန်ရှိလာမည့်တူညီသော တာဝန်ရှိမှုများနှင့် တာဝန်ယူမှုများကို မဆန့်ကျင်စေရ။

(ခ) အငှားစာချုပ်တွင် ပါဝင်သည့်ပစ္စည်းတစ်ခုခု၏ တစ်စိတ်တစ်ဒေသအပေါ်တွင် ပုဒ်မ ၂၀၈ အရ ချမှတ်သောအမိန့်အရ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များသည် အမိန့်နှင့်စပ်လျဉ်းသည့် ပစ္စည်းကိုသာ ပါဝင်သကဲ့သို့ အကျိုးသက်ရောက်သည်။

(ဂ) ပုဒ်မခွဲ (က) နှင့်သက်ဆိုင်ပြီး တစ်ဦးတစ်ယောက်သည် ထိုပုဒ်မခွဲအရလိုအပ်သည့် သတ်မှတ်ချက်များနှင့်အညီချမှတ်သော ပုဒ်မ ၂၀၈ အရ အမိန့်ကို လက်ခံရန်ဆန္ဒ မရှိသည့်အခါ တရားရုံးသည် ထိုပုဒ်မအရ ချမှတ်သည့်အမိန့်ဖြင့် ကုမ္ပဏီပိုင်ပစ္စည်း သို့မဟုတ် ပစ္စည်းအပေါ်တွင် ကုမ္ပဏီ၏ အကျိုးသက်ဆိုင်ခွင့်အား အငှားစာချုပ်ရှိ ငှားရမ်းသူ၏ သဘောတူညီချက်ကို ဆောင်ရွက်ရန် တာဝန်ရှိသူတစ်ဦးဦးကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်အနေဖြင့် ဖြစ်စေ ဆောင်ရွက်စေနိုင်ပြီး ယင်းသို့ဆောင်ရွက်ရာတွင် တစ်ဦးတည်းဖြစ်စေ၊ ကုမ္ပဏီနှင့်ပူးတွဲ၍ဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။

(ဃ) ကုမ္ပဏီကြောင့်ဖြစ်ပေါ်လာသည့်ပစ္စည်းများ၊ အခွင့်အရေးများ၊ တာဝန်များနှင့် အကျိုးခံစားခွင့်များအားလုံးမှ ကင်းလွတ်စေလျက် အဆိုပါပစ္စည်းနှင့် ယင်းအပေါ်အကျိုးခံစားခွင့်ကို တရားရုံးသည် ထိုသူထံသို့ အပ်နှင်းနိုင်သည်။

(င) ပုဒ်မခွဲ (က)နှင့်သက်ဆိုင်ပြီး ကုမ္ပဏီကိုအမှီပြု၍ ထပ်ဆင့်အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအနေဖြင့် တောင်းဆိုနေသူမည်သူမဆို ပုဒ်မ ၂၀၈ အရ ချမှတ်သည့် အမိန့်ကိုလက်ခံရန် ငြင်းဆိုသည့်အခါ ထိုသူအား ပစ္စည်းတွင်ရှိသည့် အကျိုးခံစားခွင့်အားလုံးမှ ဖယ်ထုတ်စေရမည်။

**တရားရုံးက ပဋိညာဉ်စာချုပ်များကို ပယ်ဖျက်ခြင်း**

၂၁၀။ (က) ကုမ္ပဏီနှင့် ပဋိညာဉ်စာချုပ်တစ်ရပ်ချုပ်ဆိုပြီး ထိုစာချုပ်အရ အကျိုးအမြတ် ခံစားခွင့်ရှိသူကဖြစ်စေ သို့မဟုတ် ထိုစာချုပ်ကြောင့် တာဝန်တင်ရှိနေသူကဖြစ်စေ လျှောက်ထားလာပါက တရားရုံးသည် ပဋိညာဉ်အတိုင်းဆောင်ရွက်ရန် ပျက်ကွက်ခြင်းအတွက် နစ်နာကြေးပေးစေရန် ဖြစ်စေ၊ တရားမျှတသည်ဟု ယူဆသော နည်းလမ်းဖြင့်ဖြစ်စေ စည်းကမ်းချက်များ သတ်မှတ်လျက် ပဋိညာဉ်စာချုပ်အား ပယ်ဖျက်စေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) အထက်ပါ အမိန့်အရ တစ်ဦးတစ်ယောက်အား ပေးအပ်ရမည့် နစ်နာကြေးကို ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ပေးချေရမည့်ကြွေးမြီတစ်ရပ်ဖြစ်ကြောင်း ထိုသူက သက်သေထင်ရှားပြသနိုင်သည်။

**အပြီးသတ် စာရင်းရှင်းလင်းခြင်းနှင့်ဖျက်သိမ်းခြင်း**

**ကုမ္ပဏီဖျက်သိမ်းခြင်းမပြုမီ နောက်ဆုံးအစည်းအဝေး**

၂၁၁။ (က) ကုမ္ပဏီ၏ကိစ္စရပ်များအား အပြည့်အဝ စာရင်းရှင်းလင်းဖျက်သိမ်းပြီးသည်နှင့် တစ်ပြိုင်နက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မည်သို့ဆောင်ရွက်ခဲ့သည်နှင့် ကုမ္ပဏီ၏ပစ္စည်းကို မည်သို့ အပြီးသတ်စီမံခန့်ခွဲခဲ့သည်ကို ဖော်ပြသည့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း စာရင်းကို ပြုစုပြီးနောက် ရှင်းလင်းတင်ပြရန် ကုမ္ပဏီ၏ မြီရှင်များ အစည်းအဝေး သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဖြစ်ပါက ကုမ္ပဏီတွင် ပါဝင်သူများ၏ အစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

(ခ) အစည်းအဝေးကျင်းပပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် မှတ်ပုံတင်အရာရှိထံ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စာရင်း၏မိတ္တူကို လည်းကောင်း၊ အစည်းအဝေးမှတ်တမ်းကိုလည်းကောင်း ပေးပို့ရမည်။ အစည်းအဝေး အထမြောက်ရန် လိုအပ်သော အနည်းဆုံး တက်ရောက်သူ အရေအတွက်မပြည့်မီပါက ထိုစာရင်းနှင့်အတူ လိုအပ်သောအရေအတွက်မပြည့်မီကြောင်း အတည်ပြုဖော်ပြသည့် စာကိုလည်း ပူးတွဲပေးပို့ရမည်။

**ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းခြင်းနှင့် ကုမ္ပဏီအားပြန်လည်တည်ရှိစေခြင်း**

၂၁၂။ (က) ဤပုဒ်မသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မှတ်ပုံတင်အရာရှိထံ ပုဒ်မ ၂၁၁ ပုဒ်မခွဲ (ခ) တွင် ပြဋ္ဌာန်းပါရှိသည့် အချက်အလက်များ ပေးပို့သည့်ကိစ္စနှင့် သက်ဆိုင်စေရမည်။

(ခ) ပုဒ်မခွဲ (က) အရပေးပို့သော အချက်အလက်များရရှိသည်နှင့် တစ်ပြိုင်နက် မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စာရင်းတွင် ရေးသွင်းရမည်။ ထိုသို့ မှတ်ပုံတင်ပြီးသည့်နေ့မှ ၃ လ ပြည့်မြောက်သည့်နေ့တွင် ကုမ္ပဏီသည် အပြီးသတ်ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) သို့သော် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ အကျိုးသက်ဆိုင်သူဟု တရားရုံးက ထင်မြင်ယူဆသူကဖြစ်စေ လျှောက်ထားလာပါက တရားရုံးသည် ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသည့်ရက်ကို ရွှေ့ဆိုင်းရန် အမိန့်ချမှတ်နိုင်သည်။

(ဃ) အခြားအကျိုးသက်ဆိုင်သူမှ လျှောက်ထားလာပါက တရားရုံးသည် ကုမ္ပဏီ မှတ်ပုံတင်ရုံးတွင် အပြီးသတ်ဖျက်သိမ်းပြီးဖြစ်သည့် ကုမ္ပဏီအား ပြန်လည်အသက်သွင်းသည့် အမိန့်ကိုသင့်လျော်သည့် စည်းကမ်းချက်များသတ်မှတ်လျက် ချမှတ်နိုင်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကိုလည်း ခန့်ထားနိုင်သည်။

(င) အဆိုပါတရားရုံး၏ အမိန့်မိတ္တူကို အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း မှတ်ပုံတင်အရာရှိထံ ပေးပို့ရန်တာဝန်သည် ထိုအမိန့်ချမှတ်ပေးစေရန် လျှောက်ထားသူ၏ တာဝန်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ်တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

**ဆောလျင်စွာ ဖျက်သိမ်းခြင်း**

၂၁၃။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရာ၌ ကုန်ကျခဲ့သည့်စရိတ်များအား ပေးချေရန် ကုမ္ပဏီသည် လုံလောက်သည့် ထုခွဲရောင်းချနိုင်သော ပစ္စည်းများမရှိဟု ကုမ္ပဏီ၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိကဖြစ်စေ သို့မဟုတ် ပုဒ်မ ၁၆၈ အရ ခန့်အပ်သော တရားဝင် ပစ္စည်းထိန်းကဖြစ်စေ ထင်မြင်ယူဆလျှင် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီအား ဆောလျင်စွာ ဖျက်သိမ်းရန်အတွက် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားခြင်းမပြုမီ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ သို့မဟုတ် တရားဝင် ပစ္စည်းထိန်းသည် ထိုသို့ လျှောက်ထားရန် ရည်ရွယ်ကြောင်းကို ကုမ္ပဏီ၏ မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများထံ ၁၄ ရက်ထက်နောက် မကျစေဘဲ ကြိုတင်အကြောင်းကြားရမည်။ ကုမ္ပဏီမှ ပစ္စည်းထိန်းခန့်ထားပါက ထိုပစ္စည်းထိန်းထံသို့ အကြောင်းကြားရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ အကြောင်းကြားလျှင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် တရားဝင် ပစ္စည်းထိန်းသည် ကုမ္ပဏီနှင့် စပ်လျဉ်း၍ ပုဒ်မခွဲ (က) အရ လျှောက်ထားရန် တာဝန်မှလွဲ၍ ကုမ္ပဏီ၊ မြီရှင်နှင့် ကြွေးမြီဆပ်ရသူများနှင့် စပ်လျဉ်း၍ ၎င်းထမ်းဆောင်ရမည့်တာဝန်များ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဃ) ပုဒ်မခွဲ (က) အရ ပေးပို့သော လျှောက်ထားချက်ကို လက်ခံရရှိသည်နှင့် တစ်ပြိုင်နက် မှတ်ပုံတင်အရာရှိသည် ယင်းစာကို မှတ်ပုံတင် စာရင်းရေးသွင်းရမည်ဖြစ်ပြီး ထိုသို့ ရေးသွင်းပြီးသည့်နေ့မှ ၃ လ ကုန်ဆုံးသည့်နေ့တွင် ကုမ္ပဏီသည် အပြီးသတ်ဖျက်သိမ်းပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(င) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ကုမ္ပဏီ၏မြီရှင်တစ်ဦးဦး သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူ သို့မဟုတ် ပစ္စည်းထိန်း မည်သူမဆို ပုဒ်မခွဲ (ခ) အရ အကြောင်းကြားစာပေးပို့ပြီးပါက တရားရုံးမှ အောက်ပါညွှန်ကြားသည့်အမိန့်များ ရရှိနိုင်ရန် လျှောက်ထားနိုင်သည်-

(၁) ပုဒ်မခွဲ (ခ) အရ အကြောင်းကြားစာပေးပို့ခဲ့ခြင်း မရှိဘိသကဲ့သို့ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်း နိုင်စေရန်အတွက် သတ်မှတ်ညွှန်ကြားခြင်း၊

(၂) ကုမ္ပဏီအပြီးသတ်ဖျက်သိမ်းခြင်း စတင်အကျိုး သက်ရောက်မည့်နေ့ကို ရွှေ့ဆိုင်းကြောင်း ညွှန်ကြားခြင်း။

(စ) ပုဒ်မခွဲ (ဃ) ပါ ကာလကျော်လွန်သော်လည်း အကျိုးသက်ဆိုင်သူက လျှောက်ထားလာလျှင် တရားရုံးသည် သင့်လျော်သည့် စည်းကမ်းချက်များ သတ်မှတ်လျက် ကုမ္ပဏီအား ကုမ္ပဏီများ မှတ်ပုံတင်စာရင်းတွင် ပြန်လည်အသက်သွင်းသည့်အမိန့်အား ချမှတ်နိုင်သည့်အပြင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကိုလည်း ခန့်ထားနိုင်သည်။

(ဆ) ကုမ္ပဏီနှင့်စပ်လျဉ်း၍ ညွှန်ကြားသည့်အမိန့်ချမှတ်ခဲ့ပါက ထိုအမိန့်ချမှတ်ပေးရန် လျှောက်ထားခဲ့သူသည် အမိန့်ချမှတ်သည့်နေ့မှစ၍ အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း အမိန့်မိတ္တူကို မှတ်ပုံတင်အရာရှိထံ မှတ်ပုံတင်နိုင်ရန်အတွက် ပေးပို့ရမည်။

(ဇ) ပုဒ်မခွဲ(ဆ)ပါပြဋ္ဌာန်းချက်ကိုခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လိုက်နာရန် ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ်တစ်သိန်းထက် မပိုသည့် ဒဏ်ကြေးငွေကို တပ်ရိုက်ရမည်။

**အခန်း (၈)**

**စာရင်းရှင်းလင်းဖျက်သိမ်းစဉ်နှင့် ယင်းမတိုင်မီအလွဲသုံးစားပြုခြင်း**

**ကုမ္ပဏီများနှင့် ကုမ္ပဏီအရာရှိများကို ပြစ်ဒဏ်ချမှတ်ခြင်း၊**

**စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုအရေးယူခြင်း၊**

**အတုအပပြုလုပ်မှု၊ လိမ်လည်မှုအတွက် ပြစ်မှုများ**

**စာရင်းရှင်းလင်းဖျက်သိမ်းရန်ရည်ရွယ်၍ လိမ်ညာမှုပြုလုပ်ခြင်း**

၂၁၄။ (က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းနေပါက ကုမ္ပဏီ၏ ယခင်က သို့မဟုတ် လက်ရှိအရာရှိ မည်သူမဆို စာရင်းရှင်းလင်းဖျက်သိမ်းမှုစတင်ခြင်းမပြုမီ ၁၂ လ ကာလအတွင်း အောက်ပါတစ်ရပ်ရပ်ကို ဆောင်ရွက်ခဲ့လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်-

(၁) နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် ပမာဏထက်ကျော်လွန်သော ကုမ္ပဏီ၏ ပိုင်ဆိုင်မှုအစိတ်အပိုင်းတစ်ခုခုကို လိမ်လည်လိုသောသဘောဖြင့် ရွှေ့ပြောင်းခဲ့ခြင်း သို့မဟုတ် ကုမ္ပဏီမှပေးရန်နှင့် ရရန်ရှိသောကြွေးမြီတစ်ရပ်ရပ်ကို ဝှက်သိမ်းထားခဲ့ခြင်း သို့မဟုတ်

(၂) ကုမ္ပဏီပိုင်ပစ္စည်း သို့မဟုတ် ကိစ္စရပ်များအပေါ် သက်ရောက်မှုရှိသော သို့မဟုတ် ဆက်စပ်သော စာအုပ်စာတမ်းများအား ဝှက်သိမ်းထားခြင်း၊ ဖျက်ဆီးခြင်း၊ ပိုင်းခြားခွဲဝေခြင်း၊ ပုံသဏ္ဍာန်ပျက်ယွင်းစေခြင်း၊ လိမ်လည်အတုပြုလုပ်ခြင်း၊ သို့မဟုတ် မှတ်တမ်းများတွင် လိမ်လည်စာရင်းသွင်းခြင်း၊

(၃) တစ်စုံတစ်ဦးမှ ထိုသို့ဆောင်ရွက်နေသည်ကို သိလျက်နှင့် ပါဝင်ဆောင်ရွက်ခြင်း။

*ဆက်လက်ဖော်ပြပါမည်*

# အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
နေပြည်တော်
၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ( ၂၆ ) ရက်
၂၀၁၉-၂၀၂၀ ပညာသင်နှစ်
အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာခြင်း

၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်းကြေညာအပ်ပါသည်-

*ယမန်နေ့မှအဆက်*

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၀ ပြည့်နှစ်၊ အဌမတန်းလူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၃၁ | မောင်သန့်ဇင်လင်း | အထက(၁)ကလော | ကလော | တောင်ကြီး |
| ၁၃၂ | မောင်အံ့ထူးအောင် | အထက(၃)ညောင်ရွှေ | ညောင်ရွှေ | တောင်ကြီး |
| ၁၃၃ | မပန်းအိဖြူ | အထက(၂)ဖယ်ခုံ | ဖယ်ခုံ | တောင်ကြီး |
| ၁၃၄ | နန်းဟွမ်ပွေး | အလက-လေ့ကျင့်ရေး | တောင်ကြီး | တောင်ကြီး |
| ၁၃၅ | စိုင်းထက်ဝေယံ | အထက(၃)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၆ | မောင်ရန်နိုင် | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၇ | မအိအိရွှန်းဝေ | အလက(ခွဲ)(၃)ရပ်ကွက် | နမ့်စန် | လွိုင်လင် |
| ၁၃၈ | မနန်းအေးမြတ်နန္ဒာ | အထက-မိုင်းနောင် | ကျေးသီး | လွိုင်လင် |
| ၁၃၉ | မောင်သန့်ကျော်ဇင် | အထက-တုန်ဟုန်း | မိုးနဲ | လင်းခေး |
| ၁၄၀ | နန်းနှင်းသူလှိုင် | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၁ | မောင်ရဲရင့်အောင် | ထ(ခွဲ)လ(၈) | လားရှိုး | လားရှိုး |
| ၁၄၂ | စိုင်းခေးလူ | အထက(၁) တန့်ယန်း | တန့်ယန်း | လားရှိုး |
| ၁၄၃ | မဖူးရွှေစင်နိုင် | အထကကွမ်းလုံ | ကွမ်းလုံ | လားရှိုး |
| ၁၄၄ | မယုနဒီအောင် | ထ(ခွဲ)လ(၈) | လားရှိုး | လားရှိုး |
| ၁၄၅ | မောင်အောင်မြင့်မြတ် | အထက(၁) | နောင်ချို | ကျောက်မဲ |
| ၁၄၆ | မောင်ကောင်းမြတ်မင်း | အထက(၂) | နမ္မတူ | ကျောက်မဲ |
| ၁၄၇ | မခင်လင်းသက် | အထက(၂) | မိုးမိတ် | ကျောက်မဲ |
| ၁၄၈ | မခြူးမြတ်စန္ဒီ | အထက(၄) | ကျောက်မဲ | ကျောက်မဲ |
| ၁၄၉ | မောင်မိုင်းညီညီအေး | အောင်(ကပက) | မူဆယ် | မူဆယ် |
| ၁၅၀ | မမိုးပွင့်ဖြူ | အထက(၂) | မူဆယ် | မူဆယ် |
| ၁၅၁ | မောင်ဟံသာအောင်တင် | အထက(၄) ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မောင်အောင်ကောင်းထက် | အထကမိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၃ | မချောမြတ်နိုးခင် | အထက(၄) ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၄ | မနန်းစံဖွေးနွံ | အထကမိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၅ | မောင်စွမ်းသိန်း | အထက-မိုင်းဖြတ် | မိုင်းဖြတ် | တာချီလိတ် |
| ၁၅၆ | မခင်နှံ့သာခိုင် | အထက-တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၅၇ | မောင်စိုင်းဇော်ထွန်းလင်း | အထက(ခွဲ)လ(၂) | မိုင်းဆတ် | မိုင်းဆတ် |
| ၁၅၈ | မလဲ့လဲ့ဝင်း | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၅၉ | မောင်မင်းမင်းစိုး | စိန်ဂျွန်း (ကပက) | ပုသိမ် | ပုသိမ် |
| ၁၆၀ | မောင်ရဲထွဋ်အောင် | မြန်ပြည်သားကောင်း(ကပက) | ကျုံပျော် | ပုသိမ် |
| ၁၆၁ | မအိမ့်ရတနာ | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၂ | မပိုင်ဖြူဖြူကို | အထက(၁)ကျုံပျော် | ကျုံပျော် | ပုသိမ် |
| ၁၆၃ | မောင်သီဟထွဋ် | အထက(၁) | မြန်အောင် | ဟင်္သာတ |
| ၁၆၄ | မောင်ကောင်းဇင်သူ | အထက(၁) | ကြံခင်း | ဟင်္သာတ |
| ၁၆၅ | မဇူးဇူးဇံ | အလက(၃) | ဟင်္သာတ | ဟင်္သာတ |
| ၁၆၆ | မဆုနှင်းသဇင်အောင် | အထက(၁) | မြန်အောင် | ဟင်္သာတ |
| ၁၆၇ | မောင်သုတ | အထက(၁) | မြောင်းမြ | မြောင်းမြ |
| ၁၆၈ | မစိန်ဆုရတီ | အထက(၁) | မြောင်းမြ | မြောင်းမြ |
| ၁၆၉ | မောင်မင်းခေတ် | အထက(၁) | လပွတ္တာ | လပွတ္တာ |
| ၁၇၀ | မယူလင်းလက် | အထက(၁) | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၇၁ | မောင်သော်လင်းထက် | ထ(ခွဲ)အလက(၁) | မအူပင် | မအူပင် |
| ၁၇၂ | နမ့်မေမီပြည်စိုး | အထက(၁) | ပန်းတနော် | မအူပင် |
| ၁၇၃ | မောင်ကောင်းထွဋ်ဟန် | အထက(၁) | ဘိုကလေး | ဖျာပုံ |
| ၁၇၄ | မအိပြင့်မိမ်းချမ်းမိုး | အထက(၄) | ဖျာပုံ | ဖျာပုံ |
| ၁၇၅ | မောင်ဉာဏ်ထက်လင်း | အထက(၅) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၇၆ | မထက်သီရိအောင် | အထက(၂) | ပျဉ်းမနား | ဒက္ခိဏ |
| ၁၇၇ | မောင်သံစစ် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၈ | မမြသိင်္ဂါကြွယ် | အထက(၁) | တပ်ကုန်း | ဥတ္တရ |

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၀ ပြည့်နှစ်၊ နဝမတန်းလူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၂၆ | မရွှေပြည့်လျှံဦး | အထက(၂) | သန်လျင် | တောင်ပိုင်း |
| ၁၂၇ | မောင်အောင်ခန့်ဟိန်း | အထက(၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၂၈ | မောင်ဆက်နိုင်အောင် | အောင်ကောင်းစံ(ကပက) | အင်းစိန် | မြောက်ပိုင်း |
| ၁၂၉ | မနန်းဧကရီလှိုင် | အထက-ဝါးနက်ချောင်း | မှော်ဘီ | မြောက်ပိုင်း |
| ၁၃၀ | မသွန်းပိုးရတီ | အထက(၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၃၁ | မောင်မြတ်မင်းသန့် | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၂ | မောင်ညီထူးလွင် | ECE (ကပက) | ရပ်စောက် | တောင်ကြီး |
| ၁၃၃ | မသိမ့်နှင်းစံ | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၄ | မမေပီတိအောင် | ကမ္ဘောဇ (ကပက) | ကလော | တောင်ကြီး |
| ၁၃၅ | မောင်ထန်ရှန်းဟောင် | အထက(၁)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၃၆ | မောင်ပြည့်ဖြိုးကျော် | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၇ | မနန်းမိုမိုအွန်စော | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၈ | မရွှေနှယ်ဝင်း | အထက(၃)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၉ | စိုင်းဟန်ဝမ်းလျှန်း | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၀ | နန်းရွက်ဆိုင်စံ | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၁ | မောင်ပြည့်ဖြိုးမင်း | အထက(၁) လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၂ | စိုင်းလောဝ်ဆိုင် | အကယ်ဒမီ (ကပက) | တန့်ယန်း | လားရှိုး |
| ၁၄၃ | မမေဇင်ဖူး | အထက(၁) လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၄ | မနန်းငွေနှင်းဖြူ | အထက-ဟိုပန် | ဟိုပန် | လားရှိုး |
| ၁၄၅ | မောင်ညီဖြိုးထက် | WVEC(ကပက) | နောင်ချို | ကျောက်မဲ |
| ၁၄၆ | မောင်ခန့်ယုဆွေ | အထက(၁) | ကျောက်မဲ | ကျောက်မဲ |
| ၁၄၇ | မခွန်းဆင့်နေခြည် | အထက(၁) | မိုးမိတ် | ကျောက်မဲ |
| ၁၄၈ | မဒီသိမ့်သိမ့်ထွဋ်စံ | အမေ့အိမ်(ကပက) | နမ့်ဆန် | ကျောက်မဲ |
| ၁၄၉ | မောင်ဇော်ခွန်အောင် | ထူးချွန်(ပညာမြေ)(ကပက) | ကွတ်ခိုင် | မူဆယ် |
| ၁၅၀ | မမြတ်စုမွန် | ထူးချွန်(ပညာမြေ)(ကပက) | ကွတ်ခိုင် | မူဆယ် |
| ၁၅၁ | မောင်စိုင်းညီညီဦး | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မောင်ဇော်ထိပ်ခေါင် | အထက(ခွဲ) မိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၃ | မဖူးပွင့်မြတ်ဇော် | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၄ | မနန်းခင်စန္ဒာအောင် | အထက(ခွဲ) မိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၅ | မောင်ပြေမိုး | အထက-တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၅၆ | မကလဲရာ | အထက-ဟိုနား | မိုင်းဖြတ် | တာချီလိတ် |
| ၁၅၇ | မောင်မိုးမြင့်အောင် | အထက(ခွဲ)လ(၂) | မိုင်းဆတ် | မိုင်းဆတ် |
| ၁၅၈ | မခိုင်မာမြင့် | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၅၉ | မောင်ပြည့်ပြည့်ပိုင် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၀ | မောင်သန့်ဇင်ဖြိုး | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၆၁ | မထက်ရွှေဝင်းသန်း | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၂ | မဇာလီလင်းနိုင် | မြန်ပြည်သားကောင်း(ကပက) | ကျုံပျော် | ပုသိမ် |
| ၁၆၃ | မောင်ဇေယျာထွန်း | ဂုဏ်ထူးပန်းခင်း(ကပက) | ဟင်္သာတ | ဟင်္သာတ |
| ၁၆၄ | မောင်ဟိန်းစစ်နိုင် | အထက(၁) | မြန်အောင် | ဟင်္သာတ |
| ၁၆၅ | မမိုးစန္ဒာငြေး | အထက-ချင်းမြောင် | ကြံခင်း | ဟင်္သာတ |
| ၁၆၆ | မသန့်သန့်ထက် | ကြယ်တံခွန်(ကပက) | ဟင်္သာတ | ဟင်္သာတ |
| ၁၆၇ | မောင်ခန့်မင်းထက် | အထက(၁) | မြောင်းမြ | မြောင်းမြ |

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၆၈ | မဆုလှဲ့ဝတီ | အထက(၁) | မြောင်းမြ | မြောင်းမြ |
| ၁၆၉ | မောင်သန့်သူအောင် | အထက(၁) | လပွတ္တာ | လပွတ္တာ |
| ၁၇၀ | မနှင်းအိရွှေ | အထက(၃) | လပွတ္တာ | လပွတ္တာ |
| ၁၇၁ | မောင်ဘုန်းလရောင်ထွန်း | အထက(၁) | မအူပင် | မအူပင် |
| ၁၇၂ | မခင်ဘုန်းမွန် | ထ(ခွဲ)အလက(၁) | မအူပင် | မအူပင် |
| ၁၇၃ | မောင်အောင်သူရနိုင် | အထက(၁) | ဖျာပုံ | ဖျာပုံ |
| ၁၇၄ | မဆုပြည့်စုံထွန်း | အထက(၁) | ဘိုကလေး | ဖျာပုံ |
| ၁၇၅ | မောင်သန့်ဇင်ဝိုင်း | ပညာပန်းတိုင်(ကပက) | ပျဉ်းမနား | ဒက္ခိဏ |
| ၁၇၆ | မမေဇင်သန့် | အထက(၅) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၇၇ | မောင်ဇော်မင်းနိုင် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၈ | မမေဆင်းသစ် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၀ ပြည့်နှစ်၊ ဒသမတန်းလူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၂၅ | မမြတ်သီရိသူ | အထက(၂) | သန်လျင် | တောင်ပိုင်း |
| ၁၂၆ | မသိင်္ဂီသန့် | အထက(၁) | သုံးခွ | တောင်ပိုင်း |
| ၁၂၇ | မောင်သန့်စည်သူ | အထက(၁) | ရွှေပြည်သာ | မြောက်ပိုင်း |
| ၁၂၈ | မောင်ဂျွန်ကိုကို | ပန်းတိုင်(ကပက) | လှိုင်သာယာ | မြောက်ပိုင်း |
| ၁၂၉ | မဆွေဇင်အောင်သင်း | ကောင်းစုံ(ကပက) | ရွှေပြည်သာ | မြောက်ပိုင်း |
| ၁၃၀ | မသဲမွန်သိမ့် | အထက(၂) | အင်းစိန် | မြောက်ပိုင်း |
| ၁၃၁ | ခွန်ရှင်းသန့် | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၂ | မောင်ဝင်းပြည့်ထွန်း | အထက-ပင်းတယ | ပင်းတယ | တောင်ကြီး |
| ၁၃၃ | မရွှန်းလဲ့မောင် | DNNA (ကပက) | တောင်ကြီး | တောင်ကြီး |
| ၁၃၄ | မအေးချမ်းပြည့် | အထက-ဆီဆိုင် | ဆီဆိုင် | တောင်ကြီး |
| ၁၃၅ | စိုင်းဝဏ္ဏထူး | အထက(၃)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၆ | မောင်အောင်မွန်ခန့် | အထက-ခိုလန် | နမ့်စန် | လွိုင်လင် |
| ၁၃၇ | နန်းဟွမ်နွမ်း | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၈ | မနွေးနွေးဇင်မြင့်သူ | အထက(၂)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၃၉ | စိုင်းဆိုင်စွမ်ခေး | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၀ | နန်းဟွမ်နွံ | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၁ | မောင်ခင်မောင်ထွေး | နေခြည် (ကပက) | လားရှိုး | လားရှိုး |
| ၁၄၂ | မောင်အိုက်မွန်းဆွန် | အထက-ဟိုပန် | ဟိုပန် | လားရှိုး |
| ၁၄၃ | မခိုင်ခိုင်မင်းဦး | အထက(၇) လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၄ | နန်းဖွေးဆိုင် | အကယ်ဒမီ (ကပက) | တန့်ယန်း | လားရှိုး |
| ၁၄၅ | မောင်ဇွဲထက်ဝင်း | အထက(၁) | နမ့်ဆန် | ကျောက်မဲ |
| ၁၄၆ | မောင်ဘုန်းသစ် | အထက(၁) | မိုးမိတ် | ကျောက်မဲ |
| ၁၄၇ | မရတနာ | အမေ့အိမ်(ကပက) | နမ့်ဆန် | ကျောက်မဲ |
| ၁၄၈ | မဆုမြတ်နိုး | အထက(၂) | မိုးမိတ် | ကျောက်မဲ |
| ၁၄၉ | မောင်တိုးကိုကိုကျော် | အထက(၂) မူဆယ် | မူဆယ် | မူဆယ် |
| ၁၅၀ | မမြတ်သဉ္ဇာနိုင် | ကျော် (ကပက) | မူဆယ် | မူဆယ် |
| ၁၅၁ | မောင်ဝင်းမင်းအောင် | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မောင်ဖြိုးဝေအောင် | အထက-မိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၃ | မရှင်မင်းသွယ် | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၄ | မဆာဘီးနာ | အထက-မိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၅ | မောင်စိုင်းလုံနော်ခမ်း | အထက-တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၅၆ | မကျောင်းန်ယူးနန်ထွယ်အောင် | အထက-ဟိုနား | မိုင်းဖြတ် | တာချီလိတ် |
| ၁၅၇ | မနာမီးဝင်း | အထက-မိုင်းတုံ | မိုင်းတုံ | မိုင်းဆတ် |
| ၁၅၈ | မောင်ကျယော်ခမ်း | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၅၉ | မောင်ထွဋ်မင်းခန့် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၆၀ | မောင်ကျော်ဇင်ထက် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၁ | မကြည်ဖြူဟန်ရှိန် | ရှောရတနာ (ကပက) | ပုသိမ် | ပုသိမ် |
| ၁၆၂ | နန့်ဆုမွန်ဝတ်ရည်ကျော် | မြန်ပြည်သားကောင်း(ကပက) | ကျုံပျော် | ပုသိမ် |
| ၁၆၃ | မောင်လင်းသစ်ခန့် | အထက(၁) | ကြံခင်း | ဟင်္သာတ |
| ၁၆၄ | မောင်မင်းခန့်သော် | အထက(၁) | မြန်အောင် | ဟင်္သာတ |
| ၁၆၅ | မသံသာသင်း | အထက(၁) | ကြံခင်း | ဟင်္သာတ |
| ၁၆၆ | မခိုင်ငြိမ်းသန့် | အထက(၁) | မြန်အောင် | ဟင်္သာတ |
| ၁၆၇ | မောင်ဝေမင်းဟန် | အထက(၁) | ဝါးခယ်မ | မြောင်းမြ |
| ၁၆၈ | မဆုနှင်းထွဋ် | အထက(၁) | မြောင်းမြ | မြောင်းမြ |
| ၁၆၉ | မောင်ပိုင်ဖြိုးသစ်အောင်မိုး | အထက(၁) | လပွတ္တာ | လပွတ္တာ |
| ၁၇၀ | မသက်ဝေဖူး | အထက(၁) | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၇၁ | မောင်အေးချမ်းအောင် | အထက(၁) | မအူပင် | မအူပင် |
| ၁၇၂ | မစန္ဒီမျိုးမင်း | အထက(၁) | မအူပင် | မအူပင် |
| ၁၇၃ | မောင်ဘုန်းပြည့်စုံ | အထက(၁) | ဘိုကလေး | ဖျာပုံ |
| ၁၇၄ | မဖြူဖြူမြင့် | အထက(၄) | ဖျာပုံ | ဖျာပုံ |
| ၁၇၅ | မောင်စိုင်းမျိုးမင်းခန့် | ပညာပန်းတိုင် (ကပက) | ပျဉ်းမနား | ဒက္ခိဏ |
| ၁၇၆ | မဝင့်ဝါကျော်စိုး | အထက(၅) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၇၇ | မောင်စည်သူသက်ဟိန်း | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၈ | မကြယ်စင်လင်း | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |

## မြင်းခြံမြို့နယ်တွင် မြေလတ်အိမ်ရာစီမံကိန်း ပထမဆုံးစတင်အကောင်အထည်ဖော် ဆောင်ရွက်

**မြင်းခြံ မတ် ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့တွင် မြို့နယ်စည်ပင် သာယာရေးအဖွဲ့နှင့် ဝင်းနုဝင်းကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့် မြေလတ်အိမ်ရာစီမံကိန်းကို ပထမဆုံး စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြေလတ်အိမ်ရာ စီမံကိန်းကို မြင်းခြံ-ပုဂံညောင်ဦး လမ်းဘေးတွင် ရှိသောမြေနေရာတွင် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး အဆောက်အအုံတစ်လုံးတွင် ၃၂ ခန်းပါရှိပြီး အဆောက်အအုံ ၁၀ လုံး ဆောက်လုပ်မည်ဖြစ်ကြောင်း၊ နေထိုင်သူများအဆင်ပြေစေရန် အဆင့်မြင့်နည်းပညာများ ၊ အရည်အသွေးမြင့်ပစ္စည်းများဖြင့် လျှပ်ဒဏ်ခံနိုင်မှုစနစ်များ ထည့်သွင်းတည်ဆောက်ထားကြောင်း၊ အပေါ်ထပ်များတွင် နေထိုင်သူများအတွက် အမှိုက်ပစ်ရန်ပိုက်လုံးများ၊ အရေးပေါ်လှေကားများကိုလည်း တပ်ဆင်ဆောက်လုပ်ထားကြောင်း၊ ရေကူးကန်၊ ကလေးကစားကွင်း၊ ကားပါကင်၊ အားကစားခန်းမ၊ ဈေးဝယ်စင်တာနှင့် အနားယူအပန်းဖြေနိုင်သော ပန်းခြံများလည်းပါရှိကြောင်း တာဝန်ယူဆောက်လုပ်လျက်ရှိသည့် ကုမ္ပဏီမှ တာဝန်ရှိသူများထံက သိရသည်။

အဆိုပါ စီမံကိန်းသည် မြင်းခြံမြို့တွင် ပထမဆုံးဆောင်ရွက်သည့် လုပ်ငန်းဖြစ်ပြီး တိုးတက်များပြားလာသော လူဦးရေတို့ ကိုယ်ပိုင်အခန်းများဖြင့် လူနေမှုအဆင့်အတန်းမြင့်မားစွာ နေထိုင်နိုင်စေရန်နှင့်ဒေသဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဆောက်လုပ်ထားကြောင်း သိရသည်။



မြေလတ်အိမ်ရာစီမံကိန်းပုံစံငယ်

**ဇော်မင်းနိုင်(မြင်းခြံ)**

## ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာများတွင် သောက်သုံးရေဖူလုံစွာရရှိရေး စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိ

**နေပြည်တော် မတ် ၁**

နေပြည်တော် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လူထုဗဟိုပြုစီမံကိန်း (စတုတ္ထနှစ်စက်ဝန်း) ရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာတွင် စက်ရေတွင်းများ တူဖော်ပေးလျက်ရှိရာ ယမန်နေ့က သစ်လေးကျေးရွာအုပ်စု သစ်လေးလုံးကျေးရွာ စက်ရေတွင်းတူးဖော်နေမှုလုပ်ငန်းကို မြို့နယ်လူထုဗဟိုပြုစီမံကိန်းမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဇော်နှင့် အဖွဲ့ဝင်များက သစ်လေးလုံးကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်းရန်ပုံငွေဖြင့် အနက်ပေ ၃၂၀ ရှိစက်ရေတွင်းတူးဖော်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကိုကွင်းဆင်းကြည့်ရှုပြီး သက်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်လုပ်ကိုင်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**စိုးမိုးအောင်(ပြန်/ဆက်)**

## ကံမမြို့နယ်တွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

**ကံမ မတ် ၁**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်း နွေရာသီကာလ၌ သောက်သုံးရေရှားပါးသည့် ကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေရရှိရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာ၌ သရက်ချောင်းကျေးရွာနှင့်တောင်ပို့နီကျေးရွာတို့တွင် မြေသားမိုးရေလှောင်ကန်တူးဖော်ပေးခြင်း၊ ဂျင်းရဲကျေးရွာ၊ လိန်တုန်းကျေးရွာ၊ ဇီးဖြူကွင်းကျေးရွာ၊ ဒဂုံကွင်းကျေးရွာ၊ သစ်မယ်ဇီကျေးရွာနှင့်ပြောင်ကျကျေးရွာများတွင် အသုံးပြုလျက်ရှိသည့် မြေသားမိုးရေလှောင်ကန်များကို ပြုပြင်မွမ်းမံပေးခြင်း၊ သမ္ဘာရာရွာသစ်နှင့်ကရင်စုကျေးရွာတို့တွင် စက်ရေတွင်းတူးဖော်ပေးခြင်းနှင့် ကျွဲတလင်းကျေးရွာတွင် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်စေပြီး မြစ်ရေတင်စနစ်ဖြင့် အိမ်အရောက်ပို့ ရေပိုက်လိုင်းများ သွယ်တန်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရရှိန်ထံက သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

# ယခုနှစ်ဆန်းပိုင်းမှစ၍ မြန်မာ့ပင်လယ်ပြင်တွင် ရေသယံဇာတရှားပါးမှု နော်ဝေနိုင်ငံနှင့်ပူးပေါင်း၍ သုတေသနလုပ်ငန်းများ လုပ်ဆောင်မည်

**ရန်ကုန် မတ် ၁**

၂၀၂၀ နှစ်ဆန်းပိုင်းမှစ၍ မြန်မာ့ပင်လယ်ပြင်တွင် ငါးကြီးများ ဖမ်းဆီးရမိမှု လျော့နည်းလျက်ရှိပြီး ဈေးကွက်မဝင်သော ငါးသေးများသာ ကျန်ရှိ၍ ပင်လယ်ပြင် ငါးဖမ်းစက်လှေများအနေဖြင့် ယခင်က မကြုံဖူးသော ရေသယံဇာတ ရှားပါးမှုကို နှစ်လခန့် ရင်ဆိုင်ကြုံတွေ့နေရသောကြောင့် နော်ဝေနိုင်ငံနှင့် ပူးပေါင်း၍ ပင်လယ်ပြင်အတွင်း သုတေသနလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်က မြန်မာ့ပင်လယ်ပြင်၌ မုတ်သုန်ကာလ မတိုင်မီနှင့် မုတ်သုန်ရာသီ နောက်ပိုင်းတွင် သုတေသန လုပ်ငန်းများကို နော်ဝေနိုင်ငံနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပြီး ရရှိသောအဖြေအပေါ် အတည်ပြုနိုင်ရန် ၂၀၂၀ ခုနှစ်တွင်လည်း သုတေသနလုပ်ငန်းများကို ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့ပင်လယ်ပြင်မှာ ငါးကြီး ငါးကောင်းတွေ ရှားသွားပါပြီ။ ငါးသေး ငါးမွှားတွေပဲ ကျန်နေတယ်ဆိုတာကလည်း ငါးကြီးတွေမစားလို့ ကျန်နေတာလို့ ယူဆလို့ရပါတယ်။ သုတေသနလုပ်ငန်းမှာ ငါးကြီး ရှားပါးလာမှုအပြင် ပင်လယ်ပြင်မှာ ပလတ်စတစ်အမှိုက်တွေ ပေါများလာတာကိုလည်း တွေ့လာရတယ်။ ဒါကြောင့် ငါးလုပ်ငန်းဦးစီးဌာန တစ်ခုတည်းမဟုတ်ဘဲ မြိတ်တက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်တွေနဲ့ နော်ဝေနိုင်ငံ ပူးပေါင်းပြီး ငါးမျိုးစိတ်တွေနဲ့ ပင်လယ်ပြင် အခြေအနေတွေကို သိရှိဖို့ ဆက်လက်ပြီး သုတေသနပြုသွားမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဒေါက်တာဒေါ်ယဉ်ယဉ်မိုးက ပြောသည်။

မြန်မာ့ ပင်လယ်ငါးသယံဇာတ ထိန်းသိမ်းရေး လုပ်ငန်းများကို လက်ရှိဆောင်ရွက်နေသော ပုံစံထက် အရှိန်မြှင့်တင် ဆောင်ရွက်ခြင်းဖြင့် ရေရှည် ငါးဖမ်းဆီးနိုင်မည်ဖြစ်ပြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့သာမက သက်ဆိုင်ရာ ပင်လယ်ငါးဖမ်းအသင်းများ၊ လုပ်ငန်းရှင်များနှင့် ပညာရှင်များပါဝင်၍ တွေ့ဆုံဆွေးနွေးကြခြင်းဖြင့် မြန်မာ့ပင်လယ်ပြင်၌ ရေသယံဇာတများ ထူးခြားသိသာစွာ လျော့နည်းသွားမှုကို အဖြေရှာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က "တစ်နိုင်ငံလုံး ငါး၊ ပုစွန်စတဲ့ ရေသယံဇာတကို ဘယ်လို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်မလဲဆိုတာ ဆွေးနွေးပြီး ရလဒ်အတိုင်း လိုက်နာဆောင်ရွက်မယ်ဆိုရင် အချိန်မီနိုင်ပါသေးတယ်။ ယခင်နှစ်တွေက ဒီရာသီတွေမှာ ငါးဖမ်းလို့ရတယ်၊ ဒီနှစ်မှာ ဖမ်းလို့မရဘူး၊ ပျောက်သွားတယ်၊ ငါးတွေ ဘာကြောင့် လျော့နည်းသွားလဲ ဆိုတာကတော့ အကြောင်းအမျိုးမျိုးရှိနိုင်တယ်"ဟု ပြောသည်။

ကမ်းနီး ကမ်းဝေး ငါးဖမ်းဆီးရာတွင် နှစ်စဉ် ဇွန်၊ ဇူလိုင်၊ ဩဂုတ် သုံးလကို ငါးမဖမ်းဆီးရရာသီအဖြစ် တားမြစ်ထားပြီး ပင်လယ်ပြင်၌ ငါးမျိုးစိတ်ပေါက်ဖွားမှု အချိန်ကာလများ မတူညီသော်လည်း ငါးအများဆုံးပေါက်ဖွားသော ရာသီကို သုတေသနပြု ဆန်းစစ်၍ ငါးမဖမ်းရရာသီကို ပြန်လည်သတ်မှတ်ခြင်းဖြင့် ပင်လယ်ပြင် ရေသယံဇာတကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်သည်။

၁၉၇၉-၁၉၈၀ ခုနှစ်က မြန်မာ့ပင်လယ်ပြင်ရှိ ငါး၊ ပုစွန် သယံဇာတနှင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ရေသယံဇာတ ဆန်းစစ်ချက်များအရ ရေပေါ်ငါး ၁၀ ရာခိုင်နှုန်းနှင့် ရေအောက်ငါး ၃၃ ရာခိုင်နှုန်းသာ ကျန်ရှိတော့သလို ယခု ၂၀၂၀ နှစ်ဆန်းပိုင်းတွင် ငါးကြီးများ ဖမ်းဆီးရမိမှု မရှိတော့ခြင်းသည် ပင်လယ်ပြင်သုတေသနလုပ်ငန်းများကို မြန်ဆန်စွာလုပ်ကိုင်ရန် လိုအပ်လာခြင်းဖြစ်ကြောင်း အချက်ပြမှုတစ်ခုသည်။

"ဇန်ဝါရီလကစပြီး ငါးတွေ လုံးဝမမိတော့ဘူး။ စိုးရိမ်ဖွယ်ဖြစ်အောင် ငါးတွေ နည်းသွားပြီလို့ ဖမ်းဆီးနေတဲ့သူတွေက ပြောတယ်။ အခု ကြုံတွေ့နေရတာက ပင်လယ်ပြင်သာမက ရေချိုပိုင်းမှာလည်း ငါးရှားလာပေမယ့် ရေချိုမှာ ငါးသားပေါက်ကနေ ပြန်မွေးလို့ရသေးတယ်။ ရေသယံဇာတတွေ လျော့နည်းပျောက်ကွယ်လာတာကို ဒီနေ့ ပင်လယ်ပြင်က သံချောင်းခေါက် အချက်ပြလိုက်တာပါပဲ။ ကုသတဲ့နည်းတွေနဲ့ ပြန်လည်ထိန်းသိမ်းဖို့ လိုအပ်ပါတယ်"ဟု ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ့ပင်လယ်ပြင်၌ ၁၉၈၉ ခုနှစ်က ငါးဖမ်းစက်လှေ ၇၀၀ ကျော်ရှိပြီး ယခုအချိန်တွင် အစီးရေ ၃၀၀၀ ကျော်ဖြင့် ဖမ်းဆီးလျက်ရှိကာ ၂၈၃၂ ကီလိုမီတာရှည်သော မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် ပင်လယ်ပြင်ငါးဖမ်းကွက် အရေအတွက်မှာလည်း ယခင်က ၁၄၀ ကျော် ရှိခဲ့ရာမှ ယခုအခါ ၁၂၀ ကျော်သာ ကျန်ရှိတော့ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်(ရန်ကုန်)မှ သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**



ရန်ကုန်မြစ်အတွင်း ဆိုက်ကပ်ရပ်နားထားသော ငါးဖမ်းစက်လှေများ

# မြန်မာ့ပင်လယ်ပြင်တွင် ငါး၊ ပုစွန် ဖမ်းဆီးရရှိမှု သိသိသာသာ ကျဆင်းနေ

**ရန်ကုန် မတ် ၁**

မြန်မာ့ပင်လယ်ပြင်တွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ နောက်ပိုင်းမှစတင်ပြီး ယနေ့အချိန်အထိ ငါးနှင့် ပုစွန် ဖမ်းဆီးရရှိမှု သိသိသာသာ ကျဆင်းလာနေကြောင်း မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်စိုးက "၂၀၁၉ ခုနှစ် ငါးမဖမ်းရ ရာသီမှာ ငါးဖမ်းခွင့် သုံးလ ပိတ်လိုက်တယ်။ စက်တင်ဘာလမှာ ပြန်ဖမ်းတယ်။ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ သုံးလမှာ ငါးဖမ်းဆီးရရှိမှုက တော်တော် အခြေအနေကောင်းတယ်။ ဒီဇင်ဘာလအဝင်ကစပြီး ငါးနဲ့ ပုစွန် ဖမ်းဆီးရရှိမှု လျော့နည်းလာတယ်။ အဓိက ရခိုင်ပင်လယ်ပြင်မှာ ပိုပြီးလျော့နည်းခဲ့တယ်။ ဒီဇင်ဘာလ နောက်ပိုင်းမှာတော့ မြန်မာ့ပင်လယ်ပြင်တစ်ခုလုံး ငါး၊ ပုစွန် ဖမ်းဆီးရရှိမှုက သိသိသာသာ လျော့နည်းလာခဲ့တယ်။ ကျွန်တော် ငါးဖမ်းတဲ့ နှစ်ပေါင်း ၄၀၊ ၅၀ အတွင်း အတွေ့အကြုံအရ ပြောရရင် ဒီလို ငါး၊ ပုစွန် သိသိသာသာလျော့နည်းသွားတာ တစ်ခါမှ မတွေ့ဖူးဘူး"ဟု ပြောသည်။

နိုင်ငံတော်အနေဖြင့် ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရ ဧရိယာများကို နှစ်အလိုက် ရာခိုင်နှုန်း သတ်မှတ် ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဇွန် ၁ ရက်မှစ၍ ဩဂုတ် ၃၁ ရက်အထိ မြန်မာ့ပင်လယ်ပြင်အတွင်း ပင်လယ်ကမ်းဝေး ငါးဖမ်းခွင့်ကို ရာနှုန်းပြည့် ပိတ်ပင်တားမြစ်ခဲ့ပြီး စက်တင်ဘာလတွင် ပြန်လည်၍ ငါးဖမ်းခွင့်ပေးချိန်တွင် ပင်လယ်ပြင် ငါးဖမ်းဆီးရရှိမှု သိသိသာသာ တိုးတက်ခဲ့သော်လည်း ယခုအခါ ပြန်လည်ကျဆင်းလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းကြိုင် က "ဒီဇင်ဘာနောက်ပိုင်းမှာ ပင်လယ်ငါး အထိအမိ(ဖမ်းဆီးရမိမှု) ထူးထူးကဲကဲ လျော့သွားတယ်။ ငါးတို့ ပုစွန်တို့ ပင်လယ်ပြင်မှာ ပျောက်သလောက် ဖြစ်သွားပြီ။ ငါးသယံဇာတ ထိန်းသိမ်းရေးအနေနဲ့ ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လ အဲဒီ သုံးလကို ငါးမဖမ်းရရာသီဆိုပြီး ပြီးခဲ့တဲ့နှစ်ကစပြီး ၁၀၀ ရာခိုင်နှုန်း လျှော့ချလိုက်ပြီး ဩဂုတ်လကုန်မှာ ပြန်ဖွင့်တော့ စက်တင်ဘာ၊ အောက်တိုဘာနဲ့ နိုဝင်ဘာလတွေမှာ ငါးအထိအမိ အလွန်ကောင်းတယ်။ ပိတ်ထားတာကို ပြန်ဖွင့်လိုက်တော့ ငါးအထိအမိ အလွန်ကောင်းပြီး ဝယ်တဲ့သူတွေတောင် မနိုင်တော့ဘူး။ အချို့ငါးတွေဆို ငါးခြောက်၊ ငါးပိလုပ်တဲ့အထိ ဖြစ်သွားခဲ့တယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက"နိုဝင်ဘာလ နောက်ပိုင်းမှာတော့ မြန်မာပင်လယ်ပြင်မှာ ငါးတွေ၊ ပုစွန်တွေ လျော့သွားတယ်။ အခုကတော့ အဆိုးဆုံး အခြေအနေတစ်ခုကို ရောက်နေပြီလို့ သိရတယ်။ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းကရော၊ တခြားလုပ်ငန်းရှင်တွေကရော ပြောပြကြတယ်။ ငါးဖမ်းရာသီ စပြီးဖွင့်တုန်းက အထိအမိက နှစ်လခွဲလောက် ကောင်းသော်ငြားလည်း တဖြည်းဖြည်း လျော့နည်းလာခဲ့တာ ဒီဇင်ဘာလကစပြီး ဇန်နဝါရီ တစ်လလုံး ငါးအထိအမိ ထူးထူးကဲကဲ အရင်နှစ်တွေနဲ့ မတူအောင် လျော့ကျသွားလို့ နားမလည်နိုင်အောင်တောင် ဖြစ်နေကြတယ်။ ဘာကြောင့် ငါးသယံဇာတတွေ လျော့သွားတာလဲ၊ ရာသီဥတုကြောင့်လား၊ ဘယ်လိုအကြောင်းအချက်တွေကြောင့်လဲဆိုတာ သုတေသနတောင် လုပ်သင့်တယ်လို့ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းက ပြောနေပါတယ်"ဟု ဆက်ပြောပြသည်။

မြန်မာ့ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ကမ်းဝေးငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေကြသည့် စက်လှေ အစီးရေ ၃၀၀၀ ခန့် ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ကမ်းဝေးငါးဖမ်းစက်လှေ အစီး ၉၀၀ ခန့်ရှိကြောင်း ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

**မင်းသစ်(MNA)**

# စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ နေပြည်တော်၌ကျင်းပ

**နေပြည်တော် မတ် ၁**

စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ သုတေသနပညာရှင်များနှင့် ကျွမ်းကျင်ပညာရှင်များအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ချမှတ် အကောင်အထည်ဖော်လျက်ရှိသည့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ၏ မျှော်မှန်းချက်များနှင့် လိုက်လျောညီထွေမှုရှိသည့် သုတေသနနှင့် နည်းပညာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အဆိုပါ သုတေသနနှင့် နည်းပညာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၏ ထပ်ဆင့်ရလဒ်များနှင့် ချက်ချင်းရလဒ်များကို တိုင်းတာနိုင်မည့် အချက်အလက်များ စောင့်ကြည့် စိစစ် အကဲဖြတ်ခြင်းများ ဆောင်ရွက်ရာတွင် တိုင်းတာနိုင်မည့် ညွှန်းကိန်းများ ကိုက်ညီမှုကို စစ်ဆေးရန်အတွက် ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကို ဖေဖော်ဝါရီ နောက်ဆုံးပတ်က နေပြည်တော် စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပခဲ့သည်။



ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဌာနစုတာဝန်ခံများ၊ စီမံကိန်းတာဝန်ခံများနှင့် သုတေသနပညာရှင်များ တက်ရောက်ခဲ့ကြပြီး သက်ဆိုင်ရာ ဌာနစု၊ လုပ်ငန်းစုများအလိုက် သုတေသနလုပ်ငန်းများအပေါ် တိုင်းတာနိုင်မည့် ညွှန်းကိန်းများ(Indicator) ကိုက်ညီမှု ရှိ/ မရှိကိုလည်းကောင်း၊ ထပ်မံဖြည့်စွက်လိုသည့် အချက်အလက်များကိုလည်းကောင်း ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ချမှတ်ထားသော မဟာဗျူဟာသည် ဌာန၏ အနာဂတ်မျှော်မှန်းချက်များဖြစ်သည့် စားနပ်ရိက္ခာနှင့် အာဟာရပြည့်ဝဖူလုံရေး၊ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်စေရေး၊ လယ်ယာကုန်သွယ်ရေး ယှဉ်ပြိုင်နိုင်စွမ်းနှင့် တောင်သူလယ်သမားတို့၏ ရပိုင်ခွင့်များ ရရှိစေခြင်းနှင့် ပိုမို ခိုင်မာစေရေးတို့အတွက် အခြေခံအုတ်မြစ်များနှင့် မဏ္ဍိုင်များ တည်ဆောက်၍ စိုက်ပျိုးရေးကဏ္ဍ တိုးတက်မှုကို ကောင်းမွန်သော (၁)စီမံအုပ်ချုပ်မှု၊ (၂)ကုန်ထုတ် စွမ်းအားနှင့် (၃)ယှဉ်ပြိုင်နိုင်စွမ်းအားရှိမှု စသည့် မဟာဗျူဟာ မဏ္ဍိုင်သုံးရပ်ဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မေမိုးသဲ**

# ပျားမွေးမြူခြင်းဖြင့် တောင်သူလယ်သမားများ၏ သီးနှံအရည်အသွေးနှင့် ထွက်နှုန်း ပိုမိုကောင်းမွန်နိုင်

**မုံရွာ မတ် ၁**

ပျားမွေးမြူရေးကြောင့် စိုက်ပျိုးပင်များနှင့် သဘာဝပေါက်ပင်များ၏ ဝတ်မှုန်ကူးခြင်းကို ပိုမိုဖြစ်ထွန်းစေပြီး သီးနှံအထွက်နှုန်းလည်း ပိုမိုတိုးတက်စေနိုင်ကြောင်းနှင့် မြန်မာနိုင်ငံ၌ ခေတ်မီပျားမွေးမြူရေး စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပျားရည်နှင့် ပျားထွက်ပစ္စည်းများ ရရှိရုံသာမက စိုက်ပျိုးသီးနှံများ နှစ်ဆမှ ၁၀ ဆအထိ အထွက်နှုန်းတိုးရန်လည်း ရည်ရွယ်ချက်ပါရှိကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်စိုးက စစ်ကိုင်းတိုင်းဒေသကြီးတွင် ပျားမွေးမြူသူဦးရေ ၃၁၇ ဦးရှိပြီး ပျားအုံအရေအတွက် ၈၉၆၉၅ အုံကို မွေးမြူလျက်ရှိကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က ပျားရည် ၂၆၅၅ မက်ထရစ်တန် ထွက်ရှိခဲ့ကြောင်း၊ ပျားများသည် ဝတ်မှုန်ကူးခြင်းကို ဆောင်ရွက်ပေးသဖြင့် တောင်သူများအတွက် သီးနှံများ ပိုမိုထွက်ရှိစေပြီး သီးနှံအရည်အသွေးကိုလည်း ပိုမိုကောင်းမွန်စေနိုင်ကြောင်း၊ ပျားမွေးမြူခြင်းသည် တွင်းထွက်သတ္တုများ တူးဖော်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေခြင်းမရှိသည့်အပြင် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကိုပါ ထိန်းသိမ်းပေးကြောင်း ပြောကြားသည်။

ပျားမွေးမြူရေးသည် စိုက်ပျိုးရေးကို အကျိုးပြုသဖြင့် တောင်သူများအနေဖြင့် စိုက်ပျိုးရေးနှင့်ပူးတွဲ၍ အကျိုးရှိစွာ လုပ်ဆောင်နိုင်ပြီး ပျားများကြောင့် စိုက်ပျိုးသီးနှံပင်များ အောင်မြင်စွာ ဝတ်မှုန်ကူးခြင်းဖြင့် သီးနှံများ ကြီးထွားအောင်မြင် အထွက်နှုန်းကောင်းမွန်၍ ဝင်ငွေတိုးစေနိုင်သကဲ့သို့ ပျားရည်၊ ပျားဖယောင်း၊ ပျားကော် စသည့် ပျားထွက်ပစ္စည်းများကြောင့်လည်း အပိုဝင်ငွေ ထပ်မံရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။


**မွေးကြူဇင်**



# ဆင်းကတ်မှတ်ပုံတင်ခြင်းကို လွယ်ကူစွာလုပ်ဆောင်နိုင်မည့် နည်းလမ်းများကို MPT က ထုတ်ပြန်အသိပေးထား

**ရန်ကုန် မတ် ၁**

ဖုန်းသုံးစွဲသူများအနေဖြင့် ဧပြီလကုန် နောက်ဆုံးထား၍ မိမိတို့၏ ဆင်းကတ်များကို မှတ်ပုံတင်ကြရန် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်




MPT4U အက်ပလီကေးရှင်းဖြင့် ဆင်းကတ်မှတ်ပုံတင်ခြင်း နမူနာပုံ

ကြေညာပြီးနောက် MPT ၏ ဆင်းကတ်များကို သုံးစွဲနေသူများအနေဖြင့် မိမိတို့၏ဆင်းကတ်များကို မိမိတို့၏အမည်ဖြင့် မှတ်ပုံတင်ထားခြင်းဟုတ်မဟုတ် စစ်ဆေးရန်နှင့် ဆင်းကတ်မှတ်ပုံတင်ခြင်းကို အွန်လိုင်းမှတစ်ဆင့် လွယ်ကူစွာ လုပ်ဆောင်နိုင်ရန် နည်းလမ်းများကို MPT က ပြုလုပ်ပေးထားကြောင်း သိရသည်။

ဆင်းကတ်ကို မိမိတို့အမည်ဖြင့် မှတ်ပုံတင်ထားခြင်းဟုတ်မဟုတ် စစ်ဆေးရန်အတွက် MPT သုံးစွဲသူများအနေဖြင့် *601# သို့ ခေါ်ဆို၍ စစ်ဆေးနိုင်သည့် နည်းလမ်း အပါအဝင် အခြားနည်းလမ်းများစွာကို MPT က ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

ထိုသို့ စစ်ဆေးပြီးနောက် မှတ်ပုံတင်ထားခြင်းမရှိလျှင် သို့မဟုတ် မှတ်ပုံတင်ထားသည့်အမည် မမှန်ကန်ခဲ့လျှင် ဆင်းကတ်မှတ်ပုံတင်ခြင်းကို လွယ်ကူစွာ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် MPT4U အက်ပလီကေးရှင်း အသုံးပြု၍ ဆင်းကတ်မှတ်ပုံတင်ပြုလုပ်ခြင်း အပါအဝင် အခြားနည်းလမ်းများကိုလည်း MPT က ပြုလုပ်ပေးထားပြီဖြစ်ကြောင်း MPT က ဖေဖော်ဝါရီ ၂၈ ရက်က သတင်းထုတ်ပြန်ထားသည်။

ဆင်းကတ်မှတ်ပုံတင်ခြင်း မပြုလုပ်မီ နံပါတ် *601# သို့ ခေါ်ဆို၍ စစ်ဆေးပါက မိမိကိုင်ဆောင်ထားသော "ဖုန်းနံပါတ် ၀၉-xxxxxxxxx သည် နိုင်ငံသား/ ဧည့်နိုင်ငံသား/နိုင်ငံသားပြု/ နိုင်ငံသားစိစစ်ရေးသက်သေခံကတ်ပြား သို့မဟုတ် နိုင်ငံခြားသားအတွက် နိုင်ငံကူးအမှတ် x/xxxxxx ဖြင့် မှတ်ပုံတင်ထားပါသည်" ဆိုသည့် အတည်ပြုစာကို လက်ခံရရှိမည်ဖြစ်ပြီး အဆိုပါ ဆင်းကတ်မှတ်ပုံတင်အချက်အလက်များသည် အသုံးပြုသူ၏ အချက်အလက်အမှန်များ မဟုတ်ပါက အမှန်တကယ် အသုံးပြုနေသူ၏ အချက်အလက်များဖြင့် မှန်ကန်စွာ မှတ်ပုံတင်ပြုလုပ်နိုင်ရန်အတွက် MPT 4U အက်ပလီကေးရှင်းဖြင့်လည်းကောင်း၊ MPT ၏ ဝက်ဘ်ဆိုက်စာမျက်နှာ https://care.mpt.com.mm/ မှလည်းကောင်း အချက်အလက်အမှန်များ ပြန်လည်ပြင်ဆင်၍ မှတ်ပုံတင်ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သုံးစွဲသူများအနေဖြင့် ဆင်းကတ်ကို မှတ်ပုံတင်ရန်အတွက် (၁)အမည်နှင့်အတူ မြန်မာနိုင်ငံသားဖြစ်ပါက (၂)မြန်မာနိုင်ငံသားဥပဒေအရ ထုတ်ပေးထားသည့် သက်သေခံလက်မှတ်တစ်ခုခု(နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြု/ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား စသည်)၏ မူရင်း/မိတ္တူနှင့် (၃)နိုင်ငံခြားသားများဖြစ်ပါက နိုင်ငံကူးလက်မှတ် မူရင်း/မိတ္တူတို့ကို လိုအပ်မည်ဖြစ်ပြီး MPT 4U အက်ပလီကေးရှင်းမှဖြစ်စေ၊ ဝက်ဘ်ဆိုက်လိပ်စာမှဖြစ်စေ မှတ်ပုံတင်ခြင်းကို လွယ်ကူစွာ လုပ်ဆောင်နိုင်သလို အွန်လိုင်းမှတစ်ဆင့် မလုပ်လိုလျှင်လည်း MPT အရောင်းဆိုင်များတွင် ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆင်းကတ်မှတ်ပုံတင် ပြုလုပ်ခြင်းအတွက် သုံးစွဲသူများအပေါ် မည်သည့်ထပ်ဆောင်းကုန်ကျစရိတ်မှ မရှိဘဲ သတ်မှတ်ထားသော နည်းလမ်းများအတိုင်း လွယ်ကူစွာ စာရင်းသွင်း၍ မှတ်ပုံတင်နိုင်မည်ဖြစ်ကြောင်းနှင့် MPT အနေဖြင့် သုံးစွဲသူများအား ဆင်းကတ်ဝယ်ယူပြီးသည်နှင့် မိမိတို့၏ ဆင်းကတ်ကို အချက်အလက် မှန်မှန်ကန်ကန်ဖြင့် မှတ်ပုံတင်ပြုလုပ်ကြရန်နှင့် အခြားသူများ၏ အချက်အလက်များဖြင့် ကြိုတင် မှတ်ပုံတင်ထားပြီးဖြစ်သည့် ဆင်းကတ်များကို ဝယ်ယူခြင်းမှ ရှောင်ကြဉ်ကြရန် အလေးအနက်ထား၍ တိုက်တွန်းလိုကြောင်းလည်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မိုဘိုင်းဖုန်းကို အသုံးပြု၍ ငွေပေးငွေယူကိစ္စ(Mobile Financial Service) ဆောင်ရွက်မှုများ ပိုမိုတိုးတက်လာသည်နှင့်အမျှ အဆိုပါကိစ္စရပ်များကို လုံခြုံစိတ်ချမှုရှိစွာ ဆောင်ရွက်နိုင်စေရန်၊ စနစ်တကျ မှတ်ပုံတင်ထားခြင်းမရှိသော ဆင်းကတ်များဖြင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ကျူးလွန်နေသော ရာဇဝတ်မှုများကို လျှော့ချနိုင်ရန်နှင့် မိုဘိုင်းဖုန်းသုံးစွဲသူများက မိမိတို့၏ မိုဘိုင်းဖုန်းဖြင့် ဆောင်ရွက်မှုကို တာဝန်ခံနိုင်ရန်အတွက် ဆင်းကတ်များကို မှတ်ပုံတင်ပြုလုပ်ကြရန် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ၂၀၁၆ ခုနှစ် ဩဂုတ်လမှ ၂၀၁၇ ခုနှစ် ဇွန်လအထိ ၁၁ လ အချိန်ပေး၍ မှတ်ပုံတင်နိုင်ရန် ဆောင်ရွက်စေခဲ့ပြီး မှတ်ပုံမတင်ခဲ့သော ဆင်းကတ်ပေါင်း ခြောက်သန်းခွဲခန့်ကို အပြီး ပိတ်သိမ်းခဲ့ပြီးဖြစ်သည်။

သို့သော် ထိုစဉ်က နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် အသိအမှတ်ပြုကတ် တစ်ခုလျှင် ဆင်းကတ်အရေအတွက် မည်မျှ မှတ်ပုံတင်နိုင်သည်ကို ကန့်သတ်ခြင်းမရှိခဲ့သောကြောင့် အရောင်းဆိုင်များက နိုင်ငံသားစိစစ်ရေးကတ်တစ်ခုဖြင့် ဆင်းကတ်များစွာကို မှတ်ပုံတင်ပြီး အခြားသူများအား ရောင်းချခြင်းများ ရှိခဲ့၍ အချို့ဆင်းကတ်များမှာ သုံးစွဲသူ၏ အချက်အလက်အမှန်ဖြင့် မှတ်ပုံတင်ထားခြင်း မဟုတ်သည်ကို စိစစ်တွေ့ရှိရသဖြင့် နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် အသိအမှတ်ပြုကတ် တစ်ခုလျှင် ဆင်းကတ်နှစ်ကတ်သာ မှတ်ပုံတင်ရန် ယခု ၂၀၂၀ ဖေဖော်ဝါရီလအတွင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာခဲ့ပြီး မှတ်ပုံတင်ရန်ကာလကို ဧပြီလကုန်အထိ အချိန် နှစ်လကျော် သတ်မှတ်ပေးထားခဲ့သည်။ ဧပြီလကုန်အထိ မှတ်ပုံတင်ခြင်းမပြုလုပ်သော ဆင်းကတ်များသည် ဧပြီလကုန်တွင် မှတ်ပုံတင်ကိစ္စစုံစမ်းရန် Call Center သို့ ခေါ်ဆိုနိုင်ခြင်းမှလွဲ၍ အထွက်ခေါ်ဆိုမှုများ အပိတ်ခံရမည်ဖြစ်ပြီး ဇွန်လကုန်အထိ မှတ်ပုံတင်ခြင်း မလုပ်ခဲ့ပါက ထိုဆင်းကတ်များကို အပြီးသတ် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

**သူရဖြိုး**

New Product

# ဟွာဝေးရဲ့ လူကြိုက်များတဲ့ Nova စီးရီးထဲက စမတ်ဖုန်းသစ် Nova 7i

ဟွာဝေးရဲ့ လူကြိုက်များတဲ့ တန်ဖိုးသင့်ဖုန်းစီးရီးဖြစ်တဲ့ Nova စီးရီးထဲက မော်ဒယ်သစ်တစ်ခုဖြစ်တဲ့ Nova 7i ဟာ နိုင်ငံတကာဈေးကွက်မှာ ဖေဖော်ဝါရီလလယ်ပိုင်းက စတင်မိတ်ဆက်ခဲ့ပြီး ပြည်တွင်းဈေးကွက်ကိုတော့ မတ်လဆန်းအတွင်း ရောက်ရှိလာတော့မယ့် စမတ်ဖုန်းဖြစ်ပါတယ်။ ဈေးနှုန်းအနေနဲ့ အလယ်အလတ်တန်းမှာရှိသလို စွမ်းဆောင်ရည်ပိုင်းကလည်း သင့်တော်ကောင်းမွန်တာကြောင့် အကြိုမှာယူမှု လက်ခံနေတဲ့ လက်ရှိအချိန်မှာပဲ လူအများရဲ့ စိတ်ဝင်စားမှုကို ခံနေရတဲ့ ဖုန်းမော်ဒယ်သစ်လည်း ဖြစ်ပါတယ်။

မျက်နှာပြင်အကျယ်ဟာ ၆ ဒသမ ၄ လက်မရှိပြီး screen အမျိုးအစားက LCD capacitive touchscreen ဖြစ်ပါတယ်။ screen resolution က 1080 x 2310 pixels အရည်အသွေးရှိလို့ ရုပ်ထွက်အရည်အသွေးပိုင်း ကောင်းမွန်ပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ Android 10.0 ကို ဟွာဝေးရဲ့ UI ဖြစ်တဲ့ EMUI 10 နဲ့တွဲပြီး ထုတ်လုပ်ထားပါတယ်။ Chipset က HiSilicon Kirin 810(7 nm) ကို အသုံးပြုထားပြီး များသောအားဖြင့် တန်ဖိုးမြင့်ဖုန်းတွေမှာသာ ပါဝင်တဲ့ Chipset မျိုးဖြစ်တာက Nova 7i ကို လူအများ စိတ်ဝင်စားစေတဲ့အချက်ဖြစ်ပါတယ်။ CPU က Cortex-A76 နဲ့ Cortex-A55 Octa-core CPU ဖြစ်ပြီး RAM က 8GB ဖြစ်လို့ ဂိမ်းအမျိုးမျိုးနဲ့ အက်ပလီကေးရှင်းအမျိုးမျိုးကို ပေါ့ပေါ့ပါးပါး အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အင်တာနယ်မင်မိုရီက 128GB ပါဝင်လို့ ပမာဏများပြားတဲ့အပြင် မင်မိုရီကတ် ထပ်စိုက်သုံးမယ်ဆိုရင်လည်း 256GB အထိ ထပ်တိုးသုံးနိုင်ပါတယ်။

ကင်မရာပိုင်းမှာတော့ ကျောဘက်က ကင်မရာဟာ ၄၈ မဂ္ဂါပစ်ဇယ်(Wide)ကင်မရာ၊ ၈ မဂ္ဂါပစ်ဇယ်(Ultrawide)ကင်မရာ၊ ၂ မဂ္ဂါပစ်ဇယ်(Macro)ကင်မရာနဲ့ ၂ မဂ္ဂါပစ်ဇယ်(Depth Sensor)ကင်မရာ လေးလုံး ပါဝင်တဲ့ Quad ကင်မရာဖြစ်လို့ အရည်အသွေး ကောင်းမွန်တဲ့ HD အရည်အသွေး ဓာတ်ပုံနဲ့ ဗွီဒီယိုတွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ဆယ်လ်ဖီကင်မရာကလည်း ၁၆ မဂ္ဂါပစ်ဇယ်ရှိလို့ ဆယ်လ်ဖီကင်မရာအကောင်းဆုံး ဖုန်းတွေထဲမှာလည်း အပါအဝင်ဖြစ်ပါတယ်။

ဘက်ထရီပိုင်းမှာ 4200 mAh ပမာဏရှိတဲ့ Li-Po ဘက်ထရီ ပါဝင်လို့ စွမ်းဆောင်ရည်ပြည့်ဝပြီး အချိန်ကြာမြင့်စွာ ဂိမ်းဆော့၊ အင်တာနက်သုံးတဲ့သူတွေအတွက်ပါ အဆင်ပြေစေမှာဖြစ်ပါတယ်။ အားသွင်းချိန်မှာလည်း 40W အမြန်နှုန်းနဲ့ အလျင်အမြန် အားသွင်းနိုင်မယ့် fast charging စနစ် ပါဝင်ပါတယ်။ finger print sensor က ဖုန်းကိုယ်ထည်ရဲ့ဘေးဘက် ပါဝါခလုတ်နေရာမှာ ပါဝင်ပါတယ်။ USB ချိတ်ဆက်မှုအနေနဲ့ USB 2.0, Type-C reversible connector ပါဝင်ပြီး On-The-Go စနစ်ကိုလည်း ထောက်ပံ့ပေးထားပါတယ်။

အခြား ထူးခြားတဲ့ အားသာချက်တစ်ခုကတော့ ဟွာဝေးရဲ့ တန်ဖိုးမြင့်ဖုန်းမော်ဒယ်သစ်တွေမှာသာ ရရှိနိုင်မယ့် မိုဘိုင်းဆားဗစ်ဖြစ်တဲ့ Huawei App Gallery လည်း ပါဝင်နေတာဖြစ်ပါတယ်။ Huawei App Gallery ဟာ ဟွာဝေးက ပြုလုပ်ထားတဲ့ အက်ပလီကေးရှင်းစတိုးအသစ်ဖြစ်ပြီး အက်ပလီကေးရှင်း အမျိုးအစား တော်တော်များများကို ရနိုင်တဲ့ စတိုးဖြစ်တယ်လို့ သိရပါတယ်။ အားနည်းချက်အနေနဲ့တော့ လက်ရှိအချိန်မှာ Nova 7i မှာ Google Service တွေကို အသုံးပြုလို့မရနိုင်ခြင်းဖြစ်ပါတယ်။ ပြည်တွင်းက ဖုန်းအရောင်းဆိုင်နဲ့ ဆားဗစ်သမားအချို့ကတော့ နောက်ပိုင်းမှာတော့ အခြားနည်းလမ်း တစ်မျိုးမျိုးနဲ့ Google Service တွေကို အသုံးပြုနိုင်မယ်လို့ ခန့်မှန်းထားကြပါတယ်။ ဟွာဝေး Nova 7i ကို ကိုယ်ထည်အရောင်အနေနဲ့ ပန်းရောင်၊ အစိမ်းရောင်နဲ့ အနက်ရောင် သုံးမျိုး ရရှိနိုင်မှာဖြစ်ပြီး ဈေးနှုန်းက ကျပ် ၃၆၉၀၀၀ ဖြစ်ပါတယ်။ **သူရဖြိုး**




## မက်ဆင်ဂျာအက်ပလီကေးရှင်း Viber တွင် My Notes လုပ်ဆောင်ချက်သစ် စတင်မိတ်ဆက်

**ရန်ကုန် မတ် ၁**

မြန်မာနိုင်ငံတွင် လူသုံးအများဆုံး မက်ဆင်ဂျာအက်ပလီကေးရှင်းတစ်ခုဖြစ်သည့် Viber က လုပ်ဆောင်ချက်အသစ်ဖြစ်သည့် My Notes ကို ဖေဖော်ဝါရီလကုန်ပိုင်းက စတင်မိတ်ဆက်ထားပြီး အဆိုပါ My Notes လုပ်ဆောင်ချက်ဖြင့် Viber အသုံးပြုသူများသည် နေ့စဉ် လုပ်ငန်းဆောင်တာများကို ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

My Notes လုပ်ဆောင်ချက်အရ Viber အသုံးပြုသူများသည် လုပ်ဆောင်ရန်စာရင်းများ ပြုလုပ်ဖန်တီးခြင်းနှင့် ပြီးမြောက်သောအခါ ပြန်လည်စစ်ဆေးခြင်း၊ Viber ထဲမှ ကြိုက်နှစ်သက်သော မက်ဆေ့ချ်များ၊ ဗွီဒီယိုများ၊ ဓာတ်ပုံများနှင့် စတစ်ကာများကို တစ်နေရာတည်းတွင် သိမ်းဆည်းခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်ကာ အဆိုပါ My Notes လုပ်ဆောင်ချက်ကို မိုဘိုင်းဖုန်း၊ ကွန်ပျူတာ၊ တက်ဘလက်စသည့် ပစ္စည်းကိရိယာများနှင့် တွဲဖက်အသုံးပြုနိုင်မည်ဖြစ်သည်။

Rakuten Viber မှ တာဝန်ရှိသူတစ်ဦးက "My Notes နဲ့ဆိုရင် အသုံးပြုသူတွေဟာ သူတို့ရဲ့ နေ့စဉ်အလုပ်တွေ၊ စာရွက်စာတမ်းတွေ၊ ဓာတ်ပုံတွေနဲ့ စကားပြောဆိုမှု မှတ်တမ်းတွေကို ပိုပြီး အကျိုးရှိထိရောက်စွာ စီမံခန့်ခွဲနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ Rakuten Viber အနေနဲ့ အသုံးပြုသူရဲ့လိုအပ်ချက်တွေကို အခြေခံပြီး နည်းပညာအသစ်တွေကို အဆက်မပြတ် တိုးတက်အောင် ဆောင်ရွက်နေပါတယ်။ ဒီလုပ်ဆောင်ချက်အသစ် My Notes ကိုလည်း အသုံးပြုသူတိုင်း ကြိုက်နှစ်သက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

Rakuten Viber ၏ COO ဖြစ်သူ Ofir Eyal ကလည်း "ကျွန်တော်တို့ Viber ရဲ့ လျင်မြန်တဲ့ စွမ်းဆောင်ရည်နဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို လုံခြုံအောင် ကာကွယ်ပေးနိုင်တဲ့ လုပ်ဆောင်ချက်တွေကြောင့် အသုံးပြုသူတွေဟာ Viber ကို တန်ဖိုးထား ယုံကြည်ပြီးသားဖြစ်ပါတယ်။ အခုမိတ်ဆက်လိုက်တဲ့ လုပ်ဆောင်ချက်အသစ်ကလည်း အသုံးပြုသူတွေရဲ့ အတွေးတွေ၊ လိုအင်ဆန္ဒတွေ၊ လုပ်ငန်းဆောင်တာတွေ အားလုံးကို အက်ပလီကေးရှင်းတစ်ခုတည်းမှာ တစ်စုတစ်စည်းတည်း အလွယ်တကူ မှတ်သားလုပ်ဆောင်နိုင်စေမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

Viber အသုံးပြုသူများအနေဖြင့် နေ့စဉ် မက်ဆေ့ချ်များလက်ခံခြင်း၊ ဖုန်းခေါ်ခြင်း၊ ဗွီဒီယိုကြည့်ရှုခြင်း စသည်တို့ကို လုပ်ဆောင်လျက်ရှိရာ အဆိုပါ လုပ်ဆောင်ချက်များကို ပြန်လည် ခြေရာခံကြည့်ရှုရန်၊ စီမံခန့်ခွဲနိုင်ရန်နှင့် လိုအပ်သည့် သတိပေးချက်များကို ရရှိရန် ကူညီပေးသည့်အနေဖြင့် Viber က My Notes လုပ်ဆောင်ချက်ကို ဖန်တီးပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် My Notes လုပ်ဆောင်ချက်ကြောင့် Viber ကို စုစုပေါင်း အသုံးပြုသူ သန်းတစ်ထောင်ကျော်၏ နေ့စဉ် အသုံးပြုမှုများကို ပိုမို အဆင်ပြေ မြန်ဆန်ချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီက ဦးစီးကျင်းပသော

"၂၀၂၀ ပြည့်နှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့"

အထိမ်းအမှတ်အခမ်းအနား

"မျိုးဆက်တိုင်းအတွက်လိုအပ်ချက် အမျိုးသမီးအခွင့်အရေးသိလျက်ဖော်ဆောင်ရွက်"

"I am Generation Equality: Realizing Women's Rights"

နေပြည်တော် ၇.၃.၂၀၂၀

## ထူးခြားသည့် နေ့အပူချိန်များ

၁-၃-၂၀၂၀

ဘော်လခဲမြို့
၃၉ ဒီဂရီစင်တီဂရိတ်

ရွှေကျင်မြို့
၃၈ ဒီဂရီစင်တီဂရိတ်

ညောင်လေးပင်မြို့
၃၈ ဒီဂရီစင်တီဂရိတ်

ဘားအံမြို့
၃၈ ဒီဂရီစင်တီဂရိတ်

လှိုင်းဘွဲ့မြို့
၃၈ ဒီဂရီစင်တီဂရိတ်

သိမ်ဇရပ်မြို့
၃၈ ဒီဂရီစင်တီဂရိတ်

မိုး/ဇလ

# ဆယ်ပေါက်တန်း ရိုးရာခြင်းလုံးဝိုင်းဖွဲ့ အမှတ်ပေးခတ်ပြိုင်ပွဲ အားချစ်(စစ်ကိုင်း)အသင်း တံခွန်စိုက်ဖလားဆွတ်ခူး

ရန်ကုန် မတ် ၁

မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား (၅၅)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်ဖလား၊ ဆယ်ပေါက်တန်း ရိုးရာခြင်းလုံးဝိုင်းဖွဲ့အမှတ်ပေးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။



ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ရိုးရာခြင်းလုံးဝါသနာရှင်ပရိသတ်များ လာရောက်ကြည့်ရှုအားပေးကြသည်။ ဗိုလ်လုပွဲပြိုင်ပွဲ၌ အမျိုးသား ဆယ်ပေါက်တန်းပြိုင်ပွဲတွင် အားချစ် (စစ်ကိုင်း) အသင်းက တော်ဝင် (ဋ္ဌေးရတနာ)အသင်းကို နှစ်ရက်ပေါင်း ရမှတ် ၁၉၀၅ မှတ်၊ ၁၉၀၃ မှတ်ဖြင့် အားချစ်အသင်း အနိုင်ရရှိသွားသည်။ ပြိုင်ပွဲအပြီး တတိယ မျိုးဆက်သစ်အသင်း၊ ဒုတိယတော်ဝင်(ဋ္ဌေးရတနာ) အသင်း၊ ပထမတံခွန်စိုက်ဆု ရရှိသွားသော အားချစ်(စစ်ကိုင်း)အသင်း၊ နှစ်သိမ့်ဆုရအသင်းများနှင့် အကောင်းဆုံး ကစားသမားဆု၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်နှင့် အမှုဆောင်များက ဆုများချီးမြှင့်ကြသည်။ **(ဓါတ်ပုံ)**

အဆိုပါ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၉ ရက်နှင့် မတ် ၁ ရက်အထိ ကျင်းပခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ပထမ၊ ဒုတိယရရှိခဲ့ကြသည့် အသင်းအပါအဝင် စုစုပေါင်း ခုနစ်သင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ ရိုးရာခြင်းလုံးဝိုင်းဖွဲ့ပြိုင်ပွဲသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် မပျောက်ပျက်စေရန်နှင့် ထိမ်းသိမ်းစောင့်ရှောက်သည့်ရည်ရွယ်ချက်ဖြင့် ကျင်းပသော အားကစားနည်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

● *ကျောဖုံးမှ*

ဝက်ဖို့ဒ်အသင်းသည် ပွဲစကတည်းက လီဗာပူးအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ လီဗာပူးအသင်းသည် ဘောလုံးပေးပို့မှု၊ ဂိုးပေါက်ကန်သွင်းမှု၊ တစ်ဦးချင်းပုံစံကောင်းပျောက်ဆုံးနေခဲ့ကာ အခွင့်အရေးအနည်းငယ်သာ ရရှိခဲ့သည်။ လီဗာပူးအသင်းသည် ဖေဖော်ဝါရီ ၁၉ ရက်က ချန်ပီယံလိဂ် ၁၆ သင်း အဆင့် ပထမကျော့ပွဲစဉ်တွင် အက်သလက်တီကို မက်ဒရစ်အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကာ ဖေဖော်ဝါရီ ၂၅ ရက်က ပရီမီယာလိဂ် ပွဲစဉ် (၂၇) တွင် ဝက်စ်ဟမ်းအသင်းကို အိမ်ကွင်းတွင် ခက်ခက်ခဲခဲကစားခဲ့ရပြီး သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲတွင် လီဗာပူးအသင်းသည် အသင်းလိုက်စုဖွဲ့မှု၊ အပေးအယူချိတ်ဆက်မှု၊ ကစားသမားများ၏ နိုင်လိုစိတ်ပြင်းထန်မှု၊ ဂိုးပေါက်ကန်သွင်းမှု အားနည်းခဲ့ရပြီး ဝက်ဖို့ဒ်အသင်း၏ ထိုးဖောက် တိုက်စစ်ဆင်မှု၊ ဂိုးပေါက် ခြိမ်းခြောက်မှုများကိုသာ အကြိမ်ကြိမ် ခုခံကာကွယ်ခဲ့ရသည်။

ဝက်ဖို့ဒ်အသင်းအတွက် အဖွင့်ဂိုးကို ဒုတိယပိုင်းပွဲကစားချိန် ၅၄ မိနစ်တွင် ဒူကော်ရီ၏ ဖန်တီးပေးမှုမှတစ်ဆင့် အီလာဆားရ်က သွင်းယူပေးနိုင်ခဲ့သည်။ လီဗာပူးအသင်းသည် ဝက်ဖို့ဒ်အသင်းကို အဖွင့်ဂိုး ပေးလိုက်ရပြီးနောက် သိပ်မကြာမီတွင် ဒုတိယဦးဆောင်ဂိုးကိုပါ ခွင့်ပြုလိုက်ရသည်။ ဝက်ဖို့ဒ်အသင်းအတွက် ဒုတိယဂိုးကို ဒီနေး၏ ဖန်တီးပေးမှုမှတစ်ဆင့် အီလာဆားရ်ကပင် သွင်းယူနိုင်ခဲ့သည်။ လီဗာပူးအသင်းသည် ဝက်ဖို့ဒ်အသင်းအား နှစ်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် လူစားလဲမှုများ ပြုလုပ်လာခဲ့သည်။ ပွဲချိန် ၆၁ မိနစ်တွင် ဝီလ်ဂျယ်နေဒမ်၏ နေရာကို လယ်လာနာ၊ ၆၅ မိနစ်တွင် ချမ်ဘာလိန်၏ နေရာကို အိုရီဂီဖြင့် အစားထိုးခဲ့သည်။ လီဗာပူးအသင်းသည် လူစားလဲမှုများပြုလုပ်ခဲ့သော်လည်း ခြေစွမ်းတိုးတက်လာခြင်းမရှိဘဲ ဝက်ဖို့ဒ်အသင်း၏ ဖိအားပေးမှုကိုသာခံခဲ့ရသည်။ ဝက်ဖို့ဒ်အသင်း၏ တတိယဂိုးကို ပွဲကစားချိန် ၇၂ မိနစ်တွင် အီလာဆားရ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဒီနေးက သွင်းယူပေးနိုင်ခဲ့သည်။

လီဗာပူးအသင်းသည် ဝက်ဖို့ဒ်အသင်းအား သုံးဂိုးပြတ် ရှုံးနိမ့်ခဲ့သည့်အတွက် ပထမဆုံး ပရီမီယာလိဂ်ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ထို့အပြင် လီဗာပူးအသင်းသည် ၁၈ ပွဲဆက် နိုင်ပွဲစံချိန် ပျက်ခဲ့ရသလို ၄၄ ပွဲ ရှုံးပွဲမရှိ စံချိန်မှတ်တမ်းလည်း ပျက်ခဲ့ရသည်။ ဝက်ဖို့ဒ်အသင်းသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ မန်စီးတီးအသင်းနောက်ပိုင်း ပရီမီယာလိဂ်တွင် လီဗာပူးအသင်းကို အနိုင်ယူနိုင်သည့် ပထမဆုံးအသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ လီဗာပူးအသင်းသည် ပရီမီယာလိဂ်တွင် ၃၆ ပွဲဆက် ဂိုးသွင်းယူနိုင်သည့် မှတ်တမ်းလည်း ပျက်ခဲ့ရသည်။ လီဗာပူးအသင်း၏ ခံစစ်သည် နောက်ဆုံးနှစ်ပွဲတွင် ငါးဂိုးအထိ ခွင့်ပြုပေးခဲ့ရသည်။ ဝက်ဖို့ဒ်အသင်းသည် ပရီမီယာလိဂ် ၂၈ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၂၇ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် ၁၇ နေရာတွင် ရပ်တည်နေသည်။

အခြားပွဲစဉ်ဖြစ်သည့် အဲဗာတန်နှင့် မန်ယူတို့ပွဲတွင် တစ်ဖက် တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။ အဲဗာတန်အတွက် အဖွင့်ဂိုးကို ပွဲချိန် ၃ မိနစ်တွင် မန်ယူ ဂိုးသမား ဒီဂီယာ၏ ပေါ့ဆမှုမှတစ်ဆင့် အဲဗာတန်မှ ကားလ်ဗက်က သွင်းယူပေးသည်။ မန်ယူအတွက် ချေပဂိုးကို ပွဲချိန် ၃၁ မိနစ်တွင် ဖာနန်ဒက်က သွင်းယူပေးသည်။ ပွဲပြီးခါနီး အဲဗာတန် ရရှိသည့် သွင်းဂိုးကို ခွင့်မပြု၍သာ မန်ယူတို့ မရှုံးနိမ့်ရခြင်း ဖြစ်သည်။ စပါးနှင့် ဝုလ်ဖ် တို့ပွဲတွင် ဝုလ်ဖ်က သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲစဉ်အပြီး မန်ယူက ရမှတ် ၄၂ မှတ်ဖြင့် အဆင့် ၅၊ စပါးက ရမှတ် ၄၀ ဖြင့် အဆင့် ၇ ၌ ရပ်တည်နေသည်။

**အောင်ဇော်**

# မန္တလေး၌ ကျင်းပမည့် ပွဲများ

### လူမှုကျင့်ဝတ်နှင့် အိုင်စီတီဟောပြောပွဲ

မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသော လူမှုကျင့်ဝတ်နှင့် အိုင်စီတီဟောပြောပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၂ လမ်း ၃၃ လမ်းနှင့် ၃၄ လမ်းကြား ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းရှိ ပညာဒါနခန်းမ၌ မတ် ၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။

### ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆွေးနွေးပွဲ

မန္တလေးတိုင်းဒေသကြီး ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ နှင့် ၆၃ လမ်းထောင့်ရှိ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၌ မတ် ၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### နွေရာသီအခမဲ့ အခြေခံဘောလုံးသင်တန်း

ဇာတိမာန်စာဖတ်အသင်းက ကြီးမှူးဖွင့်လှစ်သော နွေရာသီအခမဲ့ အခြေခံဘောလုံးသင်တန်းကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၃ လမ်း ၈၆ လမ်းနှင့် ၈၇လမ်းကြားရှိ အ ထ က (၁၀) ဘောလုံးကွင်း၌ မတ် ၇ ရက်မှ စတင်၍ နံနက်၆ နာရီ ခွဲ မှ ၈ နာရီ အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသားများအား အားကစားဝတ်စုံ အခမဲ့ပေးမည်ဖြစ်ကြောင်း သိရသည်။

### (၃၂)ကြိမ်မြောက် ဗုဒ္ဓဘာသာ အခြေခံယဉ်ကျေးမှုသင်တန်း

(၃၂)ကြိမ်မြောက် ဗုဒ္ဓဘာသာအခြေခံယဉ်ကျေးမှုသင်တန်းကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် လမ်း ၈၀၊ ၂၃ လမ်းနှင့် ၂၄ လမ်းကြားရှိ ဓမ္မဗိမာန်၌ မတ် ၁၀ ရက်မှ ၃၁ ရက်အထိ နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

### အခမဲ့ဖွင့်မည့် အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားပြောသင်တန်း

ပညာသစ်ပင်နွေပညာဒါန အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားပြောသင်တန်းကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆ လမ်းနှင့် ၇၆ လမ်းထောင့်ရှိ ပညာဒါန သင်တန်းကျောင်းတွင် မတ် ၁၂ ရက်မှ စတင်၍ အခမဲ့ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

### အခမဲ့ဖွင့်မည့် ကလေးသတင်းစာပညာသင်တန်း

ဇာတိမာန်လူငယ်စာဖတ်အသင်းကကြီးမှူး၍ ကလေးသတင်းစာပညာ အခမဲ့သင်တန်းကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၆ လမ်းနှင့် ၉၂ လမ်းထောင့်ရှိ သစ္စာရဓမ္မာရုံ၌ မတ် ၁၅ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ကချင်ပြည်နယ်မှ Old Star ဘောလုံးသမားများနှင့် မန္တလေးတိုင်းဒေသကြီးမှ Old Star ဘောလုံးသမားများ ချစ်ကြည်ရေးဘောလုံးယှဉ်ပြိုင်

**မန္တလေး မတ် ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ ဒါန်းဗဟာဒူး (မန်းတက္ကသိုလ် လက်ရွေးစင် ဘောလုံးသမားဟောင်း)နှင့် မြစ်ကြီးနား မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဖြိုးဝေလင်းတို့ ဦးဆောင်သော Old Star ဘောလုံးသမားများ အသင်းနှင့် မန္တလေးမြို့မှ မန္တလေးတိုင်းလက်ရွေးစင် ဘောလုံးသမားဟောင်း ဦးဇော်ဝင်းနှင့် ဦးရဲလင်းတို့ ဦးဆောင်သော Old Star ဘောလုံးသမားများ အသင်းတို့၏ ချစ်ကြည်ရေးမိတ်ဆက်ဘောလုံးပွဲကို ဖေဖော်ဝါရီ ၂၉ ရက် ညနေ ၄ နာရီက မန္တလေး ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နှစ်ဖက်အသင်းမှ အဖွဲ့ခေါင်းဆောင်တို့က အထိမ်းအမှတ် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကာ **(အောက်ပုံ)** စုပေါင်း အမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ချစ်ကြည်ရေးဘောလုံးပွဲ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ပြိုင်ပွဲတွင် နှစ်သင်းစလုံး တစ်ဖက် နှစ်ဂိုးစီ သရေပွဲဖြင့် ပြီးဆုံးသွားကာ အိမ်ရှင်အသင်းက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါ မြစ်ကြီးနားမြို့မှ Old Star ဘောလုံးအသင်းသည် မတ် ၁ ရက် ညနေတွင် ပြင်ဦးလွင်မြို့နှင့် မတ် ၂ ရက် ညနေတွင် စစ်ကိုင်းမြို့တို့၌ Old Star ဘောလုံးသမားများအသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲမိတ်ဆက် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



မြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၁၃) ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၂၀ ပြည့်နှစ် ၊ မတ် လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

ဋ - ၂၇၇၄၆၅

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ဋ - ၁၀၆၈၉၆

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ယ - ၄၃၅၅၈၀ ကဃ - ၉၆၄၅၇၂

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀၀)ဆုများ

| | |
|---|---|
| တ | ၁၆၁၀၀၅ |
| င | ၁၆၄၇၅၁ |
| ကက | ၃၉၁၇၀၄ |
| ကဂ | ၄၉၉၁၅၇ |
| ဋ | ၅၈၅၂၇၆ |
| ည | ၆၅၂၂၄၄ |

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

| | |
|---|---|
| ခ | ၁၇၉၄၇၂ |
| တ | ၁၈၀၁၇၉ |
| ဃ | ၃၂၆၈၈၁ |
| ဍ | ၃၃၇၇၃၅ |
| င | ၅၀၅၉၇၈ |
| ဍ | ၅၁၂၃၂၉ |
| စ | ၅၈၂၉၀၈ |
| ဘ | ၆၀၆၅၇၁ |

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ခ | ၁၂၉၂၀၂ | ဗ | ၃၅၅၂၃၄ | ဒ | ၇၀၈၂၇၂ |
| ဌ | ၂၀၁၂၄၆ | ဖ | ၃၈၇၉၀၇ | မ | ၇၄၃၇၈၈ |
| ပ | ၂၄၃၆၇၁ | က | ၄၂၃၅၉၈ | ဏ | ၈၀၈၁၀၃ |
| ဝ | ၂၆၃၄၂၉ | တ | ၄၆၁၅၈၆ | ဘ | ၈၁၅၅၀၂ |
| ဝ | ၃၄၇၀၇၄ | ဘ | ၅၃၄၈၄၆ | ဏ | ၉၁၃၇၀၁ |
| ဝ | ၃၅၄၉၀၀ | ဟ | ၅၉၁၃၂၄ | ပ | ၉၁၈၂၈၃ |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ကဂ | ၁၀၁၅၅၄ | ဇ | ၃၄၃၂၀၃ | ဈ | ၈၁၁၉၀၇ |
| ည | ၁၁၉၉၄၈ | ကစ | ၃၄၇၅၄၂ | ခ | ၈၃၉၉၃၅ |
| ဟ | ၁၂၆၂၁၄ | ဋ | ၅၀၃၁၁၄ | ကစ | ၉၂၁၀၉၂ |
| က | ၁၄၁၈၆၄ | ဓ | ၅၅၇၁၆၈ | ယ | ၉၂၄၇၅၉ |
| ဘ | ၂၀၇၃၃၃ | ကက | ၆၀၇၀၀၂ | က | ၉၃၀၉၇၀ |
| ဟ | ၂၆၉၂၅၅ | ကင | ၇၀၈၁၂၃ | လ | ၉၉၁၀၀၁ |
| လ | ၂၉၄၈၇၁ | ဎ | ၇၅၁၆၅၅ | မ | ၉၉၇၅၅၄ |
| စ | ၃၃၄၀၄၆ | ဈ | ၇၇၄၆၄၉ | | |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| တ | ၁၀၃၅၉၇ | ကဂ | ၂၈၂၂၀၅ | ဝ | ၅၈၉၄၁၉ |
| ဝ | ၁၁၁၉၀၀ | ဒ | ၂၈၈၉၃၂ | ဏ | ၅၉၃၄၅၈ |
| ကခ | ၁၃၀၈၇၆ | ရ | ၃၂၃၁၀၅ | ဗ | ၆၅၄၁၇၃ |
| ဍ | ၁၃၆၅၃၁ | ပ | ၃၃၀၂၉၉ | တ | ၆၅၈၁၁၂ |
| င | ၁၇၅၃၁၆ | န | ၃၄၅၀၇၁ | ကဂ | ၇၁၅၇၅၅ |
| ဓ | ၁၈၀၇၆၂ | ဇ | ၃၉၇၀၄၈ | ဍ | ၇၄၉၄၃၀ |
| ဟ | ၂၁၅၇၀၀ | ကခ | ၄၆၄၂၀၆ | ဗ | ၇၉၂၃၂၈ |
| ဂ | ၂၄၂၆၇၁ | ဆ | ၄၈၈၄၄၅ | မ | ၉၂၃၀၇၉ |
| ဆ | ၂၆၀၈၁၁ | ကဂ | ၄၉၅၅၀၇ | ကင | ၉၅၃၇၁၇ |
| ရ | ၂၆၂၉၄၉ | အ | ၅၅၇၅၀၉ | | |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| က | ၁၀၆၉၇၈ | ဖ | ၂၆၄၇၆၂ | ကဃ | ၅၀၆၂၈၀ | ဍ | ၅၈၃၄၁၃ | ဟ | ၇၇၆၆၁၃ | ဌ | ၈၉၈၆၉၃ |
| ဖ | ၁၃၀၃၉၉ | ကခ | ၂၉၁၇၉၇ | တ | ၅၀၆၈၆၇ | ဍ | ၆၁၀၉၄၉ | ဒ | ၈၀၁၉၅၂ | | |
| ဗ | ၁၅၃၅၃၃ | တ | ၃၃၆၁၆၄ | ကစ | ၅၁၂၇၆၁ | ဍ | ၆၂၀၈၂၅ | လ | ၈၃၆၁၁၆ | | |
| ဏ | ၁၉၅၆၇၆ | ယ | ၃၆၃၆၂၆ | စ | ၅၇၁၅၄၁ | ကက | ၆၆၀၃၁၉ | ဋ | ၈၅၇၇၉၈ | | |
| ဟ | ၂၄၆၈၇၆ | ည | ၄၈၃၆၆၁ | ဃ | ၅၇၅၅၆၇ | ကဂ | ၆၇၉၅၁၉ | င | ၈၆၇၉၅၃ | | |
| ပ | ၂၆၁၄၅၇ | ယ | ၄၈၄၉၆၅ | ကဂ | ၅၇၈၆၀၂ | ဒ | ၆၉၂၈၅၂ | ယ | ၈၇၈၆၄၀ | | |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀)ဆုများ

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ကဂ | ၁၁၇၈၄၆ | ဋ | ၂၀၇၀၈၉ | င | ၃၁၆၇၄၆ | ကင | ၅၃၅၈၂၀ | ဂ | ၇၇၃၀၉၆ | တ | ၉၆၁၅၂၄ |
| က | ၁၂၄၂၈၆ | ဓ | ၂၂၇၅၀၉ | ကင | ၃၂၈၅၃၆ | ဎ | ၆၀၃၄၉၆ | ထ | ၈၁၃၇၁၉ | | |
| ဌ | ၁၃၃၉၃၇ | ယ | ၂၃၃၃၈၀ | ဇ | ၃၆၆၄၄၃ | ဟ | ၆၁၆၀၈၅ | သ | ၈၄၅၂၁၈ | | |
| ပ | ၁၅၆၉၄၉ | ဒ | ၂၆၀၀၂၆ | န | ၄၁၀၀၄၃ | ဒ | ၆၄၆၁၀၁ | ကဂ | ၈၆၆၄၃၁ | | |
| ဃ | ၁၇၆၈၈၄ | ဏ | ၂၆၆၅၂၆ | ဃ | ၄၆၆၈၅၉ | ပ | ၆၈၅၂၃၆ | က | ၉၁၅၈၁၆ | | |
| ဃ | ၂၀၀၂၁၆ | ထ | ၂၈၄၇၁၉ | ထ | ၄၇၆၆၀၄ | ထ | ၇၂၄၃၂၁ | ပ | ၉၂၇၄၀၈ | | |

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| သ - ၁၅၅၄၇၃ | လ - ၃၃၁၈၉၄ | န - ၄၂၆၁၄၀ | ကဂ - ၆၂၄၄၆၆ | ထ - ၇၄၄၄၅၃ | မ - ၉၄၇၇၂၆ |
| ဓ - ၁၈၉၂၆၂ | မ - ၃၃၉၂၇၄ | ထ - ၄၆၁၀၃၇ | ထ - ၆၇၇၈၂၉ | ဈ - ၇၆၆၇၈၈ | စ - ၉၆၇၃၇၆ |
| ဖ - ၂၅၇၄၃၇ | ဗ - ၃၅၈၄၇၆ | ဌ - ၅၁၈၀၀၈ | ကခ - ၇၁၁၅၁၁ | ဌ - ၈၀၅၆၂၅ | စ - ၉၉၆၁၄၃ |
| ဗ - ၂၉၁၅၄၅ | ဟ - ၃၇၉၃၅၄ | ယ - ၅၃၉၂၅၇ | ဇ - ၇၂၆၀၄၂ | န - ၈၂၄၁၉၈ | |
| ကစ - ၃၀၇၄၃၁ | ည - ၃၈၂၅၈၀ | ကခ - ၅၇၇၂၅၁ | ထ - ၇၃၃၉၈၃ | ဟ - ၈၅၂၅၈၇ | |
| ထ - ၃၁၅၉၉၃ | ဓ - ၃၈၅၆၀၀ | ခ - ၅၈၉၁၉၀ | လ - ၇၄၀၃၇၆ | ည - ၉၀၅၃၆၂ | |

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | | |
|---|---|---|
| ရ - ၁၈၈၂၂ | မ - ၃၈၉၁၈ | င - ၆၄၅၇၁ |
| ဍ - ၁၈၈၄၀ | ကက - ၄၀၆၄၃ | ကက - ၆၉၆၇၅ |
| ဏ - ၂၉၉၀၅ | ဃ - ၄၄၃၈၀ | ဓ - ၇၆၅၉၆ |
| သ - ၃၃၂၉၅ | ကခ - ၄၅၂၈၈ | ဟ - ၈၅၁၆၃ |
| င - ၃၅၀၃၃ | မ - ၅၃၃၂၅ | ဋ - ၉၉၀၈၀ |

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | | |
|---|---|---|
| ဌ - ၂၆၆၇ | ကဃ - ၅၄၆၈ | ကက - ၈၄၅၇ |
| ဝ - ၂၉၃၈ | ကက - ၆၇၂၉ | ဟ - ၈၇၈၉ |
| ကခ - ၃၅၃၅ | လ - ၈၀၁၅ | ဍ - ၈၉၆၅ |
| ရ - ၃၆၈၅ | ဌ - ၈၂၁၄ | ဃ - ၉၂၅၆ |
| ခ - ၄၆၃၂ | စ - ၈၂၃၀ | ခ - ၉၄၁၉ |

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | |
|---|---|---|
| ကင - ၁၈၉ | ဈ - ၅၇၉ | ဌ - ၈၅၈ |
| ဈ - ၂၁၄ | ဘ - ၅၈၂ | က - ၉၀၀ |
| ဃ - ၂၇၁ | ကက - ၆၆၉ | ဆ - ၉၁၄ |
| ဃ - ၃၁၆ | ခ - ၆၉၂ | ဖ - ၉၆၃ |
| င - ၄၆၀ | ရ - ၆၉၆ | ဍ - ၉၇၄ |
| အ - ၅၄၂ | ဋ - ၇၆၈ | |
| ပ - ၅၅၂ | ဃ - ၈၀၈ | |

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | | |
|---|---|---|
| ကင - ၁၂ | ကဃ - ၄၂ | ဗ - ၆၂ |
| စ - ၁၂ | ဍ - ၄၃ | ဌ - ၆၈ |
| ထ - ၁၅ | ကခ - ၄၆ | ဋ - ၇၆ |
| ကက - ၁၆ | ကက - ၅၁ | ဟ - ၈၅ |
| စ - ၁၇ | ဈ - ၅၂ | မ - ၈၉ |
| ကဃ - ၂၅ | ဍ - ၅၇ | |
| ကဃ - ၃၅ | ဈ - ၅၈ | |

အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

# ဘဏ္ဍာသိမ်း ရငွေကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သော ဆုမဲများ

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ဓ - ၂၉၃၆၀၁ | ကဂ - ၆၄၅၇၁၆ | ဍ - ၆၉၀၆၇၉ | ပ - ၉၆၂၃၈၉ |

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | |
|---|---|
| ကခ - ၅၂၃၉၄ | ဍ - ၅၆၉၈၀ |

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

ကစ - ၃၄၁၃
ကက - ၉၀၈၃

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ဋ - ၅၈၉
ဃ - ၈၉၉

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

၁။ ၂၀၂၀ ပြည့်နှစ်၊ မတ်လ(၁) ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၁၃)ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ (၂၁၃၀၅၇) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၁)ရက်နေ့တွင် ကျင်းပမည့် (၁၄) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေထီလက်မှတ်များကို (က)အက္ခရာမှ (ကဆ) အက္ခရာထိ ၊အက္ခရာ(၄၀)လုံး ခွဲဝေရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ (၁၃)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၃ . ၃ . ၂၀၂၀) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၁ . ၃ . ၂၀၂၀) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့်ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊(၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌
### ၂၀၁၉ ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၃

ဒေါ်မြင့်မြင့် နှင့် ၁။ ဦးထိန်ငွေလင်း
၂။ ဦးဝင်းကြည်

လျှောက်ထားသူ လျှောက်ထားခံရသူများ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ မင်းဘောစမ်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် (၁၀၀)နေ လျှောက်ထားခံရသူ (၂) ဦးဝင်းကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဒေါ်မြင့်မြင့်က ဤရုံးသို့ တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း ၅၈အရ ဝရမ်းခွာပေးရန် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၀ ပြည့်နှစ် မတ်လ ၁၂ ရက် (၁၃၈၁ ခုနှစ် တပေါင်းလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ် ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မောင်မောင်အေး)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဝါးတန်းလမ်း၊ အမှတ်(၇၁)၊ တတိယထပ် GRAND MEDICAL SOLUTION CO.,LTD၏ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာထက်အောင် ၁၄/မမန(နိုင်) ၂၂၉၃၉၀သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၄/၃၁၀၆၈/၂၀၂၀)၊ (၄/၃၁၀၆၉/၂၀၂၀)တို့ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။




(၄/၃၁၀၆၈/၂၀၂၀)

GRAND MEDICAL SOLUTIONS

(၄/၃၁၀၆၉/၂၀၂၀)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းသုံး အထောက်အကူပြုစက်ပစ္စည်းများအပါအဝင် အခြားပစ္စည်းအမျိုးမျိုး၊ ဆေးရုံလုပ်ငန်းသုံးအထောက်အကူပြုစက်ပစ္စည်းများအပါအဝင် အခြားပစ္စည်းအမျိုးမျိုး၊ ကျန်းမာရေးနှင့်ပတ်သက်ဆက်နွှယ်သော သင်ကြားမှုဆိုင်ရာ အထောက်အကူပြုစက်ပစ္စည်းများအပါအဝင် အခြားပစ္စည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရန်အတွက် မှတ်ပုံတင်သွင်းကြေညာထားခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့ရာ ဈေးကွက်အတွင်း နာမည်ကောင်းသတင်းရရှိခဲ့ပြီး ဝယ်ယူအားပေးသူများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်မရရှိဘဲအခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ တုပခြင်း၊ ပုံတူပုံမှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တံဆိပ်အမှတ်အသားများအား ဖျက်ဆီးပြုပြင်၍ အခြားအမည်များတပ်၍ ဖြန့်ဖြူးခြင်း၊ မှာယူတင်သွင်းခြင်းတို့ကို လုံးဝမပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ တုပပြုလုပ်မှာယူတင်သွင်းဖြန့်ဖြူးရောင်းချခဲ့ပါက ကျွန်ုပ်မိတ်ဆွေ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာမှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်သူရ(မြောင်းမြ)
LL.B, A.G.T.I(EP),D.B.L,D.M.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)
အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၉၅၁၈၄၀၄၂၊ ၀၉-၆၉၅၁၈၄၀၄၂

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့နေ ဦးညီညီစိုး ၁၂/ကမတ(နိုင်)၀၆၄၃၀၀ (ဘ)ဦးသန်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးညီညီစိုးသည် မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် မည်သည့်ပြစ်မှုတစ်စုံတစ်ရာမျှ ကျူးလွန်ထားခြင်းမရှိဘဲ ရိုးသားစွာလုပ်ကိုင်စားသောက် နေထိုင်သူတစ်ဦးဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေအား တမင်ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ အင်တာနက်မှသော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ ခြိမ်းခြောက်ခြင်း၊ ဦးညီညီစိုး၏ လူမှုပတ်ဝန်းကျင်တွင် ဂုဏ်သိက္ခာကျဆင်းစေရန် ပြောဆိုမှုများပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသီဟမျိုးဟန် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၇၂၂၀)
အခန်း(၂၀၁)၊ တိုက်(၃)၊ ဘုရင့်နောင်လမ်းမကြီး၊
(၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

## ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ အများသိစေရန် အသိပေးကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ ဈေးအရှေ့ရပ်၊ ပတ္တမြားသော့တိုက်နေ ဦးစိန်ဝင်း(ခ)ဦးစိန်မောင်း ၉/မထလ(နိုင်)၀၄၄၈၃၃နှင့် ဇနီးဖြစ်သူ ဒေါ်နွဲ့နွဲ့ရီ ၉/မထလ(နိုင်)၀၄၄၄၆၅တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။




ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို မိတ္ထီလာမြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၀၁၃/၂၀၁၃ ဖြင့် မှတ်ပုံတင်ပြီး ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိရာ ကောင်းသတင်းဖြင့် ပြည်သူများမှ တခဲနက်အားပေး အသုံးပြုလျက်ရှိကြပါသည်။

သို့ပါ၍ ပုစွန်သုံးကောင်(THREE PRAWNS ) အမှတ်တံဆိပ်ပါ ဟင်းချိုမှုန့် ထုတ်လုပ်၊ ဖြန့်ဖြူး၊ရောင်းဝယ်ခြင်းလုပ်ငန်းသည် ဦးစိန်ဝင်း(ခ)ဦးစိန်မောင်းနှင့် ဇနီးဖြစ်သူ ဒေါ်နွဲ့နွဲ့ရီတို့၏ တစ်ဦးတည်း မူပိုင်အဖြစ် အသုံးပြုလျက်ရှိသော ကုန်အမှတ်တံဆိပ်အမှတ်အသားဖြစ်ပါကြောင်းနှင့် အခြားမည်သူတစ်ဦး တစ်ယောက်ကိုမျှ အဆိုပါ ကုန်အမှတ်တံဆိပ်၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်၍ ထုတ်လုပ်၊ဖြန့်ဖြူး၊ရောင်းချခြင်းတို့ကို မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ဦးစိန်ဝင်း(ခ)ဦးစိန်မောင်း နှင့်ဇနီး ဒေါ်နွဲ့နွဲ့ရီ တို့၏ လုပ်ငန်းအကျိုးစီးပွားနှင့် စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရား ဥပဒေများနှင့် အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းအောင် B.A(Law)LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၄၁၅)
(၃၁-၁၀-၈၃)
အမှတ် ၄/၂၃၃၊ နန်းတော်ကုန်းရပ်၊
မိတ္ထီလာမြို့၊
၀၆၄-၂၃၁၈၈၊ ၀၉-၂၂၀၀၃၄၃

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ တောင်ဘိုလှမြိုင် သာကျေးရွာအုပ်စု၊ မြိုင်သာရွာနေ မောင်လွင်မိုးခိုင် ၅/ဟမလ(နိုင်) ၁၁၅၃၉၂၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်စန်း၅/ဟမလ(နိုင်) ၀၆၇၄၃၂ ဖြစ်ပါကြောင်း။
ဦးခင်မောင်စန်း

## မွေးသက္ကရာဇ်အမှန်

ဖျာပုံမြို့၊ ကျုံကဒွန်း(၄)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်းနေ ဦးအေးမြင့်၏ သမီး မထက်ထက်အောင် ၁၄/ အမတ(နိုင်) ၀၃၉၀၄၂ ၏မွေးသက္ကရာဇ် အမှန်မှာ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်အရ ၁၁-၂-၁၉၉၈ အမှန်ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အလက(ခွဲ)၊ အမက (၄) G-2 မှ မဖူးပြည့်ပြည့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးမောင်မန်းဆင်း ၁၃/ လရန(နိုင်)၀၀၄၁၀၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အထက မြောင်မြို့ နဝမတန်း(C)မှ မမိုးစန္ဒာ (က/၂၅၄၉)၏ ဖခင်အမည်မှန်မှာ ဦးဇော် ၅/မမန(နိုင်)၀၉၅၁၅၅ ဖြစ်ပါကြောင်း။
ဦးဇော်

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၁)၊ ၂၀၁၉ တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော မကျော့မှူးခင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မင်းထွန်း ၁၃/ နမတ(နိုင်)၀၃၆၈၄၁ ဖြစ်ပါကြောင်း။

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌
### ၂၀၁၉ ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၄

ဒေါ်မြင့်မြင့် နှင့် ၁။ ဒေါ်ရင်ရင်ငြိမ်း
၂။ ဦးဝင်းကြည်

လျှောက်ထားသူ လျှောက်ထားခံရသူများ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ မင်းဘောစမ်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် (၁၀၀)နေ လျှောက်ထားခံရသူ (၂) ဦးဝင်းကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဒေါ်မြင့်မြင့်က ဤရုံးသို့ တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း ၅၈အရ ဝရမ်းခွာပေးရန် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၀ ပြည့်နှစ် မတ်လ ၁၂ ရက် (၁၃၈၁ ခုနှစ် တပေါင်းလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ် ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မောင်မောင်အေး)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌
### ၂၀၁၉ ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၅

ဒေါ်မြင့်မြင့် နှင့် ၁။ ဒေါ်ချိုချိုလတ်
၂။ ဦးဝင်းကြည်

လျှောက်ထားသူ လျှောက်ထားခံရသူများ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ မင်းဘောစမ်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် (၁၀၀)နေ လျှောက်ထားခံရသူ (၂) ဦးဝင်းကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဒေါ်မြင့်မြင့်က ဤရုံးသို့ တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း ၅၈အရ ဝရမ်းခွာပေးရန် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၀ ပြည့်နှစ် မတ်လ ၁၂ ရက် (၁၃၈၁ ခုနှစ် တပေါင်းလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ် ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မောင်မောင်အေး)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

## တစ်ဦးတည်းဖြစ်ပါကြောင်း

တပ်ကုန်းမြို့၊ အထက(၂)မှ အလယ်တန်းပြဆရာမ ဒေါ်ဆယ်ရင်(ခ)ဒေါ်ဆယ်ယဉ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

တပ်ကုန်းမြို့မရဲစခန်းမှ ရဲတပ်သား (လ-၂၇၆၁၀၀) မသီရိပိုပိုအောင်နှင့် မသီရိမို့မို့အောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ရန်ကုန်-သန်လျင်တံတားအနီး၊ ကြယ်စင်မြို့ တော်အိမ်ရာ စီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာ စီမံကိန်းအဆင့်၊ တိုက်အမှတ်($A_2$)၊ အခန်းအမှတ်(၆၂၁)၊ Type(B) ရှိ ရေ၊ မီးအစုံ၊ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်စိုးငြိမ်း ၁၂/ဒဂန(နိုင်) ၀၂၀၃၃၃ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်က စရန်ငွေအချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ တိုက်ခန်းအား အပြီးအပိုင် အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမောင်မောင်အေး
၁၂/ပဘတ(နိုင်) ၀၀၃၉၉၀
ဖုန်း-၀၉-၇၉၈၂၃၄၉၅

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 6L/1870 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အောင်မာကြည် ၉/ပဥလ(နိုင်)၀၆၈၄၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ပြင်ဦးလွင်)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

ရန်ကုန်မြို့နေ ဦးသန်းမြင့်-ဒေါ်ရီစိန်တို့၏သား ဦးအုပ်စိုးမြင့် ၁၂/ကတတ(နိုင်)၀၂၅၃၈၈ သည် မိဘနှစ်ပါး၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် သိက္ခာကျအောင် ပြုလုပ်နေသည့်အပြင် မိဘနှစ်ပါးကိုလည်း အဆက်အသွယ်ပြုလုပ်ခြင်း မရှိသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းကိစ္စအဝဝများကိုလည်း မိဘများအနေဖြင့် (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဖခင်- ဦးသန်းမြင့်
၁၂/ဥကမ(နိုင်)၀၄၆၄၈၀
မိခင်- ဒေါ်ရီစိန်
၁၂/ဥကမ(နိုင်)၀၄၈၀၉၉

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သောင်းညွန့် (ကမ္ဘာသစ်စတိုး)
## လှည်းကူးမြို့
## အသက်(၇၀)

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အရှေ့မင်းလမ်း၊ ပြည်တော်သာရပ်ကွက်၊ အမှတ်(မ/၉)နေ (ဦးအုန်းကြည်-ဒေါ်အုန်းရွှေ)တို့၏ သမီး၊ ရန်ကုန်မြို့နေ ဦးသန်းတင်၊ လှည်းကူးမြို့နေ ဒေါ်သိန်းအိတို့၏ ညီမ၊ ဆရာကြီး (ဦးမြင့်သောင်း)(အမေ့အိမ်ပညာဒါန)၏ ဇနီးသည် ၂၉-၂-၂၀၂၀ရက်(စနေနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် လှည်းကူးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## Rev.Dr.Sian Za Lal(Zogam Lalpu)
## Tawmging Beh
## အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၂)ရပ်ကွက်၊ ပဲခူးမြစ်လမ်း၊ တိုက်-၂၉၊ အခန်း(၁၀၁)နေ Rev.Dr.Sian Za Lal(Zogam Lalpu)၊ ချင်းပြည်နယ်၊ တီးတိန်မြို့၊ Leilum ရပ်ကွက်နေ (Pu Thang Khen)နှင့် (Pi Luan Khua Man)တို့၏တတိယမြောက်သား၊ Nu Vung Khua Hau,Nu Man Khen Cing, Nu Don Ngaih Zen, Nu Niang Za Cing, (Rev.Cin Khan Pau), (Rev.Dr.Pum Suan Mung)တို့၏ မောင်/ညီ၊ (Siapi Kung Za Mung) နှင့် Rev. Thang Gin Lian တို့၏အစ်ကို၊ (Pa Khen Sawm Tuang), Tg.Cin Lam Mang, Lia Man Deih Kim, Lia Don Sian Lun တို့၏ချစ်လှစွာသောဖခင်ကြီး၊ Lia Cing Sian Zem ၏ချစ်လှစွာသော ဘိုးဘိုး၊ Nu Lam Za Cing ၏ချစ်လှစွာသောခင်ပွန်းသည် ၂၇-၂-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂:၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂-၃-၂၀၂၀ရက် (တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(ကားများကို ယုဇနဥယျာဉ်မြို့တော်၊ ကနောင်ကွေ့နှင့်ပိတောက်ကွေ့၊ ပန်းဆိုးတန်းခုံးကျော်တံတားအောက်၊ ဗိုလ်ချုပ်လမ်းမပေါ်နှင့် စမ်းချောင်းမြို့နယ်ရှိ TBC-Y ဘုရားကျောင်းရှေ့တို့မှ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌
### ၂၀၁၉ ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၂

ဒေါ်မြင့်မြင့် နှင့် ၁။ ဦးကျော်စိုး
၂။ ဦးဝင်းကြည်

လျှောက်ထားသူ လျှောက်ထားခံရသူများ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ မင်းဘောစမ်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် (၁၀၀)နေ လျှောက်ထားခံရသူ (၂) ဦးဝင်းကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဒေါ်မြင့်မြင့်က ဤရုံးသို့ တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း ၅၈အရ ဝရမ်းခွာပေးရန် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၀ ပြည့်နှစ် မတ်လ ၁၂ ရက် (၁၃၈၁ ခုနှစ် တပေါင်းလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ် ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မောင်မောင်အေး)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

## သမီးအဖြစ်စွန့်လွှတ်ခြင်းမှ ပြန်လည်ရုပ်သိမ်းခြင်း

၁၂-၁၂-၂၀၁၇ရက် စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၂၉)တွင် ကျွန်မ၏သမီး မဝေမာကျော် ၁၂/ ကမရ (နိုင်)၀၅၅၉၇၈ အား သမီး အဖြစ်မှ စွန့်လွှတ်ခြင်းကြော်ငြာအား ယနေ့မှစ၍ ရုပ်သိမ်းလိုက်ပြီ ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ခင်ကြီး(ခ) တူးမာ
၁၂/ ကမရ(နိုင်)၀၃၈၃၄၉

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ အထက (မြောင်မြို့) နဝမတန်း(D)မှ မဂျူးဂျူးဇော် (က/၂၅၁၁)၏ ဖခင်အမည်မှန်မှာ ဦးသက် ၅/မမန(နိုင်)၀၉၀၈၀၅ ဖြစ်ပါကြောင်း။

## လင်မယားအဖြစ်မှ အပြီးအပိုင်ကွာရှင်းပြတ်စဲကြောင်း
## ဒေါ်မိမိလွင်(ခ)ရှဗနားဘာနူး ၉/သစန(နိုင်)၀၀၂၆၂၆ နှင့်
## အများသိစေရန် အသိပေးကြေညာခြင်း

ဦးကျော်ဆန်းထွန်း(ခ)ဆွာလေ့ဘိုင် ၉/မထလ(နိုင်)၂၁၆၇၈၄ နှင့် ဒေါ်မိမိလွင်(ခ)ရှဗနားဘာနူး ၉/သစန(နိုင်)၀၀၂၆၂၆ တို့သည် ၂၀၀၆ ခုနှစ်တွင် အစ္စလာမ်တရားတော်နှင့်အညီ နိကာဟ်ပြုထိမ်းမြားလက်ထပ်ခဲ့ကြပြီး သားတစ်ဦးထွန်းကားခဲ့ပါသည်။

ဦးကျော်ဆန်းထွန်းနှင့် ဒေါ်မိမိလွင်တို့၏ အိမ်ထောင်ရေးတွင် ဦးကျော်ဆန်းထွန်းဘက်မှ ဆက်လက်ပေါင်းသင်းလိုသည့် ဆန္ဒမရှိတော့သဖြင့် အသိသက်သေ(၂)ဦးရှေ့မှောက်တွင် သွလားက်ပေးကွာရှင်းပြတ်စဲခဲ့ပါသည်။

၇-၁-၂၀၂၀ ရက်တွင် သွလားက်ပေးကွာရှင်းခဲ့ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်ထံ ၈-၁-၂၀၂၀ ရက်တွင် သွလားက် မြောက်/မမြောက် ဖသ်ဝါမွှေသတ်မေးမြန်းခဲ့ရာ သွလားက်အထမြောက်၍ ဦးကျော်ဆန်းထွန်းနှင့် ဒေါ်မိမိလွင်တို့၏ နိကာဟ်ပြုထိမ်းမြားမှုပေါ်သွလားက်အတည်ဖြစ်၍ အကြင်လင်မယားအဖြစ်မှ အပြီးအပြတ်ကွာရှင်းပြတ်စဲပြီးကြောင်း ဖသ်ဝါမွှေသတ်ဆုံးဖြတ်ချက်ကို ၁၂-၁-၂၀၂၀ တွင် အကြောင်းပြန်ကြားပေးပို့ခဲ့ပါသည်။

သို့ပါ၍ ဦးကျော်ဆန်းထွန်းနှင့် ဒေါ်မိမိလွင်တို့သည် အပြီးအပိုင်ကွာရှင်းပြတ်စဲပြီးဖြစ်၍ လင်ခန်း၊ မယားခန်းအရဖြစ်စေ၊ အခွင့်အရေးတစ်စုံတစ်ရာရှိကြောင်းဖြစ်စေ ကန့်ကွက်တားမြစ်အရေးဆိုပိုင်ခွင့်မရှိတော့ကြောင်း ဒေါ်မိမိလွင်(ခ)ရှဗနားဘာနူးနှင့် အများသိစေရန် ကြေညာလိုက်ပါသည်။

ဦးကျော်ဆန်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်အောင်ဟိန်း
အထက်တန်းရှေ့နေ(စဉ်-၃၉၅၄၃)
အမှတ်-၈၈၉၊ ငုရွှေဝါလမ်း၊ (၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၁၄၂၁၉၆

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (၄၃) ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီအစည်းအဝေး၏ အဆင့်မြင့်ကဏ္ဍသို့ တက်ရောက်ပြီးနောက် ပြန်လည်ရောက်ရှိ



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ (၄၃)ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အစည်းအဝေး၏ အဆင့်မြင့်ကဏ္ဍအစည်းအဝေး၌ မိန့်ခွန်းပြောကြားစဉ်။

နေပြည်တော် မတ် ၁

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သည့် (၄၃)ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအစည်းအဝေး၏ အဆင့်မြင့်ကဏ္ဍသို့ ပါဝင်တက်ရောက်ခဲ့ပြီး ယနေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။**

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၂၆ ရက်တွင် လူ့အခွင့် အရေးကောင်စီ၏ အဆင့်မြင့်ကဏ္ဍ အစည်းအဝေး၌ မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ရာတွင် ဗီယင်နာကြေညာချက်နှင့် လုပ်ဆောင်ချက်အစီအစဉ်တွင် ဖော်ပြထားသည့် အဖွဲ့ဝင်နိုင်ငံများ၏ တာဝန်ဝတ္တရားများနှင့် လူ့အခွင့်အရေးကောင်စီ တည်ထောင်ရခြင်း၏ အဓိကရည်ရွယ်ချက်ကို ပြန်ပြောင်းပြောဆိုရင်း ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံ နိုင်ငံခြားရေးမူဝါဒ၏ အခြေခံအုတ်မြစ်ဖြစ်သည်ဟု အလေးအနက် ပြောကြားခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ရခိုင်ပြည်နယ် အရေးကိစ္စဖြေရှင်းမှုများနှင့် ပြည်တွင်းတရားရေး လုပ်ထုံးလုပ်နည်းများဖြင့် တာဝန်ခံမှု တာဝန်ယူမှုရှိစေရေးအပိုင်းတို့တွင် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိပေးပြောကြားခဲ့သည်။

အစည်းအဝေးကာလအတွင်း ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံ လွှတ်တော်ရေးရာဆိုင်ရာ ဒုတိယနိုင်ငံခြားရေးဝန်ကြီး H.E. Ms. OMI Asako နှင့် ဖေဖော်ဝါရီ ၂၅ ရက်တွင် တွေ့ဆုံခဲ့ပြီး ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေးပိုမိုခိုင်မာရေး၊ နိုင်ငံတကာဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ရခိုင်ပြည်နယ်အရေးကိစ္စ ရေရှည်တည်တံ့သည့် အဖြေရရှိရေး မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများတွင် ဂျပန်နိုင်ငံမှ ကူညီပံ့ပိုးပေးနိုင်မည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့သည်။

ထို့နောက် ယင်းနေ့တွင်ပင် ပြည်ထောင်စုဝန်ကြီးသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Mr. Peter Maurer နှင့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံနှင့် ICRC အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အစီအစဉ်များနှင့် လူသားချင်းစာနာမှုထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

*စာမျက်နှာ ၇ ကော်လံ ၂* ■

## MNL ပြိုင်ပွဲတွင် လက်ရှိချန်ပီယံရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း နိုင်ပွဲပြန်ရ

ရန်ကုန် မတ် ၁

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၈) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းကကျင်းပရာ လက်ရှိချန်ပီယံရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းတို့ နိုင်ပွဲပြန်လည်ရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့် ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ချင်းယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် နိုင်ပွဲပြန်လည်ရရှိခဲ့သော်လည်း ရုန်းကန်ခဲ့ရပြီး နောက်ကျဂိုးများကြောင့်သာ အမှတ်ပြည့်ရခဲ့ခြင်း ဖြစ်သည်။ တန်းဆင်းဇုန်ထဲရောက်သွားသည့် ချင်းယူနိုက်တက်အသင်း၏ ကြိုးစားမှုကြောင့်လည်း ရှမ်းယူနိုက်တက်အသင်းအနေဖြင့် ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။

ပွဲများဆက်တိုက် ကစားနေရသည့်အပြင် ဒဏ်ရာရကစားသမားများရှိနေသည့် ရှမ်းယူနိုက်တက်

*စာမျက်နှာ ၇ ကော်လံ ၁* ❑



ချင်းယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

## အချိန်အခါမဟုတ် မိုးရွာနိုင်

နေပြည်တော် မတ် ၁

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် မတ် ၂ ရက်မှ ၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

## လီဗာပူးအသင်း၏ ရှုံးပွဲမရှိစံချိန် ဝက်ဖို့ဒ်အသင်းကြောင့် ပျက်ပြယ်

ပရီမီယာလိဂ်ပွဲစဉ် (၂၈) အဖြစ် ဝက်ဖို့ဒ်နှင့် လီဗာပူးအသင်းတို့ မတ် ၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဝက်ဖို့ဒ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် လီဗာပူးအသင်းကို အနိုင်ရရှိခဲ့သည်။ ဝက်ဖို့ဒ်အသင်းအတွက် ဂိုးများကို ဆားရ်က ၅၄ မိနစ်နှင့် မိနစ် ၆၀ တို့တွင် တစ်ဦးတည်း နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး တတိယဂိုးကို ပွဲကစားချိန် ၇၂ မိနစ်တွင် ဒီနေးက သွင်းယူပေးနိုင်ခဲ့သည်။

*စာမျက်နှာ ၂၄ ကော်လံ ၁* ●

ရှာင်နှင့် မိုင်းပန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ (စာ-၁၃)
တူရကီသမ္မတရဲ့ ခြိမ်းခြောက်မှုနဲ့အတူ ဂရိနယ်စပ်မှာ ရိုက်ခတ်လာတဲ့ လှိုင်းလုံးများ (စာ-၁၅)
COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (စာ-၁၇)

**GRAND HANTHA INTERNATIONAL HOSPITAL**

GREEN. GRAND. CARE FOR THE PEOPLE

ဗီယက်နမ်နိုင်ငံမှ
မွေးရာပါ နှလုံးရောဂါ အထူးကုဆရာဝန်ကြီး
**Dr. Do Nguyen Tin**
(၂၁.၃.၂၀၂၀) ရက်နေ့ တွင် ကလေးနှင့်လူကြီးမွေးရာပါ နှလုံးရောဂါများကို ခွဲစိတ်ရန်မလိုဘဲ ကုသရန်အတွက် တိုင်ပင် ဆွေးနွေးနိုင်မည် ဖြစ်ပါသည်။

စင်္ကာပူနိုင်ငံမှ
အသည်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာ
အထွေထွေနှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီး
**Dr. Tan Kai Chah (Dr. K C Tan)**
D.P.M.P., MBBS (MAL), FRCS (EDIN), FAMS Surgeon
(၁၄.၃.၂၀၂၀) ရက်နေ့ နံနက် (၉း၃၀)နာရီမှစ၍

ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် လူနာများကို တိုင်ပင်ဆွေးနွေး ကုသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ✆ 01 231 7617, 01 523 000, 01 523 111